
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

မ

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၇၇၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၄၂၃၁၂၁၁
၂၀၁၂ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်
တန်ဖိုး
၁၀၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset
အမှတ်(၁၉)၊ (၁၉)လမ်း၊ရန်ကုန်။

၈၉၅. ၈၃
လမင်းမိုမို
မ၊ လမင်းမိုမို၊ ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၁
၃၁၂-စာ၊ ၁၂×၁၈ စင်တီ
(၁) မ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







# လမင်းမှိုမှို


"မ"

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







- အချစ်ဆိုတဲ့အရာကသာ
  ကျွန်မတို့ကို ရစ်ပတ်ချည်နှောင်နိုင်တာ
  မဟုတ်ပါဘူး။
  တကယ်တော့ ...
  မုန်းတီးခြင်းဆိုတာလည်း
  ချည်နှောင်မှုတစ်ခု
  နာကြည်းခြင်းဆိုတာလည်း
  ချည်နှောင်မှုတစ်ခု။
- နာကြည်းမုန်းတီးခြင်းဆိုတဲ့ကြိုးက
  ကျွန်မရဲ့နှလုံးသားကို
  တင်းတင်းရစ်ပတ် ချည်နှောင်ထားခဲ့အပြီး
  ကာလကြာရှည်လာခဲ့တဲ့အခါ
  အဲဒီကြိုးကို ကျွန်မ မဖြေရက်တော့ဘူး။
- သူ့အပေါ် နာကြည်းမုန်းတီးရခြင်းကို
  ကျွန်မ သံယောဇဉ်တွယ်ခဲ့ပြီမို့ပါ ...။

www.burmeseclassic.com

www.burmeseclassic.com







## ၁

ဆိုင်တန်းလေးရဲ့ဘေးက လမ်းသွယ်လမ်းကြားက ...ေးထဲ ကားကိုဝင်ကာ ကားတစ်စီး မောင်းဝင်စရာနေရာကျန် ...ောင် လမ်းဘေးကိုကပ်ကပ်ကလေး ပါကင်ထိုးနေခိုက် နံဘေးက ...င်းခန့်က ...

"ဟော့ကောင် ... ဟိုမှာ ... ဟိုမှာ ကြည့်စမ်း"

"ဘာလဲ ... ဒီမှာ ပါ့ကင်လုပ်နေတယ်ကွာ၊ မင်းဘက်က ခြံစည်းရိုးကို အရင်ကြည့်ပေး"

"လွတ်ပါတယ်၊ ငါ ဆင်းလို့မရတော့တာကလွဲရင်"

"မင်း ငါ့ဘက်က ကျော်ဆင်းပေါ့"

"ဟော့ကောင် ... ရယ်ရတယ်ကွ၊ ကိုဖြိုး ... ကိုဖြိုး"

"ကိုဖြိုး ဘာဖြစ်လဲ"

"ကြည့်လေ ... ဟိုမှာ ... ဟီး ဟီး ဟီး"

www.burmeseclassic.com

www.burmeseclassic.com



ကားနေရာတကျ ဖြစ်သွားပြီမို့ ရွှေသွေးက မင်းခန့် ကြည့်နေတဲ့ ကားရဲ့ရှေ့ဘက်တည့်တည့်ကို လှမ်းကြည့်လိုက်ပါသည်။ ဟိုးရှေ့ခပ်လှမ်းလှမ်းက လူရှင်းနေတဲ့ လမ်းသွယ်လေးတစ်နေရာမှာ ကိုဖြိုးနှင့် အမျိုးသမီးတစ်ယောက် မျက်နှာချင်းဆိုင်ရပ်နေတာကို ကိုဖြိုးရဲ့ကျောဘက် အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် အနေအထားမှ လှမ်းမြင်လိုက်ရပါသည်။

"အဟီး"

ရွှေသွေးပါ ပြုံးစပ်စပ် ဖြစ်သွားရသည်မှာ သူ့အစ်ကိုခမ်းကွဲ ရိုးသားအေးချမ်း ရှက်ကြောက်တတ်သော ကိုဖြိုးကို မိန်းမတစ်ယောက်ရဲ့ ရှေ့ကပိတ်ပြီး စကားပြောနေတဲ့ပုံစံနှင့် ထူးထူးဆန်းဆန်း တွေ့ရ၍ပင်။

"ဟော့ကောင် ... မင်း အရင်ဆင်းလေ၊ မင်းဆင်းပြီးမှ ငါ မင်းဘက်က ဆင်းရမှာ"

"နေပါဦးကွ၊ ခဏကြည့်ရအောင်လေ"

"အေး ... ဟုတ်တယ် ... ဟီး ဟီး"

အမျိုးသမီးရဲ့မျက်နှာကိုပဲ သူတို့မြင်နေရတဲ့အတွက် ကိုဖြိုး မျက်နှာအနေအထားက ဘယ်လိုရှိမလဲ မသိရပေမယ့် အမျိုးသမီးရဲ့မျက်နှာကတော့ ကြည်လင်သာယာမှုမရှိ ခပ်တင်းတင်း ထန်နေတာကို အတိုင်းသားတွေ့နေရပါသည်။

"အမျိုးသမီးက မကြည်ဘူးကွ ... အဟီး"

"အေးကွ"





မင်းခန့်ကတော့ ရယ်လို့မဆုံး။ ရယ်ချင်အောင်လည်း အခြေအနေက သူတို့သိထားတဲ့ ကိုဖြိုးရဲ့ရိုးအေးရှက်ကြောက်ပုံစံနှင့် ထူးထူးဆန်းဆန်း ဆန့်ကျင်နေတာ။ ကိုဖြိုးကို ဘယ်တုန်းကမှ မိန်းမတစ်ယောက်နဲ့ ပတ်သက်ဆက်စပ်ပြီး သတင်းလည်း မကြားစဖူး စကားလည်း မစပ်စဖူးခဲ့။ အသက်သုံးဆယ်ရှိတဲ့အထိ ရည်းစားတောင် မူးလို့ရှူစရာထားဖူးပုံမရတဲ့ ကိုဖြိုးလေ။

အခုပုံစံက အသိနှစ်ယောက် လမ်းမှာမျက်နှာချင်းဆိုင်တွေ့လို့ စကားရပ်ပြောနေတာနှင့် လုံးလုံးမတူ။ သေချာမသိနိုင်တာတောင်မှ အခြေအနေက ကိုဖြိုးက စကားပြောရဖို့ ကြိုးစားလုံးပမ်းနေပြီး အမျိုးသမီးက လက်သင့်မခံလိုတာ ပေါ်လွင်နေပါသည်။ ကြည့်နေရင်းက အမျိုးသမီးက တစ်ဖက်ကိုရှောင်ကာ ကွင်းလျှောက်ဖို့ ခြေလှမ်းပြင်လိုက်ပြီး ကိုဖြိုးက အဲဒီရှောင်တဲ့ဘက်ကို ဘေးတိုး၍ ကာထားလိုက်တာ မြင်လိုက်ရပါသည်။

"ဟီး ဟီး ... ကိုဖြိုး ... ကိုဖြိုး၊ ငါတို့ဘဲကြီးက ထင်တောင် မထင်ရဘူး"

"အဲဒါ ဘယ်ကမိန်းမလဲ"

"အဲဒါ ဟိုဘက် ... မကလျာတို့ဆိုင်မှာ တွေ့တွေ့နေတဲ့ အစ်မကြီးကွ"

"ငါ မမြင်ဖူးပါဘူး"

"မင်းက ဒီဆိုင်ဘက် လာခဲ့တာကိုးကွ"

"သူက ဘာလဲ၊ ဆိုင်ကဝန်ထမ်းယား"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း သေချာမသိဘူး၊ အဲဒီဆိုင်မှာ မြင်မြင်နေတာ တော့ သုံးလေးငါးရက်ပဲ ရှိဦးမှာ၊ မကလျာဆိုင်က သူ့ သူငယ်ချင်းတစ်ယောက် ရှယ်ယာပါတယ်လို့လည်း သိထား တာလေ၊ သူများလား မသိဘူး၊ မကလျာတို့ ရှယ်တူ လောက်ပဲလေ သူက"

"ကျွတ် ... ကိုဖြိုးကလည်းကွာ၊ ရောင်ထွက်နေတဲ့မိန်းမကို များ လမ်းပိတ်နေသေးတယ်၊ လျော့တယ်ကွာ"

ရွှေသွေးက မချင့်မရဲ ရေရွတ်လေလျှင် ...

"မင်းနဲ့တော့ မနိုင်းနဲ့လေ ရွှေသွေးရာ၊ ကိုယ့်အထွာလေး နဲ့ကိုယ်ပေါ့၊ မင်း အထွာက ကိုးလက်မပြည့်ပေမယ့် ကိုဖြိုးအထွာလေးက အသက်သာကြီးနေတာ၊ ကလေးအထွာ လေးကွ ... ဟီး ဟီး"

"တော်ပြီကွာ ဆိုင်ဘက်သွားနှင့်မယ်၊ ကြည့်ရတာ မျက်စိ ထဲ အဆင်မပြေဘူး"

ရွှေသွေးက ကားပေါ်ကဆင်းဖို့ ကားတံခါးဖွင့်ရန် ပြင်လိုက်စဉ် ...

"ဟာ"

မင်းခန့်ရဲ့အလန့်တကြား တအံ့တသြသံ။

ရွှေသွေးကတော့ အသံမထွက်ဘဲ ပါးစပ်သာ အဟောင်းသား ဟသွားရပါသည်။ သူတို့နှစ်ယောက်လုံးရဲ့မျက်စိ ရှေ့မှောက်မှာပင် အမျိုးသမီးက ကိုဖြိုးမျက်နှာကို လက်ဖဝါးနှင့်





လွှဲရိုက်လိုက်တာ။ ခပ်လှမ်းလှမ်းပေမယ့် အသံတောင်ကြားလိုက် ရတယ် ထင်မိသည်။ အဲဒီနောက် ပါးကိုအုပ်ကိုင်ပြီး အံ့သြငြိမ် သက်သွားပုံရတဲ့ ကိုဖြိုးဘေးက ကွေ့ကျော်ဖြတ်ပြီး အမျိုးသမီးက ဆက်လျှောက်လာသည်။

မျက်စိထဲ အတော်အရုပ်ဆိုး ရှိင်းပျသွားတဲ့ မြင်ကွင်း ကြောင့် ရွှေသွေး စိတ်တို့ ထောင်းခနဲ ဖြစ်သွားရကာ ကားတံခါး ကို ဖျတ်ခနဲ ဖွင့်လိုက်ပါသည်။

"ဟောကောင် ရွှေသွေး၊ မင်းနဲ့ ဘာမှမဆိုင်ဘူးလေကွာ"

"ဟာ ... ကိုဖြိုးလို လူမျိုးကို သူက ပါးရိုက်တာ သူက ဘာမို့လဲ"

"တစ်ခုခုအကြောင်းရှိမှာပေါ့၊ မင်း သွေးမပူစမ်းပါနဲ့ ရွှေသွေး ရာ"

မင်းခန့်က ရွှေသွေးဘက် ကားတံခါးကို ကိုယ်ကိုင်း၍ ပြန်ဆွဲပိတ်လိုက်သည်။ သူတို့ဘက် လမ်းထိပ်ဘက် ဆက် လျှောက်လာတာမို့ တစစ နီးကပ်လာတဲ့ အမျိုးသမီးကို ရွှေသွေး စူးစူးရှရှ မာမာကျောကျော လှမ်းကြည့်နေမိပါသည်။ အမျိုးသမီး က ကားထဲက သူတို့နှစ်ယောက်ကို သတိတောင်မပြုမိ။ ကားနံဘေး ကဖြတ်ကာ ဆက်လျှောက်သွားသည်။

ပိန်လျလျခန္ဓာကိုယ်။ ဝင်းဝါဖျော့တော့တဲ့ အသား ရောင်။ ကျောလယ်လောက် ဆံနွယ်ဝေ့ဝဲဝဲများ။ တင်းမာခက်ထန် ပြီ နာကျင်နေတဲ့ ဒဏ်ရာရနေတဲ့ မျက်နှာ။ မျက်ရည်ပြည့်လျှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကာ နီမြန်းနေတဲ့ကြားက မီးလျှံတွေ ထွက်ကျမလို ပူပြင်းလောင်ကျွမ်းနေတဲ့ မျက်ဝန်းများ။

တစ်ခုချင်းစီကို အသေးစိတ် ကြည့်မိမြင်မိပြီး ရွှေသွေးသွားတွေကို တင်းတင်းစေ့ထားမိသည်။ ခင်ဗျားက ဘာမို့လို့လဲ။

ထိုမိန်းမ ကားကိုကျော်ဖြတ်လျှောက်သွားပြီးတဲ့နောက် ဒီဘက်လမ်းထိပ်ဘက်ကိုပဲ ပြန်လှည့်ကာ ခေါင်းငုံ့လျှောက်လာတဲ့ ကိုဖြိုး၊ ကားနားမရောက်ခင်ပင် မင်းခန့်တားနေတဲ့ကြားက ရွှေသွေးက ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး ကိုဖြိုးကိုရှေ့က ပိတ်ရပ်ကြိုနေလိုက်ပါသည်။

ကိုဖြိုးက နီးကပ်လာမှ သူ့ကိုမြင်ကာ ခြေလှမ်းတွေတုံ့သွားသည်။ ရွှေသွေးက လက်နှစ်ဖက်လုံး လျှော့ရဲရဲခါးထောက်လိုက်မိပြီး ...

"ဘာဖြစ်တာလဲ ကိုဖြိုး၊ ဘလိုင်းကြီးပါလား"

"ဘာမှမဟုတ်ပါဘူးကွာ"

"ဘာလို့ ဘာမှမဟုတ်ရမှာလဲ၊ ဒီမိန်းမက ဘယ်သူလဲ"

"ငါ့ ငယ်သူငယ်ချင်းပါ"

"ငယ်သူငယ်ချင်း ! "

"ပြန်တွေ့တာ လေးငါးရက်ပဲ ရှိပါသေးတယ်"

"ပြန်တွေ့တာ လေးငါးရက်ပဲ ရှိသေးတဲ့ ငယ်သူငယ်ချင်းတစ်ယောက်ကို ပါးရိုက်ပြီး နှုတ်ဆက်တတ်တဲ့ မိန်းမလား"

"အဟင်း ... ကဲ ... လာပါကွာ"





ကိုဖြိုးက စိတ်လည်းမကောင်း၊ ရှက်လည်းရှက်နေသလို မချိသွားဖြဲလေး ရယ်သည်။ သူတို့သုံးယောက် ကိုဖြိုးဆိုင်ရှိရာလမ်းထိပ်ဆီ လျှောက်လာခဲ့ကြသည်။

"ကိုဖြိုး၊ ကျွန်တော် နည်းနည်း နောက်ကျသွားတယ်၊ ဒီကောင်က သူ ကိုဖြိုး ဆီလာမလို့ ကျွန်တော့်လည်းဝင်ခေါ်မယ်၊ မထွက်နဲ့ဦးဆိုလို့"

"အေး .. ရပါတယ်"

မင်းခန့်က ကိုဖြိုးရဲ့ Phone handset and accressory ဆိုင်မှာ အလုပ်ဝင်နေတာ ဖြစ်ပါသည်။ သူ့အလုပ်ရှင် ပါးရိုက်ခံရတာ မြင်တွေ့လိုက်ရသည်ဖြစ်၍ အားနာပြီး အနေခက်နေသည်။ ရွှေသွေးကတော့ ဆိုင်ထဲရောက်တဲ့အထိ မျက်နှာတင်းမာစူပုပ်နေသည်။ ကိုဖြိုး ထိုင်လိုက်တဲ့ကောင်တာစားပွဲနား ခုံတစ်လုံးဆွဲထိုင်ရင်း ...

"ဒီမိန်းမက ဘာလဲ ကိုဖြိုး"

"သြော် ... ထားလိုက်ပါ ရွှေသွေးရာ"

"မထားနိုင်ပါဘူးဗျာ၊ ရိုင်းလိုက်တာ သူ့လည်း ဘာမှမလုပ်ဘဲ ကိုဖြိုးကို ပါးပိတ်ရိုက်ရတယ်လို့၊ လုံးဝအစာမကြေဘူး"

"ငါကလည်း သူ မကြိုက်ဘဲ အတင်းစကားပိတ်ပြောမိတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစကားလဲ၊ ရည်းစားစကားလား"

"မဟုတ်ပါဘူး၊ ပြန်တွေ့တာ လေးငါးရက်နဲ့ ပြီးတော့ သူ့အခြေအနေ အနေထားနဲ့ ရည်းစားစကားတော့ ထပ်ပြောလို့ မဖြစ်သေးပါဘူး"

"ထပ်ပြောလို့ ! ! "

"ဒုက္ခပါပဲကွာ၊ ငါကလည်း စကားပြောမကျွမ်းကျင်တာနဲ့ မင်းနဲ့တော့ တွေ့နေပြီ၊ ပေါ်ကုန်တော့မှာပဲ"

"ဘာပေါ်ကုန်မှာလဲ၊ ပြော ... ပြော ... ကိုဖြိုး ... ခုပြော၊ မပြောပြရင် ကျွန်တော် ကြီးကြီးနဲ့ သွားတွေ့ပြီး အတို့အထောင်လုပ်မှာ"

"ဟေ့ကောင် ... ရှေ့သွား"

"ပြောပါဆိုဗျာ"

"မင်းကတော့ ဇွတ်တရွတ်ပဲ"

"ဟုတ်တယ်လေ၊ ဒီလောက် ယဉ်ကျေးရည်မွန်ပြီး အေးဆေးတဲ့ ကိုဖြိုးလိုလူမျိုးကို ပါးရိုက်သွားတဲ့ မိန်းမမျိုး လောကမှာ ရှိနေတာ အံ့ဩမဆုံးဘူး၊ မျက်စိထဲ အရမ်းပြဿနာတက်နေတယ်၊ ကိုဖြိုးကို ချစ်လွန်းလို့တော့ မဟုတ်ပေမယ့် ကျွန်တော် လုံးဝမကျေနပ်ဘူး"

သူ့အပြောကြောင့် ကိုဖြိုးက ခပ်တိုးတိုး ရယ်မောနေပါသည်။ ရယ်နေပေမယ့် ကိုဖြိုးမျက်ဝန်းတွေက ကြေကွဲကာ





ဝမ်းပန်းတနည်း ဖြစ်နေပါသည်။ ညီအစ်ကိုဝမ်းကွဲမို့ ချစ်တယ်ခင်တယ် ဆိုပေမယ့် ကိုဖြိုးထိရင် မခံဘူးဆိုတဲ့ အထိလောက်ထောလည်း မဟုတ်ပေ။ ခုကိစ္စကိုတော့ ကိုဖြိုးဘက်က အတော်ခံမရပ်နိုင်ဖြစ်ကာ စိတ်ထဲ ခိုးလိုးခုလု တင်းကျပ်နေပါသည်။

"ပြောလေ ကိုဖြိုး"

"ငါ တက္ကသိုလ်တုန်းက ချစ်ခဲ့ဖူးတာပါကွာ"

"သြော် ... တစ်ခါ ကြားဖူးလိုက်တယ်၊ ကိုဖြိုးတစ်သက်မှာ တစ်ယောက်တည်း ချစ်ဖူးပြီး ကိုဖြိုးကို ပြန်မကြိုက်ဘူးဆိုတဲ့ မိန်းမက အဲဒါ သူလား"

"အေး ... သူ"

"အခု ပါးရိုက်ရတာက ဘာကြောင့်လဲ၊ ရည်းစားစကားပြောတာလည်း မဟုတ်ဘူးဆို"

"ဟိုတစ်နေ့က သူနဲ့တွေ့ပြီးပါပြီ၊ သူ့ကို စကားပြောနှုတ်ဆက်ပြီးပါပြီ၊ သူကလည်း သူ့ကိုနှုတ်လည်းမဆက်ပါနဲ့ ခင်ခင်မင်မင်လည်း မပတ်သက်ပါနဲ့လို့ ပြောပြီးပါပြီ၊ သူ့စိတ်ထဲမှာ ခုချိန်မှာ ဘယ်သူနဲ့မှ တရင်းတနှီးနေဖို့ ဖီလင်မလာဘူးလို့ ပိတ်ပြောပြီးပါပြီ"

"ဟင် ... ဘယ်လိုဟာကြီးလဲ"

"ငါက ဒီနေ့ သူ ဒီလမ်းသွယ်ထဲသွားတာတွေ့လို့ စကားပြောလို့ရအောင် နောက်ကလိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



“သူက ဒီလူပြတ်တဲ့ တစ်ဖက်ပိတ်လမ်းသွယ်ထဲ တစ်ယောက်တည်း ဝင်လာတာ ဘာအထာလဲ”

“မဟုတ်ပါဘူးကွာ မင်းကလည်း၊ ထိပ်ဆုံးက လမ်းပိတ်သွားတဲ့ခြံက ဟိုဘက်ဆိုင်က ကလျာဦးတို့ခြံလေ၊ အိမ်ထဲကို ကိစ္စတစ်ခုခုရှိလို့ သူသွားတာပါ၊ ပြန်ထွက်အလာမှာ ငါက ရှေ့ကပိတ်ပြီး နှုတ်ဆက်တာ”

“အဲဒါ ပါးရိုက်စရာလားဗျာ ဒီမိန်းမက”

“ငါကိုက အချိန်အခါ မရွေးတတ်တာပါ၊ ငါ့အပြစ်ပါကွာ၊ သူ့စိတ်တွေ မကြည်လင် မပျော်ရွှင်နိုင်တာ ငါသိရက်သားနဲ့ အချိန်လေး မစောင့်နိုင်ဘဲ အလောတကြီး ဖြစ်မိတာကိုး၊ ငါ့စိတ်ထဲမှာ ဒီတစ်ကြိမ် နောက်မကျချင်ပဲ ရှေ့ဆုံးက ဦးထားချင်နေမိတာ”

“အဲဒါ ဘယ်ကလာ ကိုဖြိုးအပြစ်ရမှာလဲ၊ ကိုဖြိုးကလည်း ကိုယ့်ကိုယ်ကိုယ် အပြစ်မြင်နေတယ်၊ သူတော့ အပြစ်မမြင်ဘူး ... ကျွတ်”

“သူ့မှာ အပြစ်မရှိပါဘူး”

“ဘာလို့မရှိရမှာလဲ၊ ကိုယ့်ကို ရိုးရိုးသားသား နှုတ်ဆက်စကားပြောတဲ့ ယောကျ်ားတစ်ယောက်ကို သူ့ကိုလည်း ကိုယ်ထိလက်ရောက် ဘာမှလဲ မနှောင့်ယှက် မစော်ကားမိပဲနဲ့ ပါးရိုက်သွားတာ သူ့အပြစ်ပဲ၊ တော်တော်ရင့်သီးတဲ့ မိုက်ရိုင်းတဲ့မိန်းမ၊ သူက ဘာမို့လို့လဲဗျ”





“ငါက သူ့ ရှောင်ထွက်တာကို လမ်းမဖယ်ဘဲ ပိတ်ထားမိသလို ဖြစ်သွားတယ်”

“ကျွတ် ... ကိုဖြိုးနဲ့တော့ဗျာ၊ ယောကျ်ားပဲ စကားပြောချင်ရင် ဒီလောက်တော့ လုပ်မိမှာပေါ့၊ ဘာမှားလို့လဲ၊ ဒီမိန်းမ အသက်လည်း မငယ်တော့ပါဘူး၊ ကိုဖြိုးနဲ့ရွယ်တူဆိုရင် အသက်သုံးဆယ်ပြည့်ပြီးရောပေါ့၊ သူ့အသက်အရွယ်နဲ့ ဒီလောက်လည်း ငေးမောကြည့်ရအောင်လည်း လှပဖူးမွှင့်မနေဘဲနဲ့ ခုချိန်မှာ သူ့ကို လမ်းပိတ်စကားပြောမယ့် ယောကျ်ားမျိုးရှိတာ သူကတောင် ကျိတ်ဝမ်းသာနေရမှာမျိုး၊ ဒီထက်နောက်ကျလေ သူ့နား ရွေးစရာမရှိလေဖြစ်မှာကို၊ အပျိုကြီးတွေများ အဲဒါ ခက်တာပဲ၊ ယထာဘူတကျကျကို မတွေးဘူး”

“သူက အပျိုကြီးမဟုတ်ပါဘူး”

“ဗျာင်”

ရွှေသွေးက မျက်ခုံးမြင့်တက် မျက်လုံးပြူးသွားရကာ ...

“ဒါဖြင့် အိမ်ထောင်သည်ကြီးပေါ့”

“သူ မနှစ်က အိမ်ထောင်ကျတယ်”

“ဟာ ... ကိုဖြိုးကလဲဗျာ၊ အိမ်ထောင်သည်ကြီးကို တခုတ်တရ”

“အခု သူ့ယောကျ်ား ဆုံးသွားတာ တစ်လမပြည့်သေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရွှေသွေးသည် အံ့အားသင့်ပြီးရင်း သင့်ရင်း ဖြစ်နေပါသည်။

"ဒါဖြင့် မုဆိုးမပေါ့"

"အင်း"

"ကလေးရော"

"မရှိဘူး"

"ဟာ ... ကိုဖြိုးဗျာ မလုပ်နဲ့ဗျာ၊ ရှေ့မတိုးနဲ့ ရပ်ပစ်၊ ကိုဖြိုးအနေအထားနဲ့ ဘယ်သူမဆို ခေါင်းခေါက်ယူလို့ရတယ်၊ ကိုဖြိုးကလည်းဗျာ"

ရွှေသွေးက စိတ်ပျက်လက်ပျက်ပြောလျှင် ကိုဖြိုးက ပြုံးနေပါသည်။

"ငါလည်း သူ့ကို အခုချက်ချင်းပြန်ပြီး propose လုပ်မယ်လို့ မဟုတ်ပါဘူးကွာ၊ ဘာရယ်မဟုတ်ပါဘူး၊ သူကသနားစရာကောင်းပါတယ်"

"အာ ... မုဆိုးမဖြစ်သွားတဲ့ မိန်းမတွေကို လိုက်သနားနေရရင် ပြီးမှာမဟုတ်တော့ဘူး၊ သူ့ကသိလ်ကံပဲပေါ့ ကိုဖြိုးရာ၊ ဘာပဲဖြစ်ဖြစ်ပါဗျာ၊ ကိုဖြိုးကို ခုလိုလုပ်လိုက်တာ ကျွန်တော် လုံးဝမကျေနပ်ဘူး၊ ဒီမိန်းမကို နည်းနည်းပါးပါးတော့ သွားရိုလိုက်ဦးမယ်"





"ဟာ ... မလုပ်ပါနဲ့ ရွှေသွေးရာ၊ မင်း သူ့ကို ဘာမှသွားမလုပ်ပါနဲ့"

"ပါးပါးလေးလောက် လုပ်မှာပါဗျာ"

"မလုပ်ပါနဲ့ ရွှေသွေးရာ၊ လုံးဝမလုပ်ပါနဲ့ကွာ၊ ငါတောင်းပန်ပါတယ်"

"သူက ဘာတွေမာန်တက်နေလို့ မုဆိုးမဖြစ်ပြီး လူပျိုနနထွတ်ထွတ် ကိုဖြိုးကို ဘာမဟုတ်တာနဲ့ ပါးရိုက်ရတာလဲ"

"သူ ဒုက္ခမီး ဒီပရက်ရှင်ရနေတဲ့ အချိန်ပါကွာ၊ ငါနားလည်တယ်၊ ငါက စိတ်လောတာပါ၊ ပြီးတော့ သူ ထွက်သွားမယ် လုပ်တာကိုလည်း ဝိတ်ထားသလို ဖြစ်သွားတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

"မင်း ဘာမှမလုပ်ပါနဲ့၊ ယောက်ျားဆုံးထားတာ တစ်လမပြည့်သေးတဲ့ မိန်းမပါ"

"ဒါဖြင့် ကိုဖြိုး ဒီမိန်းမနဲ့ ပတ်သက်ပြီး ရှေ့မတိုးဘူးလို့ ကျွန်တော့်ကို ကတိပေး"

"ဟင် ... မင်းကလည်း"

"ရှေ့တိုးရင် ကြီးကြီးနဲ့ တိုင်မှာပဲ"

"ငါတောင် ဘာရယ်ညာရယ် မဆုံးဖြတ်ရသေးပါဘူးကွာ၊ မင်းကတော့ ပြဿနာရှာဦးမယ်၊ မေမေ့ကို လုံးဝလာမပြောမိစေနဲ့၊ ဟိုးအရင် အပျိုဘဝတုန်းကတောင် ငါ သူ့ကိုကြိုက်တယ်ဆိုတာ မေမေက လုံးဝသဘောတူတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးက လူကြီးဆိုတော့ ဒီမိန်းမ အချိုးအချိတ်တွေ မြင်ပြီး သဘောမကျတာ ဖြစ်မှာပေါ့"

"မေမေက သူ ပိုက်ဆံမရှိလို့ သဘောမတူတာပါ"

"ဒီမိန်းမမျိုး ပိုက်ဆံသိပ်ချမ်းသာရင်တော့ ဘယ်သူမှတောင် နေစရာ ထိုင်စရာ ရှိတော့မှာမဟုတ်ဘူး၊ ဒါဖြင့် သူကဘာ ဂုဏ်တွေ မောက်နေတာလဲ၊ ရုပ်လှလွန်းသလားဆိုတော့ လည်း ဒီလောက် မဟုတ်ဘူး"

"'မ'က လှပါတယ်၊ သူ့မျက်နှာထားက တည်တင်းရိုးစင်း လွန်းတော့ သူလှတာကို ရုတ်တရက် မသိသာတာပါ"

"ဘယ်သူ ... 'မ'တဲ့လား"

"အင်း"

"နာမည်အပြည့်အစုံကရော"

"မ ... ပဲ၊ ရှေ့ကတောင် 'မ'တပ်လို့ မရဘူး၊ 'မ'တစ်လုံး တည်း"

"နှစ်လုံး သုံးလုံးဆိုရင်တော့ နိုင်မှာကို မဟုတ်ဘူး၊ ကဲ ... ကျွန်တော် လစ်ဦးမယ်၊ ဒီနားမှာ ကားကိစ္စ လူတစ်ယောက် နဲ့ ချိန်းထားတယ်၊ ဒီဘက်ရောက်မှာမို့ ကိုဖြိုးနဲ့လည်း ခဏတဖြုတ် တွေ့ရအောင်ဆိုပြီး မင်းခန့်ပါ ဝင်ကြိုလာ ပေးလိုက်တာ"

"အေး ... အေး ... သွား"





ရွှေသွေးက ကိုဖြိုး ဆိုင်ထဲကထွက်သည်နှင့် ကားရပ်ထားရာလမ်းသွယ်ဘက် မလှည့်ဘဲ ဟိုဘက်တစ်ဆိုင်ကျော်က မကလျာရဲ့ဆိုင်ဆီ လျှောက်လာခဲ့ပါသည်။ မကလျာဆိုင်က Branded အလှကုန်တွေအပြင် Perfume မျိုးစုံရောင်းတဲ့ဆိုင်ပါ။ ဒီမိန်းမ ပိုက်ဆံမရှိဘူးဆိုရင် မကလျာဆိုင်မှာ ဝန်ထမ်းပဲပေါ့။

ဆိုင်ထဲဝင်လာတဲ့ ရွှေသွေးက ကောင်တာမှာ ထိုင်နေတဲ့ ထိုအမျိုးသမီးကို တန်းမြင်လိုက်ကာ သူ့နံဘေးကပ်လျက်ရှိ ရေမွှေးမှန်စီရိုကို ဖျိုးဖျိုးဖျတ်ဖျတ် တံခါးဆွဲဖွင့်လျက် ကြုံရာရေမွှေးတစ်ပုလင်း ဆွဲယူလိုက်ရင်း ...

"ဒါ ဘယ်လောက်လဲ"

သူမကို တည့်တည့်ကြည့်၍ ခပ်တည်တည်မေးလိုက်ပါသည်။ သူမက ခပ်တည်တည်ပင် လှည့်ကြည့်လိုက်ပြီး ...

"ဈေးနှုန်းတွေ ကပ်ထားတယ်လေ"

ရွှေသွေးက ရေမွှေးပုလင်းကို အဖုံးဆွဲဖွင့် မွှေးရှူလိုက်ပြီး နှာခေါင်းရှုံ့ကာ ...

"မွှေးလည်းမမွှေးဘူး၊ ဘာနံ့ကြီးမှန်းလဲ မသိဘူး"

အံ့အားသင့်သွားသလို သူမမျက်ဝန်းများကို တစ်ချက်ကြည့်ပြီး ရေမွှေးပုလင်းပြန်ထည့်လိုက်၍ ရွှေသွေးကဆိုင်ထဲမှ ချက်ချင်းပြန်ထွက်လာခဲ့သည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com

## ၂

"မ"က ညှော်ခန်းထဲဝင်လာတဲ့ အန်တီကြီးကို မတ်တွတ်လေးရပ် အရိုအသေပေးကာ ကြိုဆိုလိုက်ပါသည်။

"တိုင် ... သမီး၊ ရတယ် ... ရတယ်၊ ပြောပါဦး၊ ဘာအကူအညီလိုလဲ သမီး"

ဒီအန်တီကြီးက စိတ်သဘောကောင်းမွန်နူးညံ့ပုံရပါသည်။ ပြီးတော့မှ သူ့သားကလည်း ကိုမောင့် သူငယ်ချင်းအရင်းအချာဆိုတော့ ငဲ့ကွက်ညှာတာလိမ့်မလား မျှော်လင့်ရပါသည်။ မသည် ဝမ်းနည်းအားငယ်စိတ်ကိုတင်း၍ စကားစရန် အားယူနေရပါသည်။

"ပြော ... သမီး ... ပြောပါ၊ ဟိုတစ်နေ့ကပဲ သားကြီးကျော်ကျော်က အန်တီ့ဆီ ဖုန်းဆက်ပါသေးတယ်။ 'မ' မှာ လိုအပ်တာရှိရင် ကူညီပေးလိုက်ပါတဲ့၊ အားမနာပါနဲ့ သမီးရယ် ... ပြော"

"ဒီလိုပါ အန်တီ"





"အင်း"

"ပြောရမှာ အရမ်းအားနာပါတယ်၊ ရှက်လည်း ရှက်ပါတယ်၊ ကျွန်မပြောမှာက လုပ်ရိုးလုပ်စဉ် ထုံးစံလည်းမရှိပါဘူး၊ အစဉ်အလာမရှိတာကြီးကို အားကိုးမှုတစ်ခုတည်းနဲ့ အရဲစွန့်ပြီး တောင်းပန်ကြည့်မှာမို့လို့ ကျွန်မ စကားပြောမှားရင်လည်း ခွင့်လွှတ်ပေးပါ အန်တီ"

အန်တီကြီးက နှာသီးဖျားများ နီမြန်းလာသော "မ"ကို ကရုဏာသက်စွာကြည့်ရင်း ...

"ပြောသာပြောပါ သမီးရယ်၊ ဘယ်လိုမှ မတတ်နိုင်တာဆိုလည်း တစ်မျိုးပေါ့၊ ကိုယ်လုပ်ပေးနိုင်တာဆိုရင်လည်း ဝိုင်းဝန်းစဉ်းစား ညှိနှိုင်းပေးရမှာပေါ့"

"ဟုတ်ကဲ့ ... ဒီလောက်ပြောတာနဲ့ ကျေးဇူးတင်လှပါပြီ အန်တီ"

"အင်း ... ပြောပါဦး"

"ကိုမောင်နဲ့ လက်ထပ်ပြီးကာစက သူ့မိဘအိမ်မှာနေခဲ့ပေမယ့် ခုတစ်ခေါက် သူသင်္ဘောပြန်ထွက်မယ်လုပ်တော့ ကျွန်မတို့ သီးသန့်ပဲနေကြတော့မယ်ဆိုပြီး ကျွန်မတို့အတွက် အန်တီတို့အခန်းကို ငှားကတည်းက ဒီအခန်းက ကောင်းလည်းကောင်းသလို၊ ဈေးလည်းများတော့ ကျွန်မက ကိုမောင့်ကိုတောင် ဒီထက်သက်သာတဲ့ အခန်းငှားဖို့ ပြောခဲ့မိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



“အင်း”

“ကိုမောင်က သင်္ဘောမှာ ရာထူး၊ လခ မဆိုးဘူးဆိုပေမယ့် ဟို … သူ့မေမေကို ပေးရတာရော၊ မင်္ဂလာဆောင်စရိတ်စခဲ့ရတာရော၊ သိပ်ကြီးတော့ များများစားစား စုစုဆောင်းဆောင်း မရှိလို့ပါ။ ကျွန်မအနေနဲ့ သာမန်တိုက်ခန်းလောက်လည်း နေနိုင်ပါတယ်၊ ဒါပေမဲ့ ကိုမောင်ကလည်း သူ သင်္ဘော တက်သွားရင် ကျွန်မတစ်ယောက်တည်း ကျန်ခဲ့ရမှာဆိုတော့ ပတ်ဝန်းကျင်သန့်သန့်၊ နေရာထိုင်ခင်း ကောင်းကောင်းလေးမှာ သူ စိတ်ချနိုင်အောင် တင့်တင့်တယ်တယ်လေး ကျန်ခဲ့စေချင်တာဆိုပြီး အန်တီတို့အခန်းလေးကိုပဲ သူ စိတ်တိုင်းကျပြီး ငှားလိုက်တာပါ”

“အင်း … မောင်မောင် ပြောပြပါတယ် သမီး”

“ပွင့်ပွင့်လင်းလင်း ပြောရရင် သူက ဒီတစ်ခေါက် ဆယ်လပဲ သင်္ဘောစီးမယ်ဆိုတော့ ကျွန်မမှာလည်း အဲဒီအတိုင်း အတာလောက် နေလို့ထိုင်လို့ ရရုံလောက်ပဲ ငွေကြေးလေး ကျန်ခဲ့တာပါ အန်တီ၊ ဒီငွေကလည်း အခု အသုဘကိစ္စနဲ့ …”

“မ”အသံဆို့ပြီး ရပ်သွား၍ အန်တီကြီးခမျာလည်း စကားမထောက်နိုင်။ သူကိုယ်တိုင်လည်း သင်္ဘောလိုက်နေရတဲ့ သားတစ်ယောက်ရဲ့မိခင်ဖြစ်၍ မ,ကို အလွန်ကိုယ်ချင်းစာ ကရုဏာ သက်နေပုံရပါသည်။





“ပွင့်ပွင့်လင်းလင်း ပြောပြရရင် ကျွန်မ အခု ငွေရေးကြေးရေးလည်း အခက်အခဲရှိလာလို့ပါ”

“အင်း … ဒီတော့ သမီး ဘာများအကူအညီတောင်းချင်တာလဲ၊ ပိုက်ဆံချေးချင်တာများလား”

“ပိုက်ဆံတော့ မချေးချင်ပါဘူး အန်တီ”

“ဩော်”

“ကျွန်မ အဲလိုပိုက်ဆံချေးတတ်တဲ့ အကျင့်လည်း မရှိလို့ပါ”

“ဒါဖြင့် ဘယ်လိုများ …”

“အန်တီ ဖြစ်နိုင်ရင် ဒီအခန်းကို ကျွန်မ ပြန်အပ်ချင်တာပါ”

“ဟင် … အိမ်လခက တစ်နှစ်စာလုံး မောင်မောင် ချေပြီးသားပဲ သမီးရဲ့”

“ဟုတ်ကဲ့ပါ၊ တစ်လသုံးသိန်းနဲ့ သူ တစ်နှစ်စာငွေချေခဲ့တာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကျွန်မအနေနဲ့ ပိုက်ဆံထပ်ပေးဖို့ မလိုတာတောင် ဒီအခန်းမှာ ဆက်နေနိုင်တဲ့ အင်အား မရှိလို့ပါ၊ ကွန်ဒိုဆိုတော့ လစဉ်ပေးရတဲ့အထွေထွေစရိတ်စကတွေကလည်း လေးငါးသောင်းမို့ ကျွန်မအတွက် များပါတယ် အန်တီ …

ထုံးစံမရှိပေမယ့် အခုငှားတာ သုံးလကျော်ပဲ ရှိသေးတော့ ခုချိန်ကစပြီး အန်တီတို့ တစ်ယောက်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



များ ပြောင်းငှားဖို့ အဆင်ပြေနိုင်မယ်ဆိုရင် ကျွန်မဖယ်ပေးလိုက်ပြီး ပိုတဲ့လတွေအတွက် ပိုက်ဆံတချို့တစ်ဝက်များ ပြန်ရနိုင်တာမျိုး စီစဉ်လို့ရနိုင်မလားလို့ပါ”

အန်တီကြီးက ကြိုစဉ်းစားထားမိပုံ မရတာမို့ အံ့ဩငေးငိုင် တွေဝေသွားပါသည်။

“အန်တီ့အနေနဲ့ မလိုက်လျှောနိုင်ရင်လည်း အန်တီ့အလွန်မဟုတ်ပါဘူး အန်တီရယ်၊ လိုက်လျှောပေးနိုင်ရင်တော့ ကျွန်မ အများကြီး အသက်ရှူချောင်မှာမို့လို့ပါ၊ ကျွန်မမှာ အခု အခက်အခဲလေးတွေ နည်းနည်းရှိတော့ နည်းနည်းလည်း ခက်ခဲကျပ်တည်းနေတဲ့အပြင် ပိုက်ဆံကုန်စရာကိစ္စလေးတွေလည်း ရှိနေလို့ပါ”

“ကြားရတာ စိတ်မကောင်းပါဘူး သမီးရယ်”

“မ”က ခေါင်းလေးငုံ့ထားလိုက်ပါသည်။ ဒီစကားတွေပြောရတာ သူ့မျက်နှာတွေလည်းပူကာ ရှက်နေမိပါသည်။

“သမီးက အရင် အဒေါ်တွေအိမ် သွားပြန်နေမယ်ပေါ့နော်”

“မဟုတ်ပါဘူး အန်တီ၊ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ထောင်သည်ဖြစ်ပြီးနောက်တော့ ကိုယ့်ဟာကိုယ် ရပ်တည်တာပဲ ကောင်းပါတယ်၊ ကျွန်မ တစ်လတစ်သိန်းလောက်နဲ့ အသင့်အတင့်အခန်းမျိုးလေးပဲ ပြန်ငှားနေချင်တာပါ၊ အဲဒါဆို ငွေအပိုလေး ထွက်လာပြီး ကျွန်မ လိုအပ်နေတာအတွက်လည်း သုံးလို့ရနိုင်မှာမို့ပါ”





ခင်ပွန်းသည် သဘော်မှာ ရုတ်တရက်ဆုံးပါးသွားသောကြောင့် ဟိုးအရင်နေခဲ့တဲ့ အဒေါ်အိမ်လည်း ပြန်မတက်၊ သက်ထပ်ပြီးစ အတူသွားနေခဲ့တဲ့ ယောက္ခမအိမ်လည်းမတက်ဆိုသောကြောင့် မပြေလည်တာလေးတွေရှိလို့နေမှာပဲဆိုတာ ထိုအန်တီကြီးလည်း တွေးတတ်ပါလိမ့်မည်။

“အင်းကွယ် ... ကြားရတာ စိတ်မကောင်းဘူး၊ အန်တီ လက်မခံချင်စရာ အကြောင်းမရှိပါဘူး၊ ထုံးစံမရှိဘူးဆိုပေမယ့် မောင်မောင်နဲ့ သားနဲ့ကလည်း သိပ်ချစ်တဲ့သူငယ်ချင်းမိတ်ဆွေပဲဆိုတော့ ထုံးစံအတိုင်းပဲ လုပ်နိုင်မယ်လို့လည်း အန်တီ သဘောမထားပါဘူး၊ တစ်ခုပဲရှိတာက နောက်ထပ်အိမ်ငှားသစ်ကတော့ ချက်ချင်းရရင်လည်းရမယ်၊ မရရင်လည်း မရဘူး၊ တစ်လသုံးသိန်းတန်လောက်အခန်းကတော့ ချက်ချင်းလက်ငင်း သွက်သွက်တော့ ငှားမထွက်ဘူး သမီးရဲ့”

“ဟုတ်ကဲ့ပါ အန်တီ၊ ဘယ်အချိန် လူသ[illegible]ပ်ရမယ်ဆိုတာကတော့ ကုသိုလ်ကံပါပဲ အန်တီရယ်၊ အဲဒီလိုလုပ်ကြည့်တာပေါ့ ဆိုတာလောက် အန်တီသဘောတူရင်ပဲ တော်လှပါဘူး”

“အင်းပေါ့လေ၊ အန်တီ့အနေနဲ့လည်း ကိုယ့်အိတ်ထဲက စိုက်ထုတ်ကူညီရမှာမျိုးလည်း မဟုတ်ပါဘူး၊ အိမ်ငှားအသစ်ရှာပြီး လဲထည့်လိုက်ရမှာမျိုးလောက်မို့လို့ ခင်မင်မှုနဲ့ကြည့်ရင် နစ်နာစရာလည်း မရှိပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် အန်တီရယ်"

"သိပ်လည်း စိတ်ဆင်းရဲမနေပါနဲ့ သမီးရယ်၊ မားမားမတ်မတ် အားကိုးရာဖြစ်တဲ့ ယောကျ်ားဆုံးသွားတယ်ဆိုတဲ့ ဆုံးရှုံးမှုကိုလည်း ကိုယ်လည်း မုဆိုးမဆိုတော့ ကိုယ်ချင်းစာပါတယ်၊ သမီးက အသက်လည်း ငယ်သေး၊ အိမ်ထောင်သက်လည်း နုသေးဆိုတော့ ကိုယ့်ထက်လည်း ကရုဏာသက်စရာလို ဖြစ်နေပါသေးတယ် ...

သမီး အခု ငွေကြေးမပြေလည်မှုကလည်း ယာယီခဏတဖြုတ်ပဲဖြစ်မှာပါ၊ ကုမ္ပဏီကလည်း ကုမ္ပဏီကောင်းပဲလေ၊ ထုံးစံအတိုင်း ခံစားဖို့ရှိတဲ့ နစ်နာကြေးတို့ ဘာတို့ မကြာခင်ရအောင် တာဝန်ယူ ဆောင်ရွက်ပေးမှာပါ၊ သိပ်စိတ်မညစ်ပါနဲ့ သမီးရယ်၊ အဲဒီကျတော့လည်း ပြေလည်သွားမှာပါ"

မ,က ခေါင်းလေးအသာအယာယမ်းရင်း ...

"အဲဒါလည်း ကျွန်မ မရပါဘူး အန်တီ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကိုမောင်က အရင်ကတည်းကလည်း အလော့ထိမ်နဲ့တို့ ဘာတို့က သူ့အမေပဲ လွှဲထားတော့ အိမ်ထောင်ကျပြီးရင် ကျွန်မကိုပဲလွှဲပါလို့ ကျွန်မကလည်း မတောင်းဆိုခဲ့တာပါ၊ သူ့အမေပဲ ဆက်ထားလိုက်ပါလို့ ပြောခဲ့တာပါ၊ ကျွန်မက မိဘလည်းမရှိတော့ ယောက္ခမကို အမေနေရာပဲ ထားချင်





လို့ပါ၊ အခု ထွက်တော့လည်း အစစအရာရာ ရစရာရှိတာ ခံစားစရာရှိတာတွေအတွက် သူ လွှဲခဲ့တာ သူ့အမေနာမည်ပါ။ သဘော်မှာက ဘာပဲတော်စပ်စပ် မစပ်စပ် လွှဲခဲ့သူကိုပဲ ပေးရရိုးထုံးစံမို့လို့ ကျွန်မ ရစရာမရှိပါဘူး"

"ဟင် ... ဒီလိုလား၊ အင်းလေ ... ဒါပေမဲ့ သူ့အမေထုတ်ယူလက်ခံရမှာဆိုရင်လည်းပဲ ပြီးရင်တော့ သမီးကိုလည်း ခံစားခွင့် ပေးရမှာပေါ့၊ ဃမီးက တရားဝင်ဇနီးသည်ပဲလေ"

မ, စကားမပြန်မိ။ ကိုမောင်နှင့် လက်မထပ်ခင် အချိန်ပိုင်းကတည်းက ကိုမောင့်မေမေဟာ "မ"ကို မကြည်ဖြူလှဘော့တာ၊ လက်ထပ်ပြီး ကိုမောင်တို့အိမ် လိုက်နေတော့လည်း အတော်ကလေး အဆင်မပြေလှ၍သာ ကိုမောင် ပြန်မထွက်ခင် အိမ်ခွဲငှားလိုက်ရတာတွေကို မလိုအပ်ပဲ ပြောမနေချင်တော့တာပါ။

"အင်း ... ဟိုရက်ပိုင်းကတောင် အသိတစ်ယောက်က လှမ်းမေးပါသေးတယ်၊ သူ အိမ်ခန်းတစ်ခန်းငှားဖို့ ရှာနေလို့တဲ့၊ သူက ရုံးခန်းလုပ်ချင်တာမို့ အနည်းဆုံး နှစ်နှစ်လောက်ငှားထားချင်တယ်တဲ့၊ အန်တီ့အခန်းလေး သူကသိလည်း သိနေတော့ ငှားမလား လှမ်းမေးတာ၊ အန်တီက လူငှားရှိနေသေးတယ် ပြောလိုက်တာ၊ လှမ်းမေးတာ သိပ်မကြာသေးတော့ အန်တီ သူ့ကိုပြန်ပြောကြည့်ပါဦးမယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



လူမြန်မြန်ရရင်တော့ သမီးလည်း မြန်မြန်လေး အဆင်ပြေမှာပေါ့"

"ကျေးဇူးတင်ပါတယ် အန်ကီရယ်၊ ဘယ်သူမှ လုပ်ပေးစရာမရှိတဲ့ အကြောင်းမျိုးပါ၊ ကျွန်မ ကျေးဇူးမမေ့ပါဘူး"

"ကိစ္စမရှိပါဘူးကွယ်၊ ကျော်ကျော်လည်း တော်တော်စိတ်မကောင်းဖြစ်တာ၊ သူပဲ ကမကထလုပ်ပြီး မောင်မောင့်မိတ်ဆွေအပေါင်းအသင်းတွေကို ကူငွေစုပေးဖို့ သူလုပ်နေသေးတယ်၊ သိပ်စိတ်မာတ်မကျပါနဲ့ သမီးရယ်၊ တခြားလိုအပ်တာရှိရင်လည်းပြောပါ ဟုတ်လား၊ ပြီးတော့ တကယ်လို့ ငှားချင်တဲ့လူ ပေါ်လာရင် သမီးဘက်ကရော ချက်ချင်းဖယ်ပေးနိုင်မလား"

"ဟုတ်ကဲ့ ... နှစ်ရက် သုံးရက်အတွင်း ဖယ်ပေးနိုင်ဖို့ ကျွန်မ အသင့်ပြင်ထားပါမယ် အန်တီ၊ အခန်းသစ်လည်း ရှာနေပါပြီ"

✦ ❦ ✦

"ဟဲ့ ... မ၊ အပေါ်ထပ်ခဏတက်ပေးစမ်းပါဟယ်၊ ခဏနေရင် မာမီ ဆံပင်လာဆိုးမယ်၊ ကျောအနှိပ်လာခံမယ်လို့ မာမီလုပ်နေကျ ဆွေဆွေ့ကို အားထားပေးဖို့ အခန်းတစ်ခန်း အသင့်ပြင်ထားပေးဖို့ တက်ပြောလိုက်စမ်းပါ"





"မ"က ကလျာ့ထံ ငဲ့ကြည့်လိုက်ပါသည်။ ကလျာသည ကောင်တာမှာ ဝင်ထိုင်လိုက်ပြီး ကွန်ပျူတာထဲ "မ"ထည့်သွင်းနေတဲ့ အရောင်းစာရင်းတွေကို မောက်စ်ဆွဲယူကာ စစ်ကြည့်နေလိုက်ရင်း ပြောလိုက်တာပါ။

ဒီဆိုင် ခန်း အတန်းလိုက်လေးဟာ ခြံတစ်ခြံရဲ့ ဘက်နှာစာ အရှည်အလျားလိုက်မှာ ဖွင့်လှစ်ထားတဲ့ သုံးထပ်ဆိုင်ခန်းတွဲဖြစ်ပြီး ကလျာက အပေါ်အောက် သုံးထပ်စာစလုံး ဆိုင်ခန်းယူထားတာပါ။ အောက်ဆုံးထပ်က အလှကုန်များ၊ Skin Care products ... Hair Care products များ ရေမွှေးများရောင်းတဲ့ဆိုင်ခန်းဖြစ်ပြီး အပေါ်နှစ်ထပ်က အလှပြင်ခန်းမလုပ်ထားပါသည်။

ကျောနှိပ် ခြေထောက်နှိပ် အဆီချ ပေါင်းတင် ခြေသည်းလက်သည်း အလှဆင်ကိစ္စရပ်တွေက အပေါ်ဆုံးထပ်မှာ ဆောင်ရွက်ပေးသည်။ အလယ်ထပ်မှာတော့ ဆံပင်နှင့်ပတ်သက်တဲ့ကိစ္စရပ်တွေ လုပ်ပေးတာများပါသည်။

"မ"က ကလျာ့ကို ...

"ဖုန်းအရင်ဆက်ကြည့်လိုက်ရမလား ကလျာ"

"ဖုန်းဆက်ပြီးပြီ မရဘူး၊ အဲဒီအပေါ်ဆုံးထပ်က ဖုန်းအိမ်ကိုက ပြဿနာတက်နေတာ၊ ဟိုးဘက်က ကိုဖြိုးဆိုင်မှာ လိုင်းဖုန်း ဖုန်းအိမ်တွေလည်း ရှိမယ်ထင်တယ်၊ မေးကြည့်ရဦးမှာပဲ၊ နင်တက်သာသွားပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မ"က ကောင်အောက ခုံမြင့်မြင့်လေးပေါ်မှ လျှော ဆင်းလိုက်ရပါသည်။ ကလျာနှင့်သူဟာ ကျောင်းတုန်းက ခင်မင်နှုံးသေမယ့် အရင်းနှီးဆုံးသူငယ်ချင်းမျိုးတော့လည်း မဟုတ်ပါ။ ကလျာတို့က သူဌေးသမီးအုပ်စုမို့ မာနခပ်ကြီးကြီးတွေဖြစ်ရာ ခပ်မှန်မှန်သာ ဆက်ဆံဖြစ်တာပါ။ ဒါတောင်မှ "မ"က အဲဒီတုန်းက ကျောင်းလာလျှင် ဘဘတို့ အန်တီနွဲ့တို့အိမ်ကကားနှင့် ကျောင်းကြိုကျောင်းပို့ လုပ်ခံရ၍ ကားကောင်းကောင်းတစ်စီးထဲက ဣန္ဒြေနှင့် ဆင်းလာခွင့်ရတဲ့ အခြေအနေ။

ဘဘရဲ့ရာထူးရာခံ အနေအထား ဂုဏ်ပုဒ်ကြောင့်ရော ခပ်အေးအေး ခပ်တည်တည်သာ နေတတ်တဲ့ "မ"ရဲ့အနေတည်ကြည်မှုကြောင့်ရော မ,ဟာ မာနကြီးတယ်လို့ လူထင်ခံရတဲ့ အုပ်စုထဲ အလိုလိုပါနေခဲ့တာပါ။

ကျောင်းပြီးတဲ့နောက်ပိုင်း မတွေ့ဖြစ်ကြဘဲ တွေ့လည်း မတွေ့ဖြစ်ကြဘဲ ကွဲကွာနေကြရာက "မ"ရဲ့မင်္ဂလာဆောင်ကျတော့ မ,ဖိတ်ကြားလိုက်၍ တစ်ကြိမ်ပြန်ဆုံတွေ့ကြပါသည်။ အဲဒီနောက်လည်း အကြောင်းကိစ္စမရှိ၍ မတွေ့ဖြစ်ကြပြန်။ ကိုမောင့် အသုဘကျတော့ သတင်းကြားနှင့် သူငယ်ချင်းဟောင်း မိတ်ဆွေဟောင်းတွေ ရောက်လာကြပါသည်။ အသုဘနှင့် ရက်လည်မှာ စကားခပ်ကြာကြာ ပြန်လည်ပြောဆိုဖြစ်ကြပြီးတဲ့နောက် "မ"က အလုပ်တစ်ခုရှာမည်ဆိုတာ သူငယ်ချင်းများကို ပြောတဲ့အခါ ကလျာကမဲ သူ့ဆိုင်မှာ တာဝန်ခံအုပ်ချုပ်သူလုပ်ဖို့ အရင်စ,ကမ်းလှမ်းခဲ့တာ။





မ, အလွန်ဝမ်းသာခဲ့ရတာပါ။ ပင်ပင်ပန်းပန်းရှာဖွေနေရဘဲ ဣန္ဒြေရရနှင့် လခလည်းမဆိုးတဲ့ အလုပ်တစ်ခု အသင့်ရလိုက်တဲ့အတွက် ကလျာ့ကိုလည်း ကျေးဇူးတွေတင်ရသည်။ ကျန်ရက်ဖြစ်နေ၍ "မ"က အချိန်ဆိုင်းမနေဘဲ ချက်ချင်းအလုပ်ဆင်းဝင်ခဲ့ပါသည်။

ရက်ပိုင်းမှ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် ကလျာ့စိတ်သဘောကို "မ"အကဲခတ်နိုင်ခဲ့ရသည်။ ကလျာ ... လူလေးကလှလှ မာန်လေးကတက်တက် တစ်ဖက်သားကို ဆက်ဆံလျှင် တန်းတူအဖက်မတန်သလို အထက်စီးစီးလေးကသာ နေချင်သူပါ။ သူ့အနေအထားကလည်း နေလို့ရနေ ပတ်ဝန်းကျင်ကလည်း သူ့ အထက်စီးကို မတက်ခင် အောက်စည်းကသျှိုဝင်နေကြတော့ အတော်ပင်။

"မ"လို စကားပိုသိပ်မပြော၊ သူ့ကိုလည်းမဖားဖြစ်ဘဲ ခပ်အေးအေး နူတ်နည်းနည်းနေတဲ့သူမျိုးနဲ့တွေ့တော့ ကလျာ ... နည်းနည်း နင်တင်တင်ဖြစ်ပုံပင်။ ဟိုတုန်းက အတန်းတူတက်ခဲ့တာတွေ ဘာတွေထား၊ ခုချိန်မှာ သူ့ဝန်ထမ်းဟာ သူ့ကိုရိုရိုကျိုးကျိုး ရှိနေရမည်ဆိုတဲ့ သဘောထားမျိုး "မ"အကဲခတ်မိသည်။

ဒါကြောင့်လည်း "မ"က နဂိုနေအေးစက်စက်အသွင်သဏ္ဍာန်ထက်လည်းလျှော့၊ မကြာသေးခင်ကမှ ယောကျ်ားဆုံးပါးသွားလို့ စိတ်ဓာတ်တွေ ပြိုပျက်ပြုတ်ကျကာ မရယ်ချင် မပြုံးချင်ဖြစ်နေတဲ့ မျက်နှာကိုလည်းပြင်၊ ကလျာ့အပေါ်ဆိုလျှင်တော့ ညင်းညင်းပျောင်းပျောင်း ဆက်ဆံတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကလျာဟာ သူ့ကို ဝန်ထမ်းတစ်ယောက် ဆိုတာ သိသာစေသော ပညာပြမှုလေးတွေ ပြုလေ့ရှိတာ သူသိ နေပါသည်။

တကယ်ဆို အပေါ်ထပ်ခန်းရဲ့ လိုင်းခွဲလိုင်းဖုန်းပျက် နေလည်း ဝန်ထမ်းတွေထဲမှာပင် ဟဲန်းဒ်ဖုန်းကိုင်သူတွေမနည်း။ တစ်ယောက်ယောက်ရဲ့ဖုန်းကို လှမ်းပြောလိုက်လို့ ရသည်ပင်။ သွားပြောမှဆိုရင်လည်း အောက်ထပ်ဆိုင်ခန်းမှာ သူပေးထားတဲ့ တာဝန်အရ မ,က အုပ်ချုပ်သူ အကြီးဆုံးဖြစ်ပြီး အောက်မှာခပ် ငယ်ငယ် သွက်လက်ပေါ့ပါးတဲ့ အရောင်းမိန်းကလေးတွေ အများ ကြီး ရှိပါသည်။

"တစ်ယောက် ပြေးလိုက်စမ်း"ဆိုရင် ပြေးတက်ပြော ကြမည့်သူတွေ ရွေးချယ်နေဖို့မလိုအောင် အများကြီး။ "မ"မှတက် ပြောရမှာလား။ "မ"ကြီးကျယ်တာမဟုတ်ပါ။ ဝန်ထမ်းဆိုတော့ သူ့ဝန်ကို ထမ်းရမည်ကို နားလည်ပြီးသားပါ။ ကိုယ့်ကိုမှ တမင် တကာ ခိုင်းပြချင်လို့ ရွေးခိုင်းတယ်ဆိုတာကိုသာ နားလည်နေ တာပါ။

မ, ကောင်တာမှ ကွေ့ထွက်လျှင် ...

"ဟဲ့ ... မ၊ ဆွေဆွေနော် ဆွေဆွေ၊ မမှားနဲ့ဦး၊ မာမီက သူနဲ့ကလွဲရင် ဘယ်သူ့အကိုင်မှ ခံတာမဟုတ်ဘူး၊ ကြား ရဲ့လား"

"အေးပါ"





မ,က ခပ်တိုးတိုး ခေါင်းညိတ်ခဲ့ပါသည်။ ရင်ထဲမှာ ...ည်း ဝမ်းနည်းသလိုလို ခံပြင်းသလိုလိုလေး ဖြစ်လာမိတာကို ...နည်းကြီး ကြိတ်မှိတ်ဖြေဖျောက်နေရပါသည်။ လှေကားထစ်တွေ ...တိုင်း အပေါ်ဆုံးထပ်အထိ တက်လာနေရင်း ကိုယ့်ကိုယ်ကိုယ် ...သည်း ဆုံးမရပါသည်။

မ,ရယ် ...။ နင်က ဘာမို့လဲ၊ နင်ကဘယ်လိုမာန် ...းများ ထားချင်နေရတာလဲ၊ ယောက်ျားဆုံးထားတဲ့ ပူပူနွေးနွေး ...ဆိုးမတစ်ယောက်ဖြစ်ပြီး ပိုက်ဆံကလည်းမရှိ။ ကျောထောက် ...နောက်ခံကလည်းမရှိ။ တစ်သက်လုံး မှီခိုအားကုလို့ ရလာတဲ့ ...ကြီးအဒေါ်တို့ကလည်း မင်္ဂလာဆောင်ခါနီးမှ အဒေါ်ဖြစ်သူရဲ့ အထင်အမြင်လွဲမှုကြောင့် အနည်းငယ် ခပ်စိမ်းစိမ်း တန်းသွားရ၊ ...ခင်ပွန်းနဲ့စပ်လို့ တော်လာရတဲ့ ယောက္ခမကလည်း ကိုယ့်အပေါ် ...မကြည်သာ။

ဘယ်တစ်ချက်အပေါ်မှာများ မာန်ဖွယ်ထားနိုင်တာ ...ဲ့လဲ။ ခုချိန်မှာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲ လိုက်လျောညီ ...ထွေ လူချစ်လူခင်များအောင် နေတတ်ရတော့မှာ မဟုတ်လား။ ...ဒါကိုသိနေတဲ့ အသိစိတ် ဆင်ခြင်တုံတရားကသတ်သတ်၊ နဂိုဗီဇ ကိုယ့်ရဲ့အေးတိအေးစက် ခပ်ထန်ထန်နှင့် စိတ်က လက်မခံရင် သူကပါ တင်းထန်နေတတ်တဲ့ အကျင့်ကို ဖျောက်ရခက်နေသေး ...ဘာက သတ်သတ်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်မှာ“မ”မှာ စိတ်အားငယ်မှု၊ စိတ်ဖိစီးမှု၊ စိတ်ကျဆင်းမှုတွေ ခေါင်းမှခြေဖျား လွှမ်းခြုံဖိစီးထားတာတော့ မ,ကိုယ် မ,ကိုယ်တိုင်ပဲ သိနိုင်ပါသည်ပင်။ မ,ပြိုကွဲနေတာကို မနည်း အဖတ်ဆည်နေရတာပါ။

အပေါ်ဆုံးထပ်ရောက်တော့ “မ”က ဆွေဆွေ့ကို ရှာကာ ကလျာမာမီအတွက် အဆင်သင့်ဖြစ်အောင် စီစဉ်ဖို့မှာကြားရပါသည်။ အဲဒီနောက် လှေကားအတိုင်း ပြန်ဆင်းလာသော “မ”သည် တစ်ထပ်ဆင်းပြီးလျှင် ဒုတိယထပ် လှေကားအကွေ့ချိုးမှာ လမ်းပိတ်နေသည့် လူရွယ်တစ်စုနှင့် တိုးနေပါသည်။

“ဟာ ... ငါ မလိုက်ချင်ပါဘူးကွာ၊ မင်းတို့ဘာသာသွားတော့”

“လိုက်ခဲ့စမ်းပါ ရွှေသွေးရာ၊ ခြေထောက်ကို ဆေးစိမ်ပြီးနှိပ်ကြည့်စမ်း၊ ရေလည်မိုက်တယ်ကွ”

“တော်ပြီ ... ငါ ဝါသနာမပါဘူး၊ ငါက အဲဒါတွေမှန်းမသိလို့ ပါလာတာ”

“ဘာမှမဟုတ်ပါဘူးကွာ၊ ရိုးရိုးနှိပ်တာပါ”

“အေးပါ ... ရိုးရိုးကိုပဲ ပြောနေတာ၊ အနှိပ်ခံရအောင် အဘိုးကြီးလည်း မဖြစ်သေးဘူး”

“ဘာဆိုင်လို့လဲကွ၊ အဘိုးကြီးမှ အနှိပ်ခံရမယ်လို့၊ အပူတွေထွက် အညောင်းတွေပြေပြီး ပေါ့သွားတာ”

“မင်းတို့ပဲ သွားပေါ့၊ ငါ ကိုဖြိုးဆီ ထိုင်စောင့်နေမယ်”





“ဟော့ကောင် ... လာပါဆို၊ မင်းက သစ္စာဖောက်ပဲ”

“ဘာမှမဆိုင်ဘူး ဟော့ကောင်၊ မင်းတို့နဲ့တူတူ အနှိပ်မခံတာနဲ့ပဲ သစ္စာဖောက်ဖြစ်ရမယ်လို့”

သူတို့က လေးယောက်။ ကျယ်လှတဲ့ လှေကား ...င်ကလေးမှာ သူတို့အာရုံနဲ့သူတို့ သူတို့အငြင်းအခုန်နဲ့ သူတို့ ...ည်လျှားပေမျှားနေကာ မပြီးနိုင်တော့။ စိတ်အခံ မကြည်လင်လှ ...“မ”သည် စိတ်မရှည်နိုင်အောင် ဖြစ်လာပါသည်။ မျက်မှောင် ...သးကုတ်မိရင်းက ...

“ဒီမှာ ... လမ်းနည်းနည်းလောက်”

သူတို့လေးယောက်လုံးက မော့ကြည့်လိုက်ကြပါ ...သည်။ မြင်လိုက်ရတဲ့ မျက်နှာတွေထဲမှာ မျက်နှာတစ်ခုကို “မ” ...ကြောင့် မှတ်မှတ်မိမိ ရှိနေသည်မသိ။ မျက်ခုံးနက်နက် ...က်လုံးရွဲရွဲ မျက်နှာအရင့်စားနဲ့လေ၊ ဟိုတစ်ရက်က ဆိုင်ထဲဝင် ... ရေမွှေးတစ်ပုလင်းထုတ် ရှူကြည့်ပြီး “ဘာနံ့ကြီးမှန်းလဲ ...သိဘူး”လို့ အသလွှတ် အပုပ်ချ ရေရွတ်သွားတဲ့သူ။

သူကလည်း “မ”ကိုချက်ချင်းပဲ သိရှိမှတ်မိသွားတာ ...သိလိုက်ပါသည်။ သူ့မျက်လုံးတွေထဲမှာ အလကားနေရင်း ...လိုသလိုလိုနဲ့ “ဩော် ... ခင်ဗျားကိုး”ဆိုတဲ့ အရိပ်အယောင် ... ယှက်ဖြာရစ်သန်းသွားတယ်လေ။

“အောက်ဆင်းမလို့”



www.burmeseclassic.com

www.burmeseclassic.com



မ,က ခပ်တင်းတင်း တစ်ခွန်းထပ်ပြောလိုက်ပါသည်။ ကျန်သုံးယောက်က ကိုယ့်ကိုယ်ယို့ကာ ရှုံကာ ဘေးကပ်လမ်းဖယ်မည်ပြုစဉ် ထိုကောင်လေးက လက်နှစ်ဖက်လောက်ကို ဆွဲတားထားလိုက်ရင်း ...

“ခြော် ... အင်း ... နေပါဦး၊ မင်းပြောတဲ့ ခြေထောက်နှိပ်တာ ကောင်းလား ... ဟုတ်လား ... တကယ်လား”

“ခြော် ... ကောင်းပါတယ်ဆို”

“ဟုတ်လား ... လိုက်ရင်ကောင်းမလားလို့”

“ဟင်”

“ဈေးက ဘယ်လောက်လဲ”

“ဈေးအသက်သာဆုံးက ခြောက်ယောင် ခုနစ်ထောင်လောက်ပါပဲ၊ ဆေးစိမ်တဲ့အထဲထည့်တဲ့ ပစ္စည်းတွေပေါ်မူတည်ပြီး နည်းနည်းဈေးကွာသွား မြင့်သွားတာ၊ ဟာ ... ဟော့ကောင်၊ လမ်း ... လမ်းဖယ်လိုက်ဦးကွ”

“အသာနေစမ်းပါ ထားလိုက်၊ ငါမေးတာ ဖြေစမ်းပါ၊ နှိပ်တာက ကောင်မလေးတွေလား”

“အေး ... ဟုတ်တယ်”

အတူပါတဲ့ ရွှေအောင်၊ နိုင်လင်း၊ မောင်သော်တို့သည် အပေါ်လှေကား သုံးထစ်စာအမြင့်လောက်မှာ ရပ်နေတဲ့ မ,ကိုကြည့်ကွက် ကြည့်ကွက်နှင့် နေရထိုင်ရ ခက်နေပေပြီ။ သို့သော် သူငယ်ချင်းချင်းတွေမို့ ရွှေသွေး တမင်တကာလုပ်နေတာ





ကိုလည်း နားလည်နေကြပေရာ ဘာဆက်လုပ်ရမည်မသိ အိုးတိုးအမ်းတမ်း အသီးသီး ဖြစ်နေကြပါသည်။

“ဈေးကြီးတဲ့ဟာက ဘာဆေးတွေထည့်စိမ်လို့ ဈေးကြီးတာလဲ”

“ဟော့”

မ,သည် သည်းမခံနိုင်စိတ်က ရုတ်ခြည်း ကတုန်ကယင် ဖြစ်လာကာ ခပ်ဆတ်ဆတ် ခေါ်လိုက်မိပါသည်။ ရွှေသွေးနဲ့ ခပ်တင်းတင်းလှည့်ကြည့်လိုက်သော မျက်ဝန်းများက စူးရဲတောက်ပနေသည်။

“မင်းတို့ကို လမ်းနည်းနည်း ဖယ်ပါလို့ ပြောနေတာ”

“ကွေ့လျှောက်သွားပေါ့ဗျ”

“ကွေ့လျှောက်ရအောင် ဘယ်မှာနေရာလွတ်ရှိလို့လဲ”

“ဘေးက တိုးကပ်ဖြတ်ပေါ့”

“တိုးကပ်ဖြတ်တော့ မင်းတို့နဲ့ တိုးမိနေမှာပေါ့၊ အခုဖယ်ပေး”

“ကျွန်တော်တို့က ဒီဆိုင်မှာ လာအားပေးဖို့ လာနေကြတဲ့ ကပ်စ်တမ်မာတွေလေ၊ ခင်ဗျားက ဘာလဲ၊ ခင်ဗျားက ဒီလှေကားပိုင်တာလား”

“တောက်”

မ,က ဒေါသထွက်လာကာ ချက်ချင်း ငိုချင်စိတ်ပါ ပေါက်လာပြီး မျက်နှာပြင်ရော နှာသီးဖျားလေးတွေပါ နီရဲလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခါးလောက်ရှည်ပြီး အဖျားခွေနွယ်တဲ့ ဆံပင်တွေကို ပခုံးရင်ဘတ်ရှေ့ တစ်ဖက်တစ်ချက် ဆွဲချထား၍ လူက တုန်ယင်လာသည်မှာ ဆံဖျားလေးတွေပင် လှုပ်ခတ်လာသော မ,ကို ရွှေသွေးက ညစ်ကျယ်ကျယ်ပင် စိုက်ကြည့်နေပါသည်။

ဒီအမျိုးသမီးကို မြင်မြင်ချင်းပင် အမြင်ကတ်သွားတာ မှန်သော်လည်း ထိုအမြင်ကတ်မှုဟာ ခုချိန်ထိ ဘာကြောင့်ရင်ထဲဆွဲဆန့် အရစ်ရှည်နေတယ်တော့ ရွှေသွေး နားမလည်ပေ။ အလျှော့မပေးချင်ပဲ ပြဿနာရှာချင်နေခြင်းကတော့ စိတ်ထဲမှာ ပြည့်နှက်နေသည်။

မ,က ရတ်တရက် လှုပ်ရှားကာ ရှေ့တိုးပြီး ဆက်ဆင်းလာသည်။ တင်းမာနီရဲသောမျက်နှာနှင့် မ,ဆင်းလာလျှင် ရွှေအောင်၊ နိုင်လင်းနှင့် မောင်သော်တို့က အသီးသီးလူရှဲနေရာချဲ ကာ နေရာတွေ ကပ်ဖယ်ပေးလိုက်ကြပါသည်။ ရွှေသွေးကမဖယ်ပါ။ ခပ်ချောင်ချောင် ဖြစ်သွားတဲ့နေရာလယ်မှ မ,တိုးထွက်မသွားသာအောင် ကိုးရိုးကားရား ဆက်ရပ်နေလိုက်ပါသည်။

ရမ်းကားတဲ့ကောင်။

မ,က မုန်းမုန်းစွင့် အသံတိတ်ရေရွတ်ကာ ရွှေသွေးကို မျက်ထောင့်နှင့် တစ်ချက်ကြည့်လျက် လွတ်မည့်နေရာမှ ကွေ့ဖြတ်သည်။ မ,တိုးတဲ့ဘက် ရွှေသွေးက ဟိုက်တိုးရှောင်ရင်း ထုပ်ဆီးတိုးသကဲ့သို့ သုံးလေးကြိမ်ဖြစ်နေလျှင် မ,သည် အကြီးအကျယ် ဒေါပွလာလေပြီ။





ကြည့်စမ်း။ လူကိုမလေးမစားလုပ်နေတာ။ မထေမဲ့မြင်ပြုနေတာ။ သူ့အကြောင်းကိုပဲ သိကြလို့လား။ ယောကျ်ားဆိုးတွေဟာ ငယ်ရွယ်သေးတဲ့ မုဆိုးမ တစ်ခုလပ်တို့ကိုဆိုလျှင် မခန့်လေးစား စမ်းသပ်ချင်ကြတယ်ဆိုတာ အဟုတ်ပဲလား။

"မင်း ဖယ်မှာလား မဖယ်ဘူးလား"

မ,အသံက သွားစေ့အံကြိတ်ထားတဲ့ကြားက အေးစက်စက် တိုးထွက်လာသည်။

"ခင်ဗျားဘာသာ ကြည့်ရှောင်သွားလေ"

"တောက်"

မ,သည် နှစ်ကြိမ်မဆုံးဖြတ်တော့ဘဲ လက်နှစ်ဖက်လုံးနှင့် ထိုကောင်လေးရဲ့ရင်ဘတ်ကို စုံဆောင့်တွန်းလိုက်ပါသည်။ လုံ့ဝထင်မှတ်မထားတာမို့ ဟန်ချက်ပျက် ယိုင်ထွက်သွားတဲ့ ရွှေသွေးသည် နောက်ဘက်က လှေကားထစ်ဆီ ခြေထောက်နိမ့်ချော်လှမ်းမိကာ တစ်ဆက်တည်း လှေကားထစ်များမှ ဒလိမ့်ကောက်ကွေး လဲပြိုပြုတ်ကျသွားလေသည်။

သူ လိမ့်ကျနေတာကို မ,က တအံ့တဩ ငေးမောနေပါ။ သနားကရုဏာလည်း မသက်ပါ။ သူ လှေကားဆယ်ထစ်လောက်ကို ဖင်ထိုင်ရက်ကျလိုက် လှက်ထောက်လိုက် လူးလိမ့်ဆက်ဆင်းလိုက် ပြုတ်ကျနေဆဲကိုယ်ပါ ခပ်သွက်သွက်လှမ်းပြီး ထိုလှေကားထစ်များကို ဆင်းသွားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားရင်း သမံတလင်းပြန့်မှာ တံတောင်ဆစ်ထောက်ကာ လူးလိမ့်ထဖို့ ကြိုးစားနေသော ရွှေသွေး ထ,မရပ်နိုင်ခင် မ,က ထိုလှေကားတစ်ကွေ့ကို ကျော်ဖြတ်သွားခဲ့နိုင်ပြီ။ ရွှေသွေးက အတင်းလူးလဲထကာ ...

"ခင်ဗျား ဘာလုပ်တာလဲ၊ ခင်ဗျား တော်တော်ရိုင်းတဲ့ မိန်းမ၊ တော်တော်လက်ပါတဲ့မိန်းမ၊ မိန်းမကြမ်းကြီး"

မ,က နောက်တကွေ့ဆက်ဆင်းရင်း နာကျင်ပူပြင်းသော မျက်ဝန်းများနှင့် ရွှေသွေးဘက် ဆတ်ခနဲလှည့်ကြည့်လိုက်ပါသည်။

"အေး ... အဲဒါကိုသိရင် နင် နောက်တစ်ကြိမ် ငါ့ကို မနှောင့်ယှက်မိစေနဲ့"

"တောက်"

ရွှေသွေးက လက်ဖဝါးနှစ်ဖက်က သဲတွေကိုပုတ်ခါရင်း အနည်းငယ်ပွန်းသွားတဲ့ တံတောင်ဆစ်ကိုကြည့်ကာ ဒေါသတကြီး ကျန်ရစ်ခဲ့ပါသည်။





# ၃

ရွှေသွေးသည် မင်္ဂလာခန်းမထဲ သူမ ဝင်လာကတည်းက လှမ်းတွေ့လိုက်တာဖြစ်ကာ တောက်လျှောက် သူမကိုလိုက်ကြည့်နေမိပါသည်။ ဘယ်လိုရေစက်ကြောင့်များ သူမကိုမြင်လိုက်လျှင် ဒေါသတွေပွ၊ သွေးတွေဆူကြွလာပြီး စိတ်တွေတဖျဉ်းဖျဉ်း လှုပ်ရှားလာရတာပါလိမ့်။

နည်းနည်းကလေးမှ လန်းဆန်းရွှင်ပျမှု မရှိသော မျက်နှာသည် အမြဲအေးစက်ကာ တစ်စုံတစ်ရာ အနာတရဖြစ်နေသလို ဒဏ်ရာဒဏ်ချက် ထင်နေသည်။ သို့ပေမဲ့ အဲဒီအရိပ်အယောင်ကို နည်းနည်းကလေးမှ သနားစရာမကောင်းအောင် ထပ်မံလွှမ်းခြုံထားသည်က တစ်လောကလုံးကို သူမကသာလုပ်ကျွေးထားရသဖြင့် ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူး ဆိုတဲ့ အဓိပ္ပာယ်မျိုး ဆောင်နေသည့် ခက်မာခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှလဲ မဟုတ်ဘဲနဲ့။ ဘာဖြစ်လို့ ဒီလောက် တောင် မျက်နှာထားက မာန်ချီရတာလဲ။

"ဟော့ကောင် ... စားပွဲတွေ လူပြည့်ကုန်တော့မယ် သွား ထိုင်ကြစို့"

"အင်း"

"မင်း ဘယ်သူ့ကို ဒီလောက်လိုက်ကြည့်နေတာလဲ"

"အဟင်း"

ရွှေသွေးက မဖြေဘဲ တစ်ချက်ချောက်ကပ်ကပ်ရယ် လိုက်ပါသည်။ ရွှေအောင်က ရွှေသွေး အာရုံကျရောက်နေရာကို မှန်းဆရှာဖွေကြည့်နေပြီးလျှင် ...

"သြော် ... ဟိုးနားကစားပွဲက အဖြူရောင်လေးကို မင်း ရှိုးနေတာကိုး"

"ဟာကွာ ... လွဲလိုက်တာကွာ၊ ဒီထက်လွဲတာတောင် ဒီလောက်တော့ လွဲမှာမဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့ကိုလဲ"

"အမြင်ကတ်ဖို့ကောင်းတဲ့ မိန်းမတစ်ယောက်ပါကွာ"

"ဟင်"

ရွှေအောင်က ပြုံးစိစိနှင့် ...

"ငါတော့ မိန်းမမှန်သမျှ တစ်ယောက်မှ အမြင်ကတ်စရာ ကောင်းတယ် မထင်မိပါဘူး ... ဟီး ဟီး"





ရွှေသွေးက သူတို့ထိုင်ဖို့စားပွဲကို ရွေးချယ်တဲ့အခါ ဒီမိန်းမကို လှမ်းမြင်ရနိုင်တဲ့ စားပွဲတစ်ခုကို ရွေးချယ်လိုက်ပါ သည်။ အလယ်ခန်းမထဲ မဟုတ်ဘဲ တစ်ဆင့်အမြင့်မှ ပတ်ရံထား သော အစွန်စားပွဲများအနက် ချောင်ကျကျ ထောင့်တစ်နေရာက စားပွဲတစ်ခုမှာ သူမက နေရာယူထားတာပင်။

"ဟာ ... ဟိုမှာ ... မောင်သော် ... မောင်သော်"

ရွှေအောင်က တိုက်ပုံအိတ်ထဲ လက်နှိုက်ကာ ဟိုကြည့် ဒီကြည့် ဝင်လာနေတဲ့ မောင်သော့်ကို လက်လှမ်းပြလိုက်ပါသည်။ ဒီနေ့က သူတို့သူငယ်ချင်းလည်းဖြစ် ရွှေအောင့်ချစ်သူလည်းဖြစ် တဲ့ မိပြုံးရဲ့အစ်မလတ် မင်္ဂလာပွဲနေ့ပင်။ မင်္ဂလာဧည့်ခံပွဲတွေဘာ တွေ သူတို့လာလိုစိတ်မရှိလှပေမယ့် မိပြုံးအစ်မပွဲတော့ ငြင်းမရ နိုင်တာမို့ တိုက်ပုံကိုယ်စီနှင့် သပ်သပ်ရပ်ရပ် ဣန္ဒြေရရ ရောက် နေခဲ့ကြရတာပါ။

မိပြုံးနှင့်သာမက သူ့မမကြီး မမလတ်တို့နှင့်ပါ ချသွေးတို့က ခင်မင်ကြပြီး မိပြုံးမိဘတွေဟာလည်း သားယောကျ်ား လေးမရှိတော့ မိပြုံးရဲ့ယောကျ်ားလေးသူငယ်ချင်းတွေကို သားတွေ ကဲ့သို့ ချစ်ခင်ရင်းနှီးတတ်ကြတဲ့သူတွေဖြစ်ရာ သူတို့အုပ်စုဟာ မိပြုံးတို့အိမ်ကို တံခါးမရှိ ဓားမရှိ စားအိမ်သောက်အိမ်လို သဘော ထားကြသည်။

သူတို့အုပ်စုမှာ ယောကျ်ားလေးများပြီး မိန်းကလေး က မိပြုံး၊ လှဲ့လှဲ့နှင့် ယင်းမာတို့ သုံးယောက်သာပါတဲ့အထဲ ယင်းမာက စင်ကာပူရောက်နေ၍ မိပြုံးနှင့် လှဲ့လှဲ့သာကျန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမိန်းကလေးနှစ်ယောက်ခမျှာ သူတို့က မိန်းမသား တွေဖြစ်၍ ယောက်ျားလေးအုပ်စုအပေါ် ဗိုလ်ကျခွင့်ရသည်တော့ မဟုတ်။ ယောက်ျားလေးငါးယောက်ရဲ့ ဆိုးမျိုးတေမျိုးကိုခံကာ ခိုင်းတာလုပ်ပေး ကူညီပေးနှင့် အနွံတာခံပေါင်းကြရှာတဲ့ သူငယ် ချင်းမလေးတွေပင်။

အဲဒီထဲမှာ မိပြုံးက ရွှေအောင်နှင့် ချစ်သူတွေဖြစ် သွားပြီး လဲ့လဲ့ကတော့ မင်းခန့်ရဲ့အစ်ကိုနှင့် ချစ်သူတွေပါ။

"ဟော့ကောင်တွေ ... နိုင်လင်းနဲ့ မင်းခန့် မရောက်သေး ဘူး"

"မင်းတို့ယူထားတဲ့ စားပွဲကလည်းကွာ၊ တိုင်လုံးကြီးဘေး မှာ မြင်ကွင်းမကောင်းဘူး"

"မင်းက ဘာမြင်ကွင်း ကြည့်ချင်နေသေးလို့လဲ"

"ဟော့ကောင် ရွှေသွေး၊ မင်းတောင် ဘာကိုလဲမသိဘူး၊ လှမ်းလှမ်းကြည့်နေသေးတာပဲ၊ ငါလည်း လှတီးပတ ဘာများရှိမလဲ နည်းနည်းစူးစမ်းရှာဖွေချင်သေးတာပေါ့ကွ"

"အေး ... ဒီကောင်တစ်ခုခုပဲ မောင်သော်၊ ဒီကောင် ဘယ် သူ့ကို ဒီလောက်ချောင်းနေလဲ မသိဘူး၊ ဒီနေရာကြီး တမင်ရွေးတာကွ၊ ရိုးတော့မရိုးဘူး"

ရွှေသွေးက ရွှေအောင့်နောက်စေ့ကို တစ်ချက် ဖျတ် ခနဲပုတ်ရင်း ...





"ချောင်းစရာလား၊ မရိုးစရာလား၊ ငါ့ဟာနဲ့ငါ အကြောင်း ရှိလို့"

"ဘာအကြောင်းလဲ"

"အလကားပါကွာ၊ ဟိုမိန်းမနဲ့ လာဆုံနေပြန်ပြီ၊ မင်္ဂလာကို မရှိဘူး"

"ဟင် ... ဘယ်မိန်းမလဲ"

"ဟိုမိန်းမကွာ၊ ဟိုတစ်နေ့က လှေကားမှာ"

"ဟင်"

မောင်သော်ရော ရွှေအောင်ပါ ရွှေသွေး အာရုံစိုက် ကျရာကို ကမန်းကတန်း လှမ်းရှာဖွေကြည့်ကြပြီးနောက် ...

"ဟ ... မင်း အဲဒီအစ်မကြီးကို ဘာဖြစ်နေတာလဲ"

"ဘာအစ်မကြီးလဲ၊ အစ်မကြီးဆိုတော့ ချစ်စနိုးလေးဖြစ်နေ ဦးမယ်၊ မိန်းမကြီးကွ ... မိန်းမကြီး"

"အစ်မကြီးလောက်လည်း လုပ်ပါကွာ၊ မင်းခန့် ပြောတော့ မင်းအစ်ကို ကိုဖြိုးနဲ့ ရွယ်တူဆို၊ သုံးဆယ်ကျော်ရုံပေါ့၊ ငါးနှစ် ခြောက်နှစ်လောက်ကွာမှာကို မိန်းမကြီးလို့တော့ ခေါ်ဖို့မသင့်သေးပါဘူး"

"အသက်ကြောင့် ခေါ်နေတာ မဟုတ်ဘူး၊ ကြည့်မရလို့ ခေါ်နေတာ"

"အေးလေ ... မင်း အလကားနေရင်း ဘာဖြစ်လို့ ကြည့် မရ ဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဟိုနေ့က မင်းတို့မမြင်ဘူးလား”

“မြင်တယ်လေ၊ တည်တည်တင်းတင်း မာမာကျောကျောနဲ့ ခင်ဖို့တော့ မကောင်းဘူးလေ၊ အဲဒါ ဘာဖြစ်လဲ ပစ်ထား လိုက်ပေါ့၊ အဲဒီနေ့ကလည်း တကယ်က မင်းကစပြီး ကိုးရိုးကားရားလုပ်တာလေ၊ မင်းအရင် တမင်ရန်စတာလေ”

“ဟေ့ကောင် ... ဟိုးရှေ့တစ်ရက်က ကိုဖြိုးကို ဘယ်လို လုပ်လိုက်လဲဆိုတာ မင်းတို့ မင်းခန့်ကို မေးလည်းကြည့် ကြဦး”

“မေးပြီးပါပြီ၊ သိလည်း သိပြီးပါပြီ၊ မင်းနဲ့ ဘာဆိုင်လဲ၊ အနေသာကြီးပါ၊ လှည့်မကြည့်ဘဲ ပစ်ထားလိုက်ပေါ့ကွ”

“မရဘူး ... ငါ သိပ်အမြင်ကတ်နေတယ်”

“ဟင်”

အမြင်ကတ်ပါတယ်ဆိုမှ ရေစက်ကလည်း ဆုံ,ဆုံနိုင်လွန်းပါပေရဲ့။ စ,တွေ့ဖူးသည်ကစပြီး ဆက်တိုက်လိုကို ထပ်ထပ်ဆုံနေတော့တာ။ ခုလည်း တိုက်တိုက်ဆိုင်ဆိုင် လာခဲ့လှတဲ့ မင်္ဂလာဆောင်လိုပွဲမျိုးမှာ လာဆုံနေသည်။

“ဟာ ... ဟေ့ကောင်၊ ဟိုမှာ ... မိပြုံး ... မိပြုံး ... ဟီဟိ”

မောင်သော်က ရွှေအောင့်ကို လှမ်းပြလိုက်ပါသည်။

“ဟာ ... မိတ်ဟပ်အိုးထဲ မှောက်လဲထားပြီ၊ ပြဿနာပဲ”

“ဟီး ဟီး”





မိတ်ကပ်တွေရော ဆံပင်ကိုပါ အလိမ်အခွေတွေ ပြင်ထားတဲ့ မိပြုံးကို ရွှေအောင်နှင့် မောင်သော်က တဟီးဟီး နေစဉ် ရွှေသွေးက မိပြုံးကို လက်လှမ်းထောင်ပြကာ လှမ်း လိုက်ပါသည်။

“ဟေ့ကောင် ... ဘာလို့ လှမ်းခေါ်နေတာလဲ”

“ပြောစရာရှိလို့ပေါ့ကွ”

“ဘာပြောမှာလဲ ထားလိုက်စမ်းပါ၊ အနားလာပြီး ပကျိ ပကျိလုပ်နေဦးမယ်၊ ပြင်ထားတာကလည်း သတို့သမီးကျ နေတာပဲ ... ဟီး ဟီး”

မိပြုံးက သူတို့ကိုလှမ်းမြင်၍ ဝမ်းသာအားရ ပြေးလာ သည်။ ကျပ်ကျပ်ထုပ်ထုပ် ဝတ်စုံနှင့် အတောင့်လိုက်လေးပြေး ပုံက စက်ရုပ်လေးနှယ်။ သူတို့ ရယ်နေကြရပါသည်။

“ရွှေအောင် ... ငါ လှလား”

“ဘယ်လိုဖြစ်တာလဲဟာ၊ နင်ကလည်း”

“ဘာ ... ဘယ်လိုဖြစ်တာလဲလည်း”

“မိတ်ကပ်တွေက များလိုက်တာ”

“ငါ့ဟာငါလိမ်းတာ ဘာဖြစ်လဲ၊ နင့်မျက်နှာလိမ်းလို့လား၊ လှတယ်တော့ မပြောဘဲနဲ့ နင်နော်”

မိပြုံးက ရွှေအောင့်ပခုံးထိပ်ကို ဘတ်ခနဲ ရိုက်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"နယ်ချဲ့ရယ်လေးက ပိုလှပါတယ်ဟာ၊ ခုလည်း လှတာတော့ လှပါတယ်၊ မလှလို့ မဟုတ်ပါဘူး ... ဟဲဟဲ၊ လူနဲ့မတူဘဲ အရုပ်နဲ့တူနေလို့ပါ ... အဟီး"

"လှရင်ပြီးရော"

မိပြုံးက ရွှေအောင့်ကို မျက်စောင်းထိုးရင်း တစ်ဆက်တည်း ...

"ဟဲ့ ... နင်တို့က ဘာဖြစ်လို့ ချောင်ထဲရောက်နေကြတာလဲ၊ ဟိုမှာ စားပွဲတွေအများကြီး ကျန်သေးတာကို"

"ဒီကောင် ... ဒီကောင်"

"ဟဲ့ ... ရွှေသွေး၊ ဟိုဘက်လာလေ၊ ဒီနေရာကဆိုရင် မမလတ်တို့ ပွဲထုတ်လာရင် သေချာမြင်ရမှာ မဟုတ်ဘူး"

"မမြင်ရလည်း ရပါတယ်၊ လာဦး ... ငါ နင့်ကိုမေးမလို့"

"ဘာလဲ"

"ငါ့နားလာ၊ ငါ့ခေါင်းနောက်နားကနေ ဟိုဘက်ခြမ်းတည့်တည့်ထဲကို ကြည့်လိုက်စမ်း"

မိပြုံးက ရွှေသွေး ခိုင်းသလိုလုပ်ရင်း ...

"အင်း ... ဘာလဲ၊ ဘာကိုကြည့်ရမှာလဲ"

"ဟိုးထောင့်နားမှာ၊ လူသုံးယောက်ပဲ ရှိသေးတဲ့ စားပွဲမှာလေ၊ မိန်းမတစ်ယောက် လက်ပိုက်ထိုင်နေတာ တွေ့လား"

"ဘယ်မှာလဲ"

"ဩော် ... သေချာကြည့်လေဟာ၊ ငါ့ခေါင်းနားကပ်ကြည့်"





"ဟဲ့ ... ဒီထက် နင့်ခေါင်းနားကပ်ရရင် နင့်ပါးကိုနမ်းမိတော့မယ်၊ ဘာရောင်ဝတ်ထားလဲ ပြောလေ"

"နက်ပြာနဲ့"

"ဩော် ... အင်း တွေ့ပြီ၊ ဘာဖြစ်လို့လဲ"

"အဲဒါ နင်တို့နဲ့ မိတ်ဆွေလား၊ အမျိုးလား"

"အမျိုးမဟုတ်ပါဘူး၊ မမကြီး သူငယ်ချင်းလေ၊ 'မ'လေ ဘာဖြစ်လို့လဲ"

"အေး ... အဲဒီ 'မ'ကိုပြောတာ၊ မမကြီးနဲ့ အရမ်းခင်တာလား"

"အရမ်းခင်တာလေ၊ ငါတို့နဲ့ ညီအစ်မတွေလိုပါပဲ၊ ဩော် ... နင့်အစ်ကို ကိုဖြိုးနဲ့လည်း တစ်ဘက်ချိတ်ဖြစ်မှာပဲလေ၊ မမကြီးတို့က ကိုဖြိုးနဲ့ တူတူပဲဟာ၊ ဘာဖြစ်လို့လဲ 'မ'က"

"ဘာမှမဖြစ်ပါဘူး၊ အဲဒီမိန်းမကြီး အမြင်ကတတ်လွန်းလို့ နင်တို့နဲ့ အမျိုးများ တော်နေလား မေးကြည့်တာပါ"

"ဟဲ့ ... ဘာလို့ အမြင်ကတတ်ရတာလဲ၊ 'မ'က သနားစရာလေး ဒီလောက်ကောင်းတာကိုဟယ်"

"ဘာသနားစရာ ကောင်းလို့လဲ"

"ဟယ် ... နင် မသိလို့နော်၊ မ,က ယောကျ်ားဆုံးသွားတာ ဘာမှမကြာသေးဘူးဟဲ့၊ ငယ်ငယ်လေးနဲ့ မုဆိုးမလေးဟဲ့ သူ့ခမျာ၊ သနားပါတယ်၊ နင်က နေရင်းထိုင်ရင်း ဘာကိစ္စ အခြောက်တိုက် အမြင်ကတတ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလကားနေရင်းတော့ ကပ်ပါ့မလား၊ အကြောင်းရှိလို့ပေါ့၊ သူ မုဆိုးမမှန်း သိပါတယ်၊ ဒါပေမဲ့ သူ့မျက်နှာလည်း ကြည့်ပါဦး၊ ဘာများသနားစရာအကြောင်း ရှိလို့လဲ"

"နင်ကလည်း၊ သူက မျက်နှာထားကိုက ဣန္ဒြေရရ တည်တည်ကြည်ကြည်လေးပဲ မို့လို့ပါ၊ ခုနောက်ပိုင်းတော့ဟယ် ယောကျ်ားဆုံးသွား ဘာညာနဲ့ စိတ်ထိခိုက်နေမှာပေါ့၊ မျက်နှာက ပိုပြီးအေးစက်နေတာပါ"

"ဒါလား စိတ်ထိခိုက်တဲ့မျက်နှာ၊ လူတစ်ယောက် စိတ်ထိခိုက်နေတယ်ဆိုရင် မျက်နှာက သနားစရာကောင်းနေရမှာ မဟုတ်လား"

"ဟဲ့ … သြော် … နင်ကလည်း စိတ်ထိခိုက်တိုင်းလည်း လူပေါင်းသန်းခြောက်ထောင်က တစ်ရုပ်တည်းထွက်နေပါ့မလား၊ ကိုယ့်အမူအကျင့်နဲ့ ကိုယ်ပေါ့၊ သူက ဘဝလည်း နာရှာသေးတယ်၊ သနားစရာပါဟယ်၊ နင် ဘာမှအမြင်ကတ်မနေနဲ့၊ နင် 'မ'နဲ့ပြဿနာတက်ရင် ငါ့မမကြီးနဲ့လည်း နင်နဲ့ ရန်သူဖြစ်မှာပဲ၊ မမကြီးရဲ့အချစ်ဆုံးသူငယ်ချင်းနော် ရွှေသွေး၊ ငါ ဒါပဲပြောမယ်"

"အေးပါ … ဒါပဲပြောပါ၊ သွားတော့"

"အသောင်ကေ"

မိပြုံးက ကျိန်ဆဲမျက်စောင်းရွယ်ပြီး ထွက်သွားပါသည်။





ရွှေသွေးကတော့ သူတည့်တည့်ကျကျ ခုနယူထားတဲ့ နေရာကနေပြီး သူမကို လှမ်းကြည့်ကာ စိမ်ပြေနပြေ အမြင်ကတ် နေလိုက်ပါသည်။ ကြည့်ပါဦး … လက်ပိုက်ပြီး ထိုင်နေတဲ့မျက်နှာ က တစ်ခန်းမလုံးမှာ သူနဲ့အဖက်တန်တဲ့သူ မရှိတဲ့ပုံပင်။ မျက်နှာ က မစ္စပုပ်ရုံတမယ်ပင် တည်တင်းအေးစက်နေသည်။

ပြီးတော့ ထူးခြားမှုက သူမမျက်နှာမှာ ရွှင်လန်း ချမ်းမြေ့မှု တစက်ကလေးမှ မရှိတာပင်။ ဆိုးဆိုးဝါးဝါး မပျော် ရွှင်နိုင်မှုက သိသိသာသာ ပေါ်လွင်နေပါသည်။ ယောကျ်ားကွယ် လွန်ထားတာတော့လည်း ဟုတ်တာပေါ့။ ဒါပေမဲ့ အဲဒါထက်ကို ဆိုးဝါးသော ခံစားချက်ရှိတဲ့ မျက်နှာရိပ်မျက်နှာကဲပင်။

သူမကိုပဲ လှမ်းကြည့်လိုက် စိတ်ထဲက ဝေဖန်လိုက် နှင့် ဘောကိုပင် အာရုံမရှိ။

"ဟော့ကောင် … မင်း ဘာဖြစ်နေတာလဲ"

"အေးကွာ … လွန်လွန်းအားကြီးတယ်"

"ပျင်းလွန်းလို့ပါကွာ"

"ဘာပျင်းလွန်းလို့လဲ၊ ဟိုကိုပဲကြည့်နေပြီးတော့"

"ဒါတော့ တွေ့နေတာကိုးကွ"

"တွေ့အောင် မင်းပဲ တည့်တည့်နေရာယူထားတာလေ"

သတို့သား သတို့သမီး ပွဲထွက်လာတဲ့အခါမှာတော့ ခပ်ငေးငေး လှမ်းမျှော်ကြည့်ဖော်ရသားပင်။ အစားအသောက်တွေ

www.burmeseclassic.com



ဘော့လည်း တို့တို့တိတိနှင့် ကော်ဖီလောက်ပဲ သေသေချာချာ
သောက်တဲ့ သူမထံသာ ရွှေသွေးရဲ့အာရုံက အစဉ်မပြတ် ကျရောက်
နေပါသည်။

"ဟော့ကောင် ... ကဲ ... ကဲ ... သွားကြစို့၊ မိပြုံးတို့အိမ်
ကနေ သွားကြိုစောင့်ရမယ်"

"ဘာလုပ်ဖို့လဲ"

"ဟိုမှာ လိုတာလာကူတဲ့၊ မိပြုံးက မှာထားတယ်ကွ"

"ဟာ ... နေပါဦး"

သူမ, မထ,သေးတဲ့အတွက် ရွှေသွေးကလည်း မ
ထွက်သေးပါ။ သူမကိုစောင့်ပြီးမှ ထွက်မည်။ အပြင်ကျရင်လည်း
ဘယ်လိုအနှောင့်အယှက်ပေးရင် ကောင်းမလဲဆိုတာ အကြံထုတ်
နေမိပါသည်။ အဲဒီတုန်း သူမက ခပ်စောစော ထ,လိုက်၍

"ဟာ ... ဟော့ကောင်တွေ ... လာ ... လာ ... ပြန်မယ်"

"ဟာ ... ဘယ်လိုဖြစ်တာလဲ၊ ခုနတော့ သူပဲနေပါဦးဆို
ပြီး"

သူမက ငိုက်စိုက်စိုက်နှင့် ခပ်သုတ်သုတ် ထွက်သွား
ပြီမို့ ရွှေသွေးက ကျန်တဲ့ကောင်တွေကို အတင်းဆွဲကာ တိုးရှေ့
ထွက်လာပါသည်။ သူမက ကားပါပုံမရ။ ဟိုတယ်ရဲ့ဝင်းပေါက်
ဘက် လမ်းလျှောက်ထွက်သွားပြီမို့ ရွှေသွေးက ဟိုကောင်တွေ
အတင်း ကားထဲတွန်းထိုးလောဆော်တက်စေကာ တခြားကားတွေ





မထွက်ခင် သူ့ကားကို အရင်ဦးအောင် မြန်မြန်မောင်းထွက်ပါ
သည်။

"ဟာ ... ဒီကောင် ဘာဖြစ်နေမှန်းကို မသိဘူး"

"ဟ ... ဟိုမှာ ဟိုအစ်မကြီးကွ၊ ရှေ့မှာ လျှောက်နေတာ"

"အေး ... အဲဒါပဲ"

"ဘာ အဲဒါပဲလဲ၊ ဘာလဲ ... ရွှေသွေး၊ မင်း သူ့နောက်
ကမန်းကတန်း လိုက်တာလား"

"သူ့နောက် ဘာမှလိုက်စရာမလိုဘူး၊ ပညာလေးပဲ နည်း
နည်းပေးရုံပဲ"

"ဟော့ကောင် ... ဟော့ကောင် ... ဘာလုပ်ဦးမှာလဲ၊ မင်း
ကတော့ ပြဿနာပဲ"

"မ"က တန်းစီထွက်လာသောကားတွေ ဖြတ်ကျော်
ဘက်တာကို လမ်းဘေးလေး တိုးကပ်ရပ်၍ နေရာရှောင်ပေးပါ
သည်။ တခြားကားတွေက တည့်တည့်သာ မောင်းထွက်သွားပေ
မယ့် ရွှေသွေးကတော့ သူမနားက ဖြတ်တဲ့အခါ လမ်းဘေးဖက်
ဘီးကိုချ၍ လမ်းဘေးအစပ်က မိုးရေအိုင်ကို အရှိန်နှင့်နင်းမိအောင်
နင်းပစ်လိုက်တာပင်။

"ဟာ ... ဟော့ကောင် ... ဟော့ကောင်"

မိုးရေနှင့်ဖြစ်သော ရွှံ့ရေစက်တို့က ဘီးနင်းတဲ့အရှိန်
နှင့် လျှပ်ခနဲ ဘေးကိုစင်ကာ သူမရဲ့လုံချည်အောက်နားဆီ ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကပ်လေလျှင် သူမက အံ့ဩတကြီး ငုံ့ကာလုံ့ချည်လေးမ,ကာကားကို လှမ်းကြည့်ကာနှင့် ဣန္ဒြေပျက်သွားရပါသည်။ ရွှေသွေးက ပခုံးကိုတွန့်ကာ ...

"ဟီ ဟိ ... ဟား ဟား ဟား"

သဘောတကျဖြစ်မဆုံး ရှိလေသည်။

✦ ❦ ✦





၄

ရွှေသွေးက ဘရိတ်ဖတ်စ်ပြင်ထားတဲ့ ထမင်းစားပွဲကို မေမေနှင့် ဦးအောင် ရောက်လာလျှင် မျက်နှာကို ရှုပုပ်ပုပ်ထားလိုက်ပါသည်။

"မောနင်း ... ရွှေသွေးရေ"

ဦးအောင်ကတော့ အမြဲပြုံးချိုနေသည့် သူ့မျက်နှာဝဝဖောင်းဖောင်းကြီးကို ထုံးစံမပျက်ပြုံးကာ ရွှေသွေးကို လှမ်းနှုတ်ဆက်လိုက်သည်။ မေမေကတော့ ရွှေသွေးမျက်နှာရိပ်မျက်နှာကဲ ကြည့်ကာ သူကပါ ခပ်တည်တည်မျက်နှာထား လုပ်လိုက်ပါသည်။

ရွှေသွေးက ကော်ဖီမော့ချလိုက်ရင်း ...

"မေမေ ... ရွှေသွေး ပြောထားတာ ဘယ်လိုလဲ"

"ဘာ ... ဘယ်လိုလဲလည်း၊ တော်တော့ ... ဒီကိစ္စကဖြတ်ပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးက ရှုတင်းတင်းနှင့် မေမေ့ကို စိုက်ကြည့်နေတာမြင်လျှင် ဦးအောင်က မေမေ့ကိုတစ်လှည့် ရွှေသွေးကိုတစ်လှည့်ကြည့်ရင်း ...

"ဘာလဲကွ"

"........."

သားအမိနှစ်ယောက်လုံး ပါးစပ်ပိတ်နေကြပါသည်။ ဦးအောင်က မေမေ့ကိုပြုံးကာကြည့်ရင်း ...

"ဘာလဲ စိုး၊ သားအမိ ဘာတွေကျိတ်ဖြစ်နေလဲ"

"ဘာမှမဟုတ်ဘူး၊ ထုံးစံအတိုင်း ရွှေသွေး သူလိုချင်တာမရရင် ဂျစ်တိုက်နေကျထုံးစံ သိသားနဲ့၊ ကိုအောင်လည်း မေးမနေနဲ့"

"ဘာဂျစ်တိုက်နေလို့လဲ၊ သူ ဘာလိုချင်လို့လဲ"

"မမေးနဲ့ ... မမေးနဲ့ ကိုအောင်"

"ဘာလဲ သား၊ ဘာလိုချင်နေလို့လဲ"

"ဩော် ... ကိုအောင်ဓာစ်ယောက်ကတော့လေ"

ရွှေသွေးက မေမေ့ကို ကလေးတစ်ယောက်လို မျက်စောင်းကြီးနှင့် ကြည့်လိုက်ရင်း သူ့ပန်းကန်ထဲက ပဲပလာတာကို ခက်ရင်းနှင့် လျှော့တီလျှော့ရဲထိုးယူ ပါးစပ်ထဲသွင်းလိုက်ပါသည်။

"သား ... ပြောလေကွာ"

မေမေက ဦးအောင်ကို စိတ်ရှုပ်သလိုကြည့်ရင်း ရွှေသွေးကို ခပ်တည်တည် တစ်ချက်လှမ်းကြည့်ကာ ...





"ဒီမှာ ရွှေသွေး၊ မင်းမှာ ဝယ်ထားတဲ့ကား ဘယ်နှစီးရှိပြီလဲ"

"သုံးစီး"

"အေး ... အဲဒီကားသုံးစီးကို ပြင်ဆင်ခြယ်သနေတာ ပိုက်ဆံတွေနောက်က ဘယ်လောက်တောင် ဝင်နေပြီလဲ၊ တတိတတိနဲ့ သုံးစီးပေါင်း ထောင်နားကပ်နေပြီ၊ ပြီးတော့တစ်စီးမှလည်း ရောင်းထွက်သေးတာ မဟုတ်ဘဲနဲ့၊ နောက်တစ်စီးထပ်ဝယ်ဖို့ ပိုက်ဆံသုံးရာလောက်ဆိုတာ လွန်လွန်းအားမကြီးဘူးလား၊ သိန်းသုံးရာဆိုတာလောက်ကို မင်းကကျပ်သုံးရာလောက်သုံးသလို အလွယ်ကလေး တောင်းနိုင်သလား၊ ပိုက်ဆံကို မင်း ဘာများမှတ်နေသလဲ သား"

"ဒီကားတွေက မရောင်းဘဲထားမှာမှ မဟုတ်တာ၊ ရွှေသွေးရောင်းကိုရောင်းမယ့်ဟာတွေပဲ၊ အခု မရောင်းရသေးတာက ရောင်းမထွက်တာလည်း မဟုတ်ဘူး၊ ကြိုက်ဈေးမရတာ"

"ကြိုက်ဈေးမရဘူးဆိုပြီး တပုံပုံနဲ့ ကားဈေးပြုတ်ကျသွားရင် မင်း ဘယ်လိုလုပ်မှာလဲ၊ နည်းနည်းပါးပါးမြတ်ရင်ရောင်းပေါ့။ တစ်စီးရောင်းပြီး မင်းလိုချင်တဲ့ကားဝယ်လိုက်၊ ဒါပဲ၊ အဲဒါ မနေ့ကလည်းပြောပြီးသား၊ တစ်နေ့ကလည်း ပြောပြီးသား၊ ဒီကိစ္စ အပြတ်ပြောပြီးသားကို တစ်နေ့ တစ်နေ့ ဒါပဲ ထပ်ထပ်မေးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့အပတ်ထဲလောက် ရောင်းမှာပါ၊ မေမေက ဒါပဲထပ်ထပ်ပြောနေတယ်၊ အခု ဒီကားက ဒီတစ်ရက် နှစ်ရက်အတွင်းမှ ယူမထားရင် လွတ်သွားနိုင်တယ်"

"လွတ်ပစေ၊ ဒီခေတ်ကြီးထဲမှာ ကားတစ်စင်း အဲသလောက်မြန်မြန်လည်း ရောင်းမထွက်ဘူး၊ ထွက်သွားရင်လည်းထွက်သွားပစေပေါ့၊ နောက်အပတ် မင်းပြောသလို မင်းကားတစ်စီး ရောင်းထွက်သွားပြီးရင်လည်း မင်းလိုချင်တဲ့ကားတစ်စီးစီး ထပ်ပေါ်လာဦးမှာပဲ"

"ဟာ ... မေမေက တကယ်ပဲ ပြောရသိပ်ခက်တာပဲ"

ရွှေသွေးသည် ထုံးစံအတိုင်း အလိုမကျတဲ့မျက်နှာက ပုပ်သိုးလာပါသည်။ မေမေကလည်း အနှလျှော့မပေး၊ ရွှေသွေးကိုချောင်း မကြည့်တော့ဘဲ မျက်နှာခပ်တင်းတင်းနှင့် စားစရာရှိတာမြန်မြန်စားသောက်နေပါသည်။

"ဪ ... သားက ကားတစ်စီး ထပ်ဝယ်ချင်နေတာကိုး"

"ကိုအောင်"

"နောက်အပတ်ထဲ မင်းကားက ထွက်မှာသေချာလား"

"သေချာတယ် ဦးအောင်"

"ကိုအောင်နော် ... စိုးပြတ်ပြီးသားကိစ္စကို စ,နေပြန်ပြီ၊ သူက ထွက်ပါတယ်ပြောလည်း အရောင်းအဝယ်ဆိုတာမျိုးက လုပ်နေရင်းတောင် စကားပြောမတည့်ဘဲ ပျက်ရင်





ပျက်သွားတာမျိုး၊ ကားဝယ်လိုက် ပြုူတူးပြဲတဲ့တွေဆင်လိုက်၊ သူလိုအရှုးတွေကိုပဲ တမေ့တမော ထိုင်စောင့်ရှာပြီးရောင်းလိုက်နဲ့၊ စီးပွားရေးလည်းမဆန်ဘဲ အပျော်သဘောသူလုပ်နေတာ၊ ငွေသိန်းတစ်ထောင်လောက် ပေးသုံးထားပြီးရင် တော်ပြီပေါ့၊ အတိုင်းအတာ အကန့်အသတ်ဆိုတာတော့ ရှိရဦးမှာပေါ့"

"ဆုံးသွားတဲ့ငွေမှ မဟုတ်ဘဲ စိုးရယ်"

"အို ... ဟိုးတလောက ကားဈေးဝုန်းခနဲပြုတ်ကျပြီး နှစ်စီးတောင် အရင်းမမိပဲ ရှုံးကုန်တာ ပြောဦးလေ"

"ဒါတော့ စီးပွားရေးလုပ်တယ်ဆိုတာ မြတ်တဲ့အခါမြတ်၊ ရှုံးတဲ့အခါလည်း ..."

"သူ့ဟာက စီးပွားရေးမှ မဟုတ်ဘဲ ကိုအောင်ရဲ့၊ အားအားလျားလျား လည်လိုက် ပတ်လိုက်၊ ပျင်းရင်နေလိုက်၊ စိတ်ပါရင် ကားသွားဆင်လိုက် ပြင်လိုက် သူပဲတစ်စီးပြီးတစ်စီး ရှိုးလုပ်ပြီးစီးလိုက်၊ ရောင်းဖို့ကျတော့လည်း တစ်စီးတစ်စီး သူလိုအရူးမျိုးနဲ့တွေ့တဲ့အထိ စောင့်ရောင်းရ၊ အပျော်လုပ်နေတာလေ၊ လုံးဝစီးပွားရေးလုပ်နေတာ မဟုတ်ဘူး၊ စီးပွားရေးလုပ်ချင်ရင် ဒီငွေသိန်းတစ်ထောင်လောက်နဲ့ ဘာဆိုင်ဖွင့်မလဲ ဖွင့်ပါလေ့"

"အာ ... ဆိုင်မဖွင့်ချင်ပါဘူး။ ဆိုင်ဖွင့်ရောင်းရအောင်ရွှေသွေးက ဈေးသည်မျိုးရိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သွေ့လား ... ငါ ပြောလိုက်ရ၊ အသက်အစိတ်ကျော်လာပြီ အားအားလျားလျား လေလွင့်နေတာပဲ၊ ဘာမှမယ်မယ်ရရ မလုပ်ဘူး၊ ငယ်ငယ်ကတည်းက ငါ့သားလေး ကျန်းမာရေးမကောင်းရှာဘူးလေဆိုပြီး အလိုလိုက်ထားတာနဲ့ပဲ သူလုပ်ချင်ရာ လုပ်နေတယ်"

"မေမေ့စကားတွေက ကွေ့ထွက်ပြီး လမ်းချော်သွားပြီ"

"ဘာမှလမ်းမချော်ဘူး၊ ဒါနဲ့ပဲဆက်စပ်ပြောနေတာ၊ ကိုဖြိုးဆိုင်ဆိုကြည့်၊ အခြေအနေ အတော်ဟန်ပန်နေပြီ၊ အဲဒီဆိုင်ခန်းတွေ သူ ငှားကတည်းက မင်းကိုလည်း တစ်ခန်းလောက် ယူလိုက်ပါလား၊ ဖင်ငြိမ်ငြိမ်လေးနဲ့ ဆိုင်တစ်ခုခုလေး ဖွင့်ပါလားလို့ အာပေါက်အောင် ပြောခဲ့တာလည်း နားမထောင်ဘူး၊ အဲဒီကတည်းက ဖွင့်ခဲ့ရင် ခုလောက်ဆို အခြေအနေ ဟန်ပန်နေလောက်ပြီ"

"ရွှေသွေး ဈေးမရောင်းချင်ပါဘူးဆို"

"ဒါဈေးရောင်းတာလား၊ မင်းကို ငါက ရေတ်သီး ကြွက်သွန် ရောင်းခိုင်းနေတာမို့လို့လား"

"ကဲ ... ကဲ ... စိုးကလည်းကွာ၊ ယောကျ်ားလေးတွေက အဲသလိုပြောရင် နားမဝင်တတ်ပါဘူး အမေကြီးရာ"

"ဘယ်လိုချော့ပြောလို့ကော ဝင်လို့လဲ"

"ကဲ ... သား၊ နောက်အပတ် တကယ် ကားရောင်းထွက်မှာ သေချာရင်တော့ ဦးအောင်ဆီက သုံးရာယူလိုက်၊ နောက်အပတ် ကားရောင်းပြီးရင်တော့ ပြန်ပေး၊ ဒါမှ မင်းအမေပြောသလို ငွေတစ်ထောင်အတွင်းထဲပဲ သက်သတ်မှတ်မှတ်လေးလည်း ဖြစ်သွားမယ်"

"ကိုအောင်နော် ...၊ စိုးက ဘာပြောနေလဲ၊ မအေတစ်မျိုးပြော သူကတစ်မျိုးပြောနဲ့၊ မပေးပါဘူး၊ လုံးဝမပေးရဘူး"

"သူ ပြန်ပေးမယ် ဆိုရင်တော့ ..."

"အို ... ပြန်ပေးပေး မပေးပေး မလိုချင်ဘူး၊ ကဲ ... ရွှေသွေး၊ မင်းကားတွေထဲက တစ်စီးအရင်ထွက်အောင် ရောင်း၊ ဒါပဲ၊ ဒါ နောက်ဆုံးစကားပဲ၊ ဘာမှထပ်ပြောမနေနဲ့တော့"

ရွှေသွေးက စူပုပ်ပြီး ထမင်းစားပွဲပေါ်က ကားသော့ဘီ ကောက်ယူထွက်လာခဲ့ပါသည်။ ဦးအောင်က ပေးလိုက်ချင်နေဘာကို မေမေကိုက ဖျက်နေတာ။ ဦးအောင်က အဖေရင်း မေမေက မိထွေးကျနေတာပဲ။

ဟွန်း ...။ မကျေမချမ်းတွေးလာရင်း ကားပေါ်တက်ခေါင်းထွက်လာပါသည်။

ရွှေသွေးဖခင်က ရွှေသွေး သုံးနှစ်သားကတည်းက ကွယ်လွန်ခဲ့ပါသည်။ မေမေဟာ သူတစ်ယောက်တည်း ရွှေသွေးကို ငှစုပျိုးထောင် စောင့်ရှောက်ခဲ့ပြီး ရွှေသွေး ဆယ့်ငါးနှစ်သားရောက်သော့ ရွှေသွေးရဲ့လက်ခံသဘောတူညီမှုနှင့်အတူ ဦးအောင်နှင့် သပ်မံအိမ်ထောင်သစ် ထူထောင်ခဲ့တာပါ။







www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးနှင့် ဦးအောင်က အဆင်ပြေပါသည်။ ဦးအောင်ကလည်း မေမေနှင့် ရင်သွေးအသစ် ထပ်မရ၊ ရွှေသွေးကိုသာ သားအရင်းတစ်ယောက်နှယ် သဘောထား ဆက်ဆံပါသည်။ ရွှေသွေးနှင့် မေမေပြဿနာတစ်ခုခုဖြစ်လျှင်ပင် ရွှေသွေးဘက်က ရပ်တည်ကာကွယ်ပေးတတ်မြဲ။ ရွှေသွေးကလည်း ဦးအောင်ကို ခင်မင်ပါသည်။

ဦးအောင်ဟာ ဆောက်လုပ်ရေးလုပ်ငန်းရော၊ သစ်နှင့် သစ်ထွက်အချောထည်ပစ္စည်းများ ထုတ်လုပ်သော စက်ရုံနှင့် နိုင်ငံခြားထိပါတင်ပို့သော ကုမ္ပဏီအလုပ် လုပ်ကိုင်နေသူဖြစ်၍ စီးပွားရေးတောင့်တင်း ပြည့်စုံလှပါသည်။ ဒီတော့ ငွေရေးကြေးရေးနှင့် ပတ်သက်လာလျှင် ရွှေသွေးအပေါ် စေတနာလည်းရှိကာ ထောက်ပံ့ပေးကမ်းနိုင်စွမ်းလည်း ရှိပါသည်။ တကယ်တမ်း ရွှေသွေး ဆန္ဒရှိသလို သုံးစွဲနေတဲ့ ငွေကြေးအရပ်ရပ်ဟာ ဦးအောင်ရဲ့ထောက်ပံ့မှုတွေပင်။

ရွှေသွေးသည် ကားကိုမောင်းလာရင်း ဘယ်ကိုသွားရမလဲ စိတ်ကူးမရ၍ ထုံးစံအတိုင်း ကိုဖြိုး ဆိုင်ကိုပဲ တန်းပြီးလာခဲ့ပါသည်။ ရွှေသွေးသည် ကိုဖြိုးကို အစ်ကိုဝမ်းကွဲဆိုပေမယ့်ချစ်လည်းချစ် သူငယ်ချင်းလိုလည်း ပေါင်းတာဖြစ်ပါသည်။ စိတ်သဘောနူးညံ့ပြေပြစ်တဲ့ ကိုဖြိုးဟာ ရွှေသွေးရဲ့အနွံအတာကိုလည်း ခံနိုင်ကာ ရွှေသွေးကို ဆန့်ကျင်တယ် အတိုက်အခံလုပ်တယ်ရယ်လို့ကို မရှိပါ။





ရွှေသွေးက လမ်းကြားထဲ ကားဝင်ရပ်ကာ ကိုဖြိုး ဆိုင်ကို လာခဲ့ပါသည်။ မှန်တံခါးတွန်းဖွင့်ဝင်လိုက်လျှင် စောစော ...း ဝယ်သူတွေရှိနေကာ မင်းခန့်က ဝယ်သူတွေကို ဖုန်းတွေပြ ...လင်းနေသည်။

"ဟော့ကောင် ... ကိုဖြိုး မရောက်သေးဘူးလား"

"ရောက်ပြီ"

"ဘယ်သွားလဲ"

"ဟိုဘက် အပေါ်ထပ်"

"ဘက်ဘက် အပေါ်ထပ်လဲ"

"ခဏနေ ညှိခံပွဲတစ်ခု သွားစရာရှိလို့တဲ့၊ ခေါင်းသွားလျှော်၊ မျက်နှာသွားဆေးမယ်ဆိုပြီး၊ မကလျာတို့အပေါ်ထပ် ခုပဲသွားတယ်၊ မင်း ထိုင်စောင့်နေပေါ့"

"ကြာပြီလား"

"ခုပဲ မကြာသေးဘူး၊ အရေးကြီးလို့လား"

"မကြီးပါဘူး"

ရွှေသွေးက ဆိုဖာဆက်တီတွေမှာ ဝင်ထိုင်လိုက်ပြီး ...နယ်တစ်စောင် ကောက်ကိုင်ဖတ်လိုက်ပါသည်။ ခဏအကြာမှာ ...ိုင်ကဝန်ထမ်းလေး ချိုလွှင်က သူ့အတွက် ကော်ဖီခွက်လာချ ...ပါသည်။

"အေး ... ကျေးဇူးပဲ၊ မင်းတို့ဆိုင်က မိုးသေချာတောင် မလင်းချင်သေးဘူး၊ ကပ်စတမ်မာတွေ ကျနေပါလား"



www.burmeseclassic.com

"ဒီရက်ပိုင်း ဆယ်ရက်ပရိမိုးရှင်း လုပ်နေလို့ အစ်ကို"

"ဟုတ်လား"

"ဟုတ်"

"ဘယ်လိုပရိမိုးရှင်းလဲ"

"ဈေးတွေလည်းချတယ်၊ နှစ်သိန်းကျော်ပစ္စည်းဝယ်ရင် ကံစမ်းမဲလည်း နှိုက်ရတယ်၊ ဖုန်းဟဲန်းဆက်တွေလည်း မဲပြန်ဖောက်မယ်"

"သြော် ..."

ဝယ်သူတွေကျနေတဲ့အတွက် မင်းခန့်လည်း တစ်ချက်မှမအားပါ။ ရွှေသွေးကို စကားလာမပြောနိုင်ပါ။ တစ်ယောက်ပြီးတစ်ယောက်ကို ရှင်းလင်းပြသနေရတာ တစ်ဆိုင်လုံးရှိသမျှ ဝန်ထမ်းတွေ တစ်ယောက်မှမအား။

ခဏကြာတော့ ရွှေသွေး ပျင်းလာပါသည်။ ထိုင်ရာကထ,ရပ်လိုက်လျှင် မင်းခန့်က ပြသနေရာမှ လှမ်းကာ ...

"ဟော့ကောင် ... ပြန်ပြီလား"

"မပြန်ဘူး ... ကိုဖြိုးဆီ လိုက်သွားလိုက်မယ်"

"အေး ... အေး ... ကိစ္စရှိရင် လိုက်သွားလေ၊ ငါလည်း ဒီမှာ မြင်တဲ့အတိုင်း မအားလို့ကွာ"

"အေး ... ရပါတယ်၊ ကိစ္စကတော့ မရှိပါဘူး၊ ပျင်းလို့"

ရွှေသွေးက ဆိုင်ထဲကထွက်ကာ မကလျာတို့ဆိုင်ဘေးလှေကားမှ ပထမထပ်ဆီ တက်လာပါသည်။ ပထမထပ်





ရောက်ခင် တစ်ဆစ်ချိုးကွေ့ရောက်သည်နှင့် သူက ဆက်တက်သည်အပြု အပေါ်ကဆင်းနေတဲ့သူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိနေပါသည်။

ဟင် ...။

စိတ်ထဲကပဲ ခပ်တိုးတိုး မကြည်မလင်ဖြစ်သွားရပါသည်။ နဂိုကတည်းကမှ စိတ်ကမကြည်သာရတဲ့ကြားထဲ ဒီမိန်းမနဲ့မှ လာတိုးနေရပြန်ပြီကောကွာ။

အပေါ်ကဆင်းလာကတည်းက မူးရိပ်ရိပ်ဖြစ်နေတဲ့ "မ"သည် အောက်ဆုံးတစ်ကွေ့မရောက်ခင်မှာတော့ တော်တော်လေးမူးကာ ချွေးစေးတွေ စွတ်စိုလာ၍ ခြေလှမ်းကို ရပ်လိုက်ရပါသည်။ ခုတလော မူးမူးနေတာ။ မူးလျှင် ရင်ထဲတလှပ်လှပ်နှင့် နှလုံးခုန်တွေလည်းမြန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်၊ ပျို့အန်ချင်ကာ မျက်နှာတစ်ခုလုံး ထူအမ်းလာသလို တင်းကျပ်လာတာ။

တချို့မနက်ခင်းတွေများ လူက မူးအန်ကာ အပြင်မထွက်နိုင် အလုပ်မလာချင်လောက်အောင် လူကနုံးခွေနေတတ်ပါသည်။ ဆရာဝန်လည်း ပြပြီးပါပြီ။ ထူးထူးဆန်းဆန်းတော့မဟုတ်။

"မ"ရဲ့ရင်မှာ ကိုမောင့်ရင်သွေးလေး ကိန်းဝပ်နေပြီဖြစ်လို့တည်း။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာတယ်ဆိုတာဟာ ဒါကိုခေါ်တာလား။ ဒါမှမဟုတ် ကိုမောင်မရှိတော့ဘူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက် အထိကျန်တစ်ကောင်ကြွက်ဖြစ်တဲ့ "မ"အတွက် အရင်းအချာ သွေးသားရယ်လို့ အဖော်သဟဲရယ်လို့ ကျန်ရစ်ရတဲ့ ဒီအဖြစ်ကို ကံကောင်းတာလို့ပဲ ဆိုရမှာလား။

"မ"အတွက် လောလောဆယ်မှာတော့ နေရေးစားရေးကအစ အသက်ရှူကျပ် ပူပန်နေရချိန်မို့ လောကကြီးကို မသိနားမလည်စွာ အပြစ်ကင်းမဲ့စွာ ရောက်ရှိလာမယ့် ဒီရင်သွေးကလေးဟာ ဝန်ထုပ်ဝန်ပိုးတစ်ခုတော့ ဖြစ်ခဲ့တာ အမှန်ပင်။ ဘာကိုမှ ငဲ့စရာမရှိလျှင် "မ"တစ်ယောက် ဘယ်ချောင်တိုးတိုးပေါ့။

ခုတော့ ရင်ထဲမှာက နှစ်လခွဲသားဆိုတဲ့ သွေးစုသွေးခဲလေးနှင့်။ အမှန်ကို ဝန်ခံရလျှင် တုံးတိုက်တိုက် ကျားကိုက်ကိုက် လွှတ်လွှတ်လပ်လပ် ကိုယ်လွတ်လက်ကျွတ် မဖြစ်နိုင်တော့တဲ့အတွက် သူကလေးရောက်ရှိခဲ့တာကို မ,ဘယ်လိုမှ ဝမ်းသာအားရ မရှိခဲ့မိတာ အမှန်ပင်။

ကိုမောင့်ကိုယ်ပွားလေးကို ကျေနပ်နှစ်သိမ့်ရအောင်ကလည်း အဲဒီကိုယ်ပွားကလေး မရှိတာကသာလျှင် မ,အတွက် ပိုပြီးအဆင်ပြေမှာ ဖြစ်လေရာ ကိုယ်ပွားကလေးကိုလည်းပဲ အသည်းနှလုံးက ပီတိစိမ့်စိမ့် မနှစ်သိမ့်နိုင်မိတာ အမှန်ပါတည်း။

သို့ပေမဲ့ အဲဒီလို ခံစားတွေးတောမိတိုင်းလည်း မ,သည် သူ့ကိုယ်သူ အပြစ်ကြီးမားလွန်းလှတယ် ထင်မိကာ ကိုယ့်ကိုယ့်ကိုယ် မုန်းတီးရွံရှာ စက်ဆုပ်မိသည်မှာ ပြောစရာမရှိပြီ။ မိခင်လောင်းဖြစ်ပြီး ရင်သွေးကလေးအတွက် မကြည်နူးတဲ့ "မ"





လေး မမွေးမီကပင် ငြိုငြင်မိသလိုဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ်ခွင့်မလွှတ်နိုင်။

မရောက်လာစေချင်တာ အပြည့်အဝ ငြိုငြင်တာမှတ်ပေမယ့်လည်း သူလာမှာကို မပျော်ရွှင်ပါဘူး ဆိုကတည်းက ငြိုငြင်စိတ် ရှိကိုရှိလို့ပဲပေါ့။ သူကလေးရှိတဲ့အတွက်ကြောင့်ပဲ အအိပ်အစားလည်းပျက်ရသည်။ ဘာမှမမျိုချင် မစားချင်ပဲ အန်ချည်းသာ အန်ချင်နေတာမို့ ဝမ်းထဲ ဘာမှလဲ မယ်မယ်ရရ အာဟာရဖြစ်ဖြစ် ရောက်တယ်လို့ကိုမရှိ။

မျက်ကွင်းတွေညိုကာ လူကအားမရှိ။ ကိုယ့်ခြေလက်ပင် ကိုယ်မသယ်ချင်။ ဖျားတာနာတာ မဟုတ်ပေမယ့် နေလို့ထိုင်လို့မကောင်း။ တစ်မနက်မှ အလုပ်မလာချင်။ ဒါပေမဲ့ မလာသို့ကမဖြစ်။

သူ့ကို အလကားနေရင်း အလုပ်ရှင်အာဏာပါဝါပြချင်နေတဲ့ ကလျာဟာ သူငယ်ချင်းတစ်ယောက်လို့ဆိုတဲ့ ဖေးမအားပေးခြင်းမျိုးပင် မရှိတော့တာပါ။

မမာကျောပေမယ့် မချိုသာတဲ့ လေသံအထက်စီးနှင့် အပ်ချုပ်သူရာထူးကို ဟိုပြေးဒီလွှား အလုပ်မျိုး ခိုင်းချင်နေတာကလည်း အံ့သြစရာပင်။ အပေါ်တက်လိုက်ပါဦး အိမ်ဘက်ပြေးလိုက်ပါဦးနှင့် "မ"ကိုမှပဲ ယုံကြည်စိတ်ချသလို ခိုင်းလို့ကောင်းနေလိုက်တာဆိုတာ "မ"မှာ ကောင်းတာခုံ၌ပင် တစ်နာရီပြည့်အောင် ငြိမ်ထိုင်ရတယ် မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကလျာရယ် ငါ့မှာလေ ကိုယ်ဝန်ရှိနေလို့ ငါသိပ်နေမကောင်းလို့ပါဟယ်"ဆိုတဲ့ စကားမျိုး အသနားခံလေသံပါတဲ့ စကားမျိုးကို မ,ဦးနှောက် မ,အသည်းနှလုံး မ,နှုတ်က ဘယ်လိုမှ ပြောထွက်မှာ မဟုတ်ပေ။ "မ"ဆိုတာ မွေးကတည်းက ခုထိ တစ်ဘဝလုံး သူများအပေါ်ကနေနိုင်ဖို့ အနေအထားတစ်ကွက်လေးမှ မရှိခဲ့ဖူးပေမယ့် "မ"က အောက်မှာမနေချင်သူပင်။

ကိုယ် ဘယ်လောက်ပဲ နိမ့်ပါးသနားစရာကောင်းနေပါစေ လူတကာကို ကိုယ်က တိုးလျှိုးအသနားခံမနေလျှင် ကိုယ် အောက်မရောက်ဘူးလို့ပဲ "မ"က မြင်သည်။ ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ တောင်းပန်တာ အသနားခံတာမျိုး မလုပ်ဖူးခဲ့တဲ့ "မ"စိတ်က ယောကျ်ားဆုံးပြီး ကိုယ်ဝန်လနုနုလွယ်ကာ ကျန်ရစ်ခဲ့ရှာပါတယ်ဆိုတဲ့ ကြားရသူစိတ်သပ်သွားစေပမယ့် အဖြစ်အပျက်မျိုးကို ဒီနေ့ထိ တစ်ဦးတစ်ယောက်ကိုမှ ပြောမပြရသေးပါ။

"ဒီမှာ"

မျက်လုံးလေးခဏမှေးမှိတ်ရပ်နေရာမှ လေသံမာမာ တစ်ချက်ကြောင့် "မ"က တုန်ခနဲ ဖြစ်သွားပါသည်။

"ခင်ဗျား ... ဒီနေ့ ဒီလှေကားက ဆက်ဆင်းဦးမှာလား"

"ဟင်"

ဟိုကောင်လေး ...။

ဘယ်လိုရေစက်လဲ။ အလကားနေရင်း သူက "မ"ကို ဘာတွေမျက်နှာကြောမတည့် အမြင်ကတ်နေပါလိမ့်မလဲ။ မက





ည်း သူ့ကို အမြင်ကတ်တာပါပင်။ ပုံစံကိုက လူပါးဝဝ ဗိုလ်ကျနှင့် သူဌေးသားပုံအပြည့်ဆောင်ကာ ဆောင့်ကြွားကြွား တောင်ကလေးမျိုးလေ။

သူ့ထက် အသက်ကြီးတဲ့ မိန်းမတစ်ယောက်နဲ့ အလကားနေရင်း ရန်လာဖြစ်ချင်နေသယောင် ဖြစ်နေတာ ဘာ ကြောင့်ပါလိမ့်။

"ဒီမှာရပ်နေတာ တစ်မိနစ်ရှိပြီ"

ဟင် ... တစ်မိနစ်တဲ့။ နည်းနည်းလေး ရှိသေးတာ ကိုများ။

"ပိုမပြောတတ်တဲ့ သူမို့လို့ နာရီသေချာကြည့်ပြီး ပြောတာ မို့လို့ တိတိကျကျ တစ်မိနစ်ပဲပြောတာ၊ ပိုပြောတတ်တဲ့ သူဆိုရင်တော့ စောင့်ကြည့်နေတာ တစ်နာရီလောက်ရှိပြီလို့ ပြောမှာပဲ"

နေပါဦး ... ဘယ်သူ ဘာပြောပြောပေါ့။ မက စိတ်တိုလာကာ ...

"ဘာကို စောင့်နေတာလဲ"

"ခင်ဗျား ဆင်းမှာကိုလေ ... ကျွတ်"

"နေပါဦး ... လှေကားက နေရာပိုသားပဲ၊ ဟိုတစ်နေ့က လို မင်းတို့လို လူအုပ်နဲ့ဗရုတ်ကျပြီး ပိတ်ထားတာမျိုးလည်း မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် တက်သွားပါလား၊ ဘေးက ကပ်ပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကြည့်ဦးလေ၊ ခင်ဗျား ရပ်နေတာက အလယ်ကောင်တည့်တည့်မှာလေ၊ ဘေးတစ်ဖက်ကပ်ရပ်နေတာလည်း မဟုတ်ဘူး၊ ကျုတ် ... ဘယ်လိုမိန်းမမျိုးပါလိမ့်၊ သူကပြန်ပြီး လမ်းပိတ်နေကာယ် ... ဟား ဟား"

"ဟဲ့ ... နင့်ကို ငါက ဘာဖြစ်လို့ လမ်းပိတ်ရမှာလဲ၊ စိတ်ကူးထဲတောင် မရှိဘူး၊ အားအားယားယား"

မ,စိတ်တိုကာ ကဲကဲဆတ်ဆတ် ပြန်အော်ပစ်လိုက်မိပါသည်။

"ဒါဖြင့် ဆက်မဆင်းဘဲ ပေကတ်ရပ်ပြီး ရပ်ကြီးက ရယ်မလို ငိုလိုနဲ့ ဘာတွေဒရာမာချိုးနေတာလဲ"

"ဘာ ... တောက်"

မ,သည် အတော်ဒေါသဖြစ်မိသော်လည်း ရန်ဖြစ်နိုင်ဖို့အင် အားကမရှိချေ။ တလှပ်လှပ် ရင်တုန်ကာ ပိုမူးလာပြီး စကားနည်းရန်စဲ ဘေးတစ်ဖက် ကပ်ပေးလိုက်မိသည်က နံရံဘက်။ မ,ဘေးကပ်လိုက်သည်နှင့် ရွှေသွေးက အချိန်မဆွဲဘဲ လှမ်းတက်လာသည်။

နံရံဘက်ကို ရွေးချယ်မိတာက မ,အမှားပင်။ နံရံဆိုတာကပြောင်ချောချောကြီး။ အကိုင်အတွယ်မှ မရှိတာ။ ယိုင်သွားသော မ,က လက်ဖဝါးတစ်ဖက်နှင့် နံရံကိုထောက်လိုက်ပေမယ့် မြဲမြဲမြံမြံမရှိ။ ဒူးကပျော့ခွေတော့မလိုဖြစ်ကာ လူက မိုက်ခနဲဖြစ်သွား၍ အလယ်ပြန်တိုးကာ ဟိုတစ်ဖက်က စတီးလက်ရန်းကို လှမ်းကိုင်လိုက်ရပါသည်။





မ,ပုံစံက လှေကားကျဉ်းလေးမှာ လူကအလယ်ကောင်မှာရပ်လျက် လက်နှစ်ဖက်လုံးက ဘေးကိုဆန့်တန်းလျက်သားဖြစ်ကာ တစ်ဖက်က နံရံကိုထောက်လို့ တစ်ဖက်က စတီးလက်ရန်းကို ဖမ်းဆုပ်လို့။

"ခင်ဗျား မကြီးမငယ်နဲ့ ဘာဖြစ်နေတာလဲ၊ ကျွတ် ... ရောဂါပဲ၊ ဖယ်ဗျာ၊ ဘာကိစ္စ ပိတ်ထားရတာလဲ"

"ငါ ... ငါ မဖယ်နိုင်သေးဘူး"

"ဘာ ... တောက် ... ငါကွာ၊ ဘာကြီးမှန်းလဲ မသိဘူး"

ရွှေသွေးသည် သူ့ကိုလက်ကားပြီး တမင်တကာပိတ်ထားသည့် မ,ကို စိတ်ပျက်လက်ပျက်ကြီးကြည့်ကာ ဘာဆက်လုပ်ရမည်မသိ။ တွန်းချလိုက်ရလို့ကတော့ကွာ။ သူကများ လူကိုလက်ဆန့်ပြီး တားထားသေး။ ဟား ဟား။ ဘယ်လိုဟာကြီးပါလိမ့်။

"နေဦး"

မ,က ချွေးစေးစိမ့်ထွက်ကာ အေးစက်မူးမိုက်လာတဲ့ကြားက အံကြိတ်ပြီး အားယူကာ အသံတိုးတိုးနှင့် ပြောလိုက်ပါသည်။ နေပါဦး ... ငါဖယ်ပါ့မယ်။ ဖယ်မှာပါ။ လက်ရန်းဘက်ပိတိုးပြီး နံရံဘက်ကလက်ကို လွှတ်လိုက်ရမှာပါ။ အဲဒီအတွက်ဆလးကိုတောင် လူက မဟန့်နိုင်ဖြစ်နေတာပါ။ လက်ရန်းဘက်ရောက်ပြီးရင်တော့ ဘယ်လိုမှ ရပ်မနေနိုင်ဘဲ လှေကားထစ်ပေါ်ပါထိုင်ချလိုက်မှရမှာ။



www.burmeseclassic.com

www.burmeseclassic.com



နေဦး … ခဏနေဦး။

မ,သည် စိတ်ထဲက တတွတ်တွတ် ပြောနေရင်း မနည်းအားယူနေရပါသည်။ ဒီအချိန်မှာ ဝေဒနာခံစားရလွန်း၍ ဒီကောင်လေးကိုလည်း စိတ်တောင်တိုမနေနိုင်အားတော့။ စိတ်တိုဖို့ပင် သတိမရတော့။

"မနေဘူး … ခင်ဗျား ချက်ချင်းဖယ်နော်"

ရွှေသွေးက သူ့ကိုအံကြိတ်ကာ စိုက်ကြည့်နေသော တစ်မျိုးကြီး ထူးထူးဆန်းဆန်းဖြစ်နေတဲ့ မ,ရဲ့မျက်နှာကို စိတ်ရှုပ်လာပါသည်။ သူ့ကြည့်ရတာ တစ်ခုခု လုပ်တော့မလို့ပဲ။ မျက်နှာကလည်း မချိတင်ကဲနဲ့။ စိတ်များဖောက်နေသလားတောင် ထင်ရသည်။ မတော်တဆ ငါ့ကိုတွန်းချလိုက်ရင်တောင်တစ်ခက်လို့ သူတွေးမိပါသည်။

"ခဏ နေဦး"

"မနေဘူးလို့ ပြောနေတယ် မဟုတ်လား"

ရွှေသွေးက စိတ်တိုတိုနှင့် ဖွတ်ပင် ရှေ့ဆက်တိုးပြီး လှေကားထစ်ကို တက်လိုက်ပါသည်။ သူမနားကပ်မိလျှင် လှေကားလက်ရန်းကိုကိုင်ထားတဲ့ သူမလက်တစ်ဖက်ကို ဖျတ်ခနဲတွန်းဖြုတ်ပစ်ကာ ဘေးကကျော်အဖြတ် ပြုတ်သွားတဲ့ ထိုလက်က ရွှေသွေးရဲ့ ရှပ်အင်္ကျီစကို တင်းကျပ်စွာ ဖျတ်ခနဲ ဆုပ်ကိုင်လာလေသည်။

"ဟာ … ကျွတ်"





ရွှေသွေးရဲ့ သူမလက်ထဲမှ သူ့အင်္ကျီစကို အတင်းဆက်နှင့်ဖြေထုတ်ကာ သူ့အက်ယိုင်လာသယောင်ရှိတဲ့ သူမခန္ဓာကိုယ်ကို သူ့ပခုံးစွန်းနှင့် ဆောင့်တိုက်မိတဲ့အထိ ဖွတ်တက်လာခဲ့သည်။ သူကအတက် သူမက ရုတ်တရက် လဲပြိုကာ လှေကားထစ်မှ ဒလိမ့်ခေါက်ကွေး ကျသွားလေသည်။ လန့်ပြီးလှည့်ကြည့်လိုက်မိပြီးမှ ကွေ့ချိုးသံမံတလင်းမှာ စောင်းခွေခွေခပ်မှိုမှိုနှင့် သူ့ထံ မျက်လုံးဝိုင်းပြီး မော့ကြည့်နေတဲ့ သူမမျက်နှာကို ဖျတ်ခနဲ မြင်လွှဲပစ်လိုက်သည်။ ကောင်းတယ်။ မှတ်ရော။ သူမလိမ့်ကျတာ ငါးထစ်တည်းရယ်ပါ။ သူ့ကိုတွန်းချခဲ့တုန်းက ဆယ်ထစ်လေ။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁

"ဆရာမ"

မ,ရဲ့ခေါ်သံ တိုးတိုးဖျော့ဖျော့လေးကြောင့် ဒရစ်ပ် ပိုက်ကိုဖြုတ်နေတဲ့ ဆရာမက ငုံ့ကြည့်ပါသည်။

"ကျွန်မ ဆေးရုံက ဆင်းချင်လို့"

"ဆင်းလို့မရနိုင်သေးဘူး အစ်မ"

"ကျွန်မ နေကောင်းပါတယ်၊ ကျွန်မ တာဝန်ကျဆရာဝန် နဲ့ဖြစ်ဖြစ် စကားပြောပါရစေလား"

"အစ်မ ဆရာဝန်ကိုပြောလည်း ဆင်းခွင့်ပြုဦးမှာ မဟုတ်ဘူး"

"ဒါပေမဲ့ ကျွန်မ ခဏလောက် တွေ့ချင်လို့ပါ"

"ကျွန်မ ပြောတော့ ပြောလိုက်မယ်လေ"

ဆရာမလေးက မ,အနားမှ ထွက်ခွာသွားပါသည်။ တော်တော်ကြာတဲ့အထိ ဘယ်သူမှလဲ ရောက်မလာပါ။ ဆရာမ လေးတွေ ဟိုဟိုဒီဒီ ရွေ့လျားကူးလူးသွားလာနေကြပြီး ဂျူတီကုတ်





ဖြူလေးတွေနှင့် ဆရာဝန်တွေလည်း ဖြတ်သန်းသွားလာနေကြ ...မယ့် မ,ထံကိုတော့ ဘယ်သူမှ ရောက်မလာပါ။

အင်းလေ ... ပုဂ္ဂလိက ဆေးရုံကြီးတွေမဟုတ်တော့ ...ည်း ဆရာဝန်ကို တစ်ခါခေါ်ကြည့် ဘယ်လောက်နှင့် အခပေး ...ား ခေါ်မကြည့်နိုင်။ ခန်းမကျယ်ထဲမှာ ခုတင်ပေါင်းများစွာနှင့် ...နာပေါင်းများစွာကြားထဲမှာ ဆရာဝန်တွေ ဆရာမတွေဟာ ...ည်း လူစေ့တက်စေ့ အလုပ်များနေကြတာပါ။ မ,က ကိုယ့်ဟာ ...ယ် အားယူကာ ခုတင်ပေါ်မှာ ဖြည်းဖြည်းချင်း ထထိုင်သည်။

ကိုယ့်ဟာကိုယ်ထကာ တာဝန်ကျဆရာဝန်ထွေ ...ခန်းကိုသွားဖို့ စိတ်ကူးလိုက်ပေမယ့် လှုပ်ရှားလိုက်မှ သူမမှာ ...်အားတွေ အင်မတန်ချည့်နဲ့နေတာ သတိပြုမိပါသည်။ ခြေလက် ...နှာကိုယ်တို့တင်မက နားတွေကလည်း လေထွက်ကာ တဇီဇီ ...နေပြီး မျက်လုံးတွေပင် မျက်စိမှုန်နေသလို ခံစားရသည်။

ခြေထောက်တွေ ဒူးတွေမှာလည်း အားမရှိ။ တစ် ...ယောက်တည်း လူတွဲမပါဘဲ လမ်းလျှောက်သွားနိုင်ဖို့ မလွယ်ကူ ...ါ။ မ,က ရစ်ဝဲလာသော မျက်ရည်တို့ကို ပုတ်ခတ်ဖျောက်ဖျက် ...စ်သည်။ အာခေါင်တွေ နှုတ်ခမ်းတွေ ခြောက်ကပ်နေ၍ နံဘေး ...ရှိပုလေးပေါ်မှ ရေသန့်ပုလင်းကို လှမ်းယူကာ ဒီအတိုင်းဖွင့်မော့ သောက်လိုက်ပါသည်။

ကိုယ့်ကိုယ်ကိုယ်လည်း ညစ်ပတ်နံစော်နေသလို ခံ စားရသည်။ မနေ့ကမနက် ဆေးရုံလာကတည်းက အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



တွေ ဒီနေ့ညနေထိ လဲမှမလဲရသေးတာပဲ။ အိမ်ကလိုက်ပြီး အဝတ်အစားတို့ လိုအပ်သည့်ပစ္စည်းတို့ လိုက်ပို့ပေးမည့်သူ မရှိ၍ ဘာဆိုဘာမှ မပါဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ကလျာအကူအညီနှင့် ဆေးရုံတက်လာခဲ့ရတာလေ။

ရေချိုးချင်နေပေမယ့် ဆေးရုံမှာလည်း ရေမချိုးချင် မချိုးတတ်။ အိမ်ပြန်ရေမိုးချိုးကာ နွေးထွေးတဲ့ ကိုယ်ပိုင်အိပ်ရာကလေးထဲမှာ ထိုးခွေပြီး နှစ်ခြိုက်စွာ အိပ်ပျော်ချင်လိုက်တာ။

ဘာဘတို့ အိမ်ဖုန်းဆက်ရင် ကောင်းမလား။ အရင်းချာဆုံးရယ်လို့က သူတို့ပဲလေ။ မကြည်လင်ကြဘူး ဆိုပေမယ့် မခေါ်မပြောကြတာတော့မှ မဟုတ်တာ။ မ,ဒီလိုဖြစ်တယ် ကြားရင်တော့ ပစ်ပယ်မျက်နှာလွှဲထားကြလိမ့်မည် မထင်ပါဘူးလေ။ ရောက်လာမှာပါ။

"တီတီ ... တီတီ"

ခေါင်းအုံးနားက ပိုက်ဆံအိတ်ထဲမှ ဖုန်းလေးက အသံမြည်လာ၍ မ,က ဖြည်းဖြည်းလှမ်းကာ ယူလိုက်ပါသည်။ ဒီဖုန်းလေးရှိပေသေးလို့ ဆေးရုံကုတင်ကမထ စကားပြောနိုင်တာ။ နို့မို့ ဒီလောက်အားမရှိ ချိနဲ့ မလှုပ်နိုင်ပုံမျိုးနဲ့ မ,ဘယ်နားသွား၍ ဘယ်သူ့ထံ ဘယ်လိုဆက်သွယ်ရပါ့မလဲ။

"ဟယ်လို"

"အေး ... မ,"

"ကလျာ"





"ဟဲ့ ... နေကောင်းလား မ,"

"အင်း ... ကောင်းပါတယ် ကလျာ၊ နင့်ကို ကျေးဇူးပါပဲဟာ၊ မနေ့က သေချာတောင် မပြောမိဘူး ကလျာရယ်"

"ဩော် ... နင်ကလည်း ရပါတယ်၊ ဒီလူ ဒီလူတွေချင်း ပတ်သက်နေတဲ့ဟာ၊ ငါ ဆေးရုံပို့ပေးတာလေးကို ကျေးဇူးတင်မနေနဲ့၊ မနေ့ညနေက မလာနိုင်တာတောင် ငါကအားနာနေတာ၊ ဟဲ့ ... မ,၊ နင် ဘယ်လိုမှတော့ မထင်ပါနဲ့ဟာ၊ ငါ ဒီညနေလည်း လာနိုင်မှာမဟုတ်ဘူးဟဲ့ သိလား"

"ရပါတယ် ကလျာရယ်၊ နင်လည်း ဆိုင်တွေတစ်ဖက်နဲ့ အလုပ်များတာ ငါသိတာပဲ"

"အေးဟယ်၊ ညနေတော့ ဆိုင်က မျိုးမျိုးတို့ အေးစိုးတို့ ငါ လွှတ်လိုက်မယ် သိလား၊ နင်စားဖို့လည်း တစ်ခုခုဝယ် ထည့်ပေးလိုက်မယ်"

"ရပါတယ် ကလျာ၊ မနက်ကလည်း အစားစားလို့ရတယ် ပြောလို့ ငါ ဘေးခုတင်က လူနာစောင့်ကိုပဲ အကူအညီတောင်းပြီး ခေါက်ဆွဲပြုတ်ဝယ်စားလိုက်ပါတယ်၊ ဒီညနေလည်း အဲလိုပဲလုပ်လို့ရတယ်၊ အစားအစာက အရေးမကြီးပါဘူး"

"နင် တခြားဘာလိုလဲ၊ အခုမှာလေ၊ ငါ ထည့်ပေးလိုက်မယ် အေးစိုးတို့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ငါ ဆေးရုံကဆင်းချင်တာပါ၊ ဒီမှာလည်း ငါရေမချိုးတတ်ဘူးဟာ၊ ကိုယ့်အိမ်ကိုယ်ပြန်ချင်တာလေ၊ တခြားဘာမှမလိုပါဘူး”

“ဟယ် ... နင် ဆေးရုံကတော့ ဆင်းလို့ရဦးမှာ မဟုတ်ဘူး မ,၊ နေရဦးမှာပဲ၊ မာမီကတောင် ပြောနေတယ်၊ အဘော့ရှင်းဆိုတာလည်း ကလေးမွေးတာလိုပဲ သွေးနုသားနုပဲတဲ့ဟဲ့၊ နေလိုက်ပါဦး နင်ကောင်းတဲ့အထိ”

အဘောရှင်း။

အဲဒီစကားလုံးလေးက မ,နားထဲ ပဲ့တင်ထပ်နေကာ နှလုံးသားထဲ နာကျင်ဆွေးနင့်သွားလေသည်။ ကြားမှုရနေကျ မဆန်းတဲ့ စကားလုံးလေး။ ဤစကားလုံးလေးဟာ မ,ဘဝထဲ ဘာကြောင့် ဝင်ရောက်ပတ်သက်လာသနည်း။ မ,သည် ဆို့သွားပြီး ချောင်းတော်နှင့် စကားမပြောနိုင်။ ချက်ချင်းမျက်နှာတစ်ခုကို ဖျတ်ခနဲမြင်ယောင်သည်။

မကို ပခုံးစွန်းနှင့် တိုက်ချသွားပြီး သမံတလင်းပေါ် လဲကျနေတဲ့ မ,ကို လှေကားငါးထစ်အမြင့်မှ ငုံ့ကြည့်လိုက်တဲ့ မျက်နှာ။ လှေကားမှ လိမ့်ကျသွားတဲ့ မိန်းမတစ်ယောက်အပေါ် သနားကရုဏာလုံးဝမရှိတဲ့မျက်နှာ။ မယုံကြည်နိုင်လောက်အောင် အကြင်နာကင်းမဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့မျက်နှာ။

“မ”

“အင် ... အင်း ... ပြော ... ကလျာ”





“နင့်ဘကြီးရှိတယ်ဆိုတာ ငါသိပေမယ့် ဖုန်းတွေဘာတွေ ငါကဲ မသိဘူးလေ၊ ဒါပေမဲ့ ငါသိတာက နင်က ဝေဝေတို့ မိသားစုနဲ့အရမ်းရင်းနှီးတယ် ဆိုတာလေ၊ နင်နဲ့ဝေဝေက ညီအစ်မလို ချစ်ကြတာ ငါသိထားတာလေ၊ ဝေဝေက သူ့ညီမ မင်္ဂလာဆောင်အပြီး နောက်နှစ်ရက်က စင်ကာပူပြန်သွားပေမယ့် သူ့ညီမတွေနဲ့လည်း နင်နဲ့ချစ်ခင်တာပဲဆိုတော့ ငါ သူတို့ဆီ အခုပဲ ဖုန်းဆက်ပြောလိုက်သေးတယ်”

“သြော် ...၊ နင် ပြောလိုက်ရင်လည်း ထားလိုက်ပါတော့၊ ငါက သိကုန်ကြရင် စိတ်ပူရ လာရနဲ့ အလုပ်တွေရှုပ်မှာစိုးလို့ ပြောမနေတော့ဘူးလားလို့ပါ”

“ငါကလည်း သူတို့ကတစ်ဆင့် နင့်ဘကြီးဆီ အကြောင်းကြားခိုင်းတာပါ၊ ဟိုတလောက မင်္ဂလာဆောင်တဲ့ ညီမလတ်က ဟန်းနီးမွန်းသွားနေတယ်၊ ဝေဝေ့ညီမအငယ်ဆုံးလေး ဖြိုးဖြိုးမွန်ဆိုတာနဲ့ တွေ့တယ်၊ သူ့ကိုပဲ အကျိုးအကြောင်းပြောပြပြီး နင့်ဘကြီးအိမ်ပါ အကြောင်းကြားခိုင်းလိုက်သေးတယ်”

“အင်း ... အင်း”

ကိုယ်တိုင် အကြောင်းကြားမကြား မဆုံးဖြတ်နိုင်သေးပေမယ့် ကြားက စေတနာနဲ့ အကြောင်းကြားပေးပြီးပြီဆိုတော့လည်း ရှိပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒါပဲလေ မ,၊ ညနေတော့ နင့်ဆီ ဧည့်သည်တွေ ဘာတွေ ရောက်လာမှာ ထင်ပါတယ်၊ နင်လိုတာရှိရင်တော့ ဖုန်းဆက်နော်၊ ငါ တစ်ယောက်ယောက် လွှတ်ပို့ခိုင်းမှာပေါ့"

"အေး ... ကျေးဇူးပါပဲ ကလျာရယ်"

ကလျာဟာ သူ့စရိုက်နဲ့သူ စီးစီးပိုးပိုး ခပ်ကျောကျောလေးဆိုပေမယ့် စိတ်သဘောဆိုးတော့လည်းမဟုတ်။ ဒပ်ဖရင်လို့ ဆေးရုံမျိုးကို သူ အခေါက်ခေါက် မလာချင်ပေယ့် ငွေကုန်ကြေးကျခံပြီး ကူညီရမှာမျိုးဆိုရင်လည်း ငြီငြင်မည့်သူမျိုး မဟုတ်ပါ။ ဘာပဲဖြစ်ဖြစ် ကလျာနှင့် ဆက်ဆံရတာ မပျော်ရွှင်ပေမယ့် ကသိကအောက် ခံစားရတတ်ပေမယ့် မ,သူ့ကို ကျေးဇူးတင်ပါသည်။

မနက်က ခေါက်ဆွဲပြုတ်တစ်ခွက်ဟာ မ,ဝမ်းထဲဘာမှမရှိတော့။ ဆရာမလေးနှစ်ယောက် စတီးတွန်းလှည်းနဲ့ ဆေးသောက်ချိန် ဆေးလိုက်ဝေသောအခါမှာတော့ မ,ဗိုက်ကဟာနေပြီ။

"ဆရာမ ... ဟိုလေ တာဝန်ကျဆရာဝန်ကို ကျွန်မ ဆင်း_"

"ဒေါက်တာ မအားသေးဘူး အစ်မ၊ ခဏစောင့်နော်၊ ပြောထားတယ်"

သောက်ရမယ့်ဆေးနှစ်လုံးကို လက်ဝါးပေါ်တင်ကာ ငေးငိုင်ငိုင်ကျန်ရစ်ခဲ့သော မ,ကို ဘေးခုတင်က အန်တီရဲ့သမီးလေး မနက်က ခေါက်ဆွဲပြုတ်ဝယ်ပေးသူလေးကပဲ ကရုဏာသက်သလို ကြည့်ကာ ...





"အစ်မ ... အောက်မှာ နွားနို့၊ အိုဗာတင်းရတယ်နော်၊ လိုရင်ပြော၊ ဝယ်ပေးမယ်"

"ကျေးဇူးပါပဲ ညီမရယ်"

မ,မျက်လုံးအစုံမှာ မျက်ရည်ပြည့်လျှမ်းလာခဲ့ရသည်။

✦ ❦ ✦

အခန်းထဲကထွက်လာတဲ့ မိပြုံးကိုမြင်လျှင် ရွှေအောင် ...

"လုပ်နေလိုက်တာ အကြာကြီး၊ ပြီးတော့ ဒါကဒါပါပဲ"

"နင်နော် ... နင်နာချင်နေပြီ၊ ခုတလော ငါ့ကို တော်တော်ဖွဲ့ချင်နေတယ်"

"ဟုတ်တယ်လေ၊ ကြာလွန်းလို့ အရမ်းများလုလာမလားလို့ အဟီး"

"နင်တို့ရော လူစုံလို့လား၊ မင်းခန့် မရောက်သေးဘူးဆို"

"ရောက်တာဖြင့်ကြာပေါ့၊ ဟိုမှာ လုံလုံနဲ့ ရန်ဖြစ်နေတယ်"

"ဟင် ... ဘာဖြစ်လို့ ရန်ဖြစ်တာလဲ"

"သူ့အစ်ကိုဆီမှာ သူ့အကြောင်းတွေ အတို့အထောင်သွားလုပ်လို့၊ သူ့အစ်ကိုက အဖေကိုပြန်ပြော၊ သူ့အဖေကသူ့ကိုကော"

မင်းခန့်က ထမင်းစားပွဲမှ ထလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... တကယ်ပဲ ငါ ဒီမိန်းမကို ငါ့အစ်ကိုနဲ့လုံးဝ သဘောမတူတော့ဘူး"

"ဩော် ... အေး၊ နင် သဘောမတူရင် ငါတို့ကဖြတ်ရမှာ ဟီဟိ"

"နင် မရီးဖြစ်လာလို့ကတော့ မလွယ်ဘူး"

"ဟဲ့ ... ငါထောင်တာ မဟုတ်ဘူးလို့ ဘယ်နှခါပြောရမလဲ၊ အမှတ်မထင် ပြောလိုက်မိတာကို နင်ကလည်း ကြိုမှပိတ် မထားတာ"

"အလကားနေ အာချောင်တာပဲ၊ ရည်းစားနဲ့တွေ့ရင် သိသမျှ အကုန်ပြော၊ အီးပါတာလည်းပြော။ ရှူးပေါက်တာလည်း ပြော"

"ဟဲ့"

သူတို့ တဟီးဟီး တဟားဟား ပွဲကျနေကြပါသည်၊ မင်းခန့် အစ်ကိုနှင့် ကြိုက်နေသော လဲ့လဲ့ရဲ့ စကားမချန်တစ်လုံး မကျန် ဖောက်သည်ချတတ်မှုကြောင့် မင်းခန့် ခိုးလုပ်သမျှဟာ ခဏနေ သူ့အစ်ကိုထံ နားပေါက်သည်ချည်းပင်။

"ငါ့အပြစ် မဟုတ်ဘူး၊ နင့်အစ်ကို ကိုသက်အပြစ်"

"အေး ... နင်တို့ ရည်းစားနှစ်ယောက်တော့ အဲဒီအတိုင်း ပဲ၊ အပြစ်တစ်ခုဆို တစ်ယောက်ခေါင်း တစ်ယောက်လွှဲချ နေကြ၊ နော် ...၊ ငါက ကြားက အကောခံရတယ်"



"ဟဲ့ ... နင် ဒီအသက် ဒီအရွယ် ရောက်နေပြီ၊ ရုပ်ရှင် သွားကြည့်တာလေးကို အိမ်ကိုမပြောရဲဘဲ ခိုးသွားရတာလို့ ငါက ဘယ်ထင်ပါ့မလဲ၊ သိတယ်ပဲထင်ပြီး ပြောမိတာပေါ့"

"ရုပ်ရှင်သွားကြည့်တာတော့ ခိုးကြည့်စရာလားဟ၊ ဒါပေမဲ့ အဲဒီနေ့က ငါ့ကို ငါ့အဖေကခိုင်းထားတာ၊ ငါက ကိုဖြိုး ခေါ်ထားတယ်ဆိုပြီး လစ်ထွက်လာရတာ၊ နင့်ရည်းစား ကြီးက ငါမအားဘူးဆိုပြီး အဖေခိုင်းတာ သူလုပ်လိုက်ရ လို့ မကျေမချမ်း စိတ်ပုပ်နေတာလေ"

"ဟား ဟား ... ငါ့ရည်းစားကြီးက နင့်အစ်ကိုအရင်းကြီး လေ၊ ပြောပုံကိုက ငါ့ရည်းစားကြီးကပဲ အပေအတေကြီး ကျနေတာပဲ"

"ကဲ ... ဒါတွေ ကားပေါ်ကျမှ ဆက်ဖြစ်လို့ မရဘူးလား"

"အေးလေ ... သူတို့ပဲ ခုနကတော့ ငါ့ကို အလုပြင်နေတာ ကြာသလေး ဘာလေးနဲ့၊ အခု ငါပြီးတော့လည်း ထွက် တာမဟုတ်ဘဲနဲ့ ရွှေသွေးရော"

"ဟိုမှာ ရွှေသွေး နင့်အမေကို ပန်းကန်ကူဆေးနေတယ်"

မိပြုံးက နောက်ဖေးဘက် ဝင်သွားရင်း ...

"ဟဲ့ ... နင် ဘာလုပ်နေတာလဲ ရွှေသွေး"

"အန်တီ ပန်းကန်တွေ ဆေးနေလို့လေ၊ ငါတို့ အအေး သောက်သွားတာတွေ"

"မေမေကတော့ ဘာလို့ ဆေးနေတာလဲ၊ ခဏနေ ကျင်ကျင် တို့ ဈေးကပြန်လာမှ ဆေးမှာပေါ့လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ပါဘူး၊ မေမေကလည်း အားနေတော့ ဒီနှားလေးရှင်းပြီး ကောက်ဆေးနေတာပါ၊ ဖန်ခွက်လေး လေးငါးခြောက်ခွက်ကို၊ အဲဒါ ရွှေသွေးက အားနာပြီး အတင်းဝင်ဆေးတာ သမီးရေ၊ ပြောလို့လည်းမရဘူး"

"အလကား မေမေ၊ သူ့အမှတ်တွေ ယူနေတာ သူ့အိမ်မှာဆို သူ့အခန်းထဲ ယူသောက်တဲ့ ကော်ဖီပန်းကန် အအေးဖန်ခွက်တောင်မှ ဆေးဖို့နေနေသာသာ အပြင်တောင်ထုတ်တာ မဟုတ်တဲ့သူက ... ဟီ ဟီ"

ရွှေသွေးက ဖန်ခွက်တွေကို သေသေချာချာ ကျကျနန ဆေးနေရာက တဟီးဟီးရယ်မောသဘောကောင်းနေကာ—

"ဒါကတော့ နင် ဆေးနေတာဆိုရင်လည်း ငါက ဘယ်ကူပါ့မလဲ၊ အန်တီမို့လို့"

"အဲဒါကိုက ငါ့အမေကို နင် ဘာအကြံနဲ့ ဖားနေလဲမသိဘူး"

ရွှေသွေးက စိတ်ကောင်းဝင်နေချိန်ဖြစ်လျှင် အင်မတန်သဘောကောင်းတတ်တဲ့ သူ့ထုံးစံအတိုင်း မိပြုံး ပြောသမျှရယ်မောနေပါသည်။ သူ စိတ်ကောင်းမဝင်ချိန်ဆိုရင်တော့ အင်မတန်ထောင့်မကျိုးကာ ဆောင့်ကြွားကြွားနိုင်လှတဲ့ ရွှေသွေးဟာ စိတ်ကောင်းဝင်နေရင်တော့ အင်မတန် ခင်ဖို့ကောင်း ပေါင်းလို့ကောင်းသောသူပါ။

"ကဲ ... လာတော့၊ ကျန်တာတွေ ထားခဲ့တော့"





"ဟုတ်တယ် သား ... သွား သွား"

"ပြီးနေပါပြီ ... လာပါပြီဟ"

"ကလင် ... ကလင် ... ကလင်"

အိမ်ရှေ့က ဖုန်းမြည်သံနှင့်အတူ ...

"ဖုန်းလာနေတယ် ကိုင်လိုက်ရမလား"

"ရတယ်၊ ငါ လာကိုင်မယ်"

မိပြုံးက အိမ်ရှေ့ထွက်လာကာ ဖုန်းကောက်ကိုင်လိုက်ပါသည်။

"ဟယ်လို"

"ဝေဝေတို့ အိမ်ကပါလား"

"ဟုတ်ကဲ့ပါ၊ မမဝေတော့ မရှိတော့ပါဘူး၊ စင်ကာပူပြန်သွားပါပြီရှင့်"

"အခုပြောတာ ညီမလေး ပြုံးပြုံးမွန်လား"

"ဟုတ်ကဲ့ပါ"

"ညီမရေ ... အစ်မက မကလျာပါ"

"သြော် ... ဟုတ်ကဲ့ အစ်မ၊ မမကြီးက မမလတ် မင်္ဂလာဆောင်ပြီးတော့ နှစ်ရက်နေပြီးကတည်းက ပြန်သွားပါပြီ"

"အင်း ... ပြန်လောက်ပြီလို့တော့ ထင်တော့ထင်တယ်၊ ဒါပေမဲ့ ဘယ်သူပဲရှိရှိဆိုပြီး အစ်မ ဆက်လိုက်တာပါ"

"ဟုတ်ကဲ့ ... မကလျာ ပြောပါ"

"ညီမတို့က 'မ'နဲ့ ခင်ကြတယ် ဆိုလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မကလျာ၊ ခင်ပါတယ်"

"မ,ရဲ့ဘကြီး အိမ်ဖုန်းတွေ ဘာတွေ သိလား"

"ဟုတ်ကဲ့ မကလျာ သိပါတယ်၊ မကလျာ ဆက်မလို့လား မ,မှာ ဟန်းဖုန်း ရှိတယ်လေ၊ သူ့ဘကြီးအိမ်လည်း မ,က မနေဘူး အစ်မ"

"အဲဒါ တို့ သိပါတယ်၊ အခုက သူ့ဘကြီးအိမ်ဝဲ သူ့မှာ ဆွေမျိုးရှိတာ ကြားဖူးတော့ သူ ဆေးရုံတက်တာ အကြောင်း ကြားချင်လို့ပါ၊ တို့နဲ့လည်း အဲဒီအိမ်နဲ့မခင်တော့ ညီမတို့များ ဖုန်းဆက်အကြောင်းကြားပေးမလားလို့"

"ဟုတ်ကဲ့ ... ရပါတယ်၊ မ,ဆေးရုံတက်ရတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲဟင်၊ မမလတ် မင်္ဂလာဆောင်တုန်းကတော့ နေကောင်းတာပဲနော်"

"ဟုတ်တယ် ညီမ၊ မ,က အစ်မတို့ဆိုင်မှာ အလုပ်ဝင်နေတာ သိလား"

"ဟုတ် ... သိပါတယ်၊ မ,ပြောဖူးပါတယ်"

"မနေ့က အစ်မတို့ဆိုင် အပေါ်ထပ်က သူဆင်းလာရင်း လှေကားပေါ်ကချော်ပြီး လိမ့်ကျလို့လေ"

"ဟင် ... ဘာဖြစ်သွားလဲဟင် မကလျာ"

"သူ့ အဘော့ရှင်း ဖြစ်သွားတယ် ညီမရယ်"

"ရှင်"





"အေး ... ညီမတို့လည်း သူကိုယ်ဝန်ရှိနေတာ မသိဘူးလား"

"ဟင့်အင်း ... မသိဘူး အစ်မ၊ မ,ကလည်း မပြောဖူးဘူး"

"အေး ... တို့လည်း မသိဘူးလေ၊ သူ ဘာမှမပြောဖူးဘူး၊ အဲဒါ မနေ့က မနက်ပိုင်း အပေါ်ထပ်ကို ကိစ္စတစ်ခုနဲ့ သူ တက်ပြီး ပြန်အဆင်း လိမ့်ကျတယ်၊ မထနိုင်လို့ တော်တော်နဲ့တောင် မသိဘူး၊ နောက်မှ တို့ဆိုင်က ကောင်မလေးတစ်ယောက် အပေါ်ကဆင်းလာမှ တွေ့တာ၊ အဲဒီကျမှသိကြပြီး တွဲထူပြီး ဒပ်ဖရင်ကို အရေးပေါ်ပို့လိုက်ရတာ ညီမရယ်"

"ဟင် ... ဒုက္ခပါပဲ၊ ဖြစ်မှဖြစ်ရလေ"

"ဆေးရုံရောက်တော့ အရေးပေါ် အိုတီထဲသွင်းရတာပေါ့၊ ကိုယ်ဝန် ပျက်သွားတယ် ညီမရယ်"

"ဟယ် ... စိတ်မကောင်းလိုက်တာ အစ်မရယ်၊ အခုကော ဟင်"

"အခုအေးရုံမှာပဲလေ မဆင်းရသေးဘူး၊ ဘာပဲဖြစ်ဖြစ် သူ့အမျိုးအိမ်တော့ အကြောင်းကြားပေးရင် ကောင်းမှာပဲ ဆိုပြီး အစ်မလည်း သေချာမသိတော့ ညီမတို့ဆီ ဆက်ကြည့်တာ၊ အစ်မက မ,နဲ့ ဒီလောက်မတွဲတော့ ညီမတို့နဲ့ခင်သလောက် မခင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မကလျာ၊ ပြုံးတို့ အကြောင်းကြားလိုက်ပါ့မယ်၊ လှမ်းသတင်းပေးတာ ကျေးဇူးပါပဲ၊ ပြုံးတို့လည်း သွားလိုက်ပါ့မယ်"

"အေး ... အေး ... ဒါဆိုဒါပဲနော် ညီမလေး"

ပြုံးဖုန်းချလိုက်တော့ အားလုံး သူ့ကိုစူးစမ်းကြည့်နေကြပါသည်။ ပြုံးစကားထဲပါတဲ့ မကလျာ၊ မ,ဆိုတဲ့အမည်တွေကြောင့် ပြုံးအမေသာမက မင်းခန့်နှင့် ရွှေသွေးပါ စိတ်ဝင်တစား နားစွင့်နေကြပါသည်။

"ဘာတဲ့လဲ သမီး၊ မ,ဘာဖြစ်တာတဲ့လဲ"

"မေမေရယ်၊ မ, ဆေးရုံမှာတဲ့၊ မနေ့က လေ့ကျင့်ခန်းကနေ ချော်လဲကျတာတဲ့၊ ချက်ချင်း ဆေးရုံပို့လိုက်ရတယ်တဲ့ ဒပ်ဖရင်ကို"

ထမင်းစားခန်းနှင့် ဧည့်ခန်းအစပ်နား လက်သုတ်ရင်းရပ်နေတဲ့ ရွှေသွေးသည် မိပြုံးစကားကြောင့် အံ့အားတသင့်နှင့် ခန္ဓာကိုယ်ပင် တောင့်တင်းသွားရပါသည်။ မ,မနေ့က လေ့ကားကချော်လဲကျလို့ ဆေးရုံပို့ရတယ် ဆိုပါလား။

"ဒပ်ဖရင်ကို ဟုတ်လား၊ ဘာဖြစ်သွားလို့လဲ သမီး"

"မေမေ ... မ,လေ ... မ, အဘော့ရှင်း ဖြစ်သွားတယ်တဲ့"

ပြုံးမျက်နှာလေးက စိတ်မကောင်းခြင်းကြောင့် ငိုမလိုလေး ပျက်နေသည်။





"ဟင် ... အဘော့ရှင်း ! မ, ... မ,က ကိုယ်ဝန်ရှိနေတာလား"

"ဟုတ်တယ် မေမေ၊ ကိုယ်ဝန်ပျက်သွားတယ်တဲ့"

"ဟယ် ... ဖြစ်မှဖြစ်ရလေခြင်းဟယ်"

ရွှေသွေးသည် တစ်ကိုယ်လုံး အေးစက်သွားကာ ... ယောင်ချောက်ချား ခံစားလိုက်ရပြီး အနီးဆုံးကုလားထိုင်တစ်ခုမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ရပါသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၆

ထိုနေ့က မုန့်သွားစားကြပြီးတဲ့နောက် ကောင်မလေးနှစ်ယောက် ရှေ့ပင်ထွက်ချင်တဲ့နောက်ကို သူတို့အားလုံး အဖော်လိုက် အထုပ်ဆွဲပေးကြဖို့ အစီအစဉ်ကို ရွှေသွေးဖျက်ပစ်လိုက်ပါသည်။

"အားလုံး ဆောရီးကွာ၊ ငါ့ကို မေမေ ကိစ္စရှိလို့ ဖုန်းဆက်ခေါ်နေတယ်၊ ငါ ပြန်လိုက်တော့မယ်၊ ငါနည်းနည်းလည်း ပင်ပန်းလာပြီ"

မေမေက ခေါ်တယ်ဆိုတော့လည်း ဘယ်သူကမှ သူ့ကိုမထားကြတော့ပါ။ ပြီးတော့ ရွှေသွေးက အချိန်မရွေး မောပန်းတတ်ကာ ပင်ပန်းဒဏ် မခံနိုင်ဘူးဆိုတာလည်း ငယ်သူငယ်ချင်းတွေမို့ ကျန်းမာရေးအခြေအနေကို သိထားကြပြီးသားမို့ပင်။ ထွက်လာကတည်းက ကားကသုံးစီးပါတာမို့ သူပြန်ရင်လည်းပဲ ကျန်တဲ့နှစ်စီးနှင့် အဆင်ပြေပါသည်။ ရွှေသွေး ကားကိုမောင်း





ထွက်လာကာ ဘယ်သွားရမလဲမသိ။ အိမ်လည်းမပြန်ချင်။ နောက်ဆုံးတော့ ကားကို စိမ်းလန်းစိုပြေထဲ မောင်းဝင်ခဲ့ကာ စားသောက်ဆိုင်ရဲ့ ရေစပ်နံဘေးက စားပွဲတစ်လုံးမှာ ဝင်ထိုင်ပြီး စတော်ဘယ်ရီဖောစ်ခွက်မှာကာ မသောက်ဖြစ်ဘဲ တစ်ယောက်တည်း ငူငူကြီးထိုင်နေမိသည်။

ဒီနေ့ သွားစားဖြစ်တဲ့ ဆိုင်ဟာလည်း သူ့အကြိုက်အစားအစာတွေချည်းရှိတဲ့ဆိုင်။ သူ ဘာမှမစားနိုင်ခဲ့။ ရင်ဘတ်တစ်ခုလုံး ဘယ်လိုဖြစ်တယ် မသိဘဲ ဆို့ပြည့်နေခဲ့သည်။ မောကျပ်တာ သက်ပြင်းလုံးကြီးတွေ ရှိုက်ထုတ်လည်း ရင်ထဲရှိနေတာတွေက ပြေလျော့မသွားခဲ့။ ဆို့နစ် ပိတ်သိပ်ကျပ်တောက်ကာနေသည်။

"မ, ဆေးရုံမှာတဲ့၊ မနေ့က လှေကားက ချော်လဲကျတာတဲ့၊ ချက်ချင်း ဆေးရုံပို့လိုက်ရတယ်တဲ့ ဒပ်ဖရင်ကို"

"မ, အဘော့ရှင်း ဖြစ်သွားတယ်တဲ့၊ ကိုယ်ဝန်ပျက်သွားတယ်တဲ့"

မိပြုံး စကားသံတွေက သူ့နားထဲ အကြိမ်ကြိမ်အဖန်ဖန် ပဲ့တင်ထပ်နေသည်။ ဘယ်လိုဖြစ်မှန်းမသိဘဲ ရွှေသွေးရင်ထဲနာကျင်နေပါသည်။ နာကျင်နေသည် ဆိုတာထက် ပိုပြောခပြတတ်သော်လည်း တကယ်တော့ ဒီထက်ဆိုးပါသည်။ အလွန်ပဲစိတ်မကောင်းခြင်းကြီးစွာ ယူကျုံးမရ ရင်ကွဲပက်လက်ဖြစ်နေမိမှန်း သူ့ကိုယ်သူ သတိထားမိကာ သူ့ဘဝတစ်သက်တာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ တစ်ခါမှ မကြုံဘူးတဲ့ ဝမ်းနည်းမှုတစ်မျိုးကို နင့်နေအောင် ခံစားနေရပါသည်။

သူ ဘယ်လိုနေရပါ့မလဲ။ ဘယ်လိုမှ နေမရပါ။ သူ ဘာလုပ်ရပါ့မလဲ။ ဘာမှလဲ မလုပ်တတ်ပါ။ သူ့ဘဝမှာ ဘယ်တော့မှ ပြန်လည်ပြုပြင် ပြင်ဆင်လို့မရတော့တဲ့ အပြစ်တစ်ခုကို သူ ကျူးလွန်ခဲ့မိပြီ။ တစ်ဖက်သား "မ"ရဲ့ဘဝမှာ ဒီနစ်နာမှုက ပေါ်ပေါ်ထင်ထင် မြင်သာ ထင်သာရှိပေမယ့် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်တော့တဲ့ သူ့ဘဝရဲ့ဒဏ်ရာ အနာတရကိုတော့ ဘယ်သူမှမြင်သာနိုင်မှာ မဟုတ်ပါ။

ရွှေသွေး တစ်ယောက်တည်း အကြာကြီး ငေးမောငိုင်တွေ ထိုင်နေမိသည်မှာ အသက်ဝိညာဉ်ပင် ကင်းမဲ့နေသလိုနှယ်။ ပတ်ဝန်းကျင်ကိုလည်းမေ့လျော့၊ သူ့ကိုယ်သူကိုယ်လည်းမေ့လျော့။ နာရီအတော်ကြီးကြာမှ သူ သတိဝင်လာသည်။ ရွှေသွေးက မိဖြူးဖုန်းကို ခေါ်လိုက်ပါသည်။

"ဟဲ့ ... ရွှေသွေး ... ဘာလဲ"

"နင် ဘယ်မှာလဲ"

"ငါတို့ လမ်းမှာ"

"နင်တို့ ခုထိမပြန်ကြသေးဘူးလား၊ ဘယ်အထိဆက်ကြဦးမလို့လဲ"

"အောင်မယ် ... သူ့ကိစ္စနဲ့သူ ပြန်သွားရပြီး ဒီမှာ မနာလိုလာဖြစ်နေတယ်ပေ့ါ၊ ငါတို့ ဈေးဝယ်တာ ဘယ်လောက်





ကြာတတ်လဲ နင် မသိဘူးလား၊ ဒါတောင် အခုပြန်နေပါပြီဟ၊ နင် ဘာလုပ်မလို့လဲ လိုက်လာမလို့လား"

"နင် ဒီညနေ ဆေးရုံလူနာဆီလည်း သွားရဦးမယ် မဟုတ်လား"

"အေးလေ ... အဲဒါကြောင့် ခပ်မြန်မြန်ပြန်တာပေါ့၊ မေမေနဲ့ ငါနဲ့ သွားမှာလေ"

"အေး ... ပြီးရော"

"ဟင် ... နင် ဘာလို့ဆက်တာလဲ"

"ဘာမှမဟုတ်ဘူး၊ ဒီလိုပဲ အလကားဆက်လိုက်တာ၊ ဒါပဲ"

အဲဒီနောက်တော့ ရွှေသွေးက အိမ်ခဏပြန်လာပါသည်။ အိမ်ပြန်ရေချိုးမှဖြစ်မည်။ သူ့တစ်ကိုယ်လုံး ချွေးစေးတွေနှင့် စေးကပ်ညစ်နွမ်းနေသည်။ ခေါင်းတွေလည်း ကိုက်နေသည်။

သူ တစ်ချိန်လုံး စဉ်းစားနေမိသည်မှာ သူဘာလုပ်ရမလဲ။ သူ ဘာလုပ်ရင် ကောင်းမလဲ။ အခုကိစ္စဟာ သူ့တစ်သက်တာအတွင်းမှာ သူ့ကို အထိခိုက်ဆုံးသော အကြီးမားဆုံးသော အမည်းစွန်း အဖြစ်အပျက်ဖြစ်သည်။ ဘယ်သူ့ကိုမှလဲ သူ ဖွင့်မပြောရဲ။ မနေ့ကတည်းက ဒီအဖြစ်အပျက်ကို ဘယ်သူ့ကိုမှ သူ မပြောမိခဲ့ပါ။

သူ့အတွေးတစ်ခြမ်းမှာ မ, လေကားမှ လိမ့်ကျသွားတာကို ကောင်းတယ်၊ ဖြစ်ပစေလို့ ကျေနပ်အားရသလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် နောက်အတွေးတစ်ခြမ်းမှာတော့ သူ ပခုံးချင်းဖြတ်တိုက် လိုက်၍ မိန်းမတစ်ယောက် ဟန်ချက်ပျက်ကာ လှေကားမှလိမ့်ကျ သွားတာကို မဆွဲထူ မကူညီခဲ့ဘဲ ကျောခိုင်းပစ်ခဲ့တဲ့ လုပ်ရပ်ကို ယောကျာ်းတစ်ယောက်အနေနှင့် အပြစ်မကင်း ရှက်စိတ်မျိုးလည်း ရှိနေသေး၍ အရာရာ ဖွင့်ပြောဖြစ်နေကျ ကိုဖြိုးတို့ သူငယ်ချင်း တွေတို့ကိုတောင် ဘာတစ်လုံးမှ မပြောဖြစ်ခဲ့တာ ကြည့်ပါ လား။

"ဟား ... သေတောင် သေလိုက်ချင်တယ်ကွာ"

ရွှေသွေးသည် ရေချိုးပြီး မကြာခင် ကားနှင့်ပြန်ထွက် လာပါသည်။ အမျိုးသမီးဆေးရုံကြီးကို သူ တစ်ခါမှ မရောက်ဘူး ပါ။ အဆောက်အဦ တစ်ခုထဲ ဝင်ချသွားလိုက်ကာ စုံစမ်းရန် နေရာကိုရှာပြီး မနေ့ကမနက်ပိုင်းက ကိုယ်ဝန်ပျက်ကျပြီး ဆေးရုံ တက်တဲ့လူနာ "မ"ဆိုသော အချက်အလက်တွေနှင့်ပဲ စုံစမ်းသည်။

ချက်ချင်းပဲ "မ"ရှိတဲ့ ဝါ့ဒ်အခန်းတို့ကို သူသိလာ ပါသည်။ သူ ရှာဖွေတက်လာခဲ့ကာ ဟောလ်လို ခန်းမကြီးရဲ့တံခါး ပေါက်ထိပ်မှာ ခပ်ကွယ်ကွယ်ရပ်ရင်း အထဲကိုရှာဖွေသည်။ လူနာ ထမင်းပို့ချိန်ဖြစ်၍ ခန်းမထဲက ခုတင်တွေမှာ လူနာတွေရော ညှော်သည်တွေရော ရှုပ်ယှက်ခတ်နေသည်။ အဲဒီထဲမှာ ညှော်သည် မရှိသော ခုတင်တစ်ခုကို သူ ချက်ချင်းပဲ သတိပြုမိသွားပါသည်။

ထိုခုတင်ပေါ်မှာ မ,ကို မနေ့က အကျႌဝတ်စုံနှင့် လဲလျောင်းနေတာ လှမ်းမြင်လိုက်တဲ့တစ်ခဏ ရွှေသွေး ရင်ထဲ





ချင်ကျိန်းစပ်သွားပါသည်။ ဘာလုပ်နေပါလိမ့်၊ နေကောင်းရဲ့ သက်သာရဲ့လား၊ ညှော်သည်လည်း မတွေ့ပါလား၊ စားစရာ သူလာပို့မှာလဲ စသဖြင့်သော အတွေးတွေက သူ့ခေါင်းထဲ ဝင်လာသည်။

သူ ... သူ့ကိုယ်သူ ခါးခါးသီးသီးနှင့် မျက်ရည်ပင် လာပါသည်။ သူ မိန်းမတစ်ယောက်ရဲ့တန်ဖိုးအထားဆုံး သော အရာတစ်ခုကို ဖျက်ဆီးခဲ့မိသလိုဖြစ်ပြီ။ ပြီးတော့ မိန်းမက အားကိုးအားထား ခင်ပွန်းသည်လည်းမရှိဘဲ မကြာ ကွယ်လွန်ထားတဲ့ မုဆိုးမတစ်ယောက်။

တောက်။

ရွှေသွေး ... မင်း ... မင်း အတော်မိုက်ရိုင်းတာပါ ကွာ။

ရွှေသွေးသည် ရင်ထဲနာနာကျင်ကျင်နှင့် အခန်းထဲ လုံးဝမဝင်ရဲ ပြန်လည်းမပြန်ချင်ပဲ ခန်းမအပြင် စင်္ကြံမှာ ဒီ လျှောက်နေမိဆဲ ဆရာဝန်အခန်းထဲက ဂျူတီကုတ် နှင့် ဆရာဝန်မတစ်ယောက် ထွက်လာကာ ထိုဆရာဝန်မ သူနာပြုတစ်ယောက်က အပြေးတိုးကပ်ရင်း ...

"မမ ... ခုတင်'၃'က လူနာက ဆေးရုံကဆင်းချင်တယ် ပဲ ပြောနေပါတယ်"

"ဟို ... အဘော့ရှင်းပေးရှင့် မဟုတ်လား 'မ'ဆိုတာ"

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းလို့မရသေးဘူးဆိုတာ ဘယ်နှခါပြောရမလဲ၊ မနေ ကတည်းက တစ်ယောက်ပြီးတစ်ယောက် လွှတ်ပြေ ခိုင်း နေတာ၊ ဘယ်လိုမှ ဆင်းလို့မဖြစ်သေးပါဘူးဆို ကို၊ လူကဖြင့် ယဲ့ယဲ့ရယ်၊ သေချာတောင် လှုပ်နိုင် မဟုတ်ဘဲနဲ့၊ သူ့လူနာရှင် သွားခေါ်ခဲ့လိုက်လေ ပြော မယ်"

"ဟို ... လူနာရှင်လည်း မရှိဘူး မမ၊ ညွှံ့သည်လည် မလာဘူး၊ ကြည့်ရတာ ကိုယ်ခွဲမရှိတဲ့ တစ်ကောင်ကြွ ထင်တယ်"

"တစ်ကောင်ကြွက်ဖြစ်တာ မဖြစ်တာ လူခွဲရှိတာ မရှိ က သူ့ကိစ္စလေ၊ သူ့အခြေအနေ အနေအထားအရ ဆေး ကဆင်းခွင့်မပြုနိုင်တာက ဆေးရုံဘက်ကကိစ္စ၊ ဆင်းသွ ပြီး မဖြစ်သင့်တဲ့ပြဿနာတစ်ခုခုဖြစ်ရင် ဆေးရုံပဲနာမည် လာပျက်ဦးမယ်၊ ဆေးရုံပဲ အပြစ်ပြောခံရမှာလေ၊ ပြောလို နှစ်ရက် သုံးရက်တော့ နေဦးလို့"

"ပြောတော့ ပြောထားတာပဲ မမ"

"သွားထပ်ပြော၊ ခဏနေ ကျွန်မလာပြောပြမယ်၊ တက ပဲ လူနာတွေကလည်း သူတို့စိတ်နဲ့သူတို့ကိုယ်ပဲ၊ ကိုယ် အန္တရာယ်ကို မသိကြဘူး၊ စိတ်ရှုပ်တယ်"

အလုပ်များနေဟန်ရတဲ့ ဆရာဝန်မရဲ့စကားသံ ရွေသွေးအနားက ဝေးသွားပါသည်။ ရွှေသွေးသည် ဟိုဘက်လျှော





း ဒီဘက်လျှောက်လိုက် ဂနာမငြိမ်နိုင်အောင်ဖြစ်ကာ လက်ဖျား ခြေဖျားတွေ အေးစက်လာသည်။ သူဘာလုပ်ရပါ့။ မ,အတွက် ဘာလုပ်ပေးနိုင်ပါမည်နည်း။

စဉ်းစားလို့လည်းမရ။ မဆိုင်သလိုလည်း ဘယ်လိုမှ လိုက်နိုင်။ ဒီရုပ်ပျက်ဆင်းပျက် ဆိုးဝါးသော ကိစ္စရပ်ကြီး ခုလုံးဟာ သူ့ကြောင့် သူ့ပယောဂကြောင့် ဖြစ်ပွားခဲ့ရတယ် တော သူ့နဲ့ မ,သာ အသိဆုံး။ မ,ကလွဲရင် သူသာ သိနိုင်တဲ့ ့အဖြစ်။ နဖူးစပ်မှာ စို့ဥလာတဲ့ ချွေးစေးတို့ကို လက်ဖဝါး ဘက်လုံးနှင့် ပွတ်သုတ်လိုက်၊ ပြန်စိမ့်ထွက်လာလိုက်။

အား ... ရူးတော့မှာပဲ။

သူ ယောက်ယက်ခတ်နေတာ အချိန်တစ်ခုကြာလာ လျှင် စင်္ကြံကွေ့ချိုးလေးမှာ လူရိပ်တချို့ ဝင်ရောက်လာသည်။ လူစုထဲ မိပြုံးနှင့် မိပြုံးအမေ ပါဝင်တာမြင်လျှင် ရွှေသွေးက မန်းကတန်းပင် သူ့ကိုမမြင်ရနိုင်တဲ့ နေရာတစ်ခုသို့ ချိုးကွေ့ န်းကွယ် ရှောင်ရှားလိုက်ရပါသည်။

အခန်းကျယ်ထဲ မိပြုံးတို့ ဝင်သွားမှ သူ ခန်းမရဲ့ အပေါက်ဝနား ပြန်လာကာ ပုန်းကွယ်ရင်း ချောင်းကြည့်မိပြန်သည်။ ရဲ့ခုတင်နံဘေးမှာ မိပြုံးတို့သားအမိအပြင် နောက်ထပ်ညွှံ့သည် နှစ်ယောက်လောက်ပါ ရောက်နေတာမြင်သည်။

မ,မျက်နှာကိုသာ သူ လှမ်းငေးကြည့်နေမိဆဲ မျက်နှာ ကို လက်ဝါးလေးနှစ်ဖက်နှင့် အုပ်လိုက်ရင်း တစ်ချက် နှစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်လေး တသိမ့်သိမ့် တုန်သွားတာကို အမှတ်မထင်လှမ်းမြင်လိုက်ပါသည်။

ငိုတာ ...။ အဲဒါ သူမ ငိုနေတာ။

ရွှေသွေး ရင်ထဲပြောမပြတတ်အောင် နာကျင်လှပြီး ထိုနေရာမှ အရှူးတစ်ယောက်လို ပြေးထွက်လာမိပါသည်။

✦ ✦

"ဟယ်လို"

"မိပြုး"

"ဟယ် ... အေး ... ရွှေသွေး ဘာတုံး"

"နှင်အခု အိမ်မှာလား"

"အိမ်မှာပေါ့ ... ညကြီးမင်းကြီးဟာကို"

"ညနေက ဆေးရုံမှာ ... အင်း ... ဟို ... နှင် ဆေးရုံသွားသေးလား"

"မ,ဆီလား၊ အေး ... သွားတယ်၊ ဘာဖြစ်လို့လဲ ရွှေသွေး"

"သြော် ... မေးကြည့်တာပါ"

"နှင်လည်း အဲဒီ အစ်မကြီးကို သိတယ်မှလား၊ ရွှေအောင်ပြောဖူးတယ်၊ နှင်နဲ့ သိပ်မျက်နှာကြောမတည့်ဘူး ဆိုတာလေ၊ ဟဲ့ ... သူ့ကို ဟိုးတုန်းက ကိုဖြိုးက ကြိုက်ခဲ့တာဆို"

"အေး"





"ငါလည်း စိတ်မကောင်းလိုက်တာဟယ်၊ မ,ငိုနေတာကြည့်ပြီး ငါတောင် မျက်ရည်ကျသေးတယ်၊ သနားလွန်းလို့"

"အခြေအနေကတော့ ကောင်းတယ်လား ဘယ်လိုလဲ"

"ယောက်ျားဆုံးထားတာမှ နှစ်လမပြည့်သေးတာ၊ တစ်လခွဲလောက် ရှိသေးတာလေဟာ၊ စိတ်ထောင်းကိုယ်ကြေဖြစ်နေမှာပေါ့၊ စိတ်ရော ကိုယ်ပါ နဂိုအခံအား မကောင်းဘူးနေမှာပေါ့၊ သေလောက်တဲ့ရောဂါအဆောက်အအုံ မဟုတ်ပေမယ့် အားရစရာ မရှိသေးပါဘူးဟာ၊ ဒါတောင် မ,က ဆေးရုံက ဆင်းချင်နေသေးတယ်"

"သူက ဘာဖြစ်လို့ ဆေးရုံက ဆင်းချင်တာလဲ"

"သူက တစ်ယောက်တည်းသမားကိုး၊ အိမ်မှာလူခွဲတောင်မရှိတာ၊ သူ့ဆီထမင်းချိုင့်ပို့ဖို့တောင် လူမရှိတာ"

"ဟင် ... ဆွေမျိုးတွေရော"

"သူ့ဘကြီးမိသားစုတော့ ရှိပါတယ်၊ ဒါပေမဲ့ ဘကြီးရဲ့မိန်းမတို့ သူ့ရဲ့ဝမ်းကွဲတို့နဲ့လည်း ပြဿနာနည်းနည်းရှိထားတော့ မခေါ်တာ မဟုတ်ပေမယ့် အတွင်းထဲကမကြည်လင်ကြဘူးလေ၊ တော်တာက ဘကြီးဘက်က၊ အဒေါ်ဘက်ကဆိုရင်မှ လုပ်ကိုင်ပေးချင်ဦးမယ်၊ ဘကြီးဆိုတာကတော့ယောကျ်ားဆိုတော့ အောက်သက် ဘယ်သိပ်ကြေမလဲ၊ ပြီးတော့ သူ့ရာထူးရာခံနဲ့ သူ အလုပ်ခပ်များများလေ၊ သူ့မိန်းမကမှ စေတနာပါပါ အလိုက်သိသိ ထမင်းချိုင့်



www.burmeseclassic.com

www.burmeseclassic.com



မပို့ချင်ရင် ဘကြီးလုပ်တဲ့သူက ဘယ်လာဝင်စီစဉ်မှာလဲ၊ သူ အောက်သက်ကြေလို့ ပို့ပေးနိုင်းဦးတောင်မှ တကယ် ပို့ရမှာက အဒေါ်ပဲလေ၊ အဲဒီ အဒေါ်ကြည့်ရတာ ဟက်ဟက်ပက်ပက် ပို့ပေးချင်ပုံ စကားမခေါ်တာနဲ့ ငါပဲထမင်းချိုင့်ပို့ပေးဖို့ တာဝန်ယူခဲ့တယ် ...

အိမ်မှာလည်း ဒရိုင်ဘာရှိတာပဲဟာ၊ မ,တစ်ယောက်စာပို့ရတာ ဘာမှလဲ ကုန်တာခန်းတာ အပန်းကြီးတာမဟုတ်ဘူး၊ နက်ဖြန်မနက်ကစပြီး ငါတို့ ထမင်းပို့ပေးမယ်လေ"

"နေ့တိုင်းလား"

"အင်း ... ဆေးရုံကဆင်းတဲ့ထိ ပို့မယ်လို့ မ,ကိုပြောခဲ့တယ်၊ ဘာပဲဖြစ်ဖြစ် အာဟာရပြည့်အောင်စားဖို့လိုတယ်၊ ဒီညနေလည်း မကလျာဆိုင်က ကောင်မလေးနှစ်ယောက် လာပို့ပါတယ်၊ မြူစွမ်ပြုတ်။ အပူနဲ့ဆိုတော့ မြူစွမ်တွေက ပျော့ပြဲနေပြီလေ၊ လူမမာမပြောနဲ့ လူကောင်းတောင်မျိုမချင်ဘူး"

"ကိုယ်ဝန်ကတော့ တကယ်ပျက်သွားတာပေါ့နော်"

"တကယ်ပျက်တာပေါ့ဟဲ့၊ အလကားပျက်တယ်လို့ ရှိလို့လား"

"မဟုတ်ဘူးလေဟာ၊ သတင်းများ မှန်ရဲ့လားလို့ပါ"

"မှန်တယ်လေ နင်ကလည်း၊ တကယ်ပျက်သွားတာလေ"

"ဟို ... သူ ဘာပြောသေးလဲ"





"ဘာကိုလဲ"

"ဘယ်လိုဖြစ်ပြီး ခုလိုဖြစ်ရတာလဲ ဆိုတာလေ"

"လှေကားက ချော်လိမ့်ကျတာလေ"

"အင်းလေ ... အဲဒါ ဘယ်လိုချော်လိမ့်ကျတာလဲ၊ နင်မမေးကြည့်ဘူးလား"

"မေးကြည့်ပါတယ်၊ သူ အပေါ်ကဆင်းလာတာတဲ့ အဲဒီလှေကားတစ်ဝက်မှာ သူ မူးပြီးချွေးစေးတွေ ပြန်လာတာ ဆက်မဆင်းနိုင်ဘူးတဲ့၊ ကိုယ်ဝန်နဲ့ဆိုတော့ ဒီရက်ပိုင်း အဲလိုပဲ မူးခနဲ မိုက်ခနဲဖြစ်လိုက် အန်လိုက် ချွေးစေးပြန်ပြီး ကတုန်ကယင်ဖြစ်လိုက် မကြာခဏဖြစ်နေတာတဲ့၊ သူ မူးပြီး ဆက်မဆင်းနိုင်ဘဲ ခဏရပ်နေတာတဲ့၊ နံရံကိုတစ်ဖက်၊ လှေကားလက်ရန်းကိုတစ်ဖက် အားပြုပြီးကိုင်ထားတုန်း လှေကားလက်ရန်းကိုင်ထားတဲ့လက်က မတော်တဆ ပြုတ်ထွက်သွားတော့ မဟန်နိုင်တော့ဘဲ မူးမိုက်ပြီး ပြုတ်ကျသွားတာတဲ့ဟယ်"

ရွှေသွေးသည် စကားမဆက်နိုင် မေးခွန်းထပ်မထုတ် တော့ဘဲ အသံတိတ် ကြေကွဲရှုတ်ဆိတ်မိလေသည်။ ဘာမှကို ပြောနိုင်။ ခန္ဓာကိုယ်က အေးစက်၍ ခန္ဓာကိုယ်အတွင်းထဲမှာက ယ်ကလာလောင်မြိုက်မှန်း မသိနိုင်သော မီးတို့နှင့် ပူပြင်းနေလေ ည်။ ရင်ဘတ်ထဲကလည်း မွန်းကျပ်ကျပ်နှင့် ဆွဲဆုပ်ထားသလို ဒနာတစ်ခု ခံစားလာရပါသည်။ သူ သိသည်။ သူ နေမကောင်း ပါ။

www.burmeseclassic.com



“ဟဲ့ ... ရွှေသွေး”

“.........”

“နင်က ဘာလို့ မ,အကြောင်း စိတ်ဝင်တစားမေးနေတာ လဲ”

“.........”

“နင်နော် ... မမလတ် မင်္ဂလာဆောင်နေ့ကလည်း နင် မ ကို ရှုံ့စင်အောင် လုပ်လိုက်သေးတယ်ဆို၊ ငါ့ကို ဒီနေ့ပဲ ရွှေအောင် ပြောပြတယ်၊ အလကားနေရင်း နင်မိန်းမတစ် ယောက်ကို လိုက်ရန်ရှာမနေနဲ့၊ အထူးသဖြင့် မ,ကိုမလုပ် ပါနဲ့ဟာ၊ မ,က အရမ်းသနားဖို့ ကောင်းပါတယ်၊ မ အကြောင်း နင်မသိလို့ပါ ရွှေသွေးရာ၊ မ,က တကယ့်အထီး ကျန်တစ်ကောင်ကြွက်ပါ”

မလုပ်တော့ပါဘူး။ ငါ ဘယ်တော့မှ မ,ကို ဘာမှ မလုပ်တော့ပါဘူး။ တစ်သက်လုံး မလုပ်တော့ပါဘူး။ အခုတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအပြစ်ပေးရမှန်း မသိအောင် ဖြစ်နေတာ ပါ။

“မ,က ကြည့်လိုက်ရင် မာကျောကျောလိုလိုနဲ့ အရမ်း သနားစရာကောင်းတာပါ၊ မမကြီးနဲ့ ငယ်ငယ်ကတည်းက ပေါင်းလာတာလေ၊ မ,က စိတ်နှလုံးနူးညံ့ပြီး သဘော ကောင်းပါတယ်၊ သူ့မျက်နှာကြည့်ရင် အဲလိုမထင်ရ မယ့် မ,က အေးအေးချမ်းချမ်းလေးပါ”





“.........”

“ဟဲ့ ... ရွှေသွေး ... နေပါဦး၊ နင် ငါ့ဆီဖုန်းဆက်တာ ဘာကိစ္စလဲ”

“ဘာမှမဟုတ်ပါဘူး၊ ငါ ပျင်းလို့ဆက်လိုက်တာပါ”

“ပျင်းလို့ ! ပျင်းရင် ဟိုကောင်တွေဆီ မဆက်ဘဲ ဘာဖြစ် လို့ ငါ့ဆီဆက်တာလဲ”

“ဘာရယ်မဟုတ်ပါဘူး”

“နင် ... မ,အကြောင်း သိချင်တာ မဟုတ်လား”

“.........”

“မ,တကယ် မဖြစ်ဘဲ မူယာမာယာ များနေတယ်များ နင် ထင်နေတာလား၊ ရွှေသွေးနော် ... နင် နောက်ထပ် မ,ကို လိုက်ရန်စနေရင်တော့ နင်နဲ့ ငါနဲ့ တွေ့မယ်”

“မရှာပါဘူးဟာ၊ ဘာရှာစရာရှိလဲ၊ ခုလည်း သူကအရမ်း သနားစရာကောင်းနေတာ”

“အေး ... နင်ဒီလို အမြင်မှန်ရရင်ပြီးရော၊ အမြင်မှန်ရရင် ငါ့ကို တစ်ခုကူညီပေး”

“ဘာလဲ ... ပြော”

“နင့်ဦးအောင်က ဆောက်လုပ်ရေးကန်ထရိုက် အလုပ်လည်း လုပ်နေတယ်ဆိုလို့ ပတ်ဝန်းကျင်မှာ နီးစပ်မလားလို့လေ၊ မ, ဆေးရုံကဆင်းရင် တိုက်ခန်းတစ်ခန်း ကမန်းကတန်း ငှားချင်နေတယ်၊ အခု သူနေတဲ့အခန်းက အပ်ရတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ရိုးရိုး ဈေးသက်သာတဲ့ ကန်ထရိုက်တိုက်ခန်းတစ်ခန်း မ,ကို တစ်ပတ်အတွင်းလောက် ရှာပေးနိုင်မလား"

"အင်း ... ရတယ်၊ နက်ဖြန်ရအောင် ငါရှာပေးနိုင်တယ်"

"ဟင်"

✦ ✦





## ၇

ပေါ်တီကိုအောက်က ရွှေသွေးကားကို မိပြုံးက အပြေး …က်ကြည့်ရင်း ...

"ဟဲ့ ... ရွှေသွေး၊ ဘာလဲ"

ရွှေသွေးက ကားပေါ်ကဆင်းကာ ကားနံ့သားရပ် …င်း လက်ဖဝါးချင်း ပွတ်နေမိပါသည်။ ဘယ်လိုပြောရင်ကောင်း …လဲ။ တစ်မျိုးကြီးတော့ ဖြစ်နေသည်။

"ဟဲ့ ... နင် ဘာဖြစ်နေလဲ ရွှေသွေး"

"ဘာမှမဖြစ်ပါဘူး၊ ဒီမှာ ငါချိုင့်ယူလာတယ်"

"ချိုင့် ! ဘာချိုင့်လဲ"

"ထမင်းချိုင့်"

"ဘာထမင်းချိုင့်လဲ"

ရွှေသွေးသည် စိတ်အားတင်းပြီး နောက်ခန်းတံခါး …ဲ့ဖွင့်ကာ ခုံရှေ့ဘက်မှာ နေရာကျအောင် မလှုပ်အောင် ချထား …သာ စတီးငါးဆင့်ချိုင့်ကြီးကို ဆွဲထုတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ ... အဲဒါ"

"ထမင်းချိုင့်ပါဆိုမှ ထမင်းဟင်းတွေပေါ့ဟာ"

"အေးလေ ... ဘာအတွက်လဲ"

"ဟို ... ဩော် ... မနေ့က နင်ပြောတာလေ၊ ဆေးရုံက လူနာကို နင်တို့ထမင်းချိုင့်ပို့ပေးမယ်ဆိုတာ"

"ဩော် ... အင်းလေ၊ အခု စောသေးတယ်လေ၊ ဟင်းတွေကတော့ ကျက်နေပါပြီ၊ နေပါဦး၊ ငါတို့ မ,ဆီထမင်းချိုင့်ပို့မှာကို နင်က ဘာအတွက် ဒါတွေယူလာတာလဲ၊ နင့်ကို ငါက ပို့ခိုင်းမိလို့လား၊ နင် ဘာလုပ်ဖို့ ယူလာတာလဲ"

ရွှေသွေးက မျက်ခုံးတွန့်ကာ စဉ်းစားနေပြီးမှ ...

"ဩော် ... ဟိုဒင်းဟ၊ ငါတို့အိမ်မှာ ဒီနေ့ ဘုန်းကြီးကျောင်းကို ဆွမ်းဟင်းချိုင့် ပို့မယ်ဆိုပြီး ဟင်းတွေချက်ထားလိုက်တာတစ်ပုံကြီးပဲ၊ ခုပဲ ဆွမ်းချိုင့်ပို့ပြီးတော့ ဟင်းတွေက အများကြီး ပိုနေတာ၊ အလကားပိုနေတဲ့တူတူဆိုပြီး ငါက ဟိုဆေးရုံလူနာကို သတိရတာနဲ့ နင့်ဆီထည့်ယူလာပေးတာပါ"

"ဩော် ... အဲလိုလား၊ အဲဒါဆို ကောင်းတာပေါ့ဟဲ့၊ ပေး ... ငါ့ကို၊ ဘာဟင်းတွေလဲဟေ၊ ကြည့်ရအောင်၊ ဘုရားရေ ... ချိုင့်ကြီးကလေးလိုက်တာ"





ခပ်အေးအေး လှမ်းဆွဲယူလိုက်သော မိပြုံးက လေးခဲဖြစ်သွားတာကြောင့် အံ့အားတသင့် ဖြစ်သွားပါသည်။ သူတို့ မင်းစားခန်းထဲ ယူသွားကာ ချိုင့်ကြီးကို တစ်ဆင့်ပြီးတစ်ဆင့် င့်ကာ အံတွေဖြုတ်ချရင်း ...

"ဟယ် ... ကြက်သားရိုးစုံ၊ ဟယ် ... ငါးကြင်းကြော်နှပ်လား ... ဟုတ်လား၊ ဟင် ... ငါက ပုစွန်တုပ်တွေ၊ ဒါက ဘာလဲ"

"ဒါက ... ဟိုဟာ ... ဝက်သားနဲ့ ဘဲဥပေါင်းထားတာ"

"ဟင် ... ပျံလန်ထွက်နေပါလား နင့်ဟင်းတွေက၊ နေပါဦး နင် ဆေးရုံက သူတို့ဟောလ်တစ်ခုလုံးကို လှူမှာလား၊ ဒီလောက်များရအောင်"

"မဟုတ်ပါဘူးဟာ၊ နင်ပဲ သင့်တော်သလို ချိုင့်ပြောင်းလှယ်ထည့်သွားလေ၊ ကျန်တာတော့ နင်တို့အိမ်လည်း စားလို့ရတာပဲလေ"

"ဒါဆိုလည်း ပြီးတာပဲ၊ အိမ်မှာ မေမေကလည်း ကြက်သားပြုတ်ကြော်နဲ့ ငါးကျည်းလေးတွေ ကြော်ပေးထားတယ်၊ နင့်ကြက်သားရိုးစုံရယ်၊ ငါးကြင်းကြော်နှပ်ရယ်ကို ငါခွဲပြီး သိမ်းထားလိုက်မယ် ဖရီဇာထဲမှာ၊ နက်ဖြန်မှ ပို့မယ်လေ"

"နက်ဖြန် ကောင်းပါ့မလား"

"ကောင်းပါတယ်၊ ဆီပြန်ဟင်းတွေလည်း မဟုတ်ဘူးလေ၊ ပုစွန်တုပ်နဲ့ ဝက်သားပေါင်း ဒီနေ့ ထည့်ယူသွားပေးလိုက်မယ်၊ အမယ်လေး ... မွှေးကြိုင်နေတာပဲ၊ ကျေးဇူးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဆေးရုံသွားရင် ငါ လိုက်ပို့ပေးလို့ရတယ် သိလား"

မိပြုံးက ရွှေသွေးကို အူကြောင်ကြောင်လေး လှည့်ကြည့်ရင်း ...

"ရွှေသွေး ... နင် ဒီနေ့ ဘာဖြစ်လို့ ဒီလောက်တောင် အရမ်းသဘောကောင်းနေတာလဲ၊ နင် ငါ့အပေါ် တစ်ခုခု များ မကောင်းကြံထားတာလား၊ ငါ့ကို တစ်ခုခု မကောင်း ကြံ ချောက်တွန်းထားပြီးမှ နင့်အပြစ်ကြေအောင် လာသင် ပုန်းချေနေတာလား"

"မဟုတ်ပါဘူး၊ ငါလည်း အားနေလို့ပါ၊ ဩော် ...ပြီးတော့ နင့်ကို ဆေးရုံကအပြန်ကျ တိုက်ခန်းလည်း ဝင်ပြလို့ရတယ် လေ၊ အဲလိုတွေးမိလို့ပါ၊ ငါမနက်က ဦးအောင်ကို ပြော ခဲ့ပြီးပြီ၊ လှည်းတန်းမှာ ပြီးခါစကန်ထရိုက်တိုက် အသစ် တစ်လုံးရှိတယ်၊ ဦးအောင်ပိုင်တဲ့ တစ်ခြမ်းလုံး လူမနေရ သေးဘူး၊ မရောင်း မငှားရသေးဘူး၊ ကြိုက်တဲ့အခန်း နင် သူ့အတွက် ငှားပေးလိုက်"

"ဟဲ့ ... မ,က အရမ်းမတတ်နိုင်ဘူးနော်၊ သူက အလွန်ဆုံး တစ်သိန်းတန်လောက်ပဲ ရှာနိုင်းတာဟ၊ သူပြောတဲ့ဈေးနဲ့ က ခြောက်လွှာလောက်ပဲ ငှားလို့ရမှာလေ၊ ဒါတောင် တိုက်ကောင်းကောင်းမှာ ဘယ်ရမလဲ၊ နင့်ဦးအောင် ဆောက် တဲ့တိုက်တွေက ငါသိသလောက် ဈေးကြီးတဲ့အခန်းမျိုးတွေ ငှားဈေးလည်း ကြီးမှာလေ၊ ဦးအောင်က ဘယ်လောက် တဲ့လဲ"





"ဦးအောင်က ဘာမှမပြောဘူး၊ ဘာမှလဲ မသိဘူး၊ ငါက ဒုက္ခရောက်နေတဲ့ သူငယ်ချင်းတစ်ယောက်ကို ငှားပေးချင် လို့လို့ပြောတော့ ကြိုက်တဲ့အခန်း ကြိုက်သလို ငါကြည့်သုံး တဲ့၊ သူက ဒီတိုက်တစ်ခြမ်းစာလုံးကို တစ်နှစ်အတွင်းတော့ လုံးဝမရောင်းသေးဘူးတဲ့"

"ဩော် ... ဒါဆိုလည်း အဆင်ပြေလိုက်တာဟယ်၊ အေး ... ဒါဖြင့် ပြီးရင် ဆေးရုံကအပြန် ငါအရင်ဝင်ကြည့်ဦးမယ် လေ"

ရွှေသွေးက ကျေကျေနပ်နပ်နပ် ခေါင်းညိတ်လိုက်သည်။

"မ, အခုနေတဲ့အခန်းက ဈေးကြီးလို့ မ,က ဝိတ်လျှော့တဲ့ အနေနဲ့ ပြောင်းမှာဟ သနားပါတယ်ဟာ၊ သူ့မှာပိုက်ဆံ လည်းမရှိရှာဘူး၊ အခု သူ့ယောကျ်ား သင်္ဘောမှာဆုံးတော့ လည်း သင်္ဘောကုမ္ပဏီက လျော်ကြေးပေးပါတယ်၊ ဒါပေမဲ့ မ,မရဘူး၊ သူ့ယောကျ်ားက ဟိုးအရင်ကတည်းက သူနဲ့ ပတ်သက်တဲ့ ခံစားခွင့်ကို သူ့အမေနာမည်နဲ့ပဲ လွှဲထား တာ"

ရွှေသွေးသည် ဘာပြောရမှန်း မသိအောင်ပင် နှုတ် ဆိတ်နေမိသည်။ ဒီလိုကုသိုလ်ကံမကောင်းလှတဲ့ မိန်းမတစ်ယောက် ...မှ ကံအဆိုးဆုံး အခြေအနေတစ်ခုရောက်အောင် သူက အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တရားခံအဖြစ်နှင့် ပို့မိသည်။ ခုမှတော့ စိတ်မကောင်းဖြစ်နေ နောင်တရနေရုံအပြင် သူ ဘာမှမတတ်နိုင်တော့ပါ။ ပြင်ဆင်လို့ ရတဲ့ အခြေအနေမျိုးလည်း မဟုတ်ဘဲ။

ဆေးရုံထမင်းပို့ချိန်မှာ ရွှေသွေးနှင့် မိပြုံး ဆေးရုံ အတူလာခဲ့ပါသည်။ ဆေးရုံရောက်လျှင် မိပြုံးက ထမင်းချိုင့်နှင့် ကားပေါ်ကဆင်းရင်း ...

"နင် မလိုက်တော့ဘူးလား"

"ဟင့်အင်း ... ငါ့ကိုတွေ့ရင် သူ စိတ်အနှောင့်အယှက် ဖြစ်ရုံပဲရှိတာ"

"နည်းနည်းမျက်နှာကြောမတည့်ခဲ့တာလေးပဲဟာ၊ နင်လိုက် လာရင် နင့်ကို ငါ့သူငယ်ချင်းမှန်းလည်း သိသွားမှာပဲဟာ ငါ မိတ်ဆက်ပေးမယ်လေ၊ နောက်လည်း ပြေလည်သွား တာပေါ့"

ရွှေသွေးက ပြုံးရင်းခေါင်းယမ်းလိုက်ပါသည်။ ပြေ လည်ဖို့ဆိုတာ အလွယ်တကူ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူး သူ့အသက်နဲ့လဲပြီး ကြိုးစားပမ်းစား တောင်းပန်ဝန်ချရင်တောင်မှ မ,ခွင့်လွှတ်မယ်လို့ တစ်ထစ်ချ မပြောနိုင်ပါဘူး။

"အိမ်ခန်းရပြီ ဆိုတာ ပြောခဲ့ဦး၊ ငါ့ကိုထည့်မပြောနဲ့၊ နင့် မိတ်ဆွေအခန်းလို့သာ ပြောလိုက်၊ ဒီဟင်းတွေအကြောင်းက အစ ငါနဲ့ပတ်သက်တာတွေ ဘာမှမပြောနဲ့"





မိပြုံးက သူ့ကို နားမလည်သလိုကြည့်ရင်း ...

"ဟဲ့ ... မပြောလို့ရမလား၊ ဟင်းတွေက ကိစ္စမရှိပါဘူး၊ နင့်အခန်းကို သူ ငှားမယ်ဆိုရင် နင်နဲ့သူတွေ့ပြီး စာချုပ် ချုပ်ရမှာပဲလေ၊ နင့် ဦးအောင်က အိမ်ငှားစာချုပ်ကိစ္စလောက် လေး၊ သူ ဘယ်လာချုပ်ပါ့မလဲ"

"အဲဒါလည်း ရပါတယ်၊ နင်နဲ့ပဲလုပ်ပါ၊ ငါ နင့်ကို ဒီအိမ် ခန်းငှားရမ်းဖို့ကိစ္စ စပါယ်ရှယ်ပါဝါလွှဲတဲ့စာရွက် ဒီနေ့ပဲ လိုက်လုပ်လိုက်မယ်၊ နက်ဖြန် နင့်လက်ထဲရမယ်၊ နင်နဲ့ပဲ စာချုပ်ချုပ်၊ နင်ပဲ ငွေလက်ခံ၊ နင့်မိတ်ဆွေက ခရီးသွား နေတယ် အဲဒါပဲ မ,ကို ပေးသိ၊ နားလည်တယ်နော်"

မိပြုံးက ရွှေသွေးကို နားမလည်သလို ကြည့်နေပါ သည်။

"ဘာမှကြည့်မနေနဲ့ ... သွားတော့"

မိပြုံးက ကျေနပ်ပုံမရသော်လည်း ဘာမှထပ်မပြော။ ထမင်းချိုင့်နှင့် မိပြုံး ဆေးရုံပေါ်တက်သွားပြီး ခဏကြာမှ ရွှေသွေး ကားတက်လာပါသည်။ ခန်းမထိပ်က တံခါးပေါက်မှာကွယ်ရပ် မ,ထံလှမ်းကြည့်မိသည်။

မ, အကျီလဲထားပြီ။ အဖြူရောင်အကျီလေးနှင့် ပြာနုရောင်အပွင့် လုံချည်လေးနှင့် မ,ပုံစံလေးက ဖျော့တော့နေ သည်။ ဆံပင်တွေကို နောက်မှာစုချည်ပြီး ဆံပင်စည်းတဲ့ကွင်းက နင့်ပဲ ပတ္တူထုံးထား၍ လည်တိုင်လေးရှင်းကာ အရင်ကထက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရင့်တဲ့ရုပ် ဖြစ်နေပါသည်။ အပြင်ဆင် အခြယ်အသလည်း ဘာမှမပါ၍ မျက်နှာက ရှင်းပြောင်ကာ နွမ်းနယ်နေသည်။

တစ်ရက် နှစ်ရက်အတွင်းမှာပဲ ပိန်သွားလိုက်တာ၊ ချောင်နေတဲ့မျက်နှာကလေးက ဆုတ်နစ်သော ခံစားမှုနှင့် ဝေးရီး မိပြုံးကို ဖျော့တော့သော အပြုံးလေးနှင့်ကြည့်ကာ မိပြုံးလက် လေးကို ဆုပ်ကိုင်စကားပြောနေတဲ့ မျက်ဝန်းများ၌ ချစ်ခင်နှစ် အားကိုးခြင်း ကျေးဇူးတင်ခြင်းတို့ အရောင်လဲ့နေပါသည်။

ထို့နောက်တော့ ပြုံး ယူလာတဲ့ ထမင်းချိုင့်ကို ပြီး ဖြည်းဖြည်းကလေး စိတ်မပါလှစွာ စားနေရင်း မျက်ဝန်းမျ ၌ မျက်ရည်ကြည်ရစ်အိုင်နေတာကို အဝေးကြီးကပင် မြင်သ သည်။ လှုပ်ရှားနေတဲ့ မ,ရဲ့နှုတ်ခမ်းဖြူဖျော့ဖျော့များကို သူစိုး ကြည့်ငေးမောနေမိသည်။

✦ ❦ ✦

ရွှေသွေးက စာရွက်ပိုင်းလေးမှာ ဆော့ဖ်ပင်အနီ နှင့် ထင်းထင်းရေးချလိုက်သည်။

"ဆန်ပုံး"

ထိုစာရွက်ပိုင်းလေးကို အဖုံးပါတဲ့ ပလတ်စတစ် အဝါကလေးမှာ Tape နှင့်ကပ်လိုက်ပါသည်။ မီးဖိုခန်းရဲ့ထော တစ်နေရာမှာ 12 Kg ဆန်အိတ်ငယ် ထည့်ထားသော ပလတ်





ဆန်ပုံးလေးကို နေရာချထားလိုက်ကာ အခန်းလေးကို သူ ပတ်ကြည့်လိုက်သည်။ နံရံကပ်ဗီရိုအမြင့်လေးမှာ မှန်ဆလိုက် လေးတွေ၊ တွန်းဖွင့်လိုက်လျှင် အထဲမှာ ခေါက်ဆွဲခြောက် များ၊ ဆီဘူး၊ ကြက်သွန်နီ ကြက်သွန်ဖြူ ဆန်ကာလေးတွေ နှင့် နို့ဆီ သကြား ကော်ဖီမစ်စ်ထုပ် Instent ကော်ဖီမှုန့်ပုလင်း တင်းပုလင်း စသဖြင့် ခေါင်းထဲပေါ်လာရာ အသင့်သုံးလို့ ရှိုင်ဒွယ်ရာတွေ အကုန်ဖြည့်တင်းထားပါသည်။

မနက်ဖြန် မ,ဆေးရုံကဆင်းပြီ။

အရင်အိမ်ခန်းက ပရိဘောဂအသုံးအဆောင်တွေကို ည်း မိပြုံးကပင် တာဝန်ယူ၍ ရွှေသွေးတို့အုပ်စု အကူအညီနှင့် ပြောင်းပေးထားပြီးပြီ။ မ,ရဲ့အဝတ်အစား အသုံးအဆောင်လို ည်းတွေကိုတော့ မိပြုံးနှင့် မိပြုံးတို့အိမ်က ကောင်မလေးတွေ ပြောင်းနေရာချကြပါသည်။

မ,ရဲ့ရေခဲသေတ္တာထဲမှာ နွားနို့ဘူး၊ ကြက်ဥကစ,ပြီး အပ်တာတွေ သောက်ရေသန့်ဘူးကအစ ရွှေသွေး ဒီနေ့ လာ ထည့်ထားသည်။ ဒီအိမ်ခန်းရဲ့ ရေ မီးကိစ္စအဝဝကိုလည်း ချရအောင် သေချာစစ်ဆေးထားပေးပြီးပြီ။ ဆေးရုံကဆင်းလာ မ,အိမ်ခန်းကလေးကို အသင့်တက်လာရုံပါပဲ။

နဂိုက အခန်းပြင်ထားတာလောက်ကလွဲရင် တိုက် သစ်မို့ ဘာမှမတပ်ဆင်ရသေးတဲ့ ဒီအိမ်မှာ မ,အိပ်ခန်းကို Air con တစ်ကောင်ခွဲအား အသစ်တစ်လုံးလည်း ဝယ်တပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားပေးလိုက်ကာ မီးအားမြှင့်စက်ကအစ ဦးအောင်ရဲ့မီးသ
တွေနှင့် အဆင်တသင့် အားလုံးစီစဉ်တပ်ဆင်ပေးလိုက်ပြီ။

အားလုံးဟာ မ,ရဲ့အရင်အိမ်ထောင်ပရိဘောဂတွေ
လွဲရင် အသစ်လေးတွေ။ မ,ရဲ့အိမ်ထောင်ပရိဘောဂတွေဆိုတာ
လည်း အိမ်ထောင်သက် ဘာမှမရှိသေးတော့ အသစ်တွေအတိုင်း
ပါပင်။ ဤအိမ်ခန်းကလေးဟာ ဆေးရုံကဆင်းလာမည့် လူမ
တစ်ယောက်အတွက် နွေးထွေးချမ်းမြေ့မှုအပြည့် ရနိုင်ကောင်းပါရဲ့

ဘာတစ်ခုမှ လိုလေသေးမရှိဘူးဆိုတာ စိတ်ချ
ရွေသွေးက အခန်းလေးကိုပိတ်ပြီး ပြန်ခဲ့ပါသည်။ မိပြုံးထံ မ,
ပေးဖို့ သော့နှစ်စုံပေးထားပြီးပေမယ့် သူ့ဆီမှာ တစ်စုံကျန်နေသေး
တာပါ။

အခန်းလေးကို တံခါးသော့ခတ်ပြီး သူ ပြန်ခဲ့သော
အခါ သူ့ရင်ထဲက တစ်စုံတစ်ရာသည် အခန်းထဲမှာ ကျကျန်
သလို ဟာတာတာ ဖြစ်သွားရတာ ဘာကြောင့်ပါလိမ့်။ သေချာ
သည်။ တစ်ခုခုတော့ ကျန်ရစ်ခဲ့ပါပြီ။

အဲဒါဟာ ဘာလဲဆိုတာတော့ သူ မဖြေတတ်
ခုရက်တွေအတွင်း ဘာအကြောင်းနဲ့ပဲ ဆက်နွယ် ဆက်နွယ် မ,
ကိုလှမ်းပြီး ဆက်စပ်သတိရတွေးမိကာ သူ့ခေါင်းထဲမှာ မ,အကြောင်း
သာ ရှိနေတာကိုတော့ သူ သေသေချာချာသိနေသည်။ ဒါကို သူ
ဘယ်သူ့ကိုမှလဲ ပြောမပြ။ သူ့ကိုယ်သူပင် အံ့အားသင့်နေသေး
တာမို့ နောက်တစ်ယောက်ထံ ရင်ဖွင့်ဖို့လည်း မဖြစ်နိုင်ပါ။





နေ့တိုင်း ဆေးရုံကိုရောက်ကာ အခန်းဝကနေပုန်းလျှိုး
ကွယ်လျှိုးနှင့် မ,ရဲ့ခုတင်နေရာကို ခိုးပြီးသွားချောင်းကြည့်မိတဲ့
အကြောင်းကိုရော၊ မ,အတွက် သူ ဘာတွေစဉ်းစားပေးနေမိတယ်
ဆိုတာရော၊ မ,အပေါ် သူ ကြီးလေးခဲ့တဲ့ ပြစ်မှုအတွက် တစ်မိနစ်
မျှ လျော့ရှင်နိုင်အောင် သူ ဝမ်းနည်းကြေကွဲနေမိတယ် ဆိုတာ
ကို သူ ဘာကိုမှ ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့ပါ။

✦ ✦

ဆေးရုံကဆင်းလာတာ မိပြုံးနှင့်ပင်။ မ,ရဲ့ညီမဝမ်းကွဲ
ထမင်းကတော့ ဆေးရုံအဆင်းမို့ ထင်သည်။ မကောင်းတတ်၍
လိုက်တော့လာပါသည်။ ဆေးရုံတက်နေစဉ်တစ်လျှောက် ညွှ
ကြည့်သွား ညွှသည်ပြန် နှစ်ခေါက်ရောက်သည်။ ထမင်းဟင်း
ကို မိပြုံးတို့ပဲ နေ့စဉ်ပို့တာ။

ဆွေမျိုးတွေ မေတ္တာစေတနာ မရှိတော့ဘူးဆိုတဲ့
အခါ သူစိမ်း ကောင်းသလောက်တောင် မကောင်းနိုင်ကြတော့ပါ။
ဒါကြောင့်လည်း ခင်ရာဆွေမျိုးဆိုတဲ့ စကားရှိနေခဲ့တာပေါ့။

ဆေးရုံဆင်းတော့ မိပြုံး အကူအညီနှင့် ပြောင်းပေး
ထားတဲ့အိမ်ခန်းသစ်လေးဆီ မိပြုံး, သူ့အိမ်ကကောင်မလေးအပြင်
ထမင်းပါ ပါလာပါသည်။ ဆေးရုံက ပြန်သယ်လာတဲ့အိတ်ကို
နေရာချဖို့အပြင် တခြားဘာမှလုပ်စရာမရှိ။ ထမင်းချိုင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



မိပြုံးပဲ ယူလာ၍ ဆေးရုံကပြန်မလာခင် ဆေးရုံဆင်းလက်မှတ် စောင့်ရင်း စားပြီးနေပါပြီ။

အခန်းထဲ ဝင်ဝင်လိုက်ခြင်း အခန်းကလေးက မ, နှင့် စိမ်းမနေသလို ကိုယ့်အိမ် [illegible] ရာလို နွေးနွေးထွေးထွေးလေး ဖြစ်နေပါသည်။ အခန်းလေးကို လှည့်ပတ်ကြည့်ရင်း ...

"အခန်းလေးက ကောင်းလိုက်တာ ပြုံးရယ်၊ အိပ်ခန်းလေး တွေလည်း ဖွဲ့ပြီးသား၊ ညီမလေး ပြောတော့ တစ်သိန်းဆို တန်လှချည်လား၊ ပြီးတော့ လေးထပ်ပဲ တက်ရတယ်"

"ဟုတ်တယ် မ,၊ အခန်းပိုင်ရှင်ကလည်းလေ ဟိုလေ ... ခရီးသွားနေတော့ ပြုံးတို့ကိုပဲ အပ်ထားတာဆိုတော့ အိမ် ငှားခရဖို့ အဓိက မဟုတ်ဘူး မ,၊ စိတ်ချရဖို့ ပြုံးတို့လူရင်း ထဲကပဲ ထားပါ၊ လခဘယ်လောက်ရရတဲ့၊ လူနေမှလည်း အခန်းက ဖုန်တက်ဟောင်းနွမ်းမသွားမှာလေ"

"ဪ ... မ, ကံကောင်းလိုက်တာ၊ ဟင် ... အဲကွန်းတောင် ပါသေးတယ်၊ ဒီအဲကွန်းတွေ မီးအားမြှင့်စက်တွေက အစ ကတည်းက အခန်းပိုင်ရှင်ထားခဲ့တာပေါ့နော်"

ပြုံးက ပထမနေ့က သူ မတွေ့သော ဒီပစ္စည်းတွေ အတွက် အံ့ဩသွားသော်လည်း ဣန္ဒြေဆည်ရင်း ...

"ဟုတ်ကဲ့ ... ဟုတ်တယ် မ"

"ဪ ... ကောင်းလိုက်တာ"

မ,က ခုတင်ပေါ် အသာဝင်ထိုင်လိုက်ရင်း ...





"ယမင်း ... ညီမလည်း ပြန်ရင်ပြန်တော့လေ၊ ဆေးရုံဆင်း လာကြိုပေးတာ ကျေးဇူးပါပဲ၊ အခု မ,အိမ်လည်း တစ်ခါ တည်း သိသွားတော့ အဆင်ပြေတာပေါ့၊ မ,လည်း နည်း နည်းနားဦးမှာဆိုတော့ ပြန်ရင်ပြန်တော့လေ ယမင်း"

"ဟုတ်ကဲ့ ... ဒါဖြင့် ယမင်း ပြန်တော့မယ်၊ နောက်မှ လာမယ်"

"အင်း ... အင်း"

ယမင်းက အရင်ပြန်နှင့်သည်။

"ပြုံးရေ ... ညီမလေးလည်း ပြန်ရင်ပြန်ပါတော့၊ ဒီရက် တွေအတွင်း ညီမတို့သားအမိ မ,အတွက် အတော်ရှုပ်ရှက် ခတ်သွားတယ်၊ အန်တီဆီလည်း လာဦးမယ်၊ မ,တစ်ရက် နှစ်ရက်တော့ အိမ်ထဲအောင်းပြီး နားလိုက်ဦးမယ်နော်၊ ပြုံးတို့ ကျေးဇူးကို မ,ဘယ်တော့မှ မမေ့ဘူး၊ ဘယ်လိုပြော ရမှန်းမသိအောင် ကျေးဇူးတင်တယ် ပြုံးရယ်၊ အစစအရာရာ မ,အတွက် အရမ်းအဆင်တပြေ အဆင်သင့် ဖြစ်ရတယ် ...

မ,လေ နှုတ်ဖျားလေးကတင် ကျေးဇူးတင်တာ မဟုတ်ဘူး၊ မ,ခေါင်းထဲမှာ မ,ရင်ထဲမှာ အသေမှတ်ထား မှာ ညီမလေး၊ တစ်နေ့သောအခါ မ, လုပ်ပေးနိုင်တာမျိုး ပြုံးတို့ဘက်က တစ်ခုခုလိုအပ်လာရင် မ,ချက်ချင်း စိတ် ရောကိုယ်ပါ လုပ်ပေးမှာ၊ မ, ကတိပေးတယ် သိလား၊ မ,

www.burmeseclassic.com



ဒီထက် ပိုမပြောတတ်တော့ပေမယ့် မ,စိတ်ထဲမှာတော့ ဒီထက်ပိုတယ်"

ပြောရင်း မ,အသံလေးက တုန်လာသည်။

"မ,ရယ်၊ အဲသလိုတွေ ပြောနေဖို့ မလိုပါဘူး။ ကိုယ်တို့လိုအပ် လာရင်လည်း မ, ဒီလိုပဲ ကူညီမှာဆိုတာ ပြုံးတို့လည်း သိပြီးသားပါ၊ ခုလည်း အရှမ်းခက်ခက်ခဲခဲ အပန်းအကြီး ကူညီရတာ တကယ်ဘာမှမရှိပါဘူး၊ ပေါ့ပေါ့ပါးပါးပဲ ကူညီရတာပါ မ,ရယ်"

"ပေးလိုက်တဲ့သူဘက် ပေါ့ပေါ့ပါးပါးပေမယ့် လက်ခံယူသူ ဘက်က ပြောမပြနိုင်အောင် လိုလေသေးမရှိ ပြည့်စုံသွား တာပါ၊ မ, တကယ် ဘယ်တော့မှ မမေ့ဘူး ပြုံး၊ မ,မှာ ကံဆိုးတာတွေနဲ့တန်းတူပဲ ပြုံးတို့လို မိတ်ဆွေမျိုးတွေရှိနေ တာကတော့ တကယ့် ကံကောင်းမှုပါ ညီမလေးရယ်၊ မ, ခုလိုကြုံရမှလည်း လူတွေအကြောင်း သိခွင့်ရတာ၊ ကံဆိုး ထဲက ကံကောင်းပါပဲ"

"ကဲ ... မ,နားပါဦး၊ ဒါတွေပြောမနေပါနဲ့ဦး၊ ပြုံးတို့ရှိရင် မ,မအိပ်ပဲနေဦးမယ်၊ တစ်ရေးတစ်မော အိပ်ပါလား"

"မ, အိပ်မှာပါ၊ အိမ်လေးရော အိပ်ရာလေးရော မြင်တာ နဲ့တောင် နွေးထွေးလှပြီ၊ မ,လည်း လှဲအိပ်ချင်ပါပြီ၊ မ, လာခဲ့ဦးမယ်နော် ပြုံး"





"မနေ့ကအကောင်းအတိုင်းပဲ မလာပါနဲ့ဦး၊ တစ်ခုခုလိုရင် ဖုန်း ဆက်ပါ၊ မ,အိမ်မှာ အဖော်သဟဲထားဖို့ အိမ်ဖော်တွေ ဘာတွေ လိုချင်သေးလား၊ ကျောင်ကျောင်တို့ရွာက လူရှာပေး မယ်"

"မ, အခုတော့ မလိုသေးပါဘူး ပြုံး၊ မ,တစ်ယောက်တည်း နေသားကျပါတယ်၊ တစ်ယောက်တည်းပဲ နေပါဦးမယ်"

"ဟို ... ညနေစာအတွက် ထမင်းချိုင့် ယူလာတာကို ကျောင်ကျောင် ပန်းကန်လှယ်ပေးခဲ့ပြီနော် မ,၊ အုပ်ဆောင်းနဲ့အုပ် ထားတယ်၊ ညနေစာ ထ,စားနော် မ,၊ တစ်ခုခုဖြစ်ရင် လိုအပ်ရင်လည်း ဖုန်းဆက်၊ ပျင်းရင်လည်း ဖုန်းဆက်နော်"

"အင်းပါ ပြုံးရယ်"

"အားနာမနေနဲ့နော် မ,"

"ဒီလောက်ထိတောင် အစစအရာရာ အကူညီတွေယူထား ရပြီးမှတော့ အားနာမနေတော့ပါဘူး ပြုံးရယ်၊ မ, ရက်ပိုင်း တော့ နားဦးမယ်၊ ပြီးရင်တော့ မ,အလုပ်လေး ဘာလေး ရှာဦးမယ်၊ အလုပ်လေး ဘာလေးလဲ နားစွင့်ပေးပါဦး ပြုံးရယ် ... နော်"

"မ,ရယ် ... တစ်လလောက်တော့ ဘာမှမလုပ်ပါနဲ့ဦး၊ ကောင်းကောင်း အနားယူဖို့ ဆေးရုံကလည်း မှာလိုက်တယ် လေ၊ မကလျာဆီ ပြန်မလုပ်တော့ဘူးလား မ,"

မ,က ခေါင်းလေးယမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

ကိုးတိုးပဲဖြေကာ အံလေးမသိမသာ ဖိကြိတ်လိုက်မိလေသည်။

ဟိုကောင်လေး ...။

အဲဒီမှာပဲ တွေ့တွေ့နေတာဆိုတော့ အဲဒီနားပဲနေသလား၊ အပေါ်ဆိုင်ကို အမြဲလာနေကျလား မသိတဲ့ ကောင်လေး။ သူ့မျက်နှာကို မျက်စိထဲက ဖျောက်မရလောက်အောင်ကို မ,ရင်ထဲနာကြည်းလှလွန်းတဲ့သူ။ အခုက သူနဲ့ထပ်မတွေ့ချင်ဘူးလေ။ သူ့မျက်နှာကို တစ်ချက်ကလေးတောင် ထပ်ကြည့်ရဖို့ မကြုံချင်ဘူးလေ။ ဒါကြောင့် အဲဒီဆိုင်မှာတောင် ဆက်မလုပ်တော့ဘူးလို့ပဲ မ,ယတိပြတ် ဆုံးဖြတ်တာ။

သူ့ကို သိးသိးခါးခါး မုန်းလွန်းအားကြီးလွန်းလို့ပါ။

✦ ❦ ✦





၈

"ရွှေသွေး"

"ဟုတ်"

ညစာထမင်းဝိုင်းမှာ မေမေက မေးခွန်းစသည်။

"ကမာရွတ်က တိုက်ခန်းတစ်ခန်း သား လူငှားတင်တယ်ဆို"

"ခြော် ... စိုးကလည်းကွာ၊ ကိုယ်နဲ့ သားနဲ့ ပြောပြီးသားကိစ္စကို"

"ကိုအောင်ကလည်း၊ ကိုယ့်သား ကိုယ်မေးတာပါ မမေးရဘူးလား ... တကတဲ"

မေမေက ရွှေသွေးဘက် ပြန်လှည့်ရင်း ...

"မေမေ့သူငယ်ချင်း မြမြက အဲဒီအခန်းတွေရောင်းဖို့ရှိရင်ဝယ်ချင်တယ်ပြောလို့ မင်းရဲ့ဦးအောင်ကို မေးကြည့်ရင်းနဲ့မှ စကားစပ်ပြီး တစ်ခန်းငှားထားတာ သိရတာ၊ ပြီးတော့မင်း ငှားတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ"

"ဘာအတွက်လဲ၊ ဦးအောင် မရောင်းမငှားသေးဘဲ ပိတ်ထားတာတွေကို"

"မိတ်ဆွေတစ်ယောက် အိမ်ခန်းရှာနေလို့ ဦးအောင်ကို ရွှေသွေးက မေးကြည့်ပြီးတော့ ရတယ် ငှားလိုက်လေ ဆိုလို့ပါ"

"မခ်း ဦးအောင်ကတော့ မင်းပြောရင် မရဘူး ဖော့ကောင်ဆိုတာ ဘယ်နခါရှိလို့လဲ ရွှေသွေး၊ ခေါင်းပဲညိတ်မှာပေါ့၊ ဒါပေမဲ့ သူ ဒီအခန်းတွေကို ရောင်းဖို့ရော ငှားဖို့ရော အစီအစဉ်မရှိပါဘူး၊ ရှိရင် အစကတည်းက သူ ရောင်းပြီပေါ့၊ ငှားဖို့ဆိုတာကတော့ အစီအစဉ်ကို မရှိတာ"

"ရွှေသွေး သိပါတယ်၊ ငှားဖို့မဟုတ်မှန်း၊ ဒါပေမဲ့ လွတ်နေအားနေမှန်းလည်းသိလို့ ငှားပေးနိုင်မလားလို့ ဦးအောင်ကို မေးကြည့်တာပါ"

"လွတ်တော့ လွတ်နေတာပေါ့။ မတော်တဆ ငွေဖော်ဖို့လိုလာလို့ ဒီအခန်းတွေ ရုတ်တရက် ရောင်းတော့မယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ တစ်ခန်းက လူငှားကြီးတန်းလန်းနဲ့ ဖြစ်နေမှာပေါ့"

"ဩော် ... စိုးရာ၊ တစ်နှစ်ပဲဟာကွာ၊ တကယ်လို့ တစ်နှစ်အတွင်းရောင်းဖို့ ဖြစ်လာလည်း အဲဒီတစ်ခန်းမရောင်းဘဲ ခဏချန်ထားလိုက်ပေါ့၊ ဘာဖြစ်လဲ"



"ကိုအောင်ကလည်းလေ၊ ရွှေသွေး ပြောရင် အလိုလိုက်ဖို့ချည်းပဲ၊ ရန်ကုန်မြို့မှာ ငှားချင်တဲ့အိမ်ခန်းတွေများပြည့်လို့ သူ့ရဲ့ဒီအခန်းကိုမှ ရွေးတောင်းပန်ငှားရအောင်လည်း အခန်းမရှားသေးပါဘူး၊ စဉ်းစားစရာဖြစ်နေလို့၊ တစ်မျိုးပဲလေ၊ သူက ဘာလို့ ဒီအခန်းငှားချင်ရတာလဲ"

မေမေက ထမင်းစားရင်း ရွှေသွေးကို အကဲခတ်နေသည်။ အမြဲတမ်း ဘာကိစ္စအတွက်မဆို မေမေ့ကို စူပုပ်ပုပ်ဂျစ်န်ကန် လုပ်တတ်မြဲ ရွှေသွေးသည် ဒီကိစ္စမှာတော့ သူ့စိတ်ကိုကသို့လို မလုံလဲသောကိစ္စဖြစ်၍ မျက်နှာကြောကို မစူပုပ်ရဲဘဲင်းငုံ့ထမင်းစားကာ မျက်နှာပေးက ကရော်ကမယ် ရှိလှသည်။

"ရွှေသွေး"

"ဟုတ်"

"တစ်လ ဘယ်လောက်နဲ့လဲ"

"တစ်သိန်း"

"ဟင် ... ဘယ်အထပ်ကိုလဲ"

"လေးထပ်"

"ဟင် ... အမိပွာယ်မရှိတာ"

ရွှေသွေးသည် တကယ်တော့ မ,ကို အမြင့်ကြီးမတက်ဆောင်းရအောင် အောက်ဆုံးထပ်တို့ ပထမထပ်တို့ ငှားပေးချင်ဘာ။ ဤဈေးနှင့် ဘယ်လိုမှ မဖြစ်နိုင်လွန်းသောကြောင့် မ,ကိုယ်ဘိုင် သံသယဝင်နိုင်တာ ဖြစ်နေလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း တစ်လတစ်သိန်းနဲ့ ဆယ့်နှစ်သိန်းလည်း ဦးအောင်ကို အပ်ပြီးပါပြီ၊ ဦးအောင်က မင်းပဲ မုန့်ဖိုးယူလိုက်ဆိုတာတောင် ရွှေသွေး မယူပါဘူး၊ အလုပ်သဘောဖြစ်အောင်လို့ပါ"

"အမယ်လေး ... ငါမသိအောင် သိန်းလေးငါးဆယ် ယူသုံးပြီး ဆယ့်နှစ်သိန်းအပ်တာ စကားထဲထည့်ပြောမနေနဲ့ ရွှေသွေးရေ"

"ဟာ ... မေမေကလည်း၊ သား ကားတစ်စီးရောင်းထွက်ပြီးပြီ၊ ဦးအောင်ကို ပိုက်ဆံပြန်ဆပ်မလို့ဟာ၊ ဦးအောင်က ဟိုတလောက ဝယ်ချင်တဲ့ကားအတွက် ပြန်သုံးထားဦး ရတယ်ဆိုလို့ အခု ကားပြန်ကြည့်နေတာ"

"အပိုတွေ လျှောက်ပြောမနေနဲ့ ရွှေသွေး၊ စကားဦးတည်ရာ လမ်းကြောင်း ပျောက်တယ်၊ နေပါဦး ... ပေလေးဆယ် ခြောက်ဆယ်မှာ နှစ်ခန်းတွဲဆောက်တဲ့တိုက်ဆိုတော့ ပေနှစ်ဆယ်ခန်းပေါ့၊ ပေနှစ်ဆယ်အခန်း လေးလွှာကို မင်းတစ်သိန်းနဲ့ငှားတယ်၊ အဲဒါ ဘယ်လိုမှ မဖြစ်နိုင်တဲ့ဈေးပဲဟာ၊ မေမေလည်း အိမ်ဈေး မြေဈေးတွေ ဒီလောက်နားမဝေးဘူးသား"

ရွှေသွေးက ခါတိုင်းလို ဝူးဝါး ဝူးဝါး မတုံ့ပြန်ဘဲ ခေါင်းငုံ့ပြီး ငြိမ်နေသည်။

"ရွှေသွေး"





"ဗျာ ... မေမေကလည်း"

"အမယ် ... အပိုးကျိုးနေပါလား"

"ဟာ ... မေမေက ဂျစ်ကန်ကန်လုပ်တော့လည်း လုပ်လို့၊ ကောင်းကောင်းပြောတော့လည်း အပိုးကျိုးလို့၊ ရွှေသွေးကို ရစ်ဖို့ပဲ ချောင်းနေတာ"

"ရစ်ချင်စရာကို ဖြစ်နေတာ၊ မင်း အခု နေရောကောင်းရဲ့လား"

"ကောင်းပါတယ်"

"ကောင်းပါတယ် လုပ်မနေနဲ့၊ ဟိုရက်ပိုင်းလေးက မင်းနေမကောင်းဘူးဟာကို၊ မေမေသိတယ်နော် မင်းမျက်နှာကြည့်တာနဲ့၊ မင်း ခုတလော သိပ်မရွှင်လန်းဘူး မေမေမြင်နေတာ၊ ဘာတွေ အလုပ်ရှုပ် စိတ်ရှုပ်နေသလဲ၊ မင်းက အပင်ပန်းလည်း မခံနိုင်၊ စိတ်ညစ် စိတ်ရှုပ်လည်း မခံနိုင်တာ သတိပြုဦး"

"ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ ကောင်းပါတယ်"

"ကောင်းရင် ပြီးရော"

"မေမေရာ ... အဲဒီတစ်ယောက်က ပိုက်ဆံလည်းမတတ်နိုင်လို့ပါ၊ သူ့ တစ်သိန်းတန်လောက် အခန်းရှာနေတာသိနေတော့ ရွှေသွေးက တစ်သိန်းပဲ ထားလိုက်တာပါ"

"အမယ် ... တစ်သိန်းပဲ ထားလိုက်တယ်တဲ့ လွယ်လိုက်တာ၊ တစ်သိန်းပေးရင် ငှားလို့ရတဲ့ တိုက်ခန်းတွေ ရှိတ



www.burmeseclassic.com

www.burmeseclassic.com



ချလို့ မကုန်ဘူး အများကြီးရှိတယ်၊ တစ်လတစ်သိန်းပေး ပြီး အခန်းငှားနေနိုင်ကတည်းက အတိဒုက္ခရောက်နေတဲ့ ဆင်းရဲသားလည်း မဟုတ်သေးဘူး၊ ကဲ ... ပြောစမ်းပါဦး ရွှေသွေး၊ အဲဒီတစ်ယောက်ဆိုတာ ဘယ်သူလဲ၊ ဘယ်က တစ်ယောက်လဲ"

"မေမေကလည်း မိပြုံးတို့မိတ်ဆွေပါ"

"တကယ်လား"

"ကျွတ် ... မေမေကလည်းဗျာ"

"ယောကျ်ားလား မိန်းမလား၊ မိသားစုတော့ မဖြစ်နိုင်ဘူး မင်းပြောပုံအရ တစ်ဦးတည်းထင်တယ်"

"မိန်းမတစ်ယောက်ပါ"

"ဟင် ... ဘယ်က မိန်းမတစ်ယောက်လဲ၊ မိန်းမတစ်ယောက် တည်း အခန်းငှားနေတော့ သူက ဘယ်လိုလဲ၊ ဘယ်အရွယ် လဲ"

"မေမေ ... ရွှေသွေးတို့ထက် အများကြီး,ကြီးပါတယ် မိပြုံးတို့နဲ့ ဆွေမျိုးလို ချစ်ခင်ကြတာ၊ ယောကျ်ားဆုံးထား တဲ့ မုဆိုးမ၊ ဆေးရုံကမဆင်းခင် အရင်အိမ်ခန်းက ဖယ်ဖို့ ဖြစ်လာတော့ မိပြုံးက တာဝန်ယူပြီး အခန်းရှာငှားပေးဖို့ လုပ်နေတာနဲ့ ရွှေသွေးက ကိုယ့်မျက်စိရှေ့ သနားစရာဖြစ် နေတာနဲ့ မိပြုံးကို ကူညီပြီး အခန်းမြန်မြန်လေးရအောင် ငှားပေးလိုက်တာပါ"





မေမေ တွေဝေသွားပါသည်။ ရွှေသွေးတို့ သူငယ်ချင်း ...ငဲ တစ်ယောက်ကိုတစ်ယောက် အလွန်ခင်မင် ကူညီကြတာ ...ည်း မေမေအသိမို့ ယုတ္တိဖြစ်နိုင်ချေရှိတဲ့ ရွှေသွေးစကားကို ...ော်အသင့် ဘဝင်ကျသွားပုံပင်။

"ဟိုအခန်းက ဖယ်ရတော့ အိမ်တောင် မိပြုံးတို့ကပြောင်း ပေးထားရတာ၊ အိမ်ပြောင်းပေးတော့တောင် ရွှေအောင်တို့ မောင်သော်တို့ပါ ပါသေးတယ် မေမေကလည်း၊ အားလုံး ဝိုင်းကူညီပေးကြတဲ့ သဘောပါပဲ၊ သူ ဆေးရုံကဆင်းမလာ ခင် နေစရာမရှိဖြစ်နေမှာစိုးလို့ မိပြုံးတို့က ကူညီတော့ ရွှေသွေးတို့အားလုံးလည်း ဝိုင်းကူညီပေးလိုက်ကြတယ်၊ ဒါပဲလေ"

မေမေက ခေါင်းတဆတ်ဆတ်လုပ်ရင်း ...

"အဲလိုဆိုလည်း မင်း ကူညီချင်စိတ်ပေါက်တာ မေမေ လက်ခံရမှာပေါ့။ မင်းက လူကြည့်တော့ ဂျစ်ကန်ကန်ပေ မယ့် မျက်စိရှေ့ သနားချင်စရာကောင်းနေရင် သနား ကရုဏာသက်တတ်တာကိုး၊ ဒီအမျိုးသမီးကလည်း ကံမ ကောင်းလှပါလား၊ ယောကျ်ားသေတဲ့ မုဆိုးမလည်း ဖြစ် ရတဲ့အထဲ ဆေးရုံကတက်နေရသေးတယ် ဟုတ်လား၊ ဆေးရုံကမဆင်းခင် နေလက်စအိမ်က ဖယ်ရမယ်၊ သနား မယ်ဆိုလည်း သနားစရာ ကောင်းနေပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ထမင်းပြီးသွားတဲ့ ဦးအောင်ကို ရေဖန်ခွက် ထဲ ရေငှဲ့ထည့်ပေးရင်း ...

“ဘာရောဂါဖြစ်နေလို့လဲ သူက”

မေမေ့မေးခွန်းကြောင့် ရွှေသွေး ရင်ထဲ ဒုတ်ခနဲ … သူ ဝမ်းနည်းတဲ့စိတ် ထိခိုက်တဲ့အကြောင်းရာဆီ ရောက်လာပြီ … ရင်ထဲ ပူပူထူထူကြီးဖြစ်ကာ လေးပင်မောဟိုက်လာရလေသည် …

“ဟို ... ကိုယ်ဝန်ပျက်ကျတာ မေမေ”

“ဟင်”

မေမေက အံ့အားတသင့်နှင့် ...

“တော်တော်အဖြစ်ဆိုးတဲ့ မိန်းမပါလား၊ မုဆိုးမဆို”

“ယောက်ျားက သင်္ဘောမှာ တာဝန်ချိန်အတွင်း အက်ဆီ … ဒင့်နဲ့ဆုံးတာ မေမေ၊ ခုမှ ဆုံးတာနှစ်လလောက် ရှိဦး … ပါ၊ ခုတစ်ခေါက် သင်္ဘောတက်သွားပြီး ဘာမှမကြာ … ဆုံးသွားတာလို့ မိပြုံး ပြောတာပဲ၊ သူ ကိုယ်ဝန်ရှိနေ … တောင် မိပြုံးတို့တောင် မသိကြဘူး၊ ကိုယ်ဝန် ပျက် … ပျက်တယ်ဆိုမှပဲ အားလုံး ဟာခနဲ သိကြတာ၊ အဲဒီ … သူတို့ ဝိုင်းသနားပြီးတော့ စိတ်မကောင်းဖြစ်ပြီး ကူညီ … နေကြတာပါ”

“သြော်”

အသနားမိဆုံးကတော့ ရွှေသွေးပေါ့၊ မေမေရ … ရင်ထဲမှာ လောင်ကျွမ်းနေအောင် သနားကရုဏာသက်မိလို့ …





…သွေးရဲ့အဖြစ်၊ ရွှေသွေးရဲ့မိုက်မှားမှု၊ ရွှေသွေးရဲ့ပယောဂနဲ့ …ဖြစ်သွားတာမို့ပါ။ ခုလောက် ကူညီထားရတာလည်းပဲ ဘယ် … ရင်ထဲကအဖြစ်ကြွေး မကျေသေးလို့ပါ။

“ဖြစ်မှဖြစ်ရလေ သနားပါတယ်လေ”

“..........”

“ဒါပေမဲ့ သားရယ်၊ မေမေတို့က အိမ်ခန်းငှားတယ်ဆိုတာ ဘယ်တုန်းကရှိလို့လဲ၊ ဦးအောင်ကလည်း ရောင်းဖို့ပဲ ဆောက်တာ၊ ဈေးအတက်ကို စောင့်နေတဲ့သဘောပဲလေ၊ ဒီတစ်နှစ်တော့ သားလည်း ပြောဆိုငှားရမ်းပြီးပြီဆိုတော့ ထားလိုက်ပါတော့ပေါ့၊ ဒီတစ်နှစ်ပြီးရင်တော့ ဆက်မငှားဘူးဆိုတာ သူ နားလည်အောင် ပြောပြထားပေးဦး၊ ဒါ သက်သက်ဝိုင်းကူညီကြမှန်းလည်း သူလည်းသိမှာပါ၊ အိမ်ငှားနေကျလူဆိုတော့ ဈေးလည်းသိမှာပါ၊ ပြည့်သွားရင်တော့ လုံးဝဆက်မငှားဘူးဆိုတာ အစောကြီး ကြိုပြောထားချည်”

“ဟုတ်ကဲ့”

“သားလည်း ကိုယ့်မျက်စိရှေ့မှောက် ကရုဏာသက်စရာ ဖြစ်နေရင် မနေနိုင် မထိုင်နိုင် သနားတတ်တဲ့ မင်းရဲ့စိတ်ကို နည်းနည်းတော့ ထိန်းဦး၊ သူတစ်ပါးအပေါ် အကူအညီပေးတာ ကောင်းတယ်ဆိုပေမယ့် အခါခပ်သိမ်းတော့လည်း ကိုယ့်ရှိတိုင်း ကူညီပေးဆပ်နေဖို့ မဟုတ်ဘူး ရွှေသွေးရေ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... စိုးတစ်ယောက်ကလည်း၊ ကိုယ့်သား စိတ်ကောင်းစေတနာရှိတာကိုတောင် သူက တားနေပြန်ပြီ"

"ဟုတ်တယ်လေ ကိုအောင်၊ သနားတယ် အားနာတယ်ဆိုတဲ့ ကိစ္စမျိုးတွေက အတိုင်းအတာတစ်ခု ထားရတယ် လူတိုင်းမှာတော့ သနားစရာကောင်းတဲ့ အားနည်းချက်ကံမကောင်းမှုဆိုတာ ရှိနိုင်တာပဲလေ၊ ဒါပေမဲ့ ဒါတွေတွေ့တိုင်း တွေ့ကရာတော့ လိုက်ကူညီလို့မဖြစ်ဘူး၊ အဲလို လက်လွယ်လွယ်ကူညီလွန်းပြန်လည်း ကိုယ့်စေတနာနဲ့ကိုယ် အရလွယ်တဲ့ လူပေါ့ဖြစ်တတ်သေးတယ်"

"ဒါတော့ ရွှေသွေးလည်း သူ့မျက်စိရှေ့ ကြုံကြိုက်နေလို့ပါ"

"အဲလို ကိုယ့်မျက်စိရှေ့ လာကြုံကြိုက်တိုင်း အသနားမလွယ်နဲ့လို့ ပြောတာပါ၊ ကိုအောင့်သားက လူကြည့်ရင် မာဆတ်ဆတ်၊ အသည်းနှလုံးလေးက နုအိပျော့ပြဲနေတာ"

"မိန်းမကလည်းကွာ၊ နူးညံ့ပျော့ပျောင်းတယ်လို့ ကဗျာဆန်ဆန် ပြောစမ်းပါ"

"လူက ထောင့်မကျိုး ကဗျာမဆန် ရန်ကလိုချင်သေးတာ ဒါကြောင့် တမင်တကာ ကဗျာမဆန်အောင်ပြောတာ ရှင့်သား ဘယ်တော့ကဗျာဆန်လာမလဲ မသိဘူး၊ ရည်းစားတောင် မထားဖူးတာကြည့်တော့၊ ရွှေသွေးနော် ... မမကစ်တီ သမီးအငယ်ဆုံးလေး ဟိုတစ်နေ့က ကျောင်းဆင်းပြီ၊ မမကစ်တီ သူ့သမီး ဂရယ်ဂျူရေးရှင်းလိုက် သွားတယ်"





ရွှေသွေးက ခုမှ မျက်နှာပုပ်သွားပြီး ...

"အဲဒါ ဘာဖြစ်လဲ"

"တွေ့လား သရုပ်မှန်ပေါ်လာပြီ၊ ဘာဖြစ်ရမှာလဲ၊ နန္ဒာလေးက ဟိုးငယ်ငယ်ကတော့ မင်းကို ကြိုက်ရှာလိုက်တာ၊ တစ်ပိုင်းကိုသေလို့လေ၊ မမကစ်တီကတော့ ဟိုးတလောက အထိ ပြောတုန်း၊ နင့်သားနဲ့ ငါ့သမီးလည်း သူတို့ဘာသာလည်း ရည်းစားမထားကြ၊ အချင်းချင်းလည်း မကြိုက်ကြ၊ ဘာကိုစောင့်နေကြတာလဲ မသိဘူးတဲ့၊ စိတ်မရှည်လွန်းလို့ ရိုက်တောင် ရိုက်ချင်တယ်တဲ့"

"ကျွတ် ... ဒီမိန်းမကြီးက အလကားနေ စကားခေါ်နေတာပဲ၊ သူ့သမီးက ငယ်ငယ်ကသာ မမြင်ဖူး မှုံးမြစ်ထင် ရွှေသွေးကို ကြိုက်မှာပေါ့၊ ခုလောက်ဆို ဘိုနဲ့ရည်းစားဖြစ်နေမှာပေါ့၊ ဟိုမှာ ဘယ်နှနှစ်ကြာနေပြီလဲ၊ လစ်ဗင်းတူဂဲသားတောင် ရှိနေရင် ရှိနေမှာ"

"ဟဲ့ ... သူများ သမီးပျိုကို"

"ကိုကြီး ဖုန်းလာနေပါတယ်"

အိမ်က ကောင်မလေး တိုးတိုးက ရွှေသွေးရဲ့ဖုန်းကို ယူလာပေး၍ ရွှေသွေးက "အေး ... အေး" ဟု လှမ်းယူကြည့်လိုက်ရာ ညောင် မိပြုံးဆီက ဖြစ်နေပါသည်။

"ဟယ်လို ... အေး ... မိပြုံး"

"ရွှေသွေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ပြော"

"နင် စကားပြောလို့ရလား၊ ထမင်းစားပြီးပြီလား"

"အေး ... ခုပဲပြီးတယ်၊ ပြောလေ ရတယ်၊ ငါတို့ ခုပဲ နင့်

အကြောင်း ပြောနေတာ"

"ငါ့အကြောင်း ဘာလဲ"

"ဪ ... ငါ ဟိုအိမ်ခန်းငှားတဲ့ကိစ္စ မေမေက မေး

လို့ မိပြုံးတို့မိတ်ဆွေဆိုတာ ပြောပြနေတာပါ"

"အေး ... ငါလည်း အဲဒီကိစ္စ နင့်ကိုမေးစရာရှိလို့"

"ဘာလဲ ... မေးလေ"

ရွှေသွေးက ဖုန်းပြောရင်း သူ့အခန်းဆီ တက်လာ

ခဲ့ပါသည်။

"ငါ မ,နဲ့တွေ့လို့"

ရွှေသွေးရင်ထဲ ဒိတ်ကနဲ ခုန်သွားပါသည်။ မ,ဆို

အသံ ကြားသည်နှင့် သူ့ရင်က ဘာကြောင့်များ ဒီလောက်အပြင်း

အထန် ဆောင့်ခုန်ကာ တစ်ကိုယ်လုံး ပူနွေးတုန်လှုပ်သွားတတ်

လိမ့်။

"ဒီနေ့ မ,က အိမ်လာတယ်လေ၊ မေမေ့ကို အသီးအ

လေးတွေ ဘာတွေ ဝယ်လာပြီး ကူညီစောင့်ရှောက်တာ

ကျေးဇူးတင်တဲ့အကြောင်း လာကန်တော့တာ"

"ဟင် ... သူက အပြင်တွေ ဘာတွေ သွားလာနေပြီလား"





"အေး ... သူလည်း ပျင်းလွန်းလို့တဲ့၊ တော်တော်လေး

တော့ fit ဖြစ်နေပါပြီ"

"အင်း ... အခု ဘာဖြစ်လို့လဲ"

"ငါ မနဲ့ စကားပြောရင်းကမှ မသိလိုက်တာ၊ နင် မ,

အတွက် ဆန်ကအစ ဆီကအစ ကြက်ဥအဆုံးဟယ် ဝယ်

ထည့်ပေးထားခဲ့တာလား ... ဟုတ်လား"

ရွှေသွေးက ခဏတိတ်နေပြီးမှ ...

"အင်း ... ဟုတ်တယ်လေ၊ လိုမယ်ထင်လို့လေ၊ ဘာဖြစ်

လို့လဲ"

"ငါတောင် အဲလောက် အောက်သက်ကျေကျေမစဉ်းစားမိ

ခဲ့ဘူး၊ မ,က အရမ်းကျေးဇူးတင်တာပဲဆိုပြီး ပြောတော့မှ

ငါ့မှာ ငါပဲလုပ်ထားသလိုလို ချော်လဲရောထိုင် လုပ်ရတာ

ပေါ့၊ ငါဝယ်ထားခဲ့တာ မဟုတ်ဘူးဆိုရင် တခြားလည်း

ဖြစ်စရာမရှိဘူးလေ"

"အေးလေ၊ နင် အဲလိုပြောလိုက်တာ ကောင်းတာပေါ့၊

တော်သေးတာပေါ့"

"နင် ဒါတွေစီစဉ်ပေးခဲ့တယ်ဆိုတာ ငါ့ကို နည်းနည်းပါးပါး

ကြိုပြောထားပါလား၊ ဘာမှမပြောထားတော့ ငါ အလိုက်

သင့် မပြောတတ်ဘဲ ကြောင်နေမိရင် ခက်ဦးမယ်၊ နင်ဟာ

လေ ပြောထားတာ မဟုတ်ဘူး"

"ငါလည်း အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှအမှုမဲ့ အမှတ်မဲ့ ဖြစ်စရာမရှိဘူး၊ နင် ဒီလော အသေးစိတ် စဉ်းစားလုပ်ပေးထားတာ အမှုမဲ့ အမှတ်မဲ့ မဟုတ်တာ"

"အေးပါဟာ ... မှားပါတယ်၊ ငါ မကောင်းတာလုပ် တာမှ မဟုတ်တာဟာ နင်ကလည်း၊ ကောင်းတာလုပ် ခဲ့တာပဲဟာ၊ ဘာဖြစ်လို့လဲ"

"အေး ... အဲဒီ နင် ကောင်းတာလုပ်ပေးခဲ့တာကိုပဲ စဉ်း နေတာ"

"ဘာစဉ်းစားတာလဲ"

"ငါလေ ဘာဖြစ်လို့လဲ မသိဘူး၊ မ,ကိစ္စနဲ့ပတ်သက်ပြီ နင့်မှာ ထူးခြားမှုရှိနေတယ်လို့ စိတ်ထဲမှာ အလိုလိုထင် တယ်"

"........."

"နင် ငါ့ကိုပြောစမ်း၊ နင် မ,ကို ဘာဖြစ်လို့ ဒီလော စေတနာရှိသွားတာလဲ၊ နင်နဲ့လည်း မျက်နှာကြောမတည့် ပဲနဲ့"

"ဟင် ... သူက သနားစရာ ကောင်းနေလို့ သနားမိတာ အပြစ်ရှိလို့လား"

"အပြစ်တော့ မရှိဘူး၊ ထူးဆန်းမှုတော့ ရှိနေတယ်"

"မထူးဆန်းပါဘူးဟာ"





"ထူးဆန်းတယ်လို့ပဲ ငါ့စိတ်က အလိုလိုဖြစ်နေတယ်၊ ငါ အဲလို တစ်ခုခု ထူးထူးခြားခြား ထင်လိုက်ရင် လွဲခဲတယ် ရွှေသွေး၊ ဒီကိစ္စကြီးမှာ တစ်ခုခု ငါမသိတာ ရှိနေသလို သိစရာရှိနေသလို ငါ ထင်တယ်"

"နင်ကတော့ ရောဂါပဲ"

"မဟုတ်ဘူး၊ ငါ သိနေတယ်၊ တစ်ခုခုပဲ၊ အဲဒါတွေကို ရွှေအောင်ရော သိလား"

"ဟာ ... ရွှေအောင် ဘာသိရမှာလဲ၊ နင်တော့ ပြဿနာပဲ၊ ရွှေအောင့်ကို နင် ဘာမှသွားပြောမနေ မေးမနေနဲ့"

"ဒါဖြင့် နင်ပဲဖြေလေ"

"ဟာ ... ငါ ဘာဖြေရမလဲ၊ ဘာမှမရှိတာကို"

"ကိုဖြိုးကို မ,က ပါးရိုက်တာ နင်တွေ့ထားပြီး အရမ်းတင်းနေတာလို့ ရွှေအောင် ပြောတယ်၊ ပြီးတော့ နင့်ကို မ,က မကလျာတို့ဆိုင် အပေါ်ထပ်ကအဆင်းမှာ နင်လမ်းပိတ်ထားလို့ တစ်ခါအတင်းတွန်းချပြီး ထွက်သွားတယ်ဆို"

"အဲဒီကောင်တော့ တကယ်ပဲ ပါးစပ်ကိုဖွာတယ်"

"ဟဲ့ ... ငါတို့အချင်းချင်း ဒီအုပ်စုထဲမှာ ခေါင်းမူးတာ ဗိုက်အောင့်တာ အိမ်သာတက်တာကအစ ပြောနေကျပဲဟာ ဒါ သူ ပါးစပ်ဖွာတာ မဟုတ်ဘူး၊ ထူးခြားဖြစ်စဉ်တွေဆို ပိုတောင်ပြောဖြစ်ကြသေးတာပဲဟာ၊ သူ ပြောပြတာပုံမှန်ပဲ၊ နင် မပြောစေချင်ပဲ ဖုံးထားချင်တာကသာ ပုံမှန်ကနေ စံလွဲနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နင်ကလဲ"

"ဘာမှ နင်ကမလဲနဲ့၊ နင် မ,ကို ပက်ပက်စက်စက် အမြင်ကတ်တာတဲ့၊ ကွယ်ရာမှာ စကားထဲထည့်ပြောရင်လည်း ဖိနှိပ်ပြောတာတဲ့၊ အမြင်ကတ်ရုံမက မုန်းတောင်မုန်းတာတဲ့၊ သူ့ တွန်းချတုန်းကလည်း နင် တော်တော်နာသွားတာတဲ့၊ နင့်စိတ်ထဲမှာလည်း မ,အပေါ် အမုတ်သည်းခြေ အငြိုးရှိတယ်တဲ့၊ အဲဒါကြောင့် ငါ့အစ်မ မင်္ဂလာဆောင်က အပြန်မှာတောင်မှ မ,ထဘီတစ်ထည်လုံး ရစရာမရှိ ရွှံ့တွေပေကွကျန်အောင် နင် တမင်လုပ်သေးတာ မဟုတ်လား"

"အဲဒါ ကလေးဆန်ဆန်ကြီး ဖြစ်သွားတယ်လေဟာ၊ ငါ ယောကျ်ားလေးဖြစ်ပြီး မိန်းမတစ်ယောက်ကို အဲလို ကလဲ့စားချေသလို နှောင့်ယှက်မိတာ တကယ်တော့ ဘယ်ကောင်းပါ့မလဲ၊ အဲဒီကိုတွေးပြီး ရှက်တက်တက် ဖြစ်နေတုန်း မ, ခုလိုဖြစ်တာ သတင်းကြားတော့ ငါ အရမ်းစိတ်မကောင်း ဖြစ်သွားတယ်လေ မိပြုံး"

"ဒါတော့ မ,အကြောင်းကြားတဲ့သူတိုင်း စိတ်မကောင်းဖြစ်ကြတာချည်းပါပဲ၊ မ,ဆေးရုံကဆင်းပြီး နှစ်ရက်သုံးရက်နေတော့ ငါ တစ်ခေါက် သူ့အိမ်သွားကြည့်သေးတော့ လဲ့လဲ့ကိုတောင် ခေါ်သွားသေးတယ်၊ လဲ့လဲ့လည်း မ, အကြောင်းသိပြီး သနားနေတာနဲ့ စကားတွေထိုင်ပြောရင်း ခင်တောင်ခင်သွားတယ်၊ မ,ကို သနားကြတာက မထူးခြားပေမယ့် နင့်ပုံစံကတော့ ထူးဆန်းနေကြတယ်"





"နင်ကလည်းဟာ အတွေးခေါင်လိုက်တာ"

"နင် ငါ့ကို မှန်မှန်ပြောနော်"

"ဟာ ... ပြဿနာပဲ၊ ငါ စိတ်မကောင်းလို့ သနားလို့ပါဆို"

"တကယ်ဆို သူကသာ ကိုဖြိုးကိုပါးရိုက် နင့်ကို လှေကားကတွန်းချ လုပ်ဖူးတာလေ၊ နင်က ရွှံ့ဗွက်စဉ်အောင်လုပ်မိတာ တစ်ခုပဲ၊ ငါကတစ်ဆင့် မ,သတင်းကြားတော့ လူတိုင်းသနားကရုဏာမကင်းလို့ပဲ၊ မ,အိမ်ပြောင်းတာတောင် ဟိုကောင်တွေပါ အားလုံးကူညီပေးကြတာပဲလေ၊ အဲဒီထဲမှာမှ နင်က ပိုနေသလိုပဲ"

"မဟုတ်ပါဘူးဟာ၊ အခန်းက ငါ့အခန်းလို ဖြစ်နေတော့ ငါလည်း လိုတာလေး သွားလုပ်ပေးတဲ့ သဘောပါ၊ ရေတွေ မီးတွေ သွားပြန်စစ်ပေးရင်း လိုမယ်ထင်တာလေး ဝယ်ထည့်ပေးထားလိုက်တာ"

"နင် မ,ဆေးရုံတက်တဲ့ တစ်လျှောက်လုံးလည်း နေ့တိုင်းလိုလို ငါ့ဆီ ဟင်းလာပို့တယ်၊ ဘုန်းကြီးဆွမ်းကပ်လို့၊ ဟင်းကောင်းလို့၊ ငါ့အမေ ကြိုက်တတ်လို့၊ ဘာလို့ ညာလို့ အကြောင်းတွေပြပြပြီး၊ မ,လည်း ဆေးရုံကဆင်းရော မပေါ်လာတော့ဘူး"

"အဲလိုလည်း မဟုတ်ပါဘူးဟာ"

www.burmeseclassic.com



“ဟုတ်နေတာကို ဘာဖြစ်လို့ မဟုတ်ရမှာလဲ၊ နင်အရမ်း စေတနာပိုနေတာ အကြင်နာပိုနေတာ သိသာနေတယ် ရွှေသွေး”

“အေးလေ ... ငါ သနားလို့ပါလို့ ပြောပြီးပြီပဲဟာ”

“အဲဒါက အတိုင်းအတာတစ်ခုထက် ပိုမနေဘူးလား”

“ငါမကောင်းတာ လုပ်နေတာမှ မဟုတ်တာ မိပြုံးရာ၊ ကောင်းတာပဲ လုပ်နေတာပဲဟာ၊ နောက်တစ်ခုတောင် သူ့ကို နင်ကတစ်ဆင့် ကူညီချင်သေးတယ်”

“ဘာလဲ”

“နင် ပြောတယ်၊ သူ အလုပ်ရှာမယ်ဆို”

“အဲဒီတော့”

“ဦးအောင်က အခု ပန်းဆိုးတန်းမှာ သူ့ပရိဘောဂရှိုးရွမ်း တစ်ခု အသစ်ဖွင့်မှာ အခန်းကပြင်တာပြီးပြီ၊ နောက်လ စ,ဖွင့်မယ်၊ အခု ဝန်ထမ်းစ,ခေါ်တော့မှာ၊ အဲဒါ မ,လုပ်ချင်ရင် ခန့်ပေးဖို့ ငါ ဦးအောင်ကို ပြောမလို့ အခြေအနေ အချိန်အခါ ချောင်းနေတာ၊ သိတယ်မှလား၊ ငါ ဦးအောင်ကို တစ်ခုခုပူဆာရင် မေမေက ကြားက ပကျိပကျိနဲ့မို့လို့၊ မေမေ မကြားအောင် ပြောမလို့”

“ဟင် ... တကယ်လား၊ အဲဒါဆို သိပ်အဆင်ပြေမှာပဲ၊ မ,က ယောက်ျားမယူခင်က ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင် လုပ်ခဲ့တာဟ၊ စာရင်းအင်း ကျွမ်းတယ်၊ နင်သာပြောပေးရင် အဆင်ပြေလိုက်တာ”





“အေး ... ငါ ရအောင်ပြောမှာ”

မိပြုံးက သက်ပြင်းတစ်ချက်ချ ခဏတိတ်နေပြီး ...

“ရွှေသွေး ... နင် တစ်ခုခုတော့ တစ်ခုခုပဲဟာ”



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ကိုဇော်ဇော် ..."

"ဩော် ... ဟုတ်ကဲ့ ... အစ်မ ပြော"

"ဒီမှာ လစာ,စာရင်းလုပ်ပြီးပါပြီ၊ ကိုဇော်ဇော် အသင့်ဖြစ်ရင် ကျွန်မ လစာထုတ်ပေးလို့ရပြီ"

"ဩော် ... အဆင်သင့်ပဲ အစ်မ၊ အဆင်သင့်ပါပဲ၊ အစ်မ လစာထုတ်ပေးဖို့ လုပ်လိုက်ပါတော့"

မ,က မီးခံသေတ္တာဖွင့်ကာ ခုနကယူလာသော ငွေထုပ်များ ထုတ်ယူစားပွဲပေါ်တင်နေသော ဇော်ဇော့်ကို စောင့်ရင်း စဉ်းစားနေမိပါသည်။ ဒီအသစ်ဖွင့်တဲ့ရုံးရှမ်းဟာ ခုဆို သက်တမ်း တစ်လရှိပြီလေ။ မ, အလုပ်ဝင်တာလည်း တစ်လရှိပြီ။

ဒီရုံးရှမ်းမ်ရဲ့မန်နေဂျာကို 'ဦးရွှေသွေးမောင်မောင်'လို့ အမည်သာ သိထားခဲ့ရပြီး တစ်လအတွင်း တစ်ကြိမ်မှမဆုံတွေ့





က်ဆံခဲ့ရ။ မြင်တောင် မမြင်ဖူးရ။ မမြင်ဖူးဆို ရုံးမှမလာတာ။ ည်တစ်ခုသာရှိနေပြီး လူကမရှိ။ အမြဲဆက်ဆံရတာက မန်နေဂျာ ရဲ့လက်ထောက်ဆိုတဲ့ ကိုဇော်ဇော်ပင်။

မန်နေဂျာရဲ့လက်ထောက် ဆိုပေမယ့် သူ့ရာထူးက 'လက်ထောက်မန်နေဂျာ'လည်းမဟုတ်ပြန်။ ဦးရွှေသွေးမောင်မောင် ရဲ့ ယုံလူရင်း အတွင်းရေးမှူးလိုလို လက်ထောက်လိုလို။ သူက လည်း ရုံးချိန်ပြည့် ရုံးတက်တာမဟုတ်။ တစ်နေ့ကို အချိန်တစ်ခု သာ ရုံးကို လှစ်ခနဲရောက်လာသည်။

အဲဒီအချိန်အတွင်းမှာ မန်နေဂျာကို ပြောစရာဆိုစရာ ကားရှိရင် သူ့ကိုတစ်ဆင့် ပြောလိုက်ရသည်။ မန်နေဂျာက ည့်ရှုစစ်ဆေးရမည့် စာရွက်စာတမ်းတို့ကို သူ့ကို ပေးလိုက်ရ သည်။ လက်ထောက်ပြောပြော တပည့်ပြောပြော အဲဒီကိုဇော်ဇော် ဲ့သာ လက်တွဲအလုပ်လုပ်နေရသလိုပါ။

ရုံးရှမ်းကြီးဟာ အောက်ထပ်မှာတော့ နှစ်ခန်းတွဲဖြစ် ပြီး အပေါ်ထပ်ကတော့ တစ်ခန်းစာ တစ်ခြမ်းပဲပါဝင်သည်။ အဲဒီ သုံးခန်းစာကို သူဌေးက ပိုင်ဆိုင်တာလား ငှားရမ်းပြီး ဖွင့်တာလား တော့ မ, မသိ။ မ,သိတာကတော့ အပေါ်ထပ်ဟာ ဦးရွှေသွေး မောင်မောင် တစ်ယောက်တည်းရဲ့ ရုံးခန်းလို့ သတ်မှတ်ထားတာပင်။

ထိုပထမထပ်ရုံးခန်းကို အောက်ထပ်ကနေလည်း တက်ဖို့ အတွင်းလှေကား ရှိပေမယ့် ဇော်ဇော်ကလွဲလို့ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



မတက်ရပါ။ အလုပ်စဝင်ကတည်းက 'မန်နေဂျာရုံးခန်းကို ခွင့်ပြု ချက်မရဘဲ ဘယ်သူမှ တက်ခွင့်မရှိပါဘူးခင်ဗျာ'လို့ ဇော်ဇော်ကပဲ အားလုံးကို အသိပေးခဲ့တာပဲလေ။

အတွင်းကမတက်ဘဲ ဘေးလှေကားကနေပဲ သီးသန့် တက်လို့ ရပါသည်။ အဲဒီတော့ တကယ်လို့များ ဘေးလှေကားက တက်ပြီး မန်နေဂျာ သူ့အခန်းထဲရောက်နေလျှင်လည်း အောက် ထပ်ကဝန်ထမ်းများ သိဖို့မလွယ်။ သို့သော် မ,ကတော့ ဒီမန်နေဂျာ ဘယ်တော့မှ ရုံးမလာဘူးလို့ပဲ ထင်ပါသည်။

ဇော်ဇော်သာ ဖျတ်ခနဲ လှစ်ခနဲ ရောက်လာတတ်တာ

ရုံးမှာ မန်နေဂျာမရှိလျှင် အခြားတာဝန်ခံရယ်လို့ မရှိတော့ဘဲ ရှိုးရွမ်းဝန်ထမ်းများရဲ့ အင်ချာ့ချ်ဟာလည်း မ,လို အမြဲခန့်စားပွဲနှင့် နေရာကန့်သတ်ပြီး သတ်သတ်မှတ်မှတ် ထိုင် ရတာမဟုတ်၍ စာရင်းကိုင်ဖြစ်တဲ့ မ,သာ ရှိုးရွမ်းမှာ ရာထူးအမြင့် ဆုံးလို ဖြစ်နေပါသည်။

အရေးပေါ်တစ်ခုတလေ ဆုံးဖြတ်စီစဉ်ဖို့ ရှိလျှင် စာရင်းကိုင်အလုပ်နှင့် မဆိုင်သော်လည်း မ,ပဲစီမံခန့်ခွဲလိုက်ရတတ် ပါသည်။ ဇော်ဇော်လာမှ အခြေအနေ ပြန်ပြောပြရုံပင်။ တစ်ခန်းလုံး က 'အစ်မ' 'အစ်မ'နှင့် ကိုယ်ပဲတာဝန်အရှိဆုံးလို ဖြစ်နေတာကို မကြိုက်ဘူးတော့ မရှိပေမယ့် မန်နေဂျာ လုံးဝမလာတာကိုတော့ မ, မကြိုက်ပါ။





"အစ်မ ဒီမှာ ပိုက်ဆံ၊ အစ်မ လခထုတ်ပေးလိုက်တော့"

"ဟုတ်ကဲ့"

"ရော့ ... အစ်မ သော့၊ ကျွန်တော် ဒီနေ့ လခထုတ်ပေးဖို့ ယူလာတာ ဆယ့်သုံးသိန်းနော်၊ ငွေစာရင်းထဲ ပေါင်းမှတ် လိုက်ပါဦး"

"ဟုတ်ကဲ့"

မ,က ပိုက်ဆံထုပ်များ ကိုယ့်စားပွဲဆီ သယ်လာကာ ...ာ,စာရင်းအတိုင်း တစ်ယောက်ချင်းနာမည်ခေါ် လက်မှတ်ထိုး ...ာထုတ်ပေးလိုက်ပါသည်။ ရှိုးရွမ်းရဲ့ရောင်းရငွေတွေ ရုံးခန်း ...ောက် လိုအပ်သည့်သုံးစွဲငွေတွေအားလုံး မ,ပဲ မီးခံသေတ္တာထဲ ...င်းအထုတ်လုပ်ကာ မီးခံသေတ္တာသော့ကိုလည်း မ,ပဲကိုင်ရ ...း ရတာပါ။

လစာ,စာရင်းရှင်းပြီးလျှင် မ,က ပိုငွေအစွန်းထွက် ... မီးခံသေတ္တာဆီ လာပြန်ထည့်သိမ်းသည်။ ရုံးမလာတဲ့မန်နေဂျာ ... လစာဘယ်လောက် သူ့အဖေထံက ထုတ်ပါလိမ့်။ သူဌေးရဲ့ ...လို့ ဟိုတစ်နေ့ကမှ ကြားသိရပါသည်။ ဝန်ထမ်းကောင်မလေး ...ယောက်က အရင် ဟိုဘက်စက်ရုံကနေ ဒီဘက်ရှိုးရွမ်းမ်ကို ...င်းရွှေ့လာတာမို့ သူဌေးမိသားစုအကြောင်း အနည်းအကျဉ်း ...သည်။

"အစ်မ တခြားဘာရှိသေးလဲ၊ မန်နေဂျာကိုရော ဘာမှာဦး မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မန်နေဂျာက အလုပ်တအားများတယ် ထင်တယ်နော်"

"ဟုတ်ကဲ့၊ သူက တခြားလုပ်နေတာတွေလည်း ရှိသေး တာ"

ဩော် ... သူဌေးသားဆိုတော့ ဟုတ်မှာပေါ့လေး တခြားလုပ်ငန်းတွေလည်း ရှိရင်ရှိနေဦးမှာပေါ့။

"မန်နေဂျာက တခြားမှာလည်း အလုပ်များမယ်ဆိုတာတော့ နားလည်ပါတယ်၊ ဒါပေမဲ့ တစ်ခါတလေကျရင် ရုံးမှာ မန်နေဂျာမရှိတာ တစ်ခုခု ဆုံးဖြတ်ချင်တာကျ ကသိက အောက် အခက်အခဲဖြစ်ရတာလေးရှိတယ်၊ သူ မရှိပေမယ့် ကိုဇော်ဇော် အမြဲရှိတယ်ဆိုရင်လည်း တစ်မျိုးပေါ့၊ အ ကိုဇော်ဇော်ကလည်း တစ်ခါတလေမှရောက်လာတာဆိုတော့ ဆိုင်မှာ ကျွန်မက အသက်အနေနဲ့လည်း အကြီးဆုံးဖြ သလို ရာထူးတာဝန်အရလည်း အားလုံးထဲကျတော့ အကြီး ဆုံးဖြစ်နေတာဆိုတော့ တာဝန်ယူလိုက်ရတာမျိုးလေးတွေ ရှိတယ်လေ ...

တာဝန်ယူရတာ ကျွန်မ အပန်းမကြီးပါဘူး၊ ဒါပေ တစ်ခါတလေမှာတော့ သူ့ကို လှမ်းပြောချင်တာမျိုးလေး တွေရှိတတ်တယ်၊ ဥပမာ ..."

"ဟုတ်ကဲ့ အစ်မ ဘာပြောစရာများရှိလဲ မသိဘူး"

"ကျွန်မ အလုပ်စဝင်ကတည်းက သူဌေးနဲ့ သူဌေးရဲ့ကုမ္ပဏီ စာရင်းကိုင်ချုပ်က ကျွန်မကို အပတ်စဉ် စာရင်းတစ်စော င်လိုက်ပါသည်။





ချုပ်ခိုင်းသလို လစဉ်လည်း လတိုင်းရှိုးရှမ်းမ်စာရင်းချုပ် လုပ်ခိုင်းပါတယ်၊ အဲဒီစာရင်းကို ကျွန်မက ကုမ္ပဏီရုံးချုပ် ကို လဆန်းခုနစ်ရက်မတိုင်ခင် ပို့ရမယ်လို့ ပြောထားပါ တယ် ...

ဒီနေ့က လကုန်ရက်ပေါ့နော်၊ ကျွန်မ နက်ဖြန်ကျ သချုပ်စာရင်းလုပ်ချင်ပြီ၊ အခုဆို ရှေ့အပတ်ကတင်ထား ဘဲ့ တစ်ပတ်စာစာရင်းချုပ်ထားတဲ့ စာရွက် ကျွန်မဆီ ပြန်မရောက်သေးဘူး၊ နောက်ဆုံးအပတ်စာရွက်က အခုမှ ပေးလိုက်ရမယ်၊ နည်းနည်းနှေးဖင့်ခဲ့ရင် ကျွန်မက ခုမှ အလုပ်ဝင်ရတဲ့ လူသစ်ဆိုတော့ ကျွန်မအပေါ် သူဌေးနဲ့ စာရင်းကိုင်ချုပ်ရဲ့အမြင်မှာ အင်ပရက်ရှင်မကောင်းဘူးပေါ့ ရှင် ...

အဲဒါလည်းစိုးရိမ်ပါတယ်၊ မန်နေဂျာ မလာတောင်မှ ကျွန်မအနေနဲ့ အနည်းဆုံး သူ့ဆီ ဖုန်းကွန်တက်လုပ်နိုင် တယ်ဆိုရင် တော်တော်လေး မဆိုးဘူးပေါ့"

"ဩော် ... ဒီလိုဆို အစ်မကို မန်နေဂျာရဲ့ဖုန်း ကျွန်တော် ပေးထားပါ့မယ်၊ ဟုတ်ပါတယ်၊ ဖုန်းနံပါတ်ကတော့ ဘာပဲ ဖြစ်ဖြစ် သိထားသင့်ပါတယ်၊ အစ်မ မှတ်လိုက်ပါ"

"ဟုတ်ကဲ့"

မ,က ကိုဇော်ဇော် ရေရွတ်ပြတဲ့ ဖုန်းနံပါတ်ကို



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုက အစ်မပြောတဲ့ ရှေ့အပတ်က တစ်ပတ်စာ စာရင်းချုပ်က ပြန်တောင်ရောက်ရင်ရောက်နေလောက်ပါပြီ၊ အစ်မဆီ မရောက်သေးတာ ဖြစ်နိုင်တယ်ဗျ"

မ,က နားမရှင်းဘဲ ...

"ကျွန်မဆီ မရောက်ဘူးဆိုတော့"

"မန်နေဂျာစားပွဲပေါ်များ ရှိနေမလားပဲ"

"ရှင် ... မန်နေဂျာစားပွဲပေါ်ဆိုလည်း ကိုဇော်ဇော် တင်ထားမှပဲဖြစ်မှာလေ၊ ကိုဇော်ဇော် တင်ထားလို့လား"

"ကျွန်တော်တော့ သွားမတင်ထားဘူးပေါ့"

"ကိုဇော်ဇော် မထားရင် သူ့စားပွဲမှာ ဘယ်လိုရှိနိုင်မှာလဲ"

"မန်နေဂျာကိုယ်တိုင် ရုံးလာရင်းယူလာပြီး ထားခဲ့နိုင်တယ်လေ၊ ကျွန်တော်တို့ တစ်ချက်သွားကြည့်ကြည့်ရအောင်လေ အစ်မ"

ဇော်ဇော်က မေးဆတ်ပြကာ ရှေ့ကထွက်သွား၏ မ,က နောက်က ခပ်သုတ်သုတ်လေး လိုက်ရင်းက ...

"မန်နေဂျာက ရုံးမှမလာတာ၊ ရုံးလာလို့လား"

"ရုံဖန်ရံခါ လာပါတယ်"

"ဟင် ... ဟုတ်လား"

ဇော်ဇော့်နောက်က လိုက်ရင်း အပေါ်ထပ်တက်အတွင်းလှေကားမှ လိုက်တက်လာခဲ့ပါသည်။ လှေကားထိပ်မှ





...ါကို ဇော်ဇော်က တွန်းဖွင့်ဝင်သွားလျှင် နောက်ကပါသော ...သည် ပထမဆုံးအကြိမ်ရောက်ဖူးရသော အပေါ်ထပ်မန်နေဂျာ ...ခန်းလေးကို ခြေချခွင့်ရပါသည်။

အပေါ်ထပ်က လူနေခန်းဆန်ဆန် ကန့်ထားကာ ...ခဲ့သောအခန်းငယ်ရဲ့ထိပ်မျက်နှာစာမှာ ကျွန်းဆိုင်းဘုတ်ငယ် ...ိုင်းဆွဲထားတာ မြင်ရပါသည်။

**"ဦးရွှေသွေးမောင်မောင်**
**(မန်နေဂျာ)"**

ဇော်ဇော်က "လာ အစ်မ"ဟုခေါ်ကာ ထိုအခန်းထဲပါ ...င်သွားလျှင် မ, နောက်က ပါလာပါသည်။

"ဒီစားပွဲမှာ အစ်မကိုယ်တိုင်ပဲ ရှာကြည့်လိုက်ပါ"

"ဟုတ်ကဲ့"

မ,က မန်နေဂျာရဲ့ မဟော်ဂနီရောင် ကျွန်းစားပွဲပေါ်... စာရွက်စာတမ်းဖိုင်လ်တချို့ကို အနည်းငယ် လှန်လှောလိုက် ...ယ်ဆိုလျှင်ပင် ကိုယ်တင်ထားတဲ့ ကတ်ထူဖိုင်လ်အဝါလေးကို ...ယ်တိုင်မှတ်မိကာ ကောက်ယူဖွင့်ကြည့်လိုက်ပါသည်။

"ဒီမှာတွေ့ပြီ၊ မန်နေဂျာကလည်း ချက်က်လုပ်ပြီးကြောင်း လက်မှတ်ထိုးပြီးပြီ"

"ဒါဖြင့် အစ်မ ဒါကိုယူသွားလိုက်တော့လေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မ,က မျက်လုံးလေးဝေ့ဝဲကာ ရုံးခန်း သပ်သပ်ရပ်ရပ်လေးကိုကြည့်ရှုမိသည်။ စားပွဲပေါ်မှာ သူထိုင်တဲ့ဘက် လှည့်ထားတဲ့ အယ်လ်စီဒီတီဗီ ခပ်သေးသေးမှာ ကြိုးတွေတပ်ဆင်ထားပုံအရ သူဟာ အောက်ထပ်ကို သူ့ရုံးခန်းကနေ စီစီတီဗီနှင့် လှမ်းကြည့်နိုင်ပါလားဆိုတာ ရိပ်မိရလေသည်။

"ဒီအပတ်စာရင်းလည်း ပေးလိုက်လေ၊ ကျွန်တော် လာလိုက်ပါမယ်"

"ဟုတ်ကဲ့၊ ဒါဖြင့် နောက်ဆို ကျွန်မ တင်ပြထားတဲ့စာရင်း သူ စစ်ပြီးမပြီး ကျွန်မ ဒီရုံးခန်းကို တက်ကြည့်ရမလား"

"မကြည့်ပါနဲ့အစ်မ၊ မန်နေဂျာက သူ့ရုံးခန်းထဲ ဘယ်သူမှ တက်ခွင့်ပြုမထားပါဘူး၊ သူလည်း မရှိဘူး၊ ကျွန်တော်တို့ တယ်၊ အရေးလည်းကြီးတယ်ဆိုရင် ကျွန်တော်နဲ့အတူ တက်လို့ရတယ်လို့တော့ မှာထားပါတယ်"

"သြော်"

"အစ်မ နည်းနည်းအရေးကြီးရင်တော့ ကျွန်တော် အခုပေးတဲ့ဖုန်းနံပါတ်ကို ဆက်လိုက်ပါ"

"ဟုတ်ကဲ့"

ဇော်ဇော်က အခန်းထဲကထွက်တာမို့ မ,ပါ အတူ ထွက်ခဲ့ရပါသည်။ အောက်ထပ်ပြန်ဆင်းလာပေမယ့် မ,ရင်ထဲ မတင်မကျ။ မန်နေဂျာက တစ်မျိုးပါလား။ ကိန်းကြီးခန်းကြီးပဲနိုင်သလိုလို။ ဘယ်သူမှ သူ့ရုံးခန်းကို အခွင့်မရှိမလာရ ဆိုတာကတော့





တစ်မျိုးကြီးပင်။ ရုံးကိုလည်း ဘယ်အချိန်တွေကများ လှစ်ခနဲ ရောက်လာလိုက်ပါလိမ့်။ ဘေးလှေကားက တက်သွားတာပဲဖြစ်ရမည်။

ဇော်ဇော် ပြန်သွားပြီးတဲ့နောက် မ, စိတ်ထဲတစ်မျိုးဆန်းဖြစ်နေသည်။ မန်နေဂျာနှင့်ပတ်သက်ပြီး ခိုးလိုးခုလုဖြစ်နေတာပင်။ သူက ဘာတွေလျှို့လျှို့ဝှက်ဝှက်လုပ်နေရတာလဲ။ မအားလို့ သိပ်မလာနိုင်လည်း လာနိုင်တဲ့အခါ လူသိရှင်ကြားလာပေါ့။ တွေ့စရာရှိတဲ့သူတွေ ပြောစရာရှိတာပြော၊ မှာစရာရှိတာမှာပေါ့။

မ,သည် တစ်ခဏ စဉ်းစားနေမိပြီးနောက် ခုနကမှ ခန်းထဲ Saveလုပ်လိုက်သောနံပါတ်ကို နှိပ်လိုက်ပါသည်။ မန်နေဂျာနှင့် ဘာပဲဖြစ်ဖြစ် စကားပြောဖြစ်ထားချင်သည်။

"ဟယ်လို"

"ဦးရွှေသွေးမောင်မောင် ဖုန်းပါလားရှင်"

"ဟုတ်ပါတယ်"

"သြော် ... ကျွန်မ ပန်းဆိုးတန်းရှိုးရွမ်းမ်က စာရင်းကိုင် 'မ'ပါရှင်"

"ခင်ဗျာ"

တစ်ဖက်က အသံဟာ အလန့်တကြား ဖြစ်သွားသလိုလို။ အလောတကြီး ပလုံးပထွေးနှင့်။ အသံက သိပ်ပြီး မကြီးရင့်သေး။ အင်းလေ ... သူ့အဖေ သူဌေးကိုယ်တိုင်က ငါးဆယ်ကျော်ပဲရှိသေးတာပဲ။ သူကလည်း မ,တို့အရွယ်လောက်ပဲရှိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စကားနည်းနည်းပြောလို့ ရမလားရှင်၊ အလုပ် များနေလား မသိဘူး"

တစ်ဖက်မှာ ရွှေသွေးဟာ ရင်ခုန်သံတွေ တဒိန်းဒိန်း မြည်နေခဲ့ပါပြီ။

"ဩော် ... ဟုတ် ... ဟုတ်ကဲ့၊ ပြောပါခင်ဗျ မ,"

"ခုပဲ ကိုဇော်ဇော်လည်းပြန်သွားပါတယ်၊ ကျွန်မ ကိုဇော်ဇော် နဲ့လည်း မှာလိုက်ပေမယ့် ဦးရွှေသွေးမောင်မောင်နဲ့ တိုက် ရိုက် နည်းနည်းပြောချင်လို့ပါရှင်"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို ရွှေသွေးပဲ ခေါ်ပါ မ,"

ရွှေသွေးသည် သူ့ကိုယ်သူ ဘာပြောလို့ ပြောမိမှန်းပင် မသိအောင် စိတ်တွေလှုပ်ရှားနေပါသည်။ သူ မ, ဖုန်းနံပါတ်ကို [illegible]ထားတာပါ။ အလုပ်ဝင်ကတည်းက ကိုယ်ရေးအကျဉ်းချုပ်မှာ လိပ်စာတွေ ဖုန်းနံပါတ်တွေ ပါပြီးသားပဲ။ ရွှေသွေးဖုန်းထဲမှာပဲ 'မ'ဆိုပြီး မှတ်ထားတာပါ။ ဒါပေမဲ့ အခု ဖုန်းမြည်လာခိုက်မှာ ဘယ်သူဘယ်ဝါခေါ်တာလဲ လုံးဝမကြည့်လိုက်မိဘဲ ဖွင့်နားထောင် လိုက်မိတာဖြစ်၍ "မ"မှန်း မသိလိုက်။

"ဟုတ်ကဲ့ ဦးရွှေသွေး၊ ကျွန်မကို သူဌေးဦးအောင်နဲ့ ကုမ္ပဏီက စာရင်းစစ်ချုပ်က အပတ်စဉ် တစ်ကြိမ်စီ စာရင်းချုပ်ဖို့ လစဉ် လချုပ်စာရင်းလုပ်ဖို့ ...............
........."





မ,ရဲ့အသံလေးကို ရွှေသွေးတစ်ကိုယ်လုံး အေးစက် [illegible]သက်ပြီး သေငယ်ဇောနှင့် မျောနေသလို စိုက်ကာ နားထောင် [illegible]မိသည်။ ရှင်းပြ ပြောပြနေတာတွေကို ကြားတစ်ချက် မကြား [illegible]စ်ချက်။ အသက်မရှူမိသလို အရာရာကို မေ့လျော့နေသည်။ [illegible]ကို မြင်မနေရတာ သိနေပါလျက်နှင့် ရင်တထိတ်ထိတ်တုန်နေ [illegible]သည်။

"အဲဒါ ကျွန်မ အချိန်မီလေး ရုံးချုပ်ကို တင်နိုင်အောင် ဦးရွှေသွေးဆီက မြန်မြန်လေးပြန်ကျလာဖို့လေး တောင်းဆို ချင်လို့ပါ"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ"

"နောက်ပြီးတော့လေ ခုနပြောခဲ့တဲ့ အခက်အခဲလေးတွေ လည်းရှိတတ်တော့ ကျွန်မ ဦးရွှေသွေးနဲ့ မကြာမကြာ ကွန်တက်လုပ်ပါရစေ"

"ဟုတ်ကဲ့ လုပ်ပါ၊ ကွန်တက်လုပ်လိုက်ပါ မ,"

"ပြီးတော့ ဦးရွှေသွေး ရုံဖန်ရံခါ ရုံးကိုရောက်လာတတ်တဲ့ အခါလေးတွေ ကျွန်မကို ပြောစရာရှိတာလေးတွေ ပြောခွင့် တင်ပြစရာ ရှိတာလေးတွေ တင်ပြခွင့် တွေ့ခွင့်ပြုပါလို့ မေတ္တာရပ်ခံချင်လို့ပါ"

"ခင်ဗျာ"

ရွှေသွေးက အလန့်တကြား ထစ်တုံ့သွားရပြီးမှ ...

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်မ ဖုန်းချလိုက်တော့မယ်ရှင့်၊ ဦးရွှေသွေး အလုပ်များနေရင် ကျွန်မ လှမ်းနှောင့်ယှက်မိတာအတွက် စိတ်မရှိပါနဲ့"

"ဩော် ... ရပါတယ် မ, ရပါတယ်၊ အနှောင့်အယှက်မရှိပါ ဘူး၊ ဒါနဲ့ ..."

ရွှေသွေးက ရုတ်တရက် နှုတ်ခမ်းကိုဖိကိုက်ထား လိုက်မိကာ စကားဆက်ဖို့ ရွံ့ထိတ်နေမိပါသည်။ မ,ဘက်က ဖုန်းချမသွားသေးဘဲ ကိုင်ထားကာ နားထောင်နေဆဲဖြစ်တာမို့ ရွှေသွေးက ရှေ့တိုးအားယူလိုက်ရင်း ...

"မ, နေကောင်းသွားပါပြီလား"

"ရှင် ... ဟုတ်ကဲ့၊ ကျွန်မ နေကောင်းပါတယ် ဦးရွှေသွေး"

မ,ဖြေသံလေးက တအံ့တဩ ဇဝေဇဝါလေးတုံ့နေပါ သည်။

✦ ❦ ✦





## ၁၀

ရွှေသွေးက အပေါ်ထပ်ကဆင်းလာကာ ရေခြောက် အောင်တောင်သုတ်မလာသောမျက်နှာနှင့် ရွှေအောင့်ကို ရှုံ့သိုးသိုး ကြည့်ရင်း ...

"ငါ ညက ညဥ့်နက်လို့ အိပ်နေတာကို တကယ်ပဲ ရှုပ် တွေ့"

"နင်က ဘာလို့ ညဥ့်နက်ရတာလဲ"

"ငါ့ဟာငါ နက်ချင်လို့ နက်တယ်ဟာ၊ နင်နဲ့ ဘာဆိုင်လဲ"

"အမယ် ... လေသံက မြင့်သား"

မိပြုံးက ပြောင်ချော်ချော်ပြောရင်း ရွှေသွေးကို လှမ်း ကြည့်နေရာ ရွှေသွေးက မျက်နှာလွှဲထားလိုက်ပါသည်။

"သူ့ သွားမယ်သွားမယ် လုပ်နေလို့လေ၊ အားလုံး အားရက်နဲ့ လည်းတိုက်တယ်ဆိုပြီး ငါက အားလုံးလျှော့ချိန်းလိုက် တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းရည်းစားသွားချင်တာ မင်းပဲပို့ပေါ့ကွ၊ ဘယ်ကို သမီးရည်းစားလဲ မသိဘူး၊ နှစ်ယောက်တည်းသွားတယ်ကို မရှိဘူး၊ သွားလိုက်ရင် တစ်အုပ်လုံးကြီးခေါ်ပါပြီး ရုံး ရုံးစုနဲ့၊ မမြင်ဖူးပါဘူး၊ ငါသာရည်းစားရလို့ကတော့ ငါ့ရည်း စားနဲ့ငါသွားမှာ ဘယ်သူ့မှမခေါ်ဘူးနော် ကြိုပြောထား တယ်"

"အမယ် ... ဟား ဟား ... ရည်းစားပဲရအောင်အရင်လုပ် ပါ ဦးရွှေသွေးရယ်"

"ရှုပ်လို့မထားတာ၊ နင်သဘောပေါက်ဖို့လိုတယ်နော် မိပြူး"

"အေးပါ၊ အဲလိုမှတ်ထားလိုက်ပါ့မယ်"

"ကုန်စည်ပြပွဲများ လူကျပ်ကကျပ်နဲ့၊ မလိုက်ချင်ပါဘူးကွာ နင် ဘာလို့သွားချင်မှန်း စဉ်းစားလို့တောင် မရဘူး"

"Branded အလှကုန်တွေလည်း ဈေးချမယ် နင် ဘာသိလဲ ပြပွဲမှာပါတဲ့ကုမ္ပဏီတွေက ငါတို့အကြိုက်တွေ အများကြီး ပါတယ်ဟ၊ ဖုန်းဟန်းဒ်ဆက်ဆိုင်တွေလည်းပါတယ်၊ နင်တို့ အကြိုက်လေ၊ ကွန်ပျူတာပစ္စည်းတွေရော"

"ဘာမှ ခုလောလောဆယ်မလိုချင်ဘူး၊ မိပြူး ... နင် ဒီနေ့ အဲဒီမသွားဘူးဆိုရင် နင့်ကို ငါ တစ်သောင်းပေးမယ်"

"အမယ် ... ဟား ဟား ဟား ... နင်ဟာလေ မန်နေဂျာ ကြီးဖြစ်တော့ သိပ်ငွေစကားပြောလာတယ်ပေါ့ ရွှေသွေး_ အဟိဟိ"





"မန်နေဂျာရုံးပြေးကြီး၊ တကယ်လည်းရုံးတက်တာမဟုတ် ဘဲနဲ့"

မောင်သော်ကပါ ဝင်ချွတ်တော့ ရွှေသွေး ပြုံးဖုံ့ဖုံ့ ထိုင်နေလိုက်ပါသည်။ သူရုံးသွားတာဖြင့် သူတို့ သေချာမသိကြဘဲနဲ့။ ကြီးသွား ဘေးလှေကားကတက် ရုံးခန်းထဲ တိုးတိုးတိတ်တိတ် ဝင် စားပွဲပေါ်က စီစီတီဗီဆက်သွယ်ထားတဲ့ မော်နီတာကိုဖွင့် အောက်ထပ်က မ,စားပွဲကို တည့်တည့်ချိန်ထားတဲ့ ကင်မရာလိုင်း ထင်ရှေး။

ပြီးတော့ မ,ကို ငြိမ်ငြိမ်ကလေး ထိုင်ငေးကြည့်။

သူက မ,ကို အလုပ်ခန့်ပေးဖို့ ဦးအောင်ကို တောင်း တော့ မေမေက သူ့ကို ပြန်တောင်းဆိုသည်မှာ အဲဒီရှိုးရွမ်းမ်ကို တာဝန်ယူ အုပ်ချုပ်ရမည်တဲ့။ ဖင်ငြိမ်ငြိမ် ကြာမြှေရရ အလုပ်မျိုး မလုပ်ချင်ပဲ စိတ်ဝင်စားရာကိုသာ ပိုက်ဆံရရ မရရ ရှုံးရှုံးမြတ်မြတ် အပျော်သဘောလုပ်ချင်နေတဲ့ ရွှေသွေးကို ဦးအောင်ရဲ့အလုပ်တွေ မှာ မေမေက တစ်နေရာရာ ဝင်လုပ်စေချင်လှပါသည်။

ပြောမရလို့သာ ကြည့်နေရတာ။ မေမေက သူ့ကို တစ်စက်မှ ကြည့်လို့ရတာမဟုတ်။ ရွှေသွေးက ဒီအလုပ်ကိုတော့ သိပ်မစဉ်းစားတော့ဘဲ လက်ခံခေါင်းညိတ်လိုက်ပါသည်။ မ,လည်း ရှိနေမယ့်နေရာလေ။ သူ့စိတ်ထဲ တကယ်ပဲ အဲဒီရုံးခန်းရဲ့ မန်နေဂျာ နေရာမှာ ဝမ်းသာအားရ လုပ်ချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



လက်သာခံလိုက်ပေမယ့် သူ ဘယ်လိုများလုပ်ရပါ့မလဲ။ သူ့မျက်နှာကိုတွေ့တာနှင့် မ,က ခါးခါးသီးသီးနှင့် အလုပ်တောင်ထွက်မလား မသိနိုင်တာလေ။ သူ့မှာ ရုံးတက်ချင်ရက်နှင့် မတက်ရတဲ့ဘဝပါ။ ရုံးကို ခိုးကြောင်ခိုးဝှက်ကလေးသာသွား၍ မ,ကို ခိုးပြီးစောင့်ကြည့်ရတဲ့ဘဝ။

အခုတော့ ရွှေသွေးသည် ခံစားချက် နင့်နင့်သီးသီး တစ်ခုကို ဘုမသိဘမသိ နားမလည်ပါးမလည် အူကြောင်ကြောင် အံ့သြသြနှင့်ပင် မဖြစ်မနေ ရင်ထဲပိုက်၍ လက်ခံလိုက်ရပါပြီ။

မ,ကို သူ ချစ်သည်။

ဘယ်လိုကဘယ်လို ချစ်သွားတာလဲ ဘာကြောင့်ချစ်သွားတာလဲ ရေရေရာရာ ရှင်းမပြတတ်ပေမယ့် မ,နှင့်ပတ်သက်ပြီး သူ့ဘဝမှာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်သော အမည်းစက်ကြီးထင်စွန်းထင်း၍ အဲဒီပြစ်ချက်ရဲ့နောက်မှာ မ,ကို ကြင်နာကရုဏာသက်ရခြင်းက အင်အားပြင်းထန်လှတဲ့ အချစ်တစ်ခုကို မွေးဖွားလိုက်တာပင်။

သနားလို့ ချစ်မိသွားတာချည်းပဲမဟုတ်။ သူ မပြောပြတတ်ပါ။ မာရေကျောရေနှင့် သူ အမြင်ကတ်တဲ့ မိန်းမတစ်ယောက်ကိုတော့ သနားတာတစ်ခုကြောင့် သူဒီလောက်ချစ်မိသွားမှာမဟုတ်။ သူ့ကိုယ်သူ ဘယ်လိုမှ အဖြေရှာမရတဲ့ အဆုံးတော့ သူ့ဘဝမှာ ဒီအချိန်ဒီအခါမှာ မ,ဆိုတဲ့မိန်းမတစ်ယောက်ကို အချစ်ကြီးချစ်မိဖို့ အသေအလဲချစ်မိဖို့ ကုသိုလ်ကံကြမ္မာက ပြဋ္ဌာန်းသတ်





ခဲ့ပြီးဖြစ်တယ်လို့ပဲ သူ နားလည်ယုံကြည် ထားလိုက်ရတော့ပါ။

သူ့အချစ်ဟာ ပေါက်ဖွားမိချိန်နှင့် တစ်ပြိုင်နက်တည်းပဲလည်း တစ်ချိန်မှာ သေဆုံးနွမ်းခြောက်ရဖို့ သူ့အသည်းတွေကြေဖို့ သေချာခိုင်မာပြီး ဖြစ်တယ်ဆိုတာကိုလည်း ရွှေသွေး နင့်နင့်နှင့်ပဲ လက်မခံချင်သည့်တိုင်အောင် နားလည်လက်ခံထားသည်။ ဘယ်တော့မှ ဘယ်နည်းနှင့်မှ မ,ထံက တုံ့ပြန်အချစ်ကို ရနိုင်မှာမဟုတ်ဘူးဆိုတာ သိသိကြီးနဲ့တော့ မ,စိတ်အတွက် အရှက်ရုံ့သက်သက် မကြိုးစားနေတော့ပါဘူးလို့လည်း စိတ်ပိုင်းဖြတ်ထားသားပင်။

ဒီနောက်ပိုင်း သူ့စိတ်တို့ဟာ အရင်ကလို တက်ကြွလှုပ်ခတ်မနေတော့။ အရာများစွာ၌ စိတ်ဝင်တစား ပြေးလွှားဗျာများမနေတော့။ ရွှေသွေး ငြိမ်သက်သွားပါသည်။ သူ အမြဲထက်သန်တဲ့ ကားကိစ္စတွေမှာပင် အရင်လို မထက်သန်တော့။ သူနဲ့အမြဲလို ပိုတွဲဖြစ်တတ်တဲ့ မင်းခန့်ကတော့ ...

"ခုတလော မင်းကြည့်ရတာ ပျင်းစရာကြီးကွာ၊ ဘာကိုမှ စိတ်မပါသလိုပဲ၊ အေးတိအေးစက်ကြီးနဲ့"

ထိုသို့ဝေဖန်သည်။ ရွှေသွေး ဘာမှမတုံ့ပြန်ဘဲ ငြိမ်နေလိုက်ပါသည်။ ဟုတ်တာပဲလေ။ သူ့ခေါင်းထဲမှာ အချိန်များစွာ မ,ပဲ စိုးမိုးနေတာလေ။

"ရွှေသွေး နင် ဘာဖြစ်လို့ ရုံးမတက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိပြုံးက သူ့ကို အကဲခတ်ရင်း မေးသည်။

"ပျင်းလို့"

"အဲဒီတော့ အလုပ်တွေ ဘယ်လိုလုပ်လဲ"

"ငါ ဟိုဘက် စက်ရုံမှာ အရင်လုပ်တဲ့ ဖော်ဖော်ဆိုတဲ့ တစ်ယောက်ကို ငါ့လက်ထောက်လုပ်ထားတယ်၊ လုပ်စရာ ရှိတာ သူကတစ်ဆင့်ပဲ လုပ်တယ်"

"နင့်ဟာက တစ်မျိုးကြီးပဲ"

"ငါ့ဟာငါ ဘယ်နှစ်မျိုးဖြစ်ဖြစ် နင်နဲ့မဆိုင်ပါဘူး"

မိပြုံးက သူတို့ဟာနှင့်သူတို့ စကားတစ်ဝိုင်းဖြစ်နေတဲ့ ရွှေအောင်နှင့် မော်သော်ကို လှည့်ကြည့်ပြီး လေသံနှိမ့်ကာ ...

"ရွှေသွေး ... နင် မ,ကို မတွေ့အောင်ရှောင်တာလား။ အဲဒါကြောင့် ရုံးသွားမတက်တာလား"

ရွှေသွေးက မိပြုံးကို ပေစောင်းစောင်းကြည့်ရင်း ...

"ငါက မ,ကို ဘာဖြစ်လို့ ရှောင်ရမှာလဲ"

"အဲဒါကို မသိဘူးလေ၊ ငါထင်နေတာ ငါပြောတာ"

"ဘာမှမဆိုင်ဘူး"

"ကျူညီနေသမျှတွေကို နင်နဲ့ဆိုင်တယ်လို့ နင်အသိမခံဘူး လေ၊ တကယ်လို့ နင်နဲ့မ, အရင်က တစ်ယောက်ကိုတစ် ယောက် ကြည့်မရ အမြင်ကတ်တာမျိုးတွေ ရှိခဲ့တယ်ဆို လည်း အခုလောက် နင် သူ့ကို ပြန်ကူညီစောင့်ရှောက်တာနဲ့ ကြေနိုင်နေပါပြီဟာ၊ အရင်က အမြင်ကတ်မှုတွေက ကလေး





ကိစ္စလောက် ရှိတာပဲဟာ၊ အခု သူ့ကို အိမ်လည်းငှားပေး၊ အလုပ်လည်းခန့်ပေး၊ ကူညီတာ နင်ပဲဆိုတာသိရင် မ,က ကျေးဇူးတောင် တင်ရမှာလေ ...

နင် မ,ကို ဘာဖြစ်လို့ အသိမခံ အတွေ့မခံရဲတာလဲ၊ အဲဒါ တစ်ခုခုတော့ တစ်ခုခုပဲ၊ ငါ့စိတ်ထဲမှာ ဘာမှန်းမသိရ တာကို ကလိကလိဖြစ်နေတာ သိရဲ့လား"

"နင် မ,ကို ဘာမှသွားမပြောနဲ့နော်၊ မ,ဘဝကို အခုလိုလေး စတင်အဆင်ပြေလာတာလေးကို နင် ကြာကြာမြင်ချင်ရင် ဘာဆိုဘာမှ မ,ကိုသွားမပြောနဲ့၊ ငါ ဒါပဲပြောမယ် နင့်ကို"

"အေး ... အဲဒါကိုပဲ ကလိကလိ ဖြစ်နေတာလေ"

"ဘာမှဖြစ်မနေနဲ့ ဘာမှမရှိပါဘူးဟာ"

"မဟုတ်ဘူး၊ နင် မ,ကို လုံးဝအတွေ့မခံရဲဘူး၊ ဒီလောက် သိသာနေတာ"

"ဘာရယ်မဟုတ်ပါဘူး၊ ငါပျင်းလို့ ရုံးမသွားတာပါဆိုမှ၊ ငါ ဘယ်တုန်းက အဲဒီလိုအလုပ်မျိုးတွေ ငြိမ်ငြိမ်ကြီးထိုင် လုပ်ရမှာ စိတ်ဝင်စားလို့လဲ၊ နင် မသိတာကျနေတာပဲ၊ ငါ့ဟာငါ မလုပ်ချင်တာကို မေမေနိုင်းလို့ နားအေးအောင် မငြင်းဘဲလက်ခံထားတာ၊ မသွားချင်လို့ ရရင်ရသလိုလစ်နေ တာပေါ့ဟ"

မိပြုံးက ရွှေသွေးကို စိုက်ကြည့်နေ၍ ရွှေသွေး နေရ င်ရ ကျဉ်းကျပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမုန့်က ငါ ဒီနေ့ မ,အိမ်တောင် သွားလည်မလားလို့"

"သွားလည်ပေါ့၊ သွားလည်ရင်ပြီးရော၊ ခုတော့ နင်သွားချင်တဲ့ဈေးပွဲကြီး မလိုက်ချင်တာကို ဘယ်လိုငြင်းရင်ကောင်းမလဲမသိ ဖြစ်နေပြီ ငါ့မှာ"

"ငါ မ,ကို ဖုန်းဆက်သေးတယ်၊ မ,က လမ်းမှာရောက်နေပြီ၊ သူ ဒီနေ့ ရုံးပိတ်ရက်မို့လို့ နည်းနည်းလည်းပျင်းတာ ကုန်စည်ပြပွဲသွားမလို့ အိမ်ကထွက်လာတာတဲ့၊ အဲဒီကုန်စည်ပြပွဲကို မ,လည်းလာမှာ၊ အခုတောင်ရောက်နေလောက်ပြီ"

ရွှေသွေး စိတ်ထဲလှုပ်ရှားသွားပါသည်။ ဒီတစ်နေ့ထဲမှာ မ,လည်းရောက်နေရင် အနည်းဆုံး ဘာပဲဖြစ်ဖြစ် မ,ရဲ့ အဝေးကတော့ လှမ်းမြင်တွေ့ရနိုင်တာပေါ့။ ရုတ်တရက်ပင် ရွှေသွေး စိတ်က ဆန့်ကျင်ဘက်ပြောင်းလဲသွားပါသည်။

ကုန်စည်ပြပွဲကို သူ သွားချင်လာပြီ။ သွားချင်တဲ့ အခုကိုပဲ ထ,ပြေးချင်ပြီ။ တော်ကြာ ကြိုရောက်နေမယ့် မ,ဟာ ခဏတဖြုတ်နှင့်ပြန်သွားရင် မ,နဲ့တွေ့လိုက်ရတော့မှာမဟုတ်ဘူးလေ။ သို့ပေမဲ့ ချက်ချင်းလက်ငင်းကြီး သူ့စိတ်ပြောင်းသွားတာကို လူလည်မ မိပြုံး သိသွားမှာကိုလည်း စိုးရိမ်ရသည်။ မိပြုံး ပါးလှစ်နေတာ။ အမြဲပဲ သူတစ်ပါးစိတ်ကို ထွင်းဖောက်အုပ်... ကြိုးစားနေတတ်တာ။





"ဟာ … ဟိုကောင်တွေက နောက်ကျလိုက်တာ၊ မိပြုံး ဟိုကောင်တွေ လာကောလာဦးမှာလား"

"လာမယ်လို့ ငါ့ကို ပြောပြီးပါပြီဟဲ့"

ရွှေအောင်နှင့် မိပြုံးရဲ့ အချီအချစကားကို ရွှေသွေး ...င်း၍ …

"မြန်မြန်ဖုန်းဆက်ဟာ၊ ခုချက်ချင်းရောက်လာခဲ့ကြတော့လို့၊ မလိုက်ချင်ရတဲ့ကြားထဲ သူတို့ကြာနေရင် ငါစိတ်မရှည်တော့ဘူးနော်၊ ထွက်မှာဖြင့်ရင်လည်း ခပ်မြန်မြန်လေးထွက်ကြမပေါ့"

မိပြုံးက ရွှေသွေးကို မျက်လုံးမေးကျဉ်းကာ ခပ်ပြုံးပြုံး ...ကြည့်လိုက်တာကို ရွှေသွေးက မမြင်ချင်ယောင်ဆောင်နေလိုက်ပါ

✦ ❦ ✦

အဖြစ်အပျက်က ကြေကွဲစရာ အငိုက်မိစရာကောင်း ...အောင်ပဲ မြန်မြန်ဖြစ်ပွားသွားပါသည်။ ရွှေသွေးတို့အုပ်စု ...ကြီး ပြပွဲခန်းမထဲရောက်လာချိန်မှာ ခန်းမထဲမှာ လူတွေ ...ပ်နေသည်။ ဘာတွေကို တိုးနေကြတယ်မသိဘဲ ကုန်ပစ္စည်း ... အလကားဝေနေတဲ့အလား အလုအယက် ဝယ်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးက ဒီလောက်ရှုပ်ယှက်ခတ်နေတဲ့ လူအု
မှာ မ,ကို တိုက်တိုက်ဆိုင်ဆိုင်ရှာတွေ့ဖို့ မလွယ်ကူလှတဲ့အ
စိတ်ညစ်သွားပါသည်။ ခန်းမထဲရောက်ကတည်းက မျက်
အနားမပေးဘဲ ရောင်စုံလူပင်လယ်ထဲ တရစပ်ဝေ့ကာဝဲကာ
ရှာဖွေပေမယ့် လုံးဝမတွေ့မိ။

မိပြုံးနှင့် လဲ့လဲ့ကတော့ လူများများ တိုးနေတဲ့
ဟာ ဈေးလျှော့လို့ ဈေးတန်လို့ယူဆကာ လူတိုးတဲ့ နေရာ
တိုင်းကို ဝင်တိုးနေ၍ ခရီးမတွင်။

"မိပြုံး"

"ဟဲ့ ... ဘာတုံး"

"ဘာတွေလျှောက်တိုးနေတာလဲဟာ၊ ဝယ်မှာလည်း
ဘဲနဲ့"

"ဘာလို့မဝယ်ရမှာလဲ ဝယ်မလို့ပေါ့၊ ဒီမှာရှမ်းပူတွေ
ဈေးချထားတာ၊ အပြင်မှာ လေးထောင့်နှစ်ရာကို
သုံးထောင့်ငါးရာပဲ၊ ခုနှစ်ရာတောင်လျော့တယ်"

"နင်တို့လျှောက်နေကျတံဆိပ်ရော ဟုတ်လို့လား"

"ဟုတ်ဟုတ် မဟုတ်ဟုတ် အရမ်းတန်တာ၊ သူ
လက်ဆောင်ပြန်ပေးလည်းရတယ်"

"ဟား ... နင်တို့မိန်းမတွေကတော့ တန်တယ်ဆိုရင်
ရောင်းလည်း ဝယ်မှာပဲထင်တယ်"





"အေး ... ဝယ်မှာပေါ့၊ တန်လို့ကတော့လာထား"

"ဆေးကစောင့်နေရတဲ့သူတွေက လူတိုးခံရတာ ချွေးပြိုက်ပြိုက်ကျပြီး သေတော့မယ်"

"ချွေးထွက်တာ မသေတတ်ပါဘူး ရွှေသွေးရာ၊ နင် ဘာဖြစ်နေလဲ"

"မိပြုံး"

"ဘာလဲ"

"မ,များ ပြန်သွားပြီလား မသိဘူး"

"ဘယ်သိမလဲ ငါ၊ ပြန်ရင်လည်း ပြန်ရောပေါ့"

"ငါကြည့်နေတာ မတွေ့လို့"

"တွေ့စရာလား၊ ဒီလောက်လူရှုပ်တာ၊ မတွေ့လည်းပြီးရောပေါ့၊ တွေ့ဖို့မှမလိုတာ"

"မ, ဒီကိုလာတယ်လို့ နင်ပြောတာရော တကယ်ဟုတ်ရဲ့လား"

"ဟဲ့ ... ရွှေသွေး၊ နင် ဘာဖြစ်လို့လဲ၊ ဘာတွေပြောနေတာလဲ၊ မ,နဲ့နင် ဘာဆိုင်လဲ၊ အံ့သြစရာကြီး၊ ဟဲ့ ... ရွှေအောင် ဒီနားလာ ဒီမှာဝိုင်းတိုးပေးဦး၊ ငါ့ကို ဟိုသံလွင်သီးဘူးစိမ်း နှစ်ဘူးနော်၊ ရော့ ... ပိုက်ဆံကိုင်ထား၊ လဲ့လဲ့ ... ရွှေအောင့်ကို ပိုက်ဆံပေးလိုက်"

"တစ်ယောက်နှစ်ဘူးပဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကျယ်လိုက်တာ၊ ပိုက်ဆံပေးဝယ်တာပဲဟာကို ဘယ်
ဘူးဖြစ်ဖြစ်ပေါ့၊ မောင်သော်ရော ဘယ်ရောက်သွားပြီ
ဟဲ့ ... ရွှေသွေးလေးဟာ နင်လည်းတိုးပေး"

"ဟာ ... မတိုးပေးဘူးဟာ"

"နင်နော် နင့်အကြောင်း ငါ အားလုံးကို ဖွင့်ချလိုက်ရမလား"

"ကျွတ် ... ဖွင့်ချစရာ ဘာရှိလို့လဲ"

"အောင်မာ ... နင် သူများကိုပဲလိမ့်လို့ရမယ် ရွှေသွေး
ငါကတော့ ငွေမဟုတ်ဘူး၊ သဘောပေါက် နင် လိမ့်လို့
ဘူး"

"နားညည်းလိုက်တာဟာ၊ ကဲ ... ပေး ပေး"

ရွှေသွေးက ရွှေအောင်နားကပ်ကာ သူတို့လိုချင်
တို တိုးဝယ်ပေးလိုက်ပါသည်။ အဲဒီနေရာက လှည့်ထွက်လာ
မိပြုံးက ပြုံးစိစိနှင့် ...

"အေး ... နင် လိမ္မာလာပြီ ရွှေသွေး၊ ငါပါ မ,ကို ဝိုင်း
ပေးမယ်"

လူတွေများကာ စကားသံတွေသီချင်းသံတွေကြော
ကို မိုက်ကရိုဖုန်းနှင့် အော်နေတာတွေ ဆူညံနေ၍ သူတို့စ
ကို ဟိုကောင်တွေမကြားပါ။ ရွှေသွေးက မိပြုံးစကားကို အ
မစိုက်လှသယောင်ဆောင်နေလိုက်မှမယ့် မျက်ဝန်းတွေက
မ,ကို သဲကြီးမဲကြီး ရှာနေမိပါသည်။





မ,ကို သွားတွေ့တာက မုန့်ဆိုင်တွေနားမှာ။ မင်းခန့်
က ရေငတ်တယ်ဆိုသဖြင့် သူတို့ အအေးရောင်းနေတဲ့ဆိုင်တစ်
ဆိုင်မှာရပ်နေတုန်း အအေးမှာနေတုန်း မလှမ်းမကမ်းက ကြက်အူ
ချောင်းကြော် အသားလုံးကြော် ရောင်းနေတဲ့ဆိုင်ရှေ့မှာ မ,ကို
လှမ်းတွေ့လိုက်ပါသည်။

မ,ကိုတွေ့တွေ့ချင်း ဒိတ်ခနဲ ရင်ထဲတုန်ကာ ရွှေသွေး
ခြေဖျားလက်ဖျားတွေ အေးစက်သွားပါသည်။ ရွှေသွေးနှင့်တစ်
ပြိုင်နက်ထဲလောက် တွေ့သွားသော ပြုံးက ...

"ဟဲ့ ... ဟဲ့ ... ဟိုမှာ မ ... မ"

ဒီတစ်ခါတော့ မိပြုံးအသံက ကျယ်သွား၍ အားလုံး
ကြားကာ မိပြုံးကြည့်နေတဲ့နေရာကို အားလုံး လှည့်ကြည့်လိုက်
ကြပါသည်။

"ဟာ ... ဟော့ကောင် ... ဟော့ကောင်"

"ဟိုမှာ ... မ,ကွ ... မ"

တစ်ယောက်တစ်ပေါက်ဖြစ်ကုန်ကြပါသည်။ ရွှေသွေး
ကတော့ ဘာအသံမှမထွက်နိုင်ပါ။ ခြေတွေလက်တွေပင် အေးစက်
ဆောင့်တင်းလွန်ကာ ကပ်ကုန်သလိုခံစားရသည်။ ရင်တွေကလည်း
အရမ်းကိုခုန်ကာပေါက်ကာ ပရမ်းပတာကြီးခုန်တော့တာပင်။ မျက်စိ
ကိုလည်း မလွှဲနိုင်။ ကျောလယ်မှာ ဆံပင်လေးချထားပြီး အေးအေး
ငြိမ်းငြိမ်းနိုင်လှတဲ့ မ,မျက်နှာလေးကို သတိလက်လွတ်ငေးမော
ကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မ,က အသားလုံးကြော်အိတ်လေး ဆွဲကိုင်လျက် ခေါင်းလေးငုံ့ မျက်လွှာလေးချကာ ပိုက်ဆံနှိုက်နေပါသည်။ ပိုက်ဆံခြေ၊ ပြန်အမ်းတာယူရင်း ဆိုင်ကကောင်မလေးကို တည်တည်ငြိမ်ငြိမ်လေး ပြုံးပြလိုက်တဲ့ မ,ပုံစံလေးက နွမ်းလျနေပါသေးရဲ့။

ဖျတ်ခနဲ မ,လှည့်လိုက်ရာအရပ်သည် ရွှေသွေးတို့ အုပ်စုရှိရာဘက်ဆီ။ ခြေလှမ်းစ,ထွက်လိုက်တဲ့ မ,သည် ရွှေသွေးကို ချက်ချင်းမြင်ကာ ခြေလှမ်းတုံ့ခနဲ ရပ်သွားပါသည်။ အဲဒီနောက် ဖြစ်ပျက်သွားတဲ့ မ,ရဲ့မျက်နှာပြင်အပြောင်းအလဲကို ရွှေသွေး သရုပ်ပေါ်အောင်ပင် ပြောမပြတတ်။

နာကြည်းစိမ်းတောက်သော မျက်ဝန်းများက မီးတောက်တွေ ပြေးထွက်ကာ ရွှေသွေးကို လာရောက်လောင်မြိုက်တော့မလို စူးရဲခါးသီးလှပါသည်။ နီမြန်းပြီး တင်းမာလာတဲ့ မ,မျက်နှာမှာ ပါးပြင်ကအကြောလေးတွေတောင် တုန်လာတယ်ထင်ရသည်။ ဖျတ်ခနဲ လျှင်မြန်စွာဖြစ်ပျက်သွားသော အဖြစ်အပျက်ကတော့ မ,သည် ရုတ်တရက် တစ်ရှိန်ထိုး ရွှေသွေးရှိရာထံ မြားတစ်စင်းအလား လှစ်ခနဲဝင်လာကာ ရွှေသွေးနှင့် မျက်နှာချင်းဆိုင်ခပ်နီးနီးအရောက်တွင် ခြေလှမ်းအရှိန်မသတ်ခင် ရွှေသွေး ပါးပြင်ကို ဖြန်းခနဲမြည်အောင် ထိထိမိမိကြီး လွှဲရိုက်ပစ်လိုက်တာပင်။

"ဟင် ..."

"ဟယ် ... မ,"





သူငယ်ချင်းတွေထံက အာမေဋိတ်သံတွေအသီးသီး။ ...ည် ခုမှ မိပြုံးကိုမြင်ကာ မျက်လုံးအိမ်မှာ မျက်ရည်တွေပြည့် ...င်ဝဲလည်လာသည်။ အဲဒီနောက် ပါးတစ်ဖက်ကို ယောင်ပြီး ...ကိုင်ထားမိသော ရွှေသွေးကို မုန်းမုန်းတီးတီး တစ်ချက်ကြည့် ... ဆိုနေရာမှ ဖျတ်ခနဲရုတ်တရက် လှည့်ထွက်သွားလေသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

အဲဒီနေ့က မိပြုံးအမေက သူတို့အားလုံးစားဖို့ အိမ်မှာ ရွှေတောင်ခေါက်ဆွဲချက်စားကာ အပြန်ဝင်စားကြဖို့ နဂိုကတည်းက စီစဉ်ပြီးဖြစ်တာကြောင့် အားလုံး မိပြုံးတို့အိမ်ကို ပြန်ခဲ့ကြပါသည်။

ရွှေသွေးရဲ့ကားထဲမှာ ရွှေအောင်၊ မိပြုံး၊ လဲ့လဲ့တို့ ပါလာကာ မင်းခန့်နှင့် မောင်သော်က နောက်က မင်းခန့်ကားနှင့် ပါလာသည်။ နောက်ကားက နှစ်ယောက်လည်း ဒီအကြောင်းကို အံ့အားတသင့် ပြောဆိုဆွေးနွေးလာတယ်ထင်ပါသည်။ ရွှေအောင်က ကားဆီပြန်လာတည်းက ...

"ဟေ့ကောင် ... ရွှေသွေး သော့ပေး၊ ငါမောင်းမယ်"

စုတ်ပြတ်သတ်အောင် ပျက်နေသော ရွှေသွေးမျက်နှာပြင်ကိုကြည့်ကာ ရွှေအောင်က ကားကို သူမောင်းလာသည်။ မိန်းကလေးနှစ်ယောက်ထဲမှာ စိတ်ပျော့ပျော့ အေးချမ်းချမ်းလေး





ဖြစ်သော လဲ့လဲ့သည် ရွှေသွေးမျက်နှာကို ကရုဏာနှင့် လှမ်းကြည့်ကာ သူပါ ခုပဲ ငိုချတော့မလို မျက်ရည်တွေလည်နေရှာလေသည်။

ရွှေအောင်က မကြာခဏ 'ကျွတ်'ခနဲစုတ်သတ်ကာ...

"ဘာလဲကွာ၊ ဘာလုပ်တာတုံးကွာ ... ကျွတ်"

"ကျွတ် ... ဒီမိန်းမ ရေလည်ရိုင်းတယ်ကွာ"

တဖြစ်တောက်တောက် ရေရွတ်လာလေသည်။ ရွှေသွေးက ကားပြတင်းမှ အပြင်ဘက်သို့ ငြိမ်သက်ငေးပြီးပါလာသည်။ ဘာမှမပြောနိုင်။ မိပြုံးကတော့ ငါထင်တဲ့အတိုင်း တစ်ခုခု သူတို့နှစ်ယောက်ကြားမှာရှိနေပါပေါ့လားလို့ ရင်မောမောလေးနှင့် တွေးကာ ပါလာပါသည်။

"တီတီ ... တီတီ"

မိပြုံး ဖုန်းမြည်လာ၍ မိပြုံးက ခေါ်သူကိုကြည့်ပြီးလျှင် ဘမန်းကတန်း ဖုန်းဖွင့်လိုက်ကာ ...

"ဟယ်လို မ,"

"ပြုံး ... ညီမလေး"

"ဟုတ်ကဲ့ မ,"

"ဘေးမှာ ညီမလေးကို မ,နောက်မှတွေ့တယ်"

"ဟုတ် မ,"

"မ, သူ့ကိုမြင်လိုက်တာနဲ့ မြင်ကွင်းတွေပြာနှမ်းပြီး တခြားဘေးဘီ ဘာမှမမြင်တော့ဘူး ညီမရယ်"

"ဟုတ် မ,"



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်အပျက်အတွက် ဆောရီးပါ မိပြုံးလေး၊ ဆောရီးဆိုတာ ပြုံးကိုတောင်းပန်တာပါ၊ လူကြားသူကြားထဲ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ မဆင်မခြင်ဖြစ်သွားမိတယ်၊ အများအမြင်မှာ အတူတူလာတဲ့ ပြုံးတို့ပါ ရှက်စရာ မျက်နှာပူစရာ ဖြစ်အောင် မ, လုပ်ခဲ့မိတာဆိုရင် ပြုံး မ,ကို ခွင့်လွှတ်ပါ"

"အဲဒီအခြေအနေအတွက်တော့ မ, စိတ်ထဲမထားပါနဲ့ ဒါပေမဲ့ ..."

"ပြုံးနဲ့ သူငယ်ချင်းတွေလား"

"ဟုတ်ကဲ့ မ,၊ ဆယ်တန်းကတည်းက ငယ်သူငယ်ချင်းတွေပါ"

"ဩော် ... ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး ပြုံးတို့နဲ့ မ,နဲ့ကြားမှာ အဆက်အဆံပျက်ရဖို့ မရှိနိုင်ဘူးမှလားဟင်၊ ဆိုလိုတာက မ,ရဲ့ကျေးဇူးရှင်မိသားစုကို မ,မျက်နှာမပျက်ချင်ပါဘူးကွယ်၊ မ,ရဲ့အမုန်းက သူ့သူငယ်ချင်းဖြစ်နေတဲ့ ပြုံးနဲ့ မဆိုင်သလို ပြုံးလည်း မ,ကို သတ်သတ်မြင်ပေးနိုင်မယ် မဟုတ်လားဟင်"

"ဟုတ်ကဲ့ မဆိုင်ဘူး မ,၊ ဘာပြဿနာလဲ ပြုံးမသိပေမယ့် တစ်ခုခုရှိလို့သာ မ, ဒီလောက်ပေါက်ကွဲရတာဖြစ်မှာဆိုတာကိုလည်း နားလည်ပေးနိုင်ပါတယ်၊ ပြုံးက သူ့ကိုလည်း အရမ်းခင်သလို မ,ကိုလည်း အစ်မလိုချစ်ခင်တာပါ"





"ကျေးဇူးတင်ပါတယ် ပြုံး၊ ဒါလေးသိရရင် ကျေနပ်ပါပြီ၊ ဒါပဲနော် ညီမ"

"မ, '... မ, ..."

"ပြောလေ ညီမလေး"

"မ,တို့ ဘာ ... ဘာပြဿနာတွေများ"

"မ,မပြောချင်ဘူး ပြုံး၊ တကယ်တော့ မ, မေ့ထားတာပါ၊ ပြန်လည်းသတိမရချင် ပြန်လည်းမတွေ့ချင်တာပါ၊ ကလျာဆီကအလုပ်ထွက်လိုက်တာလည်း အဲဒီနားတစ်ဝိုက်မှာပဲ တွေ့တွေ့နေရတဲ့သူနဲ့ မတွေ့ချင်လို့ပါ၊ ခုလည်း စိတ်မထိန်းလိုက်နိုင်လွန်းလို့သာ ပေါက်ကွဲလိုက်မိပေမယ့် မ, အရမ်းရှက်ပါတယ် ပြုံးရယ် ...

မ,တစ်သက်နဲ့တစ်ကိုယ် ဒီလောက်လည်း မရမ်းကားမရိုင်းစိုင်းဖူးပါဘူး ပြုံးရယ်၊ နောင်လည်း ဒီလိုမဖြစ်စေရဘူးလို့ ကိုယ့်ကိုယ်ကိုယ် တရားချ ဆုံးမထားလိုက်ပါတယ်၊ ဒါပေမဲ့ တကယ်တော့ သူ မ,ကို ကျူးလွန်ခဲ့တဲ့ပြစ်မှုနဲ့စာရင် သူ့ကို မ, ခုလိုပါးရိုက်တယ် ဆိုတာက လုံးဝ တန်ဖိုးမညီသေးတဲ့ တုံ့ပြန်မှုပါ ပြုံး၊ မုန်းတီးမှုတွေကြောင့်ရော ရှက်စိတ်ကြောင့်ရော ခုထိ မျက်ရည်ကျတုန်းပါ၊ ဒါပေမဲ့ မ, ပြီးဆုံးလိုက်မှာပါ၊ ဒီလောက်ပါပဲ၊ မ, သယ်ဆောင်မသွားချင်ပါဘူး ပြုံး၊ ကိုယ့်စိတ်ကို ညှဉ်းပန်းနှိပ်စက်ရာကျမယ့် ဒေါသမျိုးလည်း မထားချင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကောင်းပါတယ် မ,ရယ်၊ အကြောင်းစုံမသိပေမယ့် ပြုံးလည်း စိတ်မကောင်း ဖြစ်မိပါတယ်"

"ဒါပဲနော် ညီမလေး၊ နောက်မှ အန်တီ့ဆီရော အေးအေး ဆေးဆေး လာခဲ့ပါဦးမယ်"

"ဟုတ်ကဲ့ မ,"

ပြုံး ဖုန်းချလိုက်သည်နှင့် ရွှေအောင်က နောက်ကြည့် မှန်မှကြည့်ကာ ...

"ဘာတဲ့လဲ မိပြုံး"

"ဒီလိုပါပဲ၊ ငါ့သူငယ်ချင်းလားမေးပြီး ငါနဲ့ အဆက်အဆံ မပြတ်ချင်ပါဘူး တောင်းပန်ပါတယ် ဒါပဲပြောတာပါ"

"နင်က မမေးလိုက်ဘူးလား၊ ဘာလို့ ဒီလောက်တောင် ရှိုင်းရတာလဲဆိုတာ"

"အဲဒီလိုတော့မမေးဘူးပေါ့ဟ၊ ဒါပေမဲ့ ဘာပြဿနာရှိတာလဲ တော့မေးဖို့စပါတယ်၊ သူက စကားတောင်အဆုံးမခံဘူး၊ သူ မပြောချင်ပါဘူးတဲ့၊ သူ မေ့လိုက်တော့မယ်တဲ့၊ အသံ တွေလည်း တုန်ယင်နေတာပဲ၊ သူလည်း အရှမ်းခံစားနေရ တာဟ"

"သြော် ... သူက ရိုက်ပြီး ဒီလောက်ခံစားနေ၊ ရိုက်ခံရတဲ့ သူက ဘာလုပ်ရမှာလဲ ပြော"

"ရွှေသွေး ..."

"... ..."

"ဟဲ့ ..."

"အင်း ..."

"နင်တို့ ဘာတွေ ဒီလောက်တောင်ဖြစ်ခဲ့ကြတာလဲ၊ နင် သူ့ကို ဘာကျူးလွန်မိတာလဲဟင်"

"... ..."

"ရွှေသွေး ... ငါတို့ကို နင်ဖွင့်ပြောသင့်တယ်ဟာ၊ ငါတို့က နင့်အရင်းအနှီးဆုံးသူငယ်ချင်းတွေပါ၊ နင် တကယ်ပဲ သူ ထိခိုက်နစ်နာအောင်လုပ်ခဲ့တာရှိလား၊ ဒါမှမဟုတ် နင့်ဘက် ကမရည်ရွယ်ပေမယ့် သူ့ဘက်မှာ နစ်နာသွားခဲ့ရတာမျိုးလား၊ သူနာကြည်းနေတာကလည်း ခါးခါးသီးသီးဖြစ်နေတယ်၊ နင့်ကို ကြည့်ရှုံနဲ့လည်း တစ်ခုခုဖြစ်ခဲ့မှန်း ငါရိပ်မိနေတာပဲ ...

နင်ရော လုပ်ခဲ့မိတာအတွက် ဝမ်းသာအားရကျေနပ် နေတာမှ မဟုတ်တာ၊ နင်လည်း ယူကျုံးမရ အရှမ်းစိတ် မကောင်း ဖြစ်နေပုံရတာ ငါ သိနေတာပဲ၊ နင့်ကိုလည်း တောက်လျှောက် ငါမေးနေခဲ့တယ်လေ၊ ဘာပဲဖြစ်ဖြစ်ဟာ နင်က မလွန်ဘဲ သူက အထင်လွဲနေတာမျိုးဆိုရင် ငါ ကြားထဲက ဖြေရှင်းပေးနိုင်ပါတယ် ...

နင်လွန်ခဲ့မိတာရှိရင်လည်း တောင်းပန်လိုက်ဖို့ ဝန် မလေးစေချင်ဘူး ရွှေသွေးရယ်၊ လူတစ်ယောက်က ကိုယ့် အပေါ် နာကြည်းမုန်းတီးတာကို ခံယူနေရတဲ့ ခံစားချက်က လည်း ကိုယ့်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်၊ ဖိစီးစေပါတယ်







www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ နင်လည်း တော်တော်စိတ်ထိခိုက်ခံစားနေရတယ်ဆို
တာ ငါ သေချာသိနေတယ်"

ရွှေသွေးက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပါသည်။

"ငါ သူ့ကို တောင်းပန်ဖို့ဝန်မလေးပါဘူး၊ သူက လက်ခံမယ်ဆိုရင် ငါ သူ့ကို ခုချိန်မှာထိုင်ရှိခိုးဖို့တောင် အသင့်ပဲ"

"ဟင် ..."

သုံးယောက်ထံက 'ဟင်'ခနဲအသံက လုံးထွေးပြီး အကျယ်ကြီးတောင် ဖြစ်သွားပါသည်။ ယောကျ်ားတစ်ယောက်က ကိုယ့်ထက်အနည်းငယ်မျှ အသက်ပိုကြီးမယ့် မိန်းမတစ်ယောက်ကို ထိုင်ရှိခိုးတောင်းပန်ချင်ဖို့ဆိုတာ တော်ရုံအနေအထားမျိုးနှင့် ဖြစ်ပေါ်မလာနိုင်တဲ့ဆန္ဒပါ။ ရွှေသွေးရင်ထဲ ကြီးစွာသောအပြစ်မကင်းမှု ဖြစ်နေလို့သာ ခုလောက်ထိ ပြင်းပြနေတာ။

"ရွှေသွေး ... ဟော့ကောင် ... ဘာလုပ်ထားမိလို့လဲကွာ ငါတို့လည်း ဘာမှမသိရပါလား"

ရွှေသွေးသည် ရင်ထဲ နင့်ကာနာကျင်ကာ လွန်လွန်ကဲကဲ ဝမ်းနည်းလာပါသည်။ မျက်ရည်ပင်လည်လာပါသည်။ မ,ရဲ့ ပါးတစ်ဖက်ကို ရိုက်သွားတာလည်း ကျေနပ်ပါတယ်။ ဒီထက်မက လည်း မ,ပေးချင်သလောက်အပြစ်ကို လက်ခံဖို့ ကြည်ဖြူပါတယ်။ မ, ကျွန်တော့်ကို ခွင့်လွှတ်ရင်တော်ပါပြီ။

✦ ❦ ✦





ရွှေသွေး စကားဆုံးလျှင် အားလုံးဟာ ငေးငေးငိုင်ငိုင် စကားမပြောနိုင်ဘဲ ကြက်သေသေသလို တိတ်ဆိတ်ကုန်ကြပါသည်။ ရွှေသွေးက ဒန်းပေါ်မှာထိုင်နေပြီး ဘေးမှာ မင်းခန့်၊ ကျန်တဲ့သူတွေက ရေ့ကမြက်ခင်းထဲ ထိုင်ချသူကထိုင်ချ၊ ပန်းအိုးတွေ ဘချို့တင်ထားတဲ့ အုတ်ခဲဘောင်တန်းလေးပေါ် ထိုင်တဲ့သူက ထိုင်၊ ရွှေသွေးထံ အားလုံးငေးကာ မော့ကာကြည့်ရင်း အားလည်း မပေးနိုင် နှစ်လည်းမသိမ့်နိုင် ဆွံ့အလို့နေကြပါသည်။

"မိပြုံးရေ"

"... ..."

"သားတို့ သမီးတို့ရေ စားကြစို့လေ၊ နောက်ကျလှပြီ"

"လာမယ် မေမေ၊ ခဏနေမှ လာခဲ့မယ်"

"အချိန်တွေ လွန်နေပါပကော၊ မဆာကြဘူးလား"

"ဟိုမှာ နည်းနည်းပါးပါး စားလာသေးလို့ မေမေ၊ ခဏ နေမှ လာပါ့မယ်"

အားလုံးဟာ ဗိုက်ဆာဖို့လည်း သတိမရနိုင်တော့ပါ။

ရွှေသွေးနဲ့ မ,အကြား အဲသလောက်ကြီးလေးတဲ့ အဖြစ်အပျက်ကြီးတစ်ခု ဖြစ်ပွားထားလိမ့်မယ်လို့ လုံးဝမထင်မှတ်ခဲ့မိကြပါ။ ဘာမှမသိရှိ မရိပ်မိတဲ့သူတွေ မဆိုနှင့် တစ်ခုခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီလို့ မသဲမကွဲရိပ်မိနေတဲ့ မိပြုံးပင်လျှင် ဒီကိစ္စလို့တော့ လုံးဝမထင်နိုင်ခဲ့။

ကားဖြတ်မောင်းပြီး ရွှံ့စက်စဉ်အောင် တမင်ညစ်ခဲ့တာလိုမျိုး ရုပ်ပျက်ဆင်းပျက်ကိစ္စတစ်ခု ကျူးလွန်ထားမိပြီလောက်ပဲ ယူဆနေခဲ့တာပါ။

"နင်တို့တောင် ဘာစကားမှ မပြောနိုင်ကြတော့ဘူး မဟုတ်လား"

"ဒီလိုပါပဲ ... ငါတို့လည်း အရမ်းအံ့ဩ ..."

"ငါက နင်တို့ချစ်တဲ့သူငယ်ချင်းဆိုတော့ နင် ဖြေသိမ့်ပေးဖို့ဘက်က တွေးတဲ့စကားမျိုး ပြောမှာပဲလေ လို့လို့၊ ဒါပေမဲ့ နင်လည်း ဘာမှမပြောတတ်တော့အောင် တုန်လှုပ်သွားတာပဲ မဟုတ်လား၊ အဖြစ်အပျက်က အရမ်းဆိုးတယ်လေ"

"........."

"မ,ဘဝ အရမ်းထိခိုက်နစ်နာသွားစေတဲ့ ဆုံးရှုံးပျက်စီးမှုပဲ၊ မ,ငါ့ကို ပါးရိုက်သွားတာ မတန်မရာနည်းပါးတဲ့အပြစ်ပေးမှုလေးပါ"

"ဒါပေမဲ့ကွာ မင်းလည်း ဒီလောက် စိတ်ထိခိုက်မနေပါနဲ့တော့၊ မင်းအနေနဲ့က မ,ကိုယ်ဝန်ပျက်ကျပါစေဆိုတဲ့ နစ်နာစေလိုတဲ့ ရည်ရွယ်ချက်မျိုး၊ ပွိုင့်ဓိးရိုးဓိးရိုးဝမ်းပါဆဲင့်လောက်တောင် မပါခဲ့ဘူးလေ"





"အေး ... မင်းခန့် ပြောတာလည်း ဟုတ်ပါတယ် ရွှေသွေးရာ"

"မင်း မ,မှာ ကိုယ်ဝန်ရှိနေတာကိုလည်း မသိခဲ့ဘူး၊ ပြီးတော့ အဲဒီတုန်းက မင်းကို မ,တမင်တကာ ပြန်ပြဿနာလုပ်နေတယ်ပဲ မင်း ရိုးရိုးလေး ထင်နေတာကိုး"

"ဟုတ်တယ်လေကွာ၊ မင်ကို မ,က တွန်းချသွားတုန်းက ရင်ဘတ်ကို စုံဆောင့်တွန်းပြီး တွန်းချသွားတာပါ၊ လှေကားဆယ်ထစ် အမြင့်ကနေလေ၊ မင်း အခန့်မသင့်ရင် ခေါင်းတွေ နောက်စေ့တွေ ထိခိုက်မိရင် ဒုက္ခရောက်သွားနိုင်တာပဲ၊ အခုက မင်းက သူ့ ,တမင်ထားနေတယ်၊ ပြဿနာရှာနေတယ်ထင်လို့ သူ့လက်ကိုဖြုတ်ပြီးဖယ်တယ်၊ သူ မင်းကို လာဆုပ်ကိုင်တော့ တမင်လှမ်းဆွဲထားတယ် ထင်ပြီး လက်ကို မင်းဖြုတ်ထုတ်လိုက်တယ်၊ ဒါပဲလေ ...

မင်း သူ့ကိုတွန်းချခဲ့တာလည်း မဟုတ်ဘူး၊ သူကျအောင် တခြားလည်း ဘာမှကိုယ်ထိလက်ရောက် မလုပ်ခဲ့ဘူး၊ သူပြုတ်ကျခဲ့တာကတော့ သူ့ဟာသူ သူ့ဝေဒနာနဲ့ မူးပြီး အခန့်မသင့်လို့ ကံဆိုးလို့ကျရတာပါ"

"ငါ အဲသလိုဖြေမတွေးနိုင်ဘူးကွာ၊ ငါက သူငါ့ကို တမင်ပြဿနာရှာနေတယ် နှောင့်ယှက်နေတယ်ထင်ပြီး သူ့ကို အပြစ်မြင် ဒေါသဖြစ်နေချိန်မှာ တကယ်က သူ ဝေဒနာခံစားနေရတာ၊ ငါအမှန်တိုင်းပြောတာပါ၊ ငါမ,ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ အမြင်ကတ်တယ်ဆိုပေမယ့် ဘယ်လောက်ပဲအမြင်ကတ်ကတ် ကိုယ့်မျက်စိရှေ့မှာ ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် မူးမိုက်ပြီး သူ့ကိုယ်သူ မနည်းဟန်ချက်ထိန်းနေရတယ်ဆိုတာသိရင် သူ လှေကားက မတော်တဆလိမ့်ကျသွားမှာစိုးလို့တောင် တွဲပေးကူညီပေးမိမှာပါ”

“ဟုတ်တယ်လေ၊ ငါတို့လည်း သိတယ်၊ မင်းကိုယ်မင်းလည်း သိတာပဲလေ၊ မင်းစိတ်ရင်းက အဲသလိုရှိတာ အားလုံးသိတာပဲ၊ ခုဟာက မင်းမသိလို့ ဖြစ်ရတာ၊ မင်းသူ့ကို တမင်တကာ ထိခိုက်နစ်နာအောင် လုပ်တာမဟုတ်ဘူး၊ အဲလိုပဲ ဖြေရမှာပေါ့”

“ငါက တမင်တကာ ထိခိုက်နစ်နာအောင် မလုပ်ဘူးဆိုထားလေ၊ မ,မှာ ဖြစ်သွားရတဲ့ အဖြစ်ကတော့ ဆိုးဆိုးဝါးဝါးနစ်နာသွားခဲ့တာ၊ သူ နေမကောင်းဖြစ်နေချိန်မှာ ငါသူ့ကိုဖယ်ပြီး အတင်းတက်တယ်၊ သူပြုတ်ကျပြီး အောက်မှာ ခွေခွေလေး ဖြစ်နေတာကိုတောင် ငါ လှည့်ကြည့်ပြီး မြင်ရက်သားနဲ့ ဝမ်းတောင်သာသေးသလို လျစ်လျူရှုခဲ့တယ်”

“သူ ဒီလိုဖြစ်မှာ မင်းမှ မသိတာကိုး”

“လွတ်အောင်ရှောင်တွေးနေရင်တော့ လွတ်ရင်လွတ်မှာပေါ့ကွာ၊ ဒါပေမဲ့ ငါ့ပယောဂတော့ လုံးဝမကင်းဘူး၊ ချက်ချင်းဆေးရုံပို့နိုင်လိုက်ရင်များ ခုလိုဖြစ်ပါ့မလားဆိုတာလည်း ယူကျုံးမရဖြစ်မိတယ်၊ အခုက နောက်လူတစ်ယောက်





ထပ်ဆင်းလာမှ သူ့ကိုတွေ့ရတာ၊ ငါ့အပြုအမူက လုံးဝယောကျ်ားမဆန်ဘူး ယောကျ်ားမပီသဘူး၊ ပြန်တွေးမိလေလေ စိတ်ဆင်းရဲလေလေ ရှက်လေလေပဲ၊ ငါ့ကို အဲဒီတုန်းက လှမ်းမော့ကြည့်နေတဲ့ မ,မျက်လုံးတွေကို ငါဘယ်တော့မှ မမေ့တော့ဘူး”

“တကယ်တော့ဟာ အဲဒီအစ်မကြီးကလည်း မာနကြီးတာပါ၊ တကယ်ဆို ရွှေသွေးကို သူ လှမ်းအကူအညီတောင်းသင့်တယ်၊ မောင်လေးရေ ... တို့က ကိုယ်ဝန်ဆောင်ပါ တို့ အခု မထနိုင်တော့လို့ နည်းနည်းကူညီပါ စသည်ဖြင့်ပေါ့၊ သူ လှမ်းအကူညီတောင်းသင့်တယ်လို့ ငါထင်တယ်၊ သူ့မှာလည်းပဲ ဒီလောက်ဖြစ်နေတာတောင် ဒီကောင်လေးဆီက အကူအညီ ငါမယူဘူးဆိုတဲ့ မာန်မျိုးရှိနေသေးပုံပါ”

“ဟုတ်တယ်၊ လဲ့လဲ့ ပြောတာမှန်တယ်၊ အဲဒီ မ,ကိုကလည်း သူ့ဘက်ကတော့ လုံးဝမလျှော့ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးကွ”

“သူလည်း မာနခပ်ကြီးကြီးပဲမို့ပေါ့”

မိပြုံးက ခေါင်းလေးညိတ်ရင်း ...

“မ,က မာနကြီးတယ်ဆိုတာထက် သူ့စိတ်ကိုလည်း သူ့ဘာသာ တမင်ဆည်ထားရတာပါဟာ၊ အားငယ်ပျော့ညံ့မနေဘူးဆိုတဲ့ အနေအထားတစ်ခုကို သူ တမင်တကာတည်ဆောက်ထားရတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်နေလို့လဲ"

"မက ငယ်ငယ်ကတည်းက အဖေမရှိဘူး၊ သူ မွေးကာစပဲ ဆုံးသွားတယ်၊ မ,အမေကလည်း သိပ်အဖြစ်ရှိတဲ့မိန်းမ တစ်ယောက် ဟုတ်ပုံမရဘူး၊ လိုရင်းပြောရင် သားအမိနှစ်ယောက် အဆင်မပြေဘူး မရပ်တည်နိုင်ဘူး ဒုက္ခရောက် တယ်ပေါ့ဟာ၊ မ,အမေရဲ့အစ်ကိုက သူ့ဟာနဲ့သူ ရာထူး ရာခံလေးလည်းရှိ ပိုက်ဆံရှိတဲ့မိန်းမကိုလည်း ရထားတော့ ဟန်ဟန်ပန်ပန် အဆင်ပြေပြေ ရှိတယ်ပေါ့ဟယ် ...

မ,အမေက မ,ကို အဲဒီ သူ့အစ်ကိုဆီ ပေးလိုက်တာ လေ၊ မ,ဘကြီးကလည်း သူ့ကလေးတွေနဲ့အတူဆော့ဖို့ အငယ်လေးကိုထိန်းဖို့ အဖော်သဟဲရတယ်ဆိုပြီး မ,ကိုခေါ် မွေးထားလိုက်တာပေါ့နော်၊ သူ့အမေက အတူလာမနေဘူး ယောက်မနဲ့လည်း သိပ်မတည့်ဘူးတဲ့၊ ပြီးတော့ မ,အမေက အနုပညာအကအခုန် ဝါသနာပါပြီး ဇာတ်တစ်ခုထဲမှာပဲ လိုက်နေတာလိုလို၊ ရုပ်ရှင်လောကထဲမှာပဲ မထင်မရှားနေ ရာလောက်က ရပ်တည်နေတာလိုလို ငါသေချာတော့မသိ ဘူး ...

သူ့အစ်ကိုဆီ မ,ကိုပေးခဲ့ပြီး သားအမိ ပြန်မတွေ့ လိုက်တော့တာ မ,ဘွဲ့ရတဲ့အချိန် အသက်နှစ်ဆယ်ကျော် လောက်မှာ သူဆုံးမှပဲ မ,ဘကြီးရော၊ မ,ရော သူ့ကိုသင်္ဂြိုဟ် ရုံပဲ ပြန်တွေ့ရတော့တာ"





"ဟယ် ... သနားပါတယ်"

လဲ့လဲ့က လွှတ်ခနဲ ညည်းတွားသည်။

"ဘကြီးဘက်က တူမဆိုတော့ အဲဒီအိမ်မှာ မ,ခများ သိပ်အနေအစား မချောင်ပါဘူး၊ ပိုက်ဆံရှိတာကလည်း ဘကြီးမိန်းမဆိုတော့ ငါ့အစ်မနဲ့ မ,နဲ့ တက္ကသိုလ်တူတူ တက်နေကြတုန်းကလည်း မ,ကြည့်ရတာ ခပ်နွမ်းနွမ်းမှိန် မှိန်ပါပဲ၊ အဲဒီကတည်းက မ,မျက်နှာက အေးတိအေးစက် လေးပဲ"

ရွှေသွေးက သက်ပြင်းတစ်ချက် ချမိသည်။ မ,ဘဝ ဟာ ငယ်ငယ်က မေတ္တာငတ်ခဲ့လိမ့်မယ်လို့သူ မှန်းဆလို့ရပါသည်။ ဘကြီးဆိုတာမျိုးကလည်း တူမကို ဘယ်မှာတကူးတက ကြင်နာ ချစ်ခင်နေပါ့မလဲ။ အဒေါ်ဘက်က အရင်းဆိုရင်တော့ မ,ဒီထက် အကြင်နာ ကရုဏာတွေ ရနိုင်လိမ့်မည်။

"မ,က အမြဲတမ်း သူ့ကိုယ်သူ မနည်းအားတင်းထားသလို ဖြစ်နေတာ၊ မမကြီးတို့ မေမေတို့ကိုတော့ သူသိပ်ချစ်တယ်၊ သူ့ကိုလည်း မမကြီးက သိပ်ချစ်တာ၊ မမကြီးက မမလတ်တို့ ငါတို့ထက်တောင် မ,နဲ့ပိုတည့်တယ်၊ မ,အပေါ်လည်း ကောင်းတော့ မ,ကလည်း သိပ်ချစ်တာ၊ သူတို့နှစ်ယောက် က တကယ့်သွေးသောက်ပဲ၊ မမကြီးနဲ့မှပဲ မ,ကပြုံးပြုံးရယ် ရယ် ရှိတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်မမကြီး ယောကျ်ားယူသွားတော့ သူ တော်တော်အားငယ်မှာပဲ"

"ဟုတ်တယ် လေ၊ မ,ကိုကြိုက်တဲ့သူတွေ ရှိပေမယ့် မ,က လက်မခံဘူး၊ သူ့ဘဝ သူ့အနေအထားကို အားငယ်ပြီး ရှိုးရိုးကုပ်ကုပ်လေးပဲ နေနေတာ"

"သူ ယောကျ်ားယူတော့ရော သူ့ရည်းစားနဲ့ သူယူတာ မဟုတ်ဘူးလား"

"ရည်းစားတော့ မဟုတ်ဘူး၊ အဲဒီ ကိုမောင်မောင်က မ,ကိုကြိုက်တာကြာပါပြီ၊ မ,က လက်မခံတာ၊ တဖြည်းဖြည်း အချိန်တွေကြာ အသက်တွေကြီးလာတော့ ကိုမောင်မောင်က သူ့အမေကတစ်ဆင့် မ,ကိုတောင်းရမ်းခိုင်းတာလို့ပြောတာပဲ၊ အဲဒီအချိန်မှာ မ,ဘကြီးကလည်း ရာထူးတော်တော်ကြီးနေ၊ မ,ကိုလည်း မွေးစားသမီး တူမရင်းဆိုပြီး သိနေတော့ ကိုမောင်မောင့်အမေက သူကိုယ်တိုင်သဘောကျပြီး သွားတောင်းပေးတာပဲ၊ နောက်ဆုံး လူကြီးတွေက ပြောဆိုနားချပြီး သဘောတူကြတော့ မ,လည်း လက်ခံလိုက်တယ်ပေါ့ဟယ်"

"အင်း"

"လက်ထပ်ခါနီးမှာ ပြဿနာတက်ကြတယ်"

"ဟင် … ဘာဖြစ်လို့လဲ"





"ကိုမောင်မောင့်အမေက မ,ကိုအမွေစားအမွေခံလို့ ထင်နေတယ်၊ သူတို့မှာရှိနေတာတွေထဲက တချို့တစိတ်တပိုင်းကို မ,အမေ ရရမယ့်အမွေအနှစ်အဖြစ် မ,ရလိမ့်မယ်လို့ ယူဆနေခဲ့တာ"

"ဩော်"

"မင်္ဂလာဆောင်ခါနီးမှ ပစ္စည်းခန်းတွေ မင်္ဂလာပွဲကိစ္စတွေ ပြောဆိုကြတော့မှ မ,ကဘာတစ်ပြားမှ ရစရာမရှိဘူးလို့ ယောက္ခမလောင်းက နားလည်သွားတာလေ၊ အဲဒီမှာ သူ့သားနဲ့ မကြည်ဖြူတော့ဘူး ဖြစ်တော့တာပဲ"

ရွှေသွေးရင်ထဲ ဆို့နစ်ကာ သက်ပြင်းတွေသာ တသုန်သုန်ခနေမိပါသည်။ မ,ဘဝလေးက ဘယ်နေရာနားလေးမှ ကံကောင်းပါလား။

"ယောက္ခမလောင်းဆီက ငွေရေးကြေးရေး အမွေအနှစ် စုံစမ်းတဲ့စကား ထွက်လာတော့ မ,အဒေါ်လည်း စိတ်ခုသွားတယ်၊ သူထင်တာက မ,က သူ့မှာ ဒီအိမ်ကနေအမွေ ရစရာတွေ ရှိတယ်ဆိုတာမျိုး ဟိုဘက်ကို ကြွားဝါပြီးယုံအောင်ပြောထားတယ်လို့ ထင်သွားတယ်၊ မ,ကိုလည်း စွပ်စွဲတယ်၊ မ,ကငြင်းပေမယ့် မယုံကြည်ဘူး၊ တစ်သက်လုံး သူတို့ပဲ ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးလာတာတောင်မှ ဘကြီးဆီက အမွေရဖို့ မျှော်ကိုးသေးလားဆိုတာမျိုးပေါ့ …



www.burmeseclassic.com

www.burmeseclassic.com



မ,အဒေါ်နဲ့ သမီးအငယ်နဲ့က မ,ကို အထင်လွဲတ
အဲဒီတုန်းက မ,မှာ ပြဿနာတွေ တခြိမ်းခြိမ်းပဲ၊ မျက်
နဲ့မျက်ခွက်ပဲ၊ မင်္ဂလာဆောင်ခါနီး တစက်မှ မ,စိတ်မ
သာရဲဘူး၊ မမကြီးကလည်း အဲဒီအချိန်မှာ စင်ကာပူရော
နေပြီ၊ မ,နား ရပ်တည်မပေးနိုင်ဘူး၊ မ,က မေမေ့ကို
လာလာပြီး ရင်ဖွင့်တိုင်ပင်ပါတယ်၊ ဒါပေမဲ့ မကမျိ
တယ်၊ နှုတ်နည်းတယ်၊ သူခံစားရသလောက် သူစိတ်ဆ
ရဲနေသလောက် ငါတို့မသိရပါဘူး ...

မ,က မင်္ဂလာပွဲဖျက်ဖို့ ကြိုးစားသေးတယ်၊ သူ့အ
က ဘာမှမပါတော့ ယောက္ခမ မကြည်ဖြူတော့ဘူးဆို
သိလို့လေ၊ ဒါပေမဲ့ ကိုမောင်မောင်က မ,ကိုတကယ်
တာဆိုတော့ မ,ကို မျိုးစုံတောင်းပန်ပြီး သူ့အမေကိုလ
ရင်ဆိုင်ပြီး မ,ရှေ့ကရပ်ပြီးတော့ မရမက လက်ထမ်
တာ"

"ဟင်း ... နားထောင်ရတာတောင် ရင်မောလိုက်တာ"

"မ,က အရမ်းသနားဖို့ ကောင်းပါတယ်ဟာ၊ နောက်
တော့ မ,က လက်ထပ်ဖို့ကိုပဲ ရွေးချယ်လိုက်ပါတ
အဒေါ်နဲ့ ညီမဝမ်းကွဲကလည်း သူ့အပေါ် ကြည်ကြည်ဖြ
ချစ်ချစ်ခင်ခင် မရှိတော့ဘူးလေ၊ အစကတည်းကလ
ဆွေမျိုးရင်းချာစိတ်ထက် မ,အပေါ် သူတို့ကျေးဇူးခံကျေ
စား အိမ်မှာ အဖော်သဟဲသဘောလောက် ထားခဲ့တာ
ဖြစ်မှာပေါ့ဟယ် ...





မ,မှာ ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းတုတ် ဆိုတာမျိုးလေ၊ အတူနေလာခဲ့တဲ့ အဒေါ်နဲ့ညီမဝမ်းကွဲက လည်း အထင်တွေလွဲပြီး မကြည်ဖြူတော့ဘူး၊ ယောက္ခမ လောင်းကလည်း မ,ကို ဦးသန့်အောင်တူမ မွေးစားသမီး ဆိုင်သင့်သလောက်တော့ အမွေဆိုင်တဲ့သူထင်ရာက မဟုတ် မှန်းသိပြီး မကြည်သာဘူး။ သူ့သားနဲ့ သူများအိမ်မှာခိုင်း ဖတ်သာသာ ကပ်ရပ်နေရတဲ့ ဆွေနီးမျိုးစပ်လောက်ဆိုရင် သဘောမတူနိုင်တော့ဘူးပေါ့ဟယ်"

"ယောက်ျားက သူ့ကိုချစ်တာလေးပဲ တော်ပါသေးရဲ့ဟယ်"

"ဟုတ်တယ်၊ ကိုမောင်မောင်က သူ့ကိုချစ်တာ ကြာလှပြီ၊ ဒါပေမဲ့ မ,ကတော့ မချစ်ဘူး၊ လက်ထပ်ဖို့ဆုံးဖြတ်တော့ လည်း သူ ရွေးချယ်သင့်တဲ့ လူတစ်ယောက်အဖြစ် လက်ခံ လိုက်တာပဲ ရှိတယ်ဆိုတာ မေမေ့ကိုလည်း ပြောပြတယ်၊ မင်္ဂလာပွဲပျက်လည်း မ,ကတော့ ဘယ်လိုမှဖြစ်မှာမဟုတ် ဘူး၊ ကိုမောင်မောင်သာ ရူးမလို ဗျာများနေတာ"

တကယ်တော့ မ,ဆိုတဲ့ မိန်းမတစ်ယောက်ဟာ မေတ္တာငတ်ခဲ့တာတင်မက အခြားတပါးကိုလည်း မေတ္တာမပေးတတ် သေးဖြစ်တဲ့ သူတစ်ယောက် ဖြစ်နေတာပါလားလို့ ရွေသွေးတွေး မိသည်။ အချစ်မခံရတဲ့သူတွေဟာ မချစ်တတ်ဘူးတဲ့။ မ,ဟာလည်း တစ်ကြိမ်တစ်ခါမှ မချစ်တတ်ခဲ့ဖူးသေးတဲ့ မိန်းမတစ်ယောက်ထင် သည်။

www.burmeseclassic.com



အဲသလိုတွေးတောမိလိုက်တဲ့အချိန်မှာ ရွှေသွေးရင်ထဲ ကြီးစွာသော လှိုင်းတံပိုးများ ဘောင်ဘင်ရိုက်ခတ် လှုပ်ရှားရပြီး မ,ဆိုတဲ့ မိန်းမတစ်ယောက်ထံက ချစ်ခြင်းမေတ္တာတစ်ခု တောင့်တောင့်တတ တပ်မက်လိုချင်မှုနှင့် အသည်းနှလုံးများ ဖြောင်းဆန်တုန်ခါလာခဲ့ရပါသည်။





၁၂

"ဟယ်လို ... ဦးရွှေသွေးမောင်မောင်လားရှင်"

"ဟုတ်ပါတယ်ခင်ဗျ ... ပြောပါ မ,"

ကျွန်မ မ,ပါလို့တောင် မပြောရခင် သူသိနေတာတော့ ဖုန်းနံပါတ်ကို မှတ်ထားတာပဲ ထားပါတော့။ "မ"လို့ အမြဲတရင်းတနှီးခေါ်တတ်တာကိုတော့ မ,က စိတ်ထဲတစ်မျိုးလေး ဖြစ်နေသည်။ သူ့လေသံက အရမ်းကို ရင်းနှီးလွန်းတာပါ။

"ကျွန်မ စကားနည်းနည်း ပြောချင်လို့ပါ"

"ဟုတ်ကဲ့ ... မ, ပြောပါ"

"မဖွင့်သေးတဲ့ '.........'ဟိုတယ်က ဖန်နစ်ချာ ဟိုတယ်တစ်ခုလုံးစာယူဖို့အတွက် သူတို့ဆီ quotation လေးပေးပါလို့ စာပို့ထားပါတယ်၊ အဲဒါလေးကို မြန်မြန်လေးဈေးနှုန်းစိစစ်ညှိနှိုင်းပေးနိုင်ဖို့ ကျွန်မ ဦးရွှေသွေးဆီကို ကိုဇော်ဇော်နဲ့ ထည့်ပေးလိုက်ပါတယ်၊ အဲဒါ ဦးရွှေသွေးဆီ ရောက်မီး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားတာပါ၊ တစ်ပတ်အတွင်း အကြောင်းပြ
ပေးရမှာမို့လို့ပါ၊ ပုံမှန်ဈေးနှုန်းစာရင်းလည်း တွဲပြီးထည့်
လိုက်ပါတယ်ရှင့်၊ သူတို့ယူမယ့် ပစ္စည်းစာရင်းကလည်း
တော်တော်များပါတယ်"

"ဪ... ဟုတ်ကဲ့... ဟုတ်ကဲ့၊ တွေ့ပါတယ်၊ ကျွန်တော်
ရပါတယ်"

"ရှင်"

"ကျွန်တော် ဒီနေ့ပဲ သေချာစိစစ်ပြီး နက်ဖြန် ကိုဇော်ဇော်
နဲ့ ပြန်ပို့ပေးပါ့မယ် မ,"

"ဟုတ်"

မ, ဇဝေဇဝါလေး ဖြစ်နေပါသည်။ ကျွန်တော်
ရပါတယ်တဲ့။ ခုနကမှ မ,က ကိုဇော်ဇော်ကို ပေးလိုက်တာ
ကိုဇော်ဇော်က အပေါ်ထပ်တက်သွားသည်။ မပြန်သေးဘူး
ပါရဲ့။ ကိုဇော်ဇော်က အဝင်အထွက်ကို ဒီအောက်ထပ်ကပဲလု
လေ့ရှိလို့ပါ။ ဒီကပြန်ခါနီးတိုင်း မ,ကိုနှုတ်ဆက် ပြန်မည့်အကြောင်း
အသိပေးပြီးမှ ဒီအောက်ထပ်ကပဲ ပြန်တာပါ။ ဘေးလှေကား
ဘေးတံခါးရှိတယ် ဆိုပေမယ့် အဲဒီဘေးလှေကားမှ ကိုဇော်
အသုံးပြုဝင်ထွက်တာ မရှိခဲ့ဘူးပေ။ မန်နေဂျာသာလျှင် ဘေး
ကားကနေ ဘယ်အချိန်ရောက်ပြီး ဘယ်အချိန် ပြန်သွားမှန်း
လိုက်တတ်တာ။





အခု ကိုဇော်ဇော် အတွင်းလှေကားက တက်သွား
နာရီဝက်လောက်ရှိပြီ။ ပြန်ဆင်းမလာသေး။ မ,ကိုလည်း
လာနှုတ်မဆက်သေး။ မပြန်လောက်သေးပါ။ အခု ဦးရွှေသွေး
ခမှပေးလိုက်တဲ့စာရင်းကို သူတွေ့ပါတယ် ရပါတယ်ဆိုတော့
လို့လဲ။ သူ အပေါ်မှာရှိနေတာလား။

"မ, ဘာပြောဦးမလဲ ခင်ဗျ"

"ရှင် မရှိတော့ပါဘူး ဦးရွှေသွေး"

"ကျွန်တော် မနက်ဖြန်ပဲ ကိုတေးရှင်းရအောင် လုပ်ပေးပါ့
မယ်၊ စိတ်ချပါ မ,"

"ဟုတ်ကဲ့"

မ,က ဖုန်းကိုချထားလိုက်ရင်း မေးလေးထောက်
တစ်ချောင်းငြိမ်သက်စဉ်းစားနေမိပါသည်။ မန်နေဂျာ ဦးရွှေသွေး
မောင် ဆိုတာကို တစ်ကြိမ်မှ မမြင်တွေ့ မဆက်ဆံဖူးသေး
နှင့်ပတ်သက်တာ တစ်ခုခုပြောဆိုမိတဲ့အခါတိုင်း ခေါင်းထဲ
အခါတိုင်း မ,စိတ်ထဲမှာ ရင်းနှီးပြီးသား လူတစ်ယောက်
ကြောင်းလို ဘာဖြစ်လို့ ခံစားရပါလိမ့်။ သူနဲ့ကိုယ် ရင်းရင်း
ဆက်ဆံဖူးထားပြီးသလို ဖြစ်နေသည်။

ဘယ်လောက်ပဲ အလုပ်များပါစေဦး နေ့စဉ်ပုံမှန်
က်ဖို့ အချိန်မရှိပါစေနဲ့ဦး ဖွင့်တာခုဆို နှစ်လကျော်ပြီဖြစ်တဲ့
မ်းကို လုပ်ခနဲလေး တစ်ခေါက်တလေတောင်ဝင်ကာ ဝန်ထမ်း
ကို မေးမြန်းတာ စကားပြောဆိုတာ ညွှန်ကြားတာတွေလုံးဝ
င်ဖူးခဲ့တဲ့ အပြုအမူကလည်း များစွာထူးခြားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသလို လုံးဝမလာဘူးဆိုတာက ထူးခြားနေ
ထက်ကို ပိုပြီးအံ့ဩဖို့ကောင်းသေးတာက လှစ်ခနဲ ရုံးကို
ရောက်လာတတ်တယ်၊ တစ်ခါတစ်ရံ အပေါ်သူ့ရုံးခန်းမှာရှိ
တတ်တယ် ဆိုတာပင်။ ရောက်လာတာတောင်မှ ဘယ်သူ့ထို
ခေါ်မတွေ့တာကကော အံ့ဩစရာကောင်းမနေဘူးလား။

တိတ်တိတ်ကလေးပဲ ရောက်လာပြီး တိတ်တိ
ကလေးပဲ ပြန်ပြန်သွားတတ်တာက ဘာသဘောနည်း။ ဘာ
သူ လျှို့ဝှက်ချင်နေတာလဲ။

မ,သည် ခေါင်းကလေးကိုမော့ကာ သူ့စား
တည့်တည့်ချိန်ထားသော စိစိတိဗိကင်မရာလေးကို စူးစိုက်
လိုက်မိပါသည်။ ကြည့်ရင်းက အတွေးစူးစူးနစ်နစ်နှင့် မ,မျက်
တို့က စူးရဲတောက်ပ လက်ဖြာနေသည်။

✦ ❦ ✦

မော်နီတာထဲမှာ ပေါ်နေသည့် မ,မျက်နှာကို ရွှေ
စူးစိုက်ကြည့်နေမိပါသည်။ ရှန်းလက်ဝိုင်းစက်နေတဲ့ မ,မျ
တို့က သူ့ထံချိန်ရွယ်တပ်ဆင်ထားတဲ့ ကင်မရာထံစူးစိုက်
နေတာ။

စူးစိုက်ကြည့်နေလိုက်တာမှ သာမန်အကြည့်မ
တော့။ အကြည့်ထဲမှာ ပုစ္ဆာတွေ ပဟေဠိတွေ မေးခွန်းတွေ





ခေါင်းနှင့်။ ယောင်ယောင်လေး ကြုတ်ထားပုံရတဲ့ မ,မျက်ခုံးရင်း
သားကိုက ဇဝေဇဝါ ခံစားချက်ကို ပေါ်လွင်နေစေတော့တာပင်။
ခင်အားပြင်းထန်စူးရဲလှတဲ့ မ,ရဲ့အကြည့်ကြောင့် ရွှေသွေးရင်ထဲ
ဒိတ်ဒိတ်ပင် တုန်လာသည်။

"ကိုဇော်ဇော်"

"ဗျာ ... ကိုရွှေသွေး"

"ခုန မ,ပေးတဲ့ပစ္စည်းစာရင်းက ဒါလား၊ ကျွန်တော်
ကိုတေးရှင်းလေး ဆွဲပေးရမယ်ဆိုတာ"

"ဟုတ်ကဲ့ ကိုရွှေသွေး၊ အဲဒီစာရွက်ပါ"

ရွှေသွေးက စာရွက်ကိုကောက်၍ သူ့ဖိုင်လ်ထဲညှပ်
င်း တီဗီမော်နီတာကို တစ်ချက်ကြည့်မိပြန်လျှင် စူးစိုက်တွေဝေ
သမ်းကြည့်ဆဲဖြစ်တဲ့ မ,မျက်ဝန်းများက သူ့ကို ကျောပင်ချမ်းလာ
စေသည်။

"ကျွန်တော် လစ်မယ် ကိုဇော်ဇော်"

"ဟင် ... ပြန်တော့မလား"

"ကိုဇော်ဇော် ခဏနေရင်နေပြီး တခြားလိုတာ ကြည့်ရှုမေး
မြန်းပြီး နောက်မှပြန်လေ၊ ကျွန်တော် သွားနှင့်မယ်"

"ဟင် ... ခုန ကိုရွှေသွေးက ဒီနားက ကော်ပြန့်စိမ်းစား
မလို့ မှာပေးဆို၊ မစားသွားတော့ဘူးလား"

"တော်ပြီဗျာ မစားတော့ဘူး၊ ကျွန်တော် ကိစ္စလေးတစ်ခု
သတိရလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ရွှေသွေးက ကမန်းကတန်း ဖိုင်လ်တွေကောက် ကားသော့ ဖုန်းတို့ ကောက်ယူပြီး ရုံးခန်းထဲက ထွက်လိုက် သည်။ အပေါ်ထပ်ရဲ့ဘေးလှေကားထွက်ပေါက်မှဆင်းပြီး တံခါး ကို အပြင်ဘက်ကပဲ လက်ကိုင်ဘုလည်းနှိပ်၊ သော့ခလောက်လည်း ခတ်လိုက်ပါသည်။ တစ်ထပ်စာပဲ ဆင်းရမှာကို ခပ်သွက်သွက် ကလေး စ,ဆင်းလိုက်သည်နှင့် လှေကားခြေရင်းမှာ လူရိပ်တစ် ဘွားခနဲ ပေါ်လာသည်၊

သရဲသဘက် တွေ့ရတာကမှ ဒီလောက်လန့်စရာ ကောင်းချင်မှ ကောင်းလိမ့်မည်။ လှေကားကိုတက်ဖို့ ပြင်လိုက် ပြီး ဆက်မတက်ဘဲ ခြေလှမ်းပြန်ရပ်ကာ သူ့ကိုလှေကားရင်းမှ မော့ကြည့်နေသော မ,ကိုမြင်လိုက်ရကာမှ သူ့အသည်းနှလုံးတွေ ထွက်ပြုလုံး ပြောင်းဆန်တက်ကာ လည်ချောင်းဝမှတစ်ဆင့် ပါးစပ် က ပြန်ထွက်လာတော့မလောက် သူ လန့်ဖျပ်ချောက်ချားသွားပါ သည်။

ရွှေသွေးကလည်း ဆင်းလက်စနှင့် ဆက်မဆင်းဘဲ ခြေစုံရပ်နေကာ မ,ကလည်း ဆက်မတက်ဘဲ ခြေစုံရပ်လျက် လှေကားရဲ့အပေါ်နှင့်အောက် တစ်ယောက်ကိုတစ်ယောက် စူးရှ ရဲရဲ စိုက်ကြည့်နေမိကြသည်။

ရွှေသွေး ရင်တွေက တဒိန်းဒိန်း။ သူ သော့ခတ်နေ တာကိုရော မ,မြင်သွားနိုင်လား၊ မြင်ရင်တော့ သိပြီ။ မမြင်ဘူး





ထင်ပါရဲ့။ သူ စ,ဆင်းလိုက်မှ မ, ဘွားခနဲ ပေါ်လာခဲ့တာပဲ။ မ, နေမှ စ,တောင်မတက်ရသေးတာ မမြင်နိုင်ပါဘူးလို့ ကယောင် ချောက်ချားတွေ တွေးနေမိလေသည်။

မ,သည် မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ ဒီကောင် လေးကို ပထမအံ့ဩအငိုက်မိနေပြီးမှ တစစ စူးရဲပူပြင်းလာသော အကြည့်နှင့် သီးသီးခါးခါး စိုက်ကြည့်နေရင်းက ရင်ခုန်သံတွေက ဒိန်းဒိန်း ဆူညံမြည်ဟည်းလာခဲ့ပါသည်။

လှေကားမှာချည်း သူနဲ့ ရေစက်ဆုံနေတာ။ သူဘယ် က လာတာလဲ။ သူ တမင်တကာ လာတာလား။ ဟိုတုန်းကလည်း မ,အလုပ်လုပ်တဲ့ နေရာနား သူ့ကို မကြာမကြာ တွေ့ဆုံနေရသလို ခုလည်းပဲ မ,အလုပ်လုပ်တဲ့နေရာနားကို သူ ရောက်လာပြန်ပြီ လေ။ စုံစမ်းပြီး လိုက်နေတာလား။ မ,မသိဘဲ မ,နောက်မှာမနား မနေ သူ တကောက်ကောက် အရိပ်လိုရှိနေတာမျိုးလား။

ဒီအပေါ်ထပ်မှာ ဘယ်နားကို သူလာတာလဲ။ တိုက် ဆိုင်မှုသက်သက်လား။ မ,ကိုမြင်သည်နှင့် တုန်လှုပ်ချောက်ချား ကာ ကွက်ခနဲ မျက်နှာပျက်သွားရလောက်အောင်ပဲ သူက မ,ကို လန့်တာလား။ သူ့မျက်နှာပေါ်မှာရော မ,အပေါ်တောင်းပန်တိုးလျှိုး အသနားခံတဲ့အရိပ်က ဘာကြောင့် အဆောက်အအုံဖွဲ့ပြီး နာနာ ကျင်ကျင် နစ်နစ်မောမော ရှိနေတာလဲ။ တကယ်ဆို မ,သိထား တဲ့ ဒီသတ္တဝါလေးဟာ ဂျစ်ကန်ကန် မာဆတ်ဆတ် မထိမဲ့မြင် ရိုက်နဲ့ လူတစ်ယောက် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မ,ရင်ထဲတုန်လှုပ် စိတ်လှုပ်ရှားရခြင်းက လှကို မောဟိုက်လာစေသည်။ မတွေ့ချင် မမြင်ချင်ပါဘူးဆိုမှ။ အဟော တွေကို အဟောင်းနေရာမှာပဲ ထားခဲ့ပါတော့မယ်ဆိုမှ။ မသ ဆောင်ချင်တော့ပါဘူးဆိုမှ ဘာကြောင့် သူနဲ့ထပ်ခါထပ်ခါဆုံ နေရပါလိမ့်။

မ,ထိခိုက်ခံစားရတာ မ,နစ်နာဆုံးရှုံးခဲ့ရတာနဲ့ ပါးကို တစ်ချက်ရိုက်လိုက်ရတာဟာ နှိုင်းယှဉ်ချိန်ဆလို့ မ ဘူးပဲပြောပြော တန်တယ်ပဲပြောပြော အစစအရာရာကို မ,မေ့ ပြည်ဖုံးကားချချင်တာ။ ပြီးလိုက်ချင်တာ။ ဒီရက်ပိုင်းတွေ မ,နှ သားကန်ရေပြင်ဟာ ကြည်လင်ငြိမ်သက်စပြုပါပြီဆိုမှ။

သူ့ကိုထပ်မြင်တော့ ထပ်၍စိတ်လှုပ်ရှား ဆူ တာ အမုန်းတွေက လည်ချောင်းဝကို ခါးခါးသီးသီး ဆို့လာ အတွက် ပင်ပန်းဆင်းရဲလှသည်။ လောကကြီးမှာ ဒီကောင် မရှိရင်တောင်ကောင်းမှာ။ ထပ်ကိုမတွေ့ချင် မမြင်ချင် မကြား မဆုံစည်းချင်တာ။

မရဲ့ခြေဖျားလက်ဖျားတို့ အေးစက်ထုံကျင်လာ အမုန်းအမျက်ဒေါသကြောင့် မျက်ရည်တွေ မျက်လုံးအိမ်မှာ ပြ လျှံလာပါသည်။ လုံးဝရှေ့ဆက်မဆင်းဘဲ ကျောက်ရုပ်တစ်ရုပ် ငြိမ်ရပ်နေတဲ့သူ့ကို အဆုံးမသတ်နိုင်သော မုန်းတီးမကျေချမ်း နှင့် နောက်ဆုံးကြည့်ရင်း မ,က ရပ်နေရာက လှည့်ထွက်လို ပါသည်။





အပေါ်ရုံးခန်းရဲ့လှေကားဘက် တံခါးပွင့်နေသလား ည့်ပြီး ပွင့်နေတယ်ဆိုရင် ဘဲလ်တီး တံခါးခေါက်ပြီး အပေါ် ရှိတယ်လို့ မ,ထင်နေတဲ့ မန်နေဂျာနှင့် ဝင်တွေ့ဖို့ စိတ်ကူး အစဉ်ကိုလည်း မ,သတိမရတော့။ တခြားလည်း ဘာကိုမှ တိမရတော့။ ခေါင်းတွေထဲလည်း ထူပူကျပ်ခဲပြီး ဘာကိုမှတောင် မရတော့အောင် အသိစိတ်တွေ ဗလာဖြစ်ကုန်သည်။

ပျက်စီးခဲ့ရတဲ့ ကိုယ်ဝန်အတွက် နှမြောတာ ဝမ်းနည်း ာက ခံစားချက်သတ်သတ်ဖြစ်ပြီး မ,အထိုက်အလျောက် တရား ဘောဆင်ခြင် နှလုံးသွင်းကာ ဖြေသိမ့်နိုင်ခဲ့သည်။ ဒီသတ္တဝါ း‌အတွက် မုန်းတီးစက်ဆုပ်ခြင်း ခံစားချက်ကိုတော့ မ,ရင်ထဲ နေ လျှော့မရ ဖြေမရ ပင်ပန်းဆင်းရဲလှပါဘိတော့သည်။

✦ ❦ ✦

ဒီနေ့အဖို့ မ,က ရုံးအားရက်လည်းဖြစ်၍ အိမ်မှာ စ်ယောက်တည်း စိတ်ပါလက်ပါနှင့် နန်းကြိုးသုပ်လုပ်ကာ ားလုံးကို ချိုင့်ကြီးကြီးနှင့်ထည့်ပြီး ပြုံးတို့အိမ် လာခဲ့တာဖြစ်ပါ သည်။ နန်းကြီးသုပ်က အမျိုးအမယ်မများ လက်မဝင်ဘဲ အလွယ် ကူ လုပ်နိုင်ကာ အရသာရှိရှိလေးလည်း မ,လုပ်တတ်ပါသည်။

ပြုံးတို့မေမေကလည်း မ,လက်ရာ နန်းကြီးသုပ်ကို း‌တုန်းကတည်းက ကြိုက်တာပါ။ နန်းကြီးသုပ်အပြင် အန်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အသီးအနှံတချို့နှင့် အားဆေးတစ်ဘူးလည်း ဝယ်ထား သည်။ မ,မှာ မိဘလည်းမရှိ အုပ်ထိန်းသူလည်းမရှိ ရှိတဲ့ဆွေမျိုး ရင်းချာတွေကလည်း မ,အပေါ်မဟုတ်ဘဲ အထင်အမြင်လွဲထား ဟက်ဟက်ပက်ပက် မဆက်ဆံကြဲတော့တဲ့အတွက် မလှမ်းမကမ်း လေးကနေ အဆက်မပြတ် စောင့်ရှောက်နေဖော်ရသော ပူပန်စိုးရိမ် ဖော်ရသော အန်တီတို့အိမ်ကိုပဲ ခင်ရာဆွေမျိုးလို သဘောထား တော့မှာမဟုတ်လား။

ဘာလေးပဲလိုအပ်လိုအပ် ဘာလေးပဲအဆင်မပြေ မပြေ သူတို့နဲ့ပါတာဝန်မကင်းသလို သက်ဆိုင်သလို ဝိုင်းဝန်းခံ ကာ နိုးရိမ်မကင်းဖြစ်ပေးတာ မ,မှာ ဒီတစ်အိမ်သာရှိတာ။ ကျေးဇူး ရှင်စာရင်းလည်း သွင်းထားသလို မ,ရင်ထဲက စစ်စစ်မှန်မှန်လည်း အားကိုးချစ်ခင်ပါသည်။

"ဟယ် ... မ,ဘာတွေနဲ့လဲ ချိုင့်ကြီးနဲ့ ... ဟီးဟီး၊ ဒါကြောင့် ဒီမနက် ပြူးနှာခေါင်းထဲမှာ အနံ့လေးတစ်မျိုး ရနေသည် ပါပဲလို့"

"နန်းကြီးသုပ် လုပ်လာတာ ပြူးရဲ့"

"ဟာ ... ပွတာပဲ မိုက်တယ်၊ ဒီနေ့ ငါးဟင်းကြီးမို့လို့ ပြူး မကြိုက်တာနဲ့အတော်ပဲ ... ဟီး"

"ပြီးပြီးချင်း ချက်ချင်းထွက်လာတာ၊ ထမင်းစားချိန်မီအောင် လေ၊ အန်တီကစောစောစားတယ် မဟုတ်လား၊ အခုမစား ကြရသေးဘူးမလား"





"မေမေက ခုပဲစားခါနီးဆဲဆဲ အတော်ပဲ မ,"

မ,နှင့် ပြူး ထမင်းစား,စားပွဲမှာ ကောင်မလေးတွေ အသံအညီနှင့် စားသောက်ကြဖို့ ပြင်ဆင်ကြပါသည်။ စကားတပြော ပြော ရယ်ရယ်မောမောမောနှင့် မ,စိတ်ကလေး ပေါ့ပါးကြည်လင် သည်။ အိမ်မှာဆို တစ်ယောက်တည်း ခြောက်ကပ်ငြီးငွေ့ဖွယ် ။ ဒါကြောင့်လည်း ပိတ်ရက်တိုင်းလိုလို မ,က တစ်နေ့ရာရာ ဘုရားရင်သွားဖြစ် မသွားဖြစ်ရင် ပြူးတို့သားအမိထံသာ ရောက်နေ ပါသည်။

"သမီး ... မ,၊ ဘဘကြီးတို့အိမ်ရော ရောက်ရဲ့လား"

"လကုန်ရက်တွေတော့ တစ်လတစ်ခေါက် ရောက်ပါတယ် အန်တီ၊ ဘာပဲဖြစ်ဖြစ် မ,ကို တစ်သက်လုံးကျွေးမွေးစောင့် ရှောက်လာတဲ့ ကျေးဇူးရှင်တွေအဖြစ် မ,ဘယ်တော့မှ ကျေးဇူးမမေ့ပါဘူး၊ အဲဒါကြောင့် ဒေါ်လေး အထင်လွဲပြီး မ,ကို မကြည်တာကိုလည်း မ,အပြစ်မမြင်ပါဘူး၊ ဘယ်လို မှလဲ သဘောမထားပါဘူး အန်တီရယ်၊ လခထုတ်ပြီးရင် တော့ ကော်ဖီလေး မုန့်လေးဝယ်သွားပြီး ဘဘနဲ့ဒေါ်လေး ကို သွားကန်တော့ပါတယ်"

"အေး ... အေး ... သွားပါ သမီးရယ်၊ ဘာတွေဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ တကယ်သွေးသားတော်စပ်တာက ဒီအိမ်ပဲ ရှိတာမဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ယောက္ခမဆီရော"

"မ,ဆေးရုံကဆင်းပြီးတဲ့နောက် တစ်ခေါက်တော့ ရောက်ပါတယ် အန်တီ၊ ထပ်မရောက်ပါဘူး၊ မ,ကိုလည်း ကိုမောင်မေမေက အပြစ်မြင်နေတာလေ၊ ကိုယ်ဝန်ရှိနေခဲ့တာလည်း မပြောရကောင်းလား၊ ဒီကိုယ်ဝန်လေးတစ်ခုကို ရှောင်ကောင်း မစောင့်ရှောက် မထိန်းသိမ်းနိုင်ရကောင်းလား အပြစ်တင်စကားတွေချည်း ပြောနေတဲ့အပြင် မ,ကလူငယ်မို့ လူကြီးဆီ ရိုသေဂါရဝတရားနဲ့သွားပေမယ့် မ,လာတာကို ဟိုဟာကြောင့်လား ဒီဟာကြောင့်လား သို့လောသို့လောနဲ့ သဘောသိပ်မကျသလိုပုံစံ ရှိနေတော့ မ,နောက်ထပ် မသွားဖြစ်ဘူး အန်တီရယ်"

"အင်းလေ ... ဘယ်သူ ဘယ်လိုတရားပျက်ပျက် ကိုယ့်ဘက်က မပျက်ပါနဲ့ သမီးရယ်၊ ဘယ်သူ ဘယ်လိုသဘောထားထား ကိုယ့်ဘက်ကတော့ ရှင်းရှင်းလင်းလင်းဖြောင့်ဖြောင့်စင်းစင်းလေးပဲ သဘောထားပါ မ,ရယ်"

"ထားပါတယ် အန်တီ၊ မ, အဲလိုပဲ သဘောထားပါတယ်"

"နန်းကြီးရော ဘဘတို့အိမ် ပို့ရဲ့လား၊ ဒီမှာအများကြီးပါလား"

"ဘဘတို့အိမ်တော့ မပို့တော့ဘူး အန်တီ၊ မ,ချိုင့်ကြီးနဲ့ချိုင့်နဲ့လည်း သယ်ပြီးမသွားနိုင်လို့ပါ၊ မ,စိတ်ကလည်း ဒီကိုပဲလာပြီး တူတူစားချင်နေတာ"





"ဟင်း ဟင်း ... သမီး အိမ်မှာကော တစ်ယောက်တည်းနေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် အန်တီ၊ ဒီအခန်းလေးမှာ နေရတာ မ,သိပ်အဆင်ပြေတာပဲ၊ တိုက်မှာ မ,တို့ဘက်ခြမ်းမှာက မ,တစ်ခန်းပဲလူနေတာ အန်တီရဲ့၊ မ,ရဲ့အပေါ်နဲ့အောက်တွေတစ်ခန်းမှ လူမနေသေးဘူး၊ ဟိုဘက်တစ်ခြမ်းလုံးကတော့လူနေကြတယ်လေ၊ အဲဒီ အိမ်နီးနားချင်းတွေကလည်းကောင်းကြတယ်၊ လူလေးလည်းသန့်တယ်၊ အရမ်းအဆင်ပြေပါတယ် အန်တီ ...

အဲဒါလည်း အန်တီတို့ကို အရမ်းကျေးဇူးတင်တာပဲ၊ မ,အတွက် အဆင်တပြေဖြစ်မှု အားလုံးက အန်တီတို့ပြုံးတို့ ကူညီစောင့်ရှောက်မှုတစ်ခုမှ မကင်းဘူး"

"အင်း ... ဒါလည်း တိုက်ဆိုင်သွားလို့ပါကွယ်၊ ပြုံးသူငယ်ချင်းပါ"

မိပြုံးက မေမေ့ထံ မျက်လုံးတစ်ချက် ပြူးပြလိုက်ပါသည်။ မေမေ့ကို သေသေချာချာ မှာထား ပိတ်ထားပေမယ့်မမေက လူကြီးဆိုတော့ သိပ်ပြီး ကလိန်ကလက် မပြောချင်။ ဒီစကားစ ရောက်လျှင် အလိုလို မလုံမလဲရုပ်မျိုး ပေါက်လာသည်။

"ကဲ ... စားရအောင်လေ၊ နော် ... မေမေ၊ နော် မ, ... ပြုံးလည်း ဗိုက်ဆာပြီ"

"အင်း ... စားကြစို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"တီတီတီ ... တီတီ"

"ဟော ... စားမယ်ဆို ညည်းဖုန်းက မြည်လာပြီ"

"ရပါတယ်၊ ဒါ ဟိုကောင်တွေအုပ်စုပဲ၊ နောက်မှဆက်ခိုင်းလို့ရပါတယ်"

"ဟင် ... သွားမကြည့်ဘဲ ပြုံးသူငယ်ချင်းတွေမှန်း ဖြူ ဘယ်လိုသိလဲ"

"Ring tone ကို ခွဲခြားထားလို့ပါ မ,ရဲ့၊ ပြုံးသူငယ်ချင်းတွေရဲ့ဖုန်းဆိုရင် ဒီတီပုံးသံမျိုး မြည်နေကျ ... အဟင်း"

ပြုံးက အိမ်ရှေ့ပြေးထွက်သွားပြီး ဖုန်းကိုဖွင့်ကိုင်ရင်း ...

"ပြော"

"နင် ဘာလုပ်နေလဲ"

"ထမင်းစားမလို့ ... ထမင်းမဟုတ်ဘူး နန်းကြီးသုပ်၊ နင် ဘာလုပ်ဖို့ မေးတာလဲ"

"အားလား မေးကြည့်တာပါ"

"သိပ်မအားဘူး၊ ပြီးမှဆက်လေဟာ၊ အရေးမကြီးဘူးမှလား"

"နင် မ,ဆီ ဖုန်းဆက်လိုက်ဦး"

ပြုံးက တိတ်သွားပြီးမှ ...

"ဘာလုပ်ဖို့လဲ"

"မ, နှာစေးချောင်းဆိုး ဖြစ်နေတယ်၊ တုပ်ကွေးများ ကွေးချင်လား မသိဘူး၊ နေကောင်းရဲ့လား ဘာလား ဖုန်းဆက်





ပြီး နည်းနည်းဖောလိုက်ပါဦး၊ သူက တစ်ယောက်တည်းလေး နေရတာ မဟုတ်လား"

"ဟဲ့ ... ရွှေသွေး၊ သူ နေကောင်းတယ်၊ ဒါပဲမဟုတ်လား"

"နင် ဘယ်လိုလုပ်သိလဲ"

"မျက်မြင်ကိုယ်တွေ့ပဲ"

"ဩော် ... နင်တို့ အိမ်ရောက်နေလား ဟုတ်လား"

"အင်း"

"ဘယ်အချိန်လောက် ပြန်မလဲ၊ နင်တို့လမ်းထိပ်နားကနေ သူ့အပြန် တိတ်တိတ်ကလေး ငါလာကြည့်ဦးမှပဲ"

"ရွှေသွေး"

ပြုံးအသံက ခပ်ဆတ်ဆတ် ဟန့်တာမျိုးမဟုတ်ဘဲ ခင်လေးဘဝင်မကျ မောလျတဲ့အသံမျိုး ဖြစ်ပါသည်။

"ဒါဆိုရင် ဒါပဲ ... ဒါပဲ၊ ငါ ခဏနေထွက်ခဲ့ပြီး စောင့်ကြည့်နေမယ်၊ နင် မ,နဲ့စကားဆက်ပြောလိုက်ဦး၊ သိလား ချစ်သူငယ်ချင်း"

ပြုံးက သက်ပြင်းတစ်ချက်ချ၍ ဖုန်းပိတ်ပြီး ထမင်းစားခန်းဘက် ပြန်လှည့်လိုက်လျှင် စားပွဲဘေးက မ,သည် ပြုံးကို စေ့စေ့ဝါ မျက်လုံးဝိုင်းဝိုင်းစက်စက်နှင့် ခပ်တွေတွေစိုက်ကာ ကြည့်နေပါသည်။ ထို့နောက်တော့ အနည်းငယ် အေးစက်သော မျက်နှာရိပ်ကို ဟန်ဆောင်ကြီးစား ဖြေလျှော့လိုက်သောအသွင်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရွှေသွေးဆိုတာ ပြုံးသူငယ်ချင်းလား ... ဟုတ်လား"

ခပ်တိုးတိုးမေးခွန်းက ပြုံးအတွက်တော့ မုံးကွဲသလို မြည်ဟည်းတုန်ခါစေသည်။

"ဟုတ် ... မ,"

မ,မျက်နှာက ကွက်ခနဲ ပျက်သွားရကာ ...

"အဲဒါ ဟိုတလောက ကုန်စည်ပြပွဲမှာ မ,ပြဿနာလုပ်ခဲ့တဲ့ ကောင်လေးပဲ မဟုတ်လားဟင်"

မ,အသံက တဖျပ်ဖျပ် တုန်ခါလှိုင်းထန်နေပါသည်။

✦ ✦ ✦





## ၁၃

"တီတီ ... တီတီ"

မ,က ဖုန်းကိုကောက်ယူကြည့်လိုက်ပါသည်။ မ,မသိတဲ့ ဖုန်းနံပါတ်အစိမ်းတစ်ခုဖြစ်နေ၍ ဖုန်းကိုဖွင့်ကိုင်လိုက်ရင်း ...

"ဟယ်လို"

"မ, ဖုန်းမချပစ်ပါနဲ့ မ,"

မ,က ဖုန်းပေါ်က End ခလုတ်ကိုနှိပ်ချ၍ ဖုန်းလိုင်းကို ဖြတ်လိုက်ပါသည်။ အသက်ရှူသံမြန်ဆန်လာကာ အံကလေးဒဲကြိတ်လိုက်ရင်း စိတ်လှုပ်ရှားမှုအရှိန်ကြောင့် မျက်ရည်ပါချက်ချင်းလည်တက်လာသည်။

နင် ဘယ်လိုဖြစ်နေလဲ။

ဘာကြောင့် ဒီလောက်ထိအောင် လိုက်ဆက်နေဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

အသံထွက်အောင် တောက်ခတ်လိုက်ကာ မ,က ဖုန်းကိုမျက်စောင်းထိုးပြီး ထ,ထွက်လာခဲ့ပါသည်။ ဒီနေ့ စိတ်မပါ လက်မပါရှိလှ၍ ထမင်းတစ်အိုးချက်ပြီး ဘာဟင်းမှမချက်။ လက်ဖက်သုပ် သို့မဟုတ် ကြက်ဥကြော်နှင့် ထမင်းစားရမည်။ တစ်ကိုယ်ရေ တစ်ကာယဖြစ်သော မ,အတွက် စားစရိတ်က ဘာမှ ကုန် သက်သာလှပါသည်။ တစ်ယောက်စာ နည်းနည်းကလေး ချက်နေရတာကတောင် လက်ဝင်သေးတာ။ စားချင်စိတ်ပေါက် လာတဲ့အခါမှသာ စိတ်လိုလက်ရလေး ချက်စားဖြစ်တော့တာ။

ထမင်းစားမလားလို့ ပျင်းပျင်းရိရိ စိတ်လက်မရှည် စဉ်းစားမိချိန်တွင် မ,က အမှတ်မထင် ထမင်းစားခန်းထောင့်နား က ဆန်ပုံးလေးကို လှမ်းကြည့်မိသည်။ "ဆန်ပုံး"ဆိုတဲ့ စာလုံး ကြီးကြီးနက်နက်ကို တစ်ချက်ငေးစိုက်ကြည့်မိသည်။ မိပြုံးအဖြေ အရ ဒီအိမ်ကို ပြောင်းရွှေ့ပေးချိန်မှာ သူ့သူငယ်ချင်း တစ်အုပ်စု လုံး ဝိုင်းကူပေးခဲ့ကြတယ်ဆိုသည်။

ဒီတော့ ဟိုသတ္တဝါလည်း ပါမှာပေါ့။ ရုံးကစာရွက် စာတမ်းတွေမှာ ရံဖန်ရံခါတွေ့ရဖူးတဲ့ မန်နေဂျာရဲ့လက်ရေးကို သူ ဘာကြောင့် သတိမထားမိခဲ့ပါလိမ့်။ သတိပြုမိတဲ့ ခုချိန်မှာ တော့ အဲဒီ"ဆန်ပုံး"ဆိုတဲ့လက်ရေးဟာ မန်နေဂျာရဲ့ပန်းချီဆန်တဲ့ လက်ရေးလှလှတွေနဲ့ တပုံတည်း တထေရာတည်းလေ။





အင်းလေ၊ လက်ရေးကို ရိပ်မိပြီးတော့ သံသယဖြစ် ပြီဆိုတာလည်း တကယ်တော့ မလွယ်ကူပါဘူး။ ဘယ်သိနိုင်ပါ့ မလဲ။

"တီတီ ... တီတီ"

ဟော ...။ တောက် ...။

မသည် ဒေါ်လေးပွပွနှင့် ဖုန်းဆီသို့ တဆောင့်ဆောင့် ခြေလှမ်းကျဲနှင့် လျှောက်လာခဲ့ပါသည်။ ဒီတစ်ခါတော့ ရှိုင်းရှိုင်းပဲ ပြောပစ်တော့မယ်။ မ,ရုံးစ,မတက်ကတည်းက နေ့စဉ်နဲ့အမျှအကြိမ် ကြိမ် အခါခါ ဆက်နေတာ။ သူ့ဖုန်းနံပါတ် ရုံးဖုန်းနံပါတ်တို့ ဘဲ မကိုင်သောအခါ ကိုဖော်ဖော့်ဖုန်းကို ယူဆက်သည်။ မ,က ချပစ်ပြန်တဲ့အခါ အခု ဘယ်ကမှန်းမသိတဲ့ နံပါတ်အဆန်းတွေ နဲ့ ခေါ်ပြန်ပြီလေ။

သူခေါ်မှန်းသိရင် မ,ချပစ်မှာ မကိုင်မှာ သူသိနေပြီ။ မ,က တစာစာ အော်မြည်နေတဲ့ဖုန်းကို ဖျတ်ခနဲကောက်ကိုင်လိုက် ချင် ခေါ်နေတဲ့နံပါတ်က မ,ဖုန်းထဲမှာ ပြုံးနာမည်နှင့် မှတ်ထား တဲ့နံပါတ်။

မိပြုံးဖုန်းကို သူ ယူဆက်ပြန်သလား၊ ပြုံးအစစ်ပဲ ခေါ်နေတာလား သေချာမသိနိုင်တာမို့ မ,က ဖုန်းကိုဖွင့်လိုက်ရင်း...

"ဟယ်လို"

မကြည်လင်တဲ့ အသံငြူငြူစူစူနှင့် ထူးတော့ ထူး လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ,လားဟင်၊ ဖြိုးပါ"

"ဖြိုး ... ညီမလေး ပြော"

"မ, ... ဖြိုး ပြောစရာလေးတစ်ခု ရှိလို့ပါ"

"ပြောလေ ဖြိုး"

"ဟိုလေ ... မ,၊ ဖြိုးကို စိတ်မဆိုးပါနဲ့နော်"

"........."

မ,က တိတ်သွားမိပါသည်၊

"ရွှေသွေး ... ဖြိုးဆီ ဖုန်းဆက်လို့ပါ မ,၊ မ,ဆီဆက်ဖေး ပါဆိုလို့"

"ဖြိုး ... ညီမလေး၊ ညီမလေးကို မ,စိတ်မဆိုးပါဘူး ဒါပေမဲ့ သူနဲ့ပတ်သက်တဲ့စကား မ,ကိုမပြောပါနဲ့လား ညီမလေး"

"မဟုတ်ဘူး မ, တခြားစကား ဖြိုးမပြောပါဘူး၊ အခု သူ က အလုပ်ကိစ္စ ပြောချင်တာမို့လို့ ဖုန်းကိုင်ပေးပါလို့ ပြောခိုင်းတာပါ၊ မ,အလုပ်ထွက်စာ တင်ထားတယ်လို့ ရွှေသွေး ပြောတယ် မ,"

"ဟုတ်တယ် ဖြိုး"

"အဲဒီအလုပ်ကိစ္စ ပြောချင်တာပါတဲ့၊ အလုပ်ကိစ္စ အလုပ် စကားကို ကိုယ်ရေးကိုယ်တာနဲ့ ရောထွေးရှောင်လွှဲလို့မရ ပါဘူးလို့ အဲဒီအတိုင်း ပြောပေးပါတဲ့"

"အဟင်း ဟင်း"





မ,က ခပ်မဲ့မဲ့လေး ရယ်မောလိုက်မိပါသည်။

"မ, ဖြိုးကို စိတ်မဆိုးပါနဲ့နော်"

"ဖြိုးကို မ, စိတ်ဆိုးစရာ အကြောင်းမရှိပါဘူး ဖြိုး"

"ဟုတ်ကဲ့၊ တော်ပါသေးရဲ့ မ,ရယ်"

"ဖြိုးကို တစ်ခုမေးရဦးမယ်"

"ဟုတ်ကဲ့ မ,"

"မ, ဒီအလုပ်ကိုရဖို့ သူ့ကို ဖြိုးတောင်းခဲ့တာလား"

"ဖြိုးနဲ့ ညီအစ်မရင်းချာတွေလို ဖြစ်နေတဲ့ အစ်မတစ်ယောက် အလုပ်ရှာနေတာတော့ ဖြိုး သူငယ်ချင်းအားလုံးကို ပြော တာပါ၊ အဆင်ပြေနိုင်တဲ့ အလုပ်နေရာတွေ့ရင် ဖြိုးကိုပြော ဖို့ ပြောမိပါတယ်"

"အဲဒီတုန်းက အဲဒါဟာ 'မ'လို့ သူသိလား"

"ဟုတ် ... သိပါတယ်"

"ဒီတော့ သူက ဒီအလုပ်ကို ခန့်ပေးမယ်လို့ ပြောတယ်ပေါ့၊ အဲလိုလား"

"သူက '.........'ကုမ္ပဏီရဲ့ရှိုးရွမ်းအသစ်ဖွင့်ဖို့မှာ စာရင်း ကိုင်နေရာ လျှောက်လိုက်ပါလို့ ပြောတာပါ၊ ဖြိုးကလည်း မ, အိုကိုနဲ့ကျောင်းပြီးခဲ့တဲ့အကြောင်း ဟိုးအရင်ကစာရင်း ကိုင်အလုပ် လုပ်ဖူးကြောင်းလည်း ပြောဖြစ်ပါတယ်"

"အဲဒီတုန်းက မ,အလုပ်သွားလျှောက်ရတာ သူ့အဖေဆီ မှာဖြစ်ပြီး သူကဒီကုမ္ပဏီရဲ့သားဖြစ်ကြောင်း မ,မသိခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်ကို လျှောက်ဖြစ်ခဲ့တာ ပြုံး၊ အစောကြီးကတည်း
က သူနဲ့ပတ်သက်တဲ့ ကုမ္ပဏီဆိုတာသိရင် မ,မလျှောက်
ဘူး၊ သူနဲ့ ဘယ်နည်းနဲ့မှကို မပတ်သက်ချင်တာ ...

ပြုံးကတစ်ဆင့် သိခဲ့ လျှောက်ခဲ့ရတဲ့ အလုပ်တစ်
ကို မျက်နှာလွှဲခဲပစ် စိတ်ကူးပေါက်သလို ချက်ချင်းထွက်
ပစ်တယ်ဆိုတဲ့ မ,လုပ်ရပ်အပေါ် ပြုံး တစ်မျိုးထင်မှာစိုး
ပြောပြတာပါ၊ နဂိုကတည်းက သူနဲ့ပတ်သက်တာ
သိခဲ့ရင် လျှောက်တောင်မလျှောက်ခဲ့ဘူး၊ အခုလည်း သူနဲ့
ပတ်သက်တာကို သိသိချင်း လုံးဝဘယ်လိုမှ ဆက်လုပ်
စိတ်မရှိလို့ ဆက်ကိုမလုပ်နိုင်လို့ မ,အလုပ်ထွက်တာ
ဒီအတွက် မ,အပေါ်လည်း ပြုံးတို့ နားလည်စေချင်တယ်

"ပြုံး နားလည်ပါတယ် မ,"

"နာကျင်လွန်းလို့ပါ၊ လုံးဝခွင့်မလွှတ်နိုင်လို့ပါ၊ သူ့မျက်
ကို လုံးဝမကြည့်ချင်လို့ပါ"

"........."

"သူနဲ့ မ,နဲ့ကြားမှာ ဘယ်လိုပြဿနာမျိုး ဖြစ်ပွားခဲ့
ဆိုတာ ပြုံးတို့ သိမယ်မထင်ဘူး"

"ပြုံး ... ပြုံး သိပါတယ် မ,"

"သူ ပြောပြတာလား"

"ဟုတ်ကဲ့၊ ကုန်စည်ပြပွဲနေ့က ပြုံးတို့အရမ်းအံ့အားသ
ပြီး ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်ရလို့ သူ့ကို





ကြည့်ကြတာပါ၊ သူ အားလုံးပြောပြခဲ့ပါတယ်၊ အဲဒီအတွက်
ကြောင့်လည်း သူ မ,အပေါ် မကြေနိုင်တဲ့အပြစ်ကြွေးတင်
နေသလို ခံစားနေရတာပါ"

"ဒါကတော့ ပါးစပ်လေးတစ်ခုနဲ့ပြောလို့ လွယ်လွန်းတဲ့
စကားပါ ပြုံး၊ ဘယ်သူမဆို ပြောတတ်ပါတယ်"

"သူ ... သူကလေ မ,ကသာ ခွင့်ပြုရင် ထိုင်ပြီးရှိခိုးတောင်း
ပန်ရမယ်ဆိုရင်တောင် တောင်းပန်ဖို့ သူ့ဘက်က အဆင်
သင့်ပါတဲ့ မ,"

"အဟင်း ဟင်း ... သူထိုင်ရှိခိုးလည်း ပျက်စီးသွားတဲ့အရာ
တစ်ခုက မ,ကိုယ်ခန္ဓာထဲ အကောင်းတိုင်း ပြန်တည်ရှိလာ
နိုင်တာမှ မဟုတ်တာ၊ သူ့ကို ရှိခိုးခွင့်လည်း မပေးနိုင်ဘူး၊
တောင်းပန်ခွင့်လည်း မပေးနိုင်ဘူး၊ တစ်နည်းနည်းနဲ့တောင်း
ပန်ခွင့်ရလိုက်ရင် သူ့ရင်ထဲမှာ ပေါ့သွားမယ်၊ သူကတော့
သူ့ဘက်အ အမှားတစ်ခုကို တောင်းပန်လိုက်ရပြီးပြီပဲဆို
တဲ့ စိတ်သက်သာရာမျိုး သူ ရသွားမယ်၊ အဲဒါကို သူ အရ
မခံနိုင်ဘူး၊ သူ့စိတ်ပေါ့ပါးသွားမှာကိုလည်း ကြည်ဖြူနိုင်
တဲ့စိတ်ကောင်း မ,မှာမရှိဘူး၊ သူ တစ်သက်လုံးမတောင်း
ပန်ရဘူး၊ တောင်းပန်ခွင့် မရတော့ဘူး၊ သူသေတဲ့အထိ
မိန်းမတစ်ယောက်ကို သူဟာ ကိုယ်ဝန်ပျက်ကျတဲ့အထိ
ရက်ရက်စက်စက် အကြင်နာကင်းမဲ့စွာ အပြီးတကြီးဆက်ဆံ
ခဲ့မိတယ်ဆိုတဲ့ ယူကျုံးမရတဲ့စိတ် ဖြစ်သွားရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီစိတ်နဲ့ပဲ သူသေရမယ်၊ နည်းနည်းကလေး သူ့အပြစ် မကျေစေရဘူး၊ စိတ်သက်သာရာ မရစေ တောင်းပန်ချင်နေတဲ့ သူ့ဆန္ဒမပြည့်ဝစေရဘူး၊ အဲဒါ တစ်ခုပဲ မ,ဘက်က တုံ့ပြန်နိုင်တာ၊ ကျောထောက်နောက် ဘာအင်အားမှမရှိတဲ့ တစ်ကောင်ကြွက် မုဆိုးမဟာ မှာ သူလို အဘက်ဘက်က ပြည့်စုံနေတဲ့ ယောကျ်ား ယောက်အပေါ် တခြားဘယ်လိုနည်းနဲ့မှ တုံ့ပြန်ကလဲ့ ချေနိုင်တဲ့ အစွမ်းအစ မရှိပါဘူး ပြုံး ...

ဒါသည်သာ မ,ရဲ့တစ်ခုတည်းသော တုံ့ပြန်နိုင် အစွမ်းကုန်သော လက်စားချေနိုင်မှုပဲ၊ အဲဒါကြောင့် စပ်ရင် ကြုံရင် ပြုံး ပြောလိုက်ပါ၊ ဘယ်တော့မှ တောင်း ခွင့် မရစေရဘူးဆိုတာ၊ သူ့တစ်သက် မ,တစ်သက် တော့မှ တောင်းပန်ဖို့ အခွင့်အရေးမပေးနိုင်ဘူးဆိုတာ

"မ,"

ပြုံးက စိတ်မကောင်းစွာ တိုးတိုးလေးသာ ရေ နိုင်ပါသည်။ မ,ကိုနှစ်သိမ့်ဖျောင်းဖျနိုင်တဲ့ စကားလုံးမျိုးလည်း ပြုံးမှာမရှိပါ။ မ,အတွက်လည်း စိတ်မကောင်းပါ။ ထိုနည်း ရွှေသွေးအတွက်လည်း စိတ်မကောင်းပါ။

မ,ရဲ့တဆတ်ဆတ်တုန်ခါနေတဲ့ လေသံတွေကို ရင်ထဲက နာကြည်းမှုအစိုင်အခဲကို ဖော်ပြနေတာပင်။ ဒီစ တွေကို ဖွင့်အားတင်းပြီး ပြောနေရတယ်ဆိုတာ လေသံမှာ





နေပါသည်။ စကားတောင် လုပ်မပြောချင်ဘူးဆိုတာ လေ င် ခါးခါးသီးသီး ပေါ်လွင်နေပါသည်။

"ပြုံးလည်း ... မ,အပေါ် စိတ်မရှိပါနဲ့"

"မရှိပါဘူး မ,ရယ်၊ ပြုံး ကိုယ်ချင်းစာပါတယ်"

"ကိုယ်ချင်းစာတယ် ဆိုတာလည်း ပြုံးမေတ္တာစေတနာ အလျောက် ပြောတဲ့စကားမျှသာပါ ပြုံး၊ ပြုံးကိုယ်တိုင် မခံစားဖူးဘဲနဲ့ ပြုံး ဘယ်တော့မှ အတိအကျ ကိုယ်ချင်း မစာနိုင်ပါဘူး၊ ကရုဏာသက်မိရတာလောက်ပဲ ရှိမှာပါ၊ ပြုံးတို့မိသားစုက မ,အတွက် မိတ်ဆွေကောင်း မိတ်ဆွေ စစ်တွေ ဖြစ်တဲ့အတွက် မ,အဆုံးရှုံးမခံနိုင်ပါဘူး၊ အဲဒါ ကြောင့် ကြားလူဖြစ်နေတဲ့ ပြုံးအနေနဲ့ သူနဲ့ပတ်သက်ပြီး မ,အပေါ် စိတ်မခုပါနဲ့လို့ပဲ မ,တောင်းပန်ချင်တယ်"

"မခုပါဘူး မ,၊ သူနဲ့ခင်သလို မ,နဲ့လည်း ခင်တာပဲ၊ ကြားကနေ စိတ်မကောင်းဖြစ်ရတာကလွဲလို့ ဘယ်သူ့အပေါ် မှ ပြုံးအပြစ်မမြင်နိုင်တာ ပြုံးရဲ့စိတ်ရင်းမှန်ပါ၊ မ,မှာက ဆုံးရှုံးရမှုအတိုင်းအတာ ကြီးမားထားတော့ မ,ဘက်ကို ကိုယ်ချင်းစာတဲ့ ကရုဏာပိုပါတယ် မ,ရယ်၊ ခုလည်း သူ ဖုန်းလှမ်းဆက်ပြီး ခုချက်ချင်း မ,ကိုလှမ်းပြောပေးပါလို့ ပြောလို့ မ,ဆီ ဖုန်းဆက်မိရုံသက်သက်ပါ"

"မ, သဘောပေါက်ပါတယ်၊ ပြီးတော့ မ,သူ့ကို စကား ပြောလိုက်ပါ့မယ်၊ ဟုတ်တယ် ... အလုပ်အကြောင်းပြော



www.burmeseclassic.com

www.burmeseclassic.com



ဖို့တောင် ရှောင်လွှဲတယ်ဆိုတာ ကလေးကလားဆန်တယ် အလုပ်ကိစ္စကို မ,တည်တည်ငြိမ်ငြိမ် ပြောနိုင်ရမယ်၊ ပြော နိုင်ဖို့လိုတယ်၊ သူ ဒီတစ်ခါထပ်ဆက်ရင် မ,သူ့ကို စကား လက်ခံပြောလိုက်မှာပါ၊ တစ်ခုတော့ရှိတယ်၊ အလုပ်ကိစ္စ ကလွဲရင် အပိုစကား ဘာတစ်လုံးမှ မပြောမိဖို့တော့ အပ်တယ်”

“ဟုတ် ... မ,၊ ပြုံး ပြောလိုက်ပါ့မယ်”

ပြုံးနှင့် ဖုန်းချပြီးလျှင် မ,က ဖုန်းကိုကိုင်ကာ ခေ စဉ်းစားနေမိပါသည်၊ သူ ပြန်ဆက်လိုက်ရင် ကောင်းမလား မကောင်းဘူး။ ဘာဖြစ်လို့ ဆက်ရမှာလဲ။ ပြန်ဆက်တယ်ဆိုရင် ဒီသတ္တဝါက နည်းနည်းပါးပါးဖြစ်ဖြစ် စိတ်ပြေအေးတယ်ထင်ပြီး ရှောင့်တက်သွားမှာပေါ့။ သူ့ကို ဖုန်းပြန်ဆက်လောက်တဲ့အထိ စိတ်ကျေတယ်လို့ အထင်မခံနိုင်ပါဘူး။

ဒါပေမဲ့ ...။

အဲသလိုဆိုရင် ကိုယ်ရေးကိုယ်တာ သိပ်ဆန်လွန်း ပြီး သူနဲ့ဆက်ဆံရာမှာ သေးသေးကလေးအထိ လိုက်တွက်ချက် ခံစားနေရာများ ကျမလား။ ဘာမှမဖြစ်သလို ခပ်တည်တည်နှင့် အလုပ်ကိစ္စ ပြောဆိုနိုင်ပါတယ်ဆိုတဲ့ တည်ငြိမ်မှုကိုပြရင်များ ကောင်းမလား။ ဟင့်အင်း ... မကောင်းပါဘူး၊ အဲဒါဆို ရင့်ကျက် တယ်လို့ ထင်ခံရဖို့ဘစ်ခုနဲ့ သူ့ကို မီးစိမ်းပြရာ ဆန်သွားမှာပေါ့။

“တီတီ ... တီတီ”





ယော ...

မ,အတွေးနက်နေဆဲပင် ဖုန်းခေါ်သံက ပြန်မြည်လာ ပြီ။ မ,က လည်ချောင်းရှင်းကာ သုံးလေးကြိမ်မြည်တဲ့အထိစောင့် ပြီးမှ ဖုန်းကိုလက်ခံလိုက်ပါသည်။

“ဟယ်လို”

“ဟုတ်ကဲ့”

“မ, ကျွန်တော် ရွှေသွေးပါ”

“ဟုတ်ကဲ့ ... ပြောပါ ဦးရွှေသွေးမောင်မောင်”

“လက်ခံစကားပြောတာ ကျေးဇူးပါ မ,”

“ပြုံးက အလုပ်ကိစ္စ ပြောစရာရှိတာလို့ လှမ်းပြောထားပါ တယ်၊ အလုပ်ကိစ္စ ပြောပါ”

“ဟုတ်ကဲ့ ... ကျွန်တော် မ,ကို အစစအရာရာအတွက်”

“အလုပ်ကိစ္စ ပြောပါ”

“.........”

“တကယ်တော့ အလုပ်ကိစ္စလည်း မရှိလောက်ပါဘူး၊ ကျွန်မ အလုပ်ထွက်စာတင်ခဲ့ပြီးပြီပဲ”

“ဟုတ်ကဲ့ ... အဲဒါ ပြောမလို့ပါ မ,”

မ,က မဲ့ပြီး ပြုံးလိုက်မိပါသည်။ ဘယ်လိုတုန်း မန်နေဂျာ။ လက်အောက်ကဝန်ထမ်းကို အထူးရိုသေအောက်ကျို့ ပြီး စကားပြောတဲ့လေသံတွေတောင် တုန်နေပါလား။

“အဲဒါ ဘာဖြစ်လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"မ,ထွက်စာတင်လို့ မရပါဘူး"

"ဘာဖြစ်လို့ မရတာလဲ"

"မ,အလုပ်ဝင်တာ နှစ်လကျော်ကျော်ပဲ ရှိပါသေးတယ်"

"အဲဒီတော့ ! "

"ဒီရှီးရှမ်းမ်က အသစ်ဖွင့်တာဆိုတော့ ဝန်ထမ်းအားလုံးကို စ,ခန့်ခန့်ချင်းကတည်းက အားလုံး အနည်းဆုံးနှစ်နှစ် လုပ်ရမယ်လို့ ကြိုတင်အသိပေးထားပါတယ်၊ လူတွေ့တာ ခန့်တာထဲ ကျွန်တော် မပါခဲ့ပေမယ့် အဲဒီတုန်းကလူရွေးတဲ့ ဒါရိုက်တာဘုတ်အဖွဲ့မှတ်တမ်းမှာပါတာ ကျွန်တော် သိထားပါတယ်"

"အဲဒီတော့ ! "

"အဲဒီတော့ အနည်းဆုံး နှစ်နှစ်လုပ်ရမယ်လေ မ,"

"သိတယ်လေ ကျွန်မ၊ အသိပေးရုံပြောခဲ့တာ မဟုတ်ပါဘူး၊ သဘောတူ သိရှိကြောင်း လက်မှတ်ထိုးခဲ့ရပါသေးတယ်၊ နှစ်နှစ်မတိုင်ခင် အလုပ်ကထွက်ခဲ့ရင် လစာရဲ့ ခြောက်ဆ၊ ခြောက်လ,လစာကို လျော်ကြေးပေးရမယ်ဆိုတာကိုရော ရှင် သိပါလား ဦးရွှေသွေးမောင်မောင်"

"ဟုတ်ကဲ့၊ အဲဒါကြောင့် ကျွန်တော်ဆက်တာပါ။ မ,အနေနဲ့ အလွယ်လေးဆုံးဖြတ်ပြီး အလုပ်မထွက်သင့်ဘူးလို့ ကျွန်တော်က ပြောချင်တာပါ"





"အလုပ်ထွက်တာ မထွက်တာ ကျွန်မ ကိုယ်ရေးကိုယ်တာပါ၊ ဒါပေမဲ့ အလွယ်လေးဆုံးဖြတ်ခဲ့တာတော့ မဟုတ်ဘူး ဦးရွှေသွေးမောင်မောင်။ ဆုံးဖြတ်ချက်ကလည်း ချပြီးသားဖြစ်နေပါပြီ၊ ကျွန်မ အခု အလုပ်ထွက်တာက ကျွန်မအတွက် ကောင်းမယ်ထင်တာကို ရွေးချယ်ဆုံးဖြတ်တာ မဟုတ်ပါဘူး၊ နှစ်ခု သုံးခုထဲက တစ်ခုကိုရွေးချယ်ဆုံးဖြတ်တာလည်း မဟုတ်ပါဘူး၊ ဒီတစ်ခုတည်းကိုပဲ ကောင်းကောင်းဆိုးဆိုး မှားမှားမှန်မှန် ဆုံးဖြတ်ပြီး အလုပ်ထွက်တာပါ"

"အဲသလို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ မ,"

"ကျွန်မ လခခြောက်ဆလည်း လျော်မှာပါ၊ ကျွန်မကို ဘယ်သူမှ တားမြစ်ပိုင်ခွင့်လည်း မရှိပါဘူး"

"ကျွန်တော် တားမြစ်တာ မဟုတ်ပါဘူး၊ မေတ္တာရပ်ခံတာပါ၊ လျော်ရမယ်ဆိုတဲ့ စည်းကမ်းကလည်း စကားအဖြစ်သာ ထည့်ပြောတာဖြစ်ပေမယ့် ကျွန်တော်ပြောချင်တဲ့လိုရင်းလည်း မဟုတ်ပါဘူး"

"ကျွန်မ ခြောက်လစာ လျော်လိုက်ရင် ရုံးနဲ့ကျွန်မကြားမှာ ဘာနှောင်ကြိုးမှ မရှိပါဘူး၊ ကျွန်မဘဝရဲ့ရှေ့ရေးဆုံးဖြတ်ချက်ကို ကျွန်မ ကြိုက်သလိုချမှတ်မှာပါ၊ ကျွန်မအနေနဲ့လည်း နောက်အလုပ်တစ်ခုရှာဖို့ မခက်လှသလို ရှင်တို့အတွက်လည်း နောက်ထပ်စာရင်းကိုင်တစ်ယောက်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



မခက်ပါဘူး၊ နှစ်ဦးနှစ်ဖက် ဘယ်သူမှ နစ်နာမှုမရှိတဲ့ ကိစ္စတစ်ခုကို ရှင် ဘာဖြစ်လို့ အချိန်ကုန်ခံ စွက်ဖက်နေတာနေတာပါလဲ"

"မ,"

"ရှင် ကျွန်မကို ဒီထက်လေးစားသမှုလေးထားပြီး ဆက်ဆံရင် ကောင်းမယ်ထင်တယ်။ ကျွန်မနာမည်က ဖြတ်ခေါ်ရခက်တဲ့ နာမည်ဖြစ်ပေမယ့် ကျွန်မကို 'ဒေါ်မ'လို့ ဒေါ်တပ်ခေါ်လို့ ရပါတယ်၊ အသက်ပိုကြီးတဲ့ သူတစ်ယောက်အနေနဲ့ ခေါ်ချင်လည်း 'အစ်မ'လို့ ခေါ်ရင်လည်း ရပါတယ်"

"မ, ကျွန်တော် အစစအရာရာအတွက် တောင်းပန်ပါတယ်၊ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ် မ,ရယ်"

"ရှင့်ကို အလုပ်ကိစ္စပဲပြောဖို့ ကျွန်မ ပြုံးနဲ့ပြောခိုင်းလိုက်တယ် ဦးရွှေသွေးမောင်မောင်၊ ရှင် ဒါကိုနားလည်လက်ခံပြီး ဆက်တာထင်လို့ ကျွန်မ ဖုန်းလက်ခံတာ၊ မဆိုင်တဲ့ စကားအပိုတွေ တစ်လုံးမှ မပြောပါနဲ့"

"မ, ... ကျွန်တော့်ကြောင့် အလုပ်မထွက်ပါနဲ့ဗျာ၊ ဒီကုမ္ပဏီလုပ်ငန်းက ကျွန်တော့်လုပ်ငန်း ကျွန်တော့်အပိုင်လည်း မဟုတ်ပါဘူး၊ ကျွန်တော့် Step Father ပိုင်ဆိုင်တဲ့ကုမ္ပဏီပါ၊ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်တော် ဒီမှာ မန်နေဂျာပို့စ်နဲ့ ဝင်နေတာကလည်း ကျွန်တော့်အမေဆန္ဒကို လိုက်လျောတဲ့ အနေအထားမျိုးပါ၊ ကျွန်တော့်ကို မ,





မတွေ့ချင် မမြင်ချင် မဆက်ဆံချင်ရင် ကျွန်တော် ဒီမှာ ဆက်မလုပ်ပါဘူး၊ ကျွန်တော် ဖယ်ပေးပါ့မယ်၊ ကျွန်တော့်ကို မ,မတွေ့စေရပါဘူး၊ ကျွန်တော် ထွက်ပေးပါ့မယ်"

"ဒီမှာ ... ရှင် ဘာအဓိပ္ပာယ်မရှိတာတွေ လျှာအရိုးမရှိ လျှောက်ပြောနေတာလဲ၊ ရှင့်ဟာရှင် ဘာလုပ်လုပ် ကျွန်မနဲ့ဘာမှမဆိုင်ဘူး၊ ကျွန်မက ကျွန်မဘာသာ အလုပ်ထွက်ကို ထွက်မှာ"

"မ, ... ကျွန်တော် ..."

"ကျွန်မ လျှော်စရာရှိတာ လာလျှော်လိုက်မယ်"

တိပြတ်မာကျောသောအသံနှင့်ပြောကာ ဖုန်းချသွားခဲ့လျှင် တစ်ဖက်မှာ ရွှေသွေးသည် ဖုန်းကိုဆက်ကိုင်ထားရင်း ရင်ထဲနာကျင် ကျန်ရစ်ခဲ့လေသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

နောက်ထပ်အလုပ်တစ်ခုကို မ,နှစ်ပတ်လောက်တော့ ရှာဖွေရသည်။ ဒီထက်အချိန်မဆွဲတော့ပဲ ဆေးကုမ္ပဏီတစ်ခု၏ လက်ထောက်စာရင်းကိုင်နေရာကို အရင်လောက် လစာမကောင်းဘဲ ခေါင်းညွှတ်လိုက်တာပါ။ ကြာကြာစောင့်နေဖို့ မ,မှာ အင်အားမရှိပါ။ မ,မှာရှိတဲ့ ငွေရေးကြေးရေး အခြေအနေက မကောင်းပါ။

အရင်အိမ်ခန်းဆီက မေတ္တာနှင့်ကူညီကာ ပြန်အမ်းထားတဲ့ ငွေကလေးဟာ အရင်ကတော့ ကလေးမီးဖွားစရိတ်လို့ လျာထားခဲ့ပေမယ့် ခုတော့ လျော်ကြေးငွေဖြစ်သွားပြီ။ မနည်းလှတဲ့ ပိုက်ဆံပမာဏဖြစ်တဲ့ ငွေကိုးသိန်းကို လျော်ပစ်လိုက်ရမှာ မ, ဆတ်ဆတ်တုန်အောင် နှမြောပါသည်။

အဲဒီလောက် နှမြောတဲ့ကြားကပဲ ဒီကောင်လေးနဲ့ ဘယ်နည်းနဲ့မှ မပတ်သက်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်က နာနာကျင်ကျင် ခိုင်မာနေတဲ့အတွက် ဖွတ်လျော်ပစ်လိုက်တာပါ။ ငွေကိုနှမြော





ပေမယ့် လူရဲ့ခံစားချက်ကတော့ အရသာရှိလှသည်။ တကယ်ဘမ်း ပါးစပ်ကသာ ထုတ်ပြောခွင့်ရလျှင် ...

"အေး ... နင့်မျက်နှာ မကြည့်ချင် မမြင်ချင်လို့ ကိုးသိန်းပေးထွက်တယ် ... ရော့"

လို့ ပိုက်ဆံထုပ်ကို သူ့ရှေ့ပေါက်ချချင်တာ။ သို့ပေမဲ့ ချက်ဖော်ကိုပဲ လက်မှတ်ရေးထိုးပြီး လျော်ခဲ့ရပါသည်။ သူနဲ့မဆုံရပါ။ မဆုံရဲဘူးလေ၊ မျက်နှာချင်းကို မဆိုင်ရဲတာလေ။ လူတစ်ယောက်ဟာ သူ့အပြစ်နဲ့သူ ကိုယ့်ကို ရှိန်လန့်ကြောက်ရွံ့နေပြီး မျက်နှာတောင်မပြရဲတာ တွေးကြည့်ရင် ဘယ်လောက်အပေါ်စီးရောက်လိုက်သလဲ။ အဲသလို မလုံခြုံဘဲ အပြစ်မကင်းဘဲ အောက်ချည်းရောက်နေဖို့လည်း ဒီကောင်လေးနဲ့ တန်ပါတယ်။ သူနဲ့တန်ရာဘန်ရာ နေရာပဲလေ။

မထွက်ဖို့ အတင်းကုတ်ကပ် တောင်းပန်နေတဲ့ကြားက ငွေလျော်ပြီး ထွက်ပစ်လိုက်ရတာ ဘယ်လောက်တောင်အရသာရှိလိုက်လဲ။ တွေးမိရင် မဲ့ပြုံး,ပြုံးမိကာ ကျေနပ်သည်။ သူ့ကိုငွေကုန်ကြေးကျခံပြီးတော့ကို မုန်းတီးနာကြည်းတာဆိုတာ သူ့ကိုလည်း သက်သေပြခွင့်ရ ကိုယ့်မာနကိုလည်း ကိုယ်နှစ်သိမ့်ခွင့်ရ။

ခုအလုပ်တည်နေရာက ဘတ်စ်ကားနှစ်ဆင့်စီးကာ သွားရတဲ့အပြင် ဖယ်ရီလည်းမရှိ။, ဘတ်စ်ကားနှစ်ကြိမ်တိုးရတဲ့အတွက် အသွားအပြန် နှစ်ကြိမ်စီ ပင်ပန်းကာ အိမ်ကစောစောထွက်ရပြီး နောက်ကျမိုးချုပ်မှ ပြန်ရောက်သည်။ အထက်က



www.burmeseclassic.com

www.burmeseclassic.com



စာရင်းကိုင်အပိုကြီးက လူသစ်ဆိုပြီးနှိမ်ကာပညာပြသည်။ တစ်
လုံးမှာ ကိုယ်ကပဲ လူသစ်မို့ မိတ်ဆွေအပေါင်းအသင်း မရှိသေး
ကြားထဲ ဝန်ထမ်းတို့က သူ့အုပ်စုသူဖွဲ့ကာ အသီးသီးဟန်ထ
ထည်နှင့်။

ရက်ပိုင်းအတွင်း ဒီတစ်ယောက်နှင့် စကားပြော
မတည့်သော တခြားအုပ်စုက နေရင်းထိုင်ရင်း မ,ကိုမျက်နှာ
တင်းကာ မခေါ်မပြောတော့တာကို အံ့အားတသင့် ရင်ဆိုင်ရသည်
ခုမှရောက်လာတဲ့သူကို အထက်စာရင်းကိုင်က သူကအထ
အရာရှိဆိုပြီး ဆုံးမဩဝါဒပေးတဲ့သဘောနှင့် ...

"ကြည့်နေနော် ... ဟိုလူနဲ့ ဒီလူကြား ဝင်မပါနဲ့၊ ညည်း
က လူသစ်၊ အနေတတ်အောင်နေ၊ စကားမရှုပ်နဲ့၊ တော
ကြာ မမရိလက်ထောက်က စကားရောင်း စကားဝ
လုပ်တယ်လေး ဘာလေး တို့နာမည်ပါ တပ်ပြောမခံရ
နဲ့"

မ,မှာ တအံ့တဩနှင့် စကားနည်းရန်စဲ ခေါင်းသ
ညိတ်ပြရကာ ထိုရုံးမှာ မပျော်ပါ။ ဒီမှာ အလုပ်သာဝင်နေပေမယ့်
တခြားမှာလည်း အလုပ်စုံစမ်းနေသေးဆဲ။ ပိုအဆင်ပြေမယ့်နေရ
ပြောင်းမှ ဖြစ်မှာပါ။ လစာနည်း၊ ကားခကုန်၊ ရုံးမှာကတစ်ယော
တစ်ပေါက်ဆိုတဲ့ အလုပ်မျိုးရောက်ကာမှ အရင်အလုပ်မှာ ကို
လက်ကိုယ့်ခြေ ကိုယ်လူကြီးလို စိတ်အေးချမ်းသာ လုပ်ခဲ့ရတာ
လွမ်းသည်။





လွမ်းလို့ သေသွားပါစေ။ ဟိုအလုပ်ကောင်းလွန်းလို့
မြော်တာသပြီး ရင်ပဲကျိုးကျိုး ဟိုသတ္တဝါနဲ့ပတ်သက်နေတဲ့နောက်
တော့ ဘာလို့ ဆက်လုပ်ရမှာလဲ။

ဒီကြားထဲမှာ မ,စိတ်ထဲ ထိုသတ္တဝါကို ရိုးခနဲ ရိုတ်
ခနဲ အနားပတ်ဝန်းကျင်မှာ မြင်မိသလို ခံစားရသည်။ စိတ်ထဲမှာ
ကိုယ့်ကို တစ်ယောက်ယောက် ခိုးကြောင်ခိုးဝှက် ကြည့်နေတယ်
ထင်လို့ သွားရင်းလာရင်း ဘေးဘီ မျက်စိကစား ရှာဖွေမိရင်
ဆဲဒီကောင်လေးကို ဖျတ်ခနဲဖြစ်ဖြစ် တွေ့မိတယ်ထင်ပြီး လူက
စိတ်တွေတင်းကျပ်၊ ဒေါသပဲဖြစ်လာသလိုလိုနှင့် သေချာထပ်ရှာ
ဆွမိရင် မတွေ့တော့ပြန်။

တကယ်ပဲ အနီးတစ်ဝိုက်မှာ ရှိနေတတ်တာလား။
မ,စိတ်က ထင်နေတာလား။ မ,ကထင်တာဆိုရင်ကော ဘာကြောင့်
ထင်ရတာလဲ၊ သူ့မှ တခုတ်တရ အတွေးထဲ ထည့်ပြီးတော့။
ဒီနားတစ်ဝိုက် မ,နှင့်အနီးတစ်ဝိုက် သူ တကယ်ပဲ ရှိရှိနေတတ်
ဘာဆိုရင်ကော ဘာကြောင့် ရှိရမှာလဲ။ ရှိခွင့် ကြည့်ခွင့် သိခွင့်
သူ့မှာမှ မရှိဘဲ။

"မ,"

တစ်နေ့သောအခါ ရုံးအပြန် ဘတ်စ်ကားဂိတ်မှာ
ကားရပ်စောင့်နေဆဲ မမျှော်လင့်ဘဲ ကိုဖြိုးနှင့်ဆုံလေသည်။

"ကျွန်တော် ဒီနားက မိတ်ဆွေတစ်ယောက်အိမ် လာတာ
မ,ကိုတွေ့လို့ ကားရပ်ပြီး ဆင်းလာတာ၊ မ, ရုံးကအပြန်
ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကျွန်တော် ပို့ပေးမယ်လေ၊ မ, ကျွန်တော်လည်း ကမာ
လှည်းတန်းဘက် လမ်းကြုံပါတယ်"

"ကျွန်မ လှည်းတန်းမှာနေတာ ဘယ်လိုလုပ်သိလဲ"

"ကလျာ ပြောတာထင်တယ်၊ မေ့တောင်နေပြီ၊ သူက
စာသာမသိတာ၊ အဲဒီဘက်ဆိုတာတော့ သိတယ်တဲ့၊ လာ
မ,၊ မိုးတွေအရမ်းသည်းချတော့မယ်၊ ကျွန်တော် တက
လမ်းကြုံလို့ပါ၊ ဒီလောက်ကြီးလည်း မစိမ်းကားပါနဲ့
ကျွန်တော်တို့က သူငယ်ချင်းဟောင်းတွေ၊ Same b
တွေလည်း ဖြစ်ခဲ့ဖူးပါသေးတယ် မ,ရယ်"

သူ့စကားကို အားနာသွားချင်၍ မ,ကခေါင်းညိ
လိုက်ကာ ကိုဖြိုးကားနှင့် လိုက်ပါလာခဲ့ပါသည်၊ ဒီ ကိုဖြိုး
ရုပ်ကောင်းလူအေး တစ်ယောက်ဆိုတာ မ,ကျောင်းတုန်းကတည်
က သိသားပဲ။ အသေအလဲ သူ့ခမျာ ကြိုက်ရှာပေမယ့် မ,က
မကြိုက်တာ။ ခပ်စိမ်းစိမ်းသာ နေခဲ့ပါသည်။

"ကိုဖြိုးကို တောင်းပန်ရဦးမယ်"

"ခင်ဗျား ဘာကိုလဲ မ,"

"လွန်ခဲ့တဲ့ လေးငါးလလောက် ရှိမလားပဲလေ၊ ကျွန်
ကလျာ့ဆိုင်မှာ လုပ်နေတုန်းက ကိုဖြိုးကို ကျွန်မ ကိုယ်
လက်ရောက် ရိုင်းပျခဲ့မိဖူးတာ"

"ဪ ... ဒါလား"





ကိုဖြိုးက သဘောကောင်းနှင့်ပြုံးနေ၍ မ,က ပိုအားနာ
သည်။

"အဲဒီအချိန်က မ, အရမ်း desperate ဖြစ်နေတဲ့အချိန်
**Depression** ရနေတဲ့အချိန်မျိုးပါ၊ မ,ဘဝမှာ ဘကြီးရင်းနဲ့
နားလည်မှုလွဲ၊ ယောက္ခမနဲ့ နားလည်မှုလွဲ၊ ခင်ပွန်းသည်
တစ်ယောက်ပဲ အားကိုးရှိတဲ့အချိန်မှာ သူက အလုပ်ခွင်
**Accident** နဲ့ သေဆုံးသွားမှာဆုံး၊ အရမ်းပဲ စိတ်ဓာတ်ကျုံးကျုံး
ကျပြီး မုဆိုးမ ပူပူနွေးနွေးဘဝမှာ အားကိုးရာမဲ့နဲ့ ဟိုလူ
ငါ့ကိုစော်ကားမလား ဒီလူငါ့ကိုမလေးမခန့် လုပ်မလား၊
စိတ်မလုံခြုံနိုင်အောင် ဖြစ်နေတဲ့အချိန်မျိုး ဖြစ်နေခဲ့တာပါ ...

စိတ်တွေက ရှုပ်ထွေးပြီး အလကားနေရင်း စိတ်တို
နေတာ ခေါင်းအေးအေးပြန်တွေးရင် အဲဒီတုန်းက ကိုဖြိုး
စကားတွေက ဒီလောက်လည်း မဆိုးဝါးပါဘူး၊ ကျွန်မပဲ
ရိုင်းပျသွားတယ်၊ ယောကျ်ားတစ်ယောက်နဲ့ ရပ်စကားပြော
မနေချင်တဲ့ စိတ်ကပဲ ဦးဆောင်နေခဲ့တယ်၊ ဒီလောက်
တုံ့ပြန်စရာမလိုတာကို တုံ့ပြန်လိုက်မိပုံက ရိုင်းသွားခဲ့ပါ
တယ်"

"ရပါတယ် မ,ရယ်၊ အဲဒီကတည်းက ကျွန်တော် ဒီလိုပဲ
နားလည်ထားလိုက်ပြီးသားပါ"

"ကိုဖြိုးက နားလည်ပေးနိုင်ပေမယ့် ဘာမဟုတ်တာနဲ့
ကျွန်မရဲ့တုံ့ပြန်မှု ရိုင်းသွားတာကို ကိုယ်ပြန်အရိုင်းခံရမှ



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းမိမှ ကိုယ်ချင်းစာမိတယ်၊ ကိုဖြိုးကို တကယ်စိတ်ထဲက ရင်ထဲကလာတဲ့ နှောင်တရမှုနဲ့ တောင်းပန်ပါတယ်"

"ရပါတယ် မ,ရယ်၊ မ, ဒီလိုစိတ်အခြေအနေကြောင့် ဒီလိုတုံ့ပြန့်သွားတာ ဆိုတာလည်း ကျွန်တော်နားလည်ပြီးသားပါ၊ ဒါနဲ့ မ,ပြန်အရိုင်းခံရတယ်ဆိုတာ ဘာများလဲဟင် ပြောလို့မရရင် မပြောပါနဲ့၊ ကျွန်တော်မေးရတာက မ,မှာ ခုလိုတစ်ယောက်တည်း ရပ်တည်ရုန်းကန်နေတဲ့အချိန်မှာ ဇော်ကားရိုင်းပျတဲ့သူမျိုး ရှိနေခဲ့ရင် အကူညီလိုအပ်ခဲ့ရင် အချိန်မရွေး ကျွန်တော့်ကို အားကိုးရတဲ့ မိတ်ဆွေစစ်တစ်ယောက်အဖြစ် သဘောထားပြီး တောင်းချင်တဲ့ အကူအညီ တောင်းပါလို့ ပြောချင်တာ လိုရင်းပါ"

"ပြီးသွားတဲ့ကိစ္စပါလေ၊ ကျွန်မ ပြန်မပြောချင်တော့ပါဘူး"

"မ, ... နေမကောင်းဖြစ်လိုက်တာ ဆေးရုံအတော်ကြာ တက်လိုက်ရတာလည်း၊ ကျွန်တော် ကလျာ့ဆီက သိရပါတယ်၊ ကျွန်တော် စိတ်မကောင်းပါဘူး"

မ,က ပြုံးလိုက်သော်လည်း အမဲ့လေးသာ ဖြစ်နေပါသည်။

"ဝဋ်ကြွေးရှိတယ်လို့ သတ်မှတ်လိုက်ပါတယ်"

"မ, ... အခု အဆင်ပြေရဲ့လား၊ အလုပ်တွေ ဘာတွေရော"

"ကျွန်မ အခု '.........'ဆေးကုမ္ပဏီမှာ လုပ်နေပါတယ်၊ အဆင်ကတော့ မပြေတပြေပါပဲ၊ တခြားအလုပ်တစ်ခုတော့ ထပ်ရှာနေပါသေးတယ်၊ အခုကတော့ မလုပ်မဖြစ်လုပ်ရမှာမို့ ရတဲ့အလုပ်တစ်ခု မှေးလုပ်ထားတဲ့သဘောပါ၊ ဒီလိုပဲပေါ့လေ"

"မ, လိုအပ်တာရှိရင် အချိန်မရွေး ပြောပါနော်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ကိုဖြိုး"

"မ, ဘယ်နားလဲ ပြောနော်"

"ရောက်ခါနီးပြီ ကိုဖြိုး၊ ရှေ့နားမှာပဲ၊ ဟိုးရှေ့ညာဘက်က အညိုနုရောင်တိုက်အသစ်ပါ"

ကိုဖြိုးက တိုက်ကိုလှမ်းကြည့်လိုက်ရင်း ...

"ဩော် ... မ, အဲဒီတိုက်မှာ နေတာလား"

"ဟုတ် ...၊ ဒီတိုက်မှာ မိတ်ဆွေရှိလို့လား ကိုဖြိုး"

"မရှိပါဘူး၊ အဲဒီတိုက်က ကျွန်တော့်ဦးလေးတစ်ယောက် ဆောက်တဲ့တိုက်မို့ သိထားတာပါ၊ အဒေါ်ရဲ့ခင်ပွန်းပါ၊ သူက ဆောက်လုပ်ရေးလုပ်ငန်း လုပ်တယ်လေ၊ ဒီလိုရပ်ကွက်ထဲက တိုက်တွေကျတော့ မြေရှင်နဲ့တစ်ခြမ်းစီ ယူတာမျိုးပေါ့၊ ဟိုတလောက အသိတစ်ယောက်က သူ့အခန်းတွေ ဝယ်ချင်လို့ မေးကြည့်တော့ မရောင်းသေးဘူးပြောတယ်၊ တစ်ခြမ်းလူလွတ်နေမယ် ထင်တယ်"

"ဟုတ်ကဲ့ ... ကျွန်မက အဲဒီလူမနေတဲ့ တစ်ခြမ်းမှာပဲ တစ်ခန်းငှားနေနေတာပါ"

"ဟုတ်လား ... ငှားတယ် ဟုတ်လား ! "







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်၊ ကျွန်မ ငှားနေတာပါ"

ကိုဖြိုးမျက်နှာက အံ့အားသင့်သလို အရိပ်အထင်ရှိ နေတာကို မ,က ငုံကြည့်နေမိသည်။ တိုက်ရှေ့ကားရပ်လိုက်လျှင် မ,က ခြင်းလေးကိုင်ကာ ဆင်းဖို့ပြင်ရင်း ...

"ကိုဖြိုးဦးလေးက ဘယ်သူလဲဟင်၊ ဘာဆောက်လုပ်ရေး လဲ"

"ဦးအောင်တဲ့၊ သူက ဆောက်လုပ်ရေးအပြင် သစ်စက်တို့ ပရိဘောဂလုပ်ငန်းတို့လည်းလုပ်တယ်၊ '.........'ကုမ္ပဏီဆို တာလေ"

မ,သည် ကားပေါ်မှ ဖြည်းညင်းစွာဆင်းရင်း ခြောက် သွေ့သွားသော လည်ချောင်းမှ ဖြစ်ညှစ်၍ ...

"ကျေးဇူးတင်ပါတယ် ကိုဖြိုး"

✦ ❦ ✦

"ချွေသွေး ... မ, အိမ်ပြောင်းသွားပြီ"

"ဘာ"

ချွေသွေးက တုန်လှုပ်သွားတဲ့စိတ်ကြောင့် စတီယာရင် ပင် ယမ်းခါသွားတဲ့ကားကို ပြန်ထိန်းရင်း ...

"နင် ဘာသွားပြောလိုက်လို့လဲ မိဖြူ"





"ဩော် ... ချွေသွေးရယ်၊ ငါက ပြောပါ့မလား၊ ဘာပြော မှာမို့လဲဟယ်၊ ငါလည်း ခုမှ သိတာလေ၊ ဒါမှမဲ့ မ, နင် နဲ့ ဒီအိမ်ခန်း ပတ်သက်ကြောင်းတော့ သိသွားတာပဲဖြစ်ရ မှယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘာမှကြိုမပြောဘဲ ရုတ်တရက် ပြောင်းသွားတာမို့လို့လေ၊ ဒီနေ့မှ မမေ့ဆီ အိမ်သော့လာ အပ်သွားတယ်၊ ငါလည်း အိမ်မှာမရှိဘူး"

"ဘယ်ကိုပြောင်းသွားတာလဲ"

"ငါလည်းမသိဘူး"

"မိဖြူ"

"ငါ တကယ်မသိဘူး ချွေသွေး၊ ငါ့ကိုသံသယဝင်မနေနဲ့၊ မေမေက မေးတာကိုတောင် အကြမ်းဖျဉ်းပဲပြောတယ်၊ သူ အခန်းတစ်ခန်း ငှားလိုက်တယ်၊ နေရာလည်းမကောင်း တိုက်လည်းမကောင်း ဈေးပေါပေါ ဟိုအပေါ်ဆုံးအခန်းမျိုး တဲ့၊ ပစ္စည်းတွေထားလို့ရရုံပဲ ရည်ရွယ်တယ်တဲ့၊ အဲဒီကို ပစ္စည်းတွေထားပြီး သူကတော့ အဆောင်တစ်ခုမှာနေနေ ရတယ်၊ အဲဒီနေရာမှာ တစ်ယောက်တည်းမနေနိုင်လို့တဲ့၊ ပစ္စည်းတွေက တချို့ကိုရောင်း တချို့ကို အဲဒီမှာထားပြီး လူချည်းပဲ အဆောင်ပြောင်းနေတာ"

ချွေသွေးသည် ဝမ်းနည်းထိခိုက်သွားမိကာ ကားကို သမ်းမကြီးဘေးကရပ်ဖို့ အဆင်ပြေတဲ့တစ်နေရာ ထိုးရပ်လိုက်ရပါ သည်။ ခြေတွေရော လက်တွေရော တုန်ယင်အေးစက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတန်မယ့် ငိုချင်စိတ်ပေါက်လာတဲ့အထိ သူ စိတ်ထိခိုက်ရ
သည်။

"ရွှေသွေး"

"မိပြုံး ... ငါ့ကို သူ တော်တော်မုန်းတာပဲနော်"

"နင် သိပ်စဉ်းစားမနေပါနဲ့ဟာ၊ နင်စိတ်မကောင်းဖြစ်သွားမှာ ငါသိလို့ လှမ်းဆက်လိုက်တာပါ၊ နင် သူ့ကိုကျူးလွန်ခဲ့မိတာက အဲသလိုဖြစ်ပါစေဆိုပြီး ရည်ရွယ်ခဲ့တာ မဟုတ်ပေမယ့် သူ့အတွက်က အရမ်းထိခိုက်စရာ ဖြစ်သွားတာဆိုတော့ နင်လည်း နင်တတ်နိုင်တာတွေ အစစအရာရာ အဖက်ဖက်က သူ့ကို သူမသိအောင် ကူညီစောင့်ရှောက်ပေးခဲ့ပြီးပြီပဲလေ၊ နင် တာဝန်မမဲ့ပါဘူးဟာ၊ နင်တာဝန်ကျေခဲ့တာပဲ၊ လက်မခံတာကတော့ သူ့သဘောပေါ့ဟာ"

"အဆောင်မှာတဲ့ ... သူ ဘယ်အဆင်ပြေပါ့မလဲဟာ"

"အကောင်းဆုံးကတော့ နင်လည်း တာဝန်ကျေသလောက်ကျေပါတယ်ဆိုတာနဲ့ တွေးပြီး စိတ်ဖြေသိမ့်ပြီးတော့ ခုထစပြီး မ,ကို ခေါင်းထဲက ထုတ်လိုက်မေ့လိုက်ပါတော့ ရွှေသွေးရာ"

"ဘယ်လိုလုပ် ထုတ်မလဲ မိပြုံး၊ အခုက ငါက မ,ကို ငါ့အပြစ်ရှိလို့ သက်သက်ကူညီနေတာ မဟုတ်တော့ဘူး၊ နင်သိလား"

"ဟင် ... ဒါဆို ဘာလို့လဲ"





"ငါ ... ငါ ... မ,ကိုသိပ်ချစ်လို့၊ အရမ်းသနားလို့ ကူညီနေတာ"

"ဟယ် ... ရွှေသွေး၊ နင် အဓိပ္ပာယ်မရှိတာ"

"နင့်အတွက် အဓိပ္ပာယ်ရှိရှိ မရှိရှိ၊ ငါ့ဘဝရဲ့အဓိပ္ပာယ်က ငါ သတ်မှတ်ရမှာလေ"

"နင်နော် ... နင့်အမေလည်း သေလိမ့်မယ် သိရဲ့လား၊ ငါလည်း လုံးဝသဘောမတူဘူး"

"ငါ မင်းခန့်ကို ပြောမိတော့ သူကလည်း ခါးခါးသီးသီးပဲ၊ ငါသိပြီးသားပါ၊ ဘယ်သူမှ ထောက်ခံမှာ မဟုတ်ဘူးဆိုတာ၊ ဒါပေမဲ့ အားလုံးရဲ့သဘောဆန္ဒဆိုတာက သူ့ဟာသူ ရှိနေလိမ့်မယ်လေ၊ အဲလိုပဲ ငါ့အသည်းနှလုံးထဲက အချစ်ကလည်း သူ့ဟာသူ ရှိနေတယ်"

"ကျွတ် ... နင့်ကို မ,က ပြန်ကြိုက်မယ်များ ထင်နေလား"

"မထင်ပါဘူး၊ အဲဒါကလည်း သူ့ဘက်ကကိစ္စပါ၊ ငါသူ့ကို ချစ်တယ်၊ သူခွင့်လွှတ်တဲ့အထိ သူလက်ခံတဲ့အထိ၊ ငါသေတဲ့အထိ ကြိုးစားသွားမှာကလည်း ငါ့အပိုင်း ငါ့ကိစ္စပဲ မိပြုံး"

"ရွှေသွေး"

မိပြုံးအသံက ငိုသံသဲ့သဲ့ပင် ပါလာသည်။

"မ,ကို ငါတကယ်ချစ်မိသွားတာ၊ အရမ်းသနားပြီး အရမ်းချစ်တယ်၊ မ,အချစ်ကို ရတာမရတာ နောက်မှပါ၊ ငါတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း အတွက်ကတော့ ငါ ဒီတစ်သက်လုံး မ,ထ လွဲပြီး နောက်ထပ် ဘယ်မိန်းမတစ်ယောက်ကိုမှ ထပ်မချစ် တော့ဘူး၊ သေချာတယ်”

ရွှေသွေး အသံတွေက တုန်ယင်လာကာ စကားဆက် မပြောနိုင်တော့ပါ။ ဖုန်းကိုလည်း ပိတ်ချလိုက်ပါသည်။ စတီယာ ရင်ပေါ် လက်ဆန့်တင်ကာ ခေါင်းကို စိုက်ထားမိရင်း မျက်လုံး ထဲ ပြည့်လာတဲ့ မျက်ရည်တွေကို အပြင်ထိရောက်မလာအောင် သူ ကြိုးစားထိန်းနေသည်။ တစ်သက်မှာ ဝမ်းအနည်းဆုံး အမှာ ကျင်ဆုံးပါ မ,ရယ်။

မ, ကျွန်တော့်ကို အရမ်းမုန်းတာ အရမ်းနာကြည်း တာ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ဘယ်အရာမဆို အတိုင်း အတာတစ်ခု အမှတ်တစ်ခုကို ရောက်သွားတဲ့အခါ ရှေ့ဆက်ဖြစ် တည်ဖို့ မဖြစ်နိုင်ဘဲ ပြီးဆုံးသွားမြဲပါ။ မ,အမုန်းနိုင်ဆုံး အဆုံးစွန် အထိသာ ကျွန်တော့်ကို မုန်းလိုက်ပါ။ အမုန်းဆုံး အမှတ်တစ်ခု ကို ရောက်တဲ့အခါ ဒီထက်ပိုပြီး မုန်းတီးလို့မရတော့တဲ့အခါ ကျွန်တော့်ကို တစ်ချက်လောက် ခွင့်လွှတ်ကြည့်ပေးပါ မ,။

မ,ကို မမျှော်လင့်ဘဲ မယုံကြည်နိုင်လောက်အောင် ကျွန်တော် ချစ်နေမိခဲ့ပါပြီ။ တွေ့အောင် မရမကလိုက်ရှာမှာ မ, သိထား။ အရပ်ရှစ်မျက်နှာ လှုပြန့်ရှာပြီး မ,မျက်နှာလေး ပြန်မြင် ရအောင် ကျွန်တော် ရောက်လာမှာ၊ မ, စောင့်ကြည့်။

✦ ❦ ✦





၁၅

“ရွှေသွေး … ငါ အခု မ,ကိုတွေ့နေပြီ၊ ‘……’ဘတ်စ်ကား မှတ်တိုင်မှာ”

“အင်း … အဲဒါဆိုရင် မင်းကားထားခဲ့ပြီး အဲဒီဘတ်စ်ကား နဲ့ မင်း မ,နောက်ကို လိုက်သွားတော့၊ နေရာအတိအကျ သိပြီးရင် အဲဒီနားကနေ ငါ့ကိုဆက်၊ မင်းကို ငါလာခေါ် ပြီး မင်းကားဆီ ပြန်ပို့မယ်”

“xxx xxx xxx”

မောင်သော်ရဲ့ဆဲဆိုသံထဲမှာ ချစ်စနိုးမှုလေး ပါဝင် နေပါသည်။ ရင်တဒိတ်ဒိတ်ခုန်ကာ စောင့်စားနေသော ရွှေသွေး မှာ ထိုင်မရ ထမရ ဂနာမငြိမ်နှင့် မိနစ်နှစ်ဆယ်ကျော် စောင့် လိုက်ရတာကို နှစ်ကမ္ဘာလောက် ထင်မိသည်။ သူငယ်ချင်းအားလုံး ရောက်လေရာအရပ်မှာ မ,အရိပ်ကလေးကို နီးနီးကြားကြား မျက်စိ မှင့်ပြီး ရှာဖွေဖို့ သူမှာကြားခဲ့တာ တစ်လနီးပါးရှိချိန်မှာ ပထမဆုံး အကြိမ် စ,တွေ့တာ ခုမှပါ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညနေခြောက်နာရီလောက်မို့ ရုံးကအပြန်ဖြစ်မှာ။ ဒါကြောင့် မ,ရဲ့အဆောင်နေရာကို တန်းသိရမှာမလွဲ။

"ဟော့ကောင် ရွှေသွေး လိုက်ခဲ့တော့၊ ကမာရွတ်–အင်းစိန်လမ်း '......'လမ်းကိုလာခဲ့၊ လမ်းထိပ်ကော်ဖီဆိုင်မှာ ငါထိုင်စောင့်နေမယ်"

မောင်သော့ဖုန်းကိုစောင့်ရင်း ကားပေါ်ပင် အသင့်ထိုင်ပြီးသားမို့ ဖုန်းမချခင် ကားစက်နှိုးပြီးနေပြီ။ မ,ရယ် ... ဟိုအိမ်ခန်းနဲ့ သိပ်မဝေးလှတဲ့ တစ်နေရာမှာ မ,ရှိနေတာပဲ။ အဲဒီနား ရွှေသွေး ရက်ပေါင်းများစွာ ပတ်ရှာခဲ့ပေမယ့် မ,နဲ့လွဲနေခဲ့တာမို့ မတွေ့ခဲ့တာ။

လမ်းထိပ်ကော်ဖီဆိုင်လေးမှ မောင်သော့ကိုကားပေါ်ကောက်တင်ပြီးလျှင် လမ်းသွယ်ထဲကို မောင်းဝင်ခဲ့ပါသည်။

"မ, ဟုတ်တာတော့ သေချာတယ်နော်"

"ဩော် ... မင်းကလည်း၊ မ,ကိုမှားစရာလားကွ မှတ်မိပါတယ်၊ သေချာပါတယ်၊ သုံး,လေးကြိမ် တွေ့ဖူးပါတယ်၊ မင်းပါးကိုရိုက်သွားကတည်းက ဒီမျက်နှာမမေ့တော့ပါဘူး"

"ဆက်မောင်းရဦးမလား"

"လိုသေးတယ် မောင်းဦး၊ ဘယ်ဘက်ခြမ်းမှာ ခြံစည်းရိုးအမည်းလေးနဲ့၊ အုတ်ညှပ်နှစ်ထပ်အဆောင်လေး၊ ရှေ့က ထမင်းဆိုင်လေးတွေ့လား၊ အဲဒီမှာ မ, ထမင်းဟင်းဝင်ဝယ်သေးတယ်ကွ"





ရွှေသွေး ရင်ထဲနင့်ရသည်။ အဆောင်မှာဆိုတော့ ဘာချင်တာ ဖွယ်ဖွယ်ရာရာ ချက်စားဖို့ပင် မ,အဆင်ပြေမှာမဟုတ်ဘူးနော်။

"အဲဒီအဆောင်လေးပဲ"

နှစ်ထပ် အုတ်ညှပ်တိုက်လေးက နွမ်းအိုအိုလေး။ အပေါ်ထပ်ပြတင်းပေါက်တချို့ တံခါးဖွင့်ထား၍ နီကျင်ကျင်မီးရောင်ထွန်းထားတာကို မှုန်ကုပ်ကုပ်လေး မြင်နေရပါသည်။ ရွှေသွေးက ကားကို ညာဘက်ခြမ်းတိုးကပ်ကာ ကားတစ်စီးစာဝင်ထွက်သာအောင် နေရာချန်၍ ရပ်လိုက်ပါသည်။

"ဟော့ကောင် ... ဘာလုပ်မလို့လဲ"

"ငါ ခဏကြည့်မလို့ပါ"

"ဟော့ကောင် ... မင်း မ, ပြတင်းပေါက်ကနေ မေးလေးထောက်ပြီး ပေါ်လာမယ် ထင်နေလို့လား"

"မ,ကို တွေ့ရဖို့ မဟုတ်ပါဘူးကွာ"

"ဒါဖြင့် ဘာလုပ်ဖို့လဲ"

"မ,ရှိနေတဲ့ နေရာနားမှာ ငါ ခဏရှိနေချင်လို့ပါ"

မောင်သော့က စိတ်ပျက်သလိုလို စိတ်မချမ်းသာသလိုလို ရွှေသွေးကို မသာမယာကြည့်ရင်း နှုတ်ပိတ်ငြိမ်သက်နေလိုက်ပါသည်။ တကယ်လည်း မ,ကထွက်မလာပါ။ ထွက်လာစရာအကြောင်းလည်း မရှိပါ။ ပြတင်းပေါက်တချို့ ပိတ်သွားကာ အမှောင်ကလည်း ပိုမိုကြီးစိုးလာသည်။ တကယ်တော့ ဒီအဆောင်



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှာ မ,အပေါ်ထပ်မှာလား အောက်ထပ်မှာလားပင် ရွှေသွေး သေချာမသိနိုင်တာပါ။

"ဟော့ကောင် ... မင်းကား ဒီနေရာရပ်ထားတာ ဘယ်လောက် ကြာပြီထင်လဲ"

"မသိဘူးကွာ"

"တစ်နာရီဆယ့်ငါးမိနစ်ရှိပြီ၊ တော်လောက်ပြီလေကွာ"

မောင်သော့်ကိုလည်း အားနာပြီး ရွှေသွေးက ကား ပြန်မောင်းထွက်ခဲ့ပါသည်။ ကျွန်တော်ပြန်ပြီ မ,ရေ။

"အခု မင်းနေရာလည်း သိသွားပြီ၊ အဆောင်ဖုန်းသိချင် လည်း ဟိုထမင်းဆိုင်လေး မေးရင်တောင် သိနိုင်မှာပါ၊ ကျေနပ်ရောပေါ့ကွာ၊ ဒါပေမဲ့ မင်း စဉ်းစဉ်းစားစားတော့ လုပ်ပါ ရွှေသွေးရာ၊ ကိုယ့်အတွက်လည်း မကောင်းဘဲ၊ ဖြစ်လည်း မဖြစ်နိုင်တာမျိုးတွေတော့ ဖွတ်တရွတ် မလုပ် စေချင်ဘူး ...

မင်း ဒီအသက်ဒီအရွယ်ထိ ဘယ်ကောင်မလေးတစ် ယောက်ကိုမှ မချစ်ခဲ့ဘူး၊ ရည်းစားမထားခဲ့ဘူး၊ ကျောင်း တုန်းက စိတ်ဝင်စားသလိုလိုရှိခဲ့ဖူးတာတွေလည်း မင်းစိတ် ကခဏပဲ၊ ဘာပဲပြောပြော မင်းက အတွေ့အကြုံမရှိဘူး ရွှေသွေး၊ မင်းအသေအလဲ အသည်းအသန် စွဲလမ်းသွားမှာ စိုးရိမ်တယ်ကွာ၊ စိုးရိမ်ပေမယ့် အဲသလို ဖြစ်နေပြီဆိုတာ လည်း ငါတို့ သိနေပါတယ်ကွာ ...





စိတ်ကိုနည်းနည်းလျှော့ပြီး အပြောင်းအလဲလေးလုပ် ကြည့်ပါကွာ၊ ရေရှည်လည်း မင်းစိတ်ချမ်းသာရမှာ မဟုတ် ဘူး၊ အန်တီလည်း သဘောတူနိုင်မယ် မထင်ဘူး၊ အဲဒီ မ,ကိုယ်တိုင်ကလည်း မင်းကို ငဲ့ညှာမှာမဟုတ်ဘူး၊ မျက်နှာ လည်း ထောက်မှာမဟုတ်ဘူး၊ မင်းမှားခဲ့ခဲ့ မှန်ခဲ့ခဲ့ ခုချိန် မှာတော့ မင်းကို သူ စော်စော်ကားကား ပစ်စလက်ခတ် ဆက်ဆံမှာမျိုးလည်း ငါတို့မတွေ့ချင်ဘူးကွာ"

"ကျေးဇူးတင်ပါတယ် မောင်သော်ရာ"

"မင်းဘိုးအေ ကျေးဇူးတင်စရာလားကွ၊ ပြောပုံကိုက"

"ငါ တကယ်ကျေးဇူးတင်လို့ပါ၊ ဒီလောက်ခင်မင်ရင်းချာမှု ထဲမှာ ကျေးဇူးတင်တယ်ဆိုတာ ရယ်စရာလို ဖြစ်နေပေမယ့် ငါ့အတွက် စိတ်လက်မအေး ပူပန်မကင်း ဖြစ်ပေးနေကြတာ ကိုလည်း ငါ တကယ်ကျေးဇူးတင်တာပါ၊ ပြီးတော့ မင်း မ,ကို ရှာတွေ့တာလည်း ငါ ဘယ်လိုပြောရမှန်းမသိအောင် မင်းကိုချစ်တယ်ကွာ"

"သေလိုက် ဟော့ကောင်"

"ငါ ... မ,ကို မေ့လို့မရတော့ဘူး၊ ရင်ထဲက ထုတ်လို့လည်း ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ သေလုအောင် ချစ်နေမိပြီ၊ သေတဲ့အထိလည်း မ,တစ်ယောက်ကိုပဲ ငါချစ်သွားတော့ မှာ၊ မ, ငါ့ကို သေတဲ့ထိ ခွင့်မလွှတ်လည်း သူခွင့်လွှတ် အောင် ကြိုးစားရင်းပဲ ငါသေသွားမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးအသံက တိမ်ကာဝင်သွားပါသည်။ မောင်သော်က တစ်ဘက်လှည့်ပြီး အပြင်ဘက် ငေးမောနေလိုက်မိသည်။

✦ ❦ ✦

"မ,"

ဖျတ်ခနဲ ဘယ်ကပေါ်လာတယ် မသိဘဲ ရှေ့ကိုရောက်လာတဲ့ အရိပ်မည်းကို မ,က ဆတ်ခနဲ တုန်ပြီးမော့ကြည့်လိုက်မိပါသည်။ မော့မကြည့်ခင်ကပင် အဲဒီခေါ်သံရဲ့အသံရှင်ဟာ ဘယ်သူလဲဆိုတာ မ, ဘယ်လိုကြောင့် အလိုလို သိလိုက်တယ် မသိ။

ဝိုင်းစက်သော မျက်လုံးများနှင့် သူ့ကို အလန့်တကြား စူးစူးရဲရဲ စိုက်ကြည့်နေလိုက်မိသည်။

"မ, ကျွန်တော် စကားနည်းနည်းလောက် ပြောပါရစေ"

ရွှေသွေးအသံက တုန်ယင်နေပါသည်။ လူတစ်ကိုယ်လုံးလည်း တုန်ယင်နေပါသည်။ သူလိုလူတစ်ယောက်ဟာ ဤမိန်းမတစ်ယောက်ထံ၌ ဘာကြောင့် ဤမျှ ကျဆုံးရှုံးနိမ့်သွားရသလဲ ရွှေသွေး စဉ်းစားလို့ မရတော့ပါ။

ဘယ်တုန်းကမှ မိန်းမတစ်ယောက်အပေါ် ကိုယ့်ကိုယ်ကိုယ် အဲသလောက် ကျိုးနွံမိမယ်လည်း မထင်မှတ်ခဲ့။ အဲသလောက်





ပြင်းပြင်းရှရှ စူးစူးနစ်နစ် မက်မက်မောမောနှင့် မိန်းမတစ်ယောက်ကို ချစ်မိရလိမ့်မယ်လည်း မထင်ခဲ့။ ပြောရမယ်ဆိုရင် ရင်းလည်းရင်းနှီး၊ စကားလည်းများများဟာဟာ မပြောဖူး၊ အကြိမ်ကြိမ်အခါခါလည်း မဆုံစည်းရ၊ သူက သူ့ဘာသာ ကိုယ်ကကိုယ့်ဘာသာရှိတဲ့ မိန်းမတစ်ယောက်ကို ဘာကြောင့်များ အဲသလောက်အောင် မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ ချစ်မိသွားရတယ်ဆိုတာ သူကိုယ်တိုင်လည်း နားမလည်တော့ပါ။

မ,က ခြေလှမ်းကို ဘေးတိုးရွှေ့ကာ ကျော်ဖြတ်သွားဖို့ ပြင်လိုက်သည်။

"မ, ..."

ရွှေသွေးက မ,ရှေ့ မဆက်နိုင်အောင် နေရာရွှေ့ရပ်လိုက်ပါသည်။

မ,မျက်လုံးတွေက ဝင်းဝင်းတောက်တောက် စူးရဲလာကာ အသက်ရှူသံတွေ ပြင်းထန်မြန်ဆန်လာသည်။ ရင်တွေ ဒိန်းဒိန်းမြည်အောင် တုန်လာကာ စိတ်လှုပ်ရှားမှုကြောင့် အမြင်အာရုံတွေပင် ဝါးနေကာပြီး မူးမိုက်တော့မလို ကတုန်ကယင်ဖြစ်လာပါသည်။

"မင်း ... အခု ငါ့ရှေ့ကဖယ်လိုက်"

"မ, ... ကျွန်တော် ..."

"ခုချက်ချင်း ဖယ်လိုက်နော်"

"မဖယ်နိုင်ဘူး မ,"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးအသံက မောဟိုက်နေသလို တိုးရှိုက်ရှိုက်နှင့် လေဆက်ပြတ်နေပါသည်။ မ, ဘာလုပ်လုပ်။ လုပ်ချင်တာလုပ်။ အရဲစွန့်ပြီး ဇွတ်တိုးတော့မှာပါ။ နို့မို့လို့ကတော့ မ,နဲ့သူ့ကြား အဖြစ်အပျက် အခြေအနေတို့က ဆိုးသထက်ပဲ ဆိုးဆိုးလာတော့မှာလေ။ သူမှ အရဲမကိုးရင် ပြေလည်မှု နားလည်မှု ခွင့်လွှတ်မှုဆိုတာတွေကို ဘယ်လိုမှ ရနိုင်တော့မှာ မဟုတ်ဘူးလေ။

"နင် ငါ့ကို ဒီလောက်နှောင့်ယှက်ရ ဒုက္ခပေးရရင် တော်လောက်ပြီ ရွှေသွေးမောင်မောင်"

ကိုယ့်မန်နေဂျာ မဟုတ်တော့တဲ့အတွက် ဦးလည်းတပ်စရာမလို။ ပြိုးသူငယ်ချင်းမို့ အနည်းဆုံး ကိုယ့်ထက်ခြောက်နှစ်လောက်တော့ ငယ်နိုင်သေးတာ။ သူ့ကို ယဉ်ကျေးဖို့လည်း မလိုအပ်၊ လေးစားဖို့လည်း မလိုအပ်၊ တစ်စုံတစ်ယောက်အဖြစ် ထည့်တွက်ဖို့တောင် မလိုအပ်လို့ မ,က တဆုံးတွေးထားလိုက်ပါသည်။

"ကျွန်တော် မ,ကို နောက်ဘယ်တော့မှ ဒုက္ခမပေးတော့ပါဘူး"

တကယ်တုန်ယင်လာသော လေသံနှင့် တကယ်ရစ်ဝိုင်းလာသော မျက်ရည်ရောင်လက်သည့် မျက်ဝန်းတို့ကို သတိလက်လွတ် အံ့အားသင့်သွားမိ၍ မ,ရဲ့တင်းခိုင်ထားတဲ့စိတ်တို့ပင် တစ်ချက်ပြေလျော့ ငြိမ်သက်သွားမိပါသည်။ နေပါဦး — သူက ဘာအတွက် ငိုချင်နေရတာပါလိမ့်။





"ကျွန်တော် တောင်းပန်ပါတယ် မ,၊ ကျွန်တော် နောက်ကို မ,စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်တော့ပါဘူး"

"ဒါဖြင့် ခုချက်ချင်း ငါ့ရှေ့က ဖယ်လိုက်"

"မ, ခွင့်လွှတ်တာ ကျွန်တော် လိုချင်လို့ပါ"

"ဘာ"

မက ရွှေသွေးကို ခါးခါးသီးသီး စိုက်ကြည့်ရင်း...

"နင့်ကို ငါ သေတောင်ခွင့်မလွှတ်ဘူး"

"မ, ..."

"နင် အခုမဖယ်ရင် ငါ အော်လိုက်မယ်နော်၊ ဒါ ငါနေတဲ့ ရပ်ကွက်နော်၊ ရှေ့ကအိမ်က ရပ်ကွက်က လူကြီးအိမ်ပဲ"

"မ, ... ကျွန်တော့်ကို စကားနည်းနည်းပဲ ပြောခွင့်ပေးပါ၊ ကျွန်တော် တမင်တကာ လုပ်ခဲ့တာ မဟုတ်ဘူးဆိုတာ မ, လက်ခံအောင် ရှင်းပြပါရစေ၊ မ,ခွင့်လွှတ်လာနိုင်တဲ့အထိ ပြေလည်အောင် ရှင်းပြမှာပါ၊ မ, နားထောင်ပေးရုံလေးပါဗျာ"

"နင့်စကားကို ခုလောက် ရပ်နားထောင်လိုက်ရတာတောင် ငါ့နားနှစ်ဖက် ဘယ်လောက် ငရဲကျနေပြီလဲ နားလည်ရဲ့လား၊ နင့်ကိုမြင်နေရတဲ့ ငါ့မျက်လုံး နှစ်လုံးကိုတောင် သတ္တိရှိရင် ငါဖောက်ထုတ်လိုက်ချင်သေးတယ်၊ အနားမှာ နင်ရှိနေတာ ငါပူလောင်လွန်းလို့ပါ ရွှေသွေးမောင်မောင်၊ အခုချက်ချင်း ဖယ်မလား မဖယ်ဘူးလား တစ်ခွန်းပဲပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မ,၊ မဖယ်ဘူး"

"ဟောဒီမှာရှင် တစ်ဆိတ်လောက် ကျွန်မကို နှောင့်ယှ
နေလို့ပါ"

နံဘေးကဖြတ်လျှောက်သော လူရွယ်နှစ်ယောက်
မ,က အသံမြှင့်ကာ လှမ်းပြောလိုက်တဲ့အတွက် ထိုလူနှစ်ယောက်
ခြေလှမ်းတုံ့ရပ်ရင်း ...

"ဟေ့ကောင် ... မင်း ဘယ်ကလဲ၊ သွား ... သွား ...
များရပ်ကွက်ထဲ လမ်းထဲ ပြဿနာလာမရှာနဲ့၊ အိမ်မ
ဘယ်ကလဲ"

"ကျွန်မ ဟိုရှေ့က အန်တီနှင်း အဆောင်ကပါ၊ ကျွန်မ
ကူညီပါရှင်၊ သူ လမ်းပိတ်ပြီး နှောင့်ယှက်နေတာ၊ ကျွန်
သူ့ကို မသိဘူး"

ရွှေသွေးက ရင်ဘတ်တစ်ခုလုံး နာကျင်ဆို့အောင်
ကာ မ,ကိုခပ်ငေးငေး စိုက်ကြည့်နေမိပါသည်။

"ဟေ့ကောင် သွားလေကွာ၊ ဒီမှာတင် လူကြီးအိမ်ရှိတယ်
ပြဿနာမဖြစ်ချင်နဲ့"

"ကျွန်တော် သူ့ကိုမနှောင့်ယှက်ပါဘူး၊ တောင်းပန်နေတာ
ပါ"

"ဘာပဲဖြစ်ဖြစ်လေ၊ ကာယကံရှင်မှ မလိုလားတာ၊ မင်းသွား
မလား မသွားဘူးလား"

"မသွားဘူးဗျာ"





"ဟာ ... ဒီကောင်တော့၊ ဟေ့ကောင် ဦးလေးဉာဏ် သွား
ခေါ်လိုက်စမ်းကွာ၊ ပေရှည်တယ်"

မ,က ကွေ့ထွက်ဖို့ပြင်သည်။

"မ,"

ရွှေသွေးက မ,ကွေ့ထွက်ရာရှေ့ ရွှေ့ရပ်လိုက်ရင်း ...

"ကျွန်တော် နှောက်ယှက်တာ မဟုတ်ဘူး မ,၊ ဘယ်တော့
မှ လက်မလျှော့နိုင်တော့ဘူး၊ မ, ရက်စက်ပြလို့ရပါတယ်၊
မုန်းတီးပြလို့ ရပါတယ်၊ ဒါပေမဲ့ ကျွန်တော်က စိတ်ပျက်
ပြီး အလျှော့ပေးသွားမှာ မဟုတ်ဘူး"

"........."

"မ,ကို ကျွန်တော် ချစ်တယ်"

"ဘာ"

မ,အသံက ဖျော့ဖျော့ကလေးမျှ။ အကျယ်ကြီးရေ
ရွတ်လိုက်မိတယ် ထင်ပေမယ့် တကယ်တမ်း ဘာသံမှထွက်မလာ။
ဘုန်လှုပ်အံ့အားသင့်ခြင်းနှင့်အတူ လည်ချောင်းဝမှာတင် ခြောက်
ဘပ်တိုးပျောက်သွားသည်။ ရွှေသွေးကို အငိုက်မိသလို ငေးမော့
ကြည့်နေမိရင်း တစ်ခဏ ကြက်သေ,သေ ငြိမ်သက်နေမိပါသည်။

ဘုရားရေ။ ဘယ်လိုမယုံနိုင်စရာ အဖြစ်ပါလိမ့်။

"ဟာ ... ဒီကောင်တော့ ပြောနေတဲ့ကြားက"

"ဘာလဲဟေ့ ... မောင်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဦးလေး၊ အန်တီနှင်း အဆောင်က အဆောင်သူ အစ်မကြီးကို လိုက်နှောင့်ယှက်နေလို့ ဘယ်ကကောင်မှန်း မသိဘူး၊ ပြောနေရင်းတန်းလန်းက လမ်းပိတ်ထားလိုက်၊ ရည်းစားစကားပြောလိုက် လုပ်နေတယ်"

နံဘေးကို လူ လေး,ငါးယောက် ရောက်လာပါသည်။ ရွှေသွေးရင်ထဲ ဆူပွက်နေတဲ့ ခံစားချက်တွေကြားထဲ လူတွေမကလို့ သိကြားမင်းပဲ ဆင်းလာလာ ဘာကမှ တိုးပေါက်နိုင်မှာ မဟုတ်ပါ။ သူ့ကို အံ့အားတသင့် ငေးကြည့်နေတဲ့ မ,ကိုပဲ နှစ်နှစ်မျှောမျှော ပြန်စိုက်ကြည့်နေမိသည်။

"မ,ယုံဖို့ခက်ပါလိမ့်မယ်၊ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် တကယ်ခံစားနေရတာ မ,နားလည်ပေးပါ၊ မ,ကိုချစ်တယ်၊ မ,ကို စောင့်ရှောက်ပါရစေ၊ ခွင့်ပြုပါ မ,၊ သိုင်းဝိုင်းဖွဲ့နွဲ့နေဖို့ အချိန်မရှိလို့ ကျွန်တော် လိုရင်းကို ပြောလိုက်တာပါ၊ ရိုင်းတယ်လည်း မထင်ပါနဲ့၊ မ,ဘဝကို စောင့်ရှောက်ခွင့်ပေးပါ၊ မ,ကို ကျွန်တော်သိပ်ချစ်လို့ပါ"

"ဟေ့ကောင် ... မင်း ဘယ်ကလဲ"

ဘေးကလူတွေကို ရွှေသွေးက မှုန်တေတေ လှည့်ကြည့်လိုက်ပါသည်။ မ,နေတဲ့လမ်းထဲက မ,နဲ့သွယ်ဝိုက်ပတ်သက်သူတွေမို့သာပေါ့။ နို့မို့ရင် အားလုံးကို မည်းမည်းမြင်ရာရမ်းသမ်း ရိုက်နှက်ပစ်ချင်လောက်အောင် သူ ပေါက်ကွဲတော့မှာပါ။





"ပုံစံက ဂျစ်ကန်ကန်နဲ့၊ ငါ့တူမက ဒေါ်နှင်း အဆောင်က ဟုတ်လား၊ ကဲ ... သွား ... သွား ... ပြန်တော့ မှောင်နေပြီ"

မ,က ရွှေသွေးထံမှ အကြည့်ကိုသိမ်းရုပ်ကာ ခြေသမ်းပြင်လိုက်သည်။

"မ, ..."

"ကျွတ် ... ဒီကောင်လေးတော့ ခက်နေပြီ၊ ဒီမှာ ငါ့တူမ၊ သူ ဘယ်သူလဲ၊ အသိမိတ်ဆွေလား၊ သူနဲ့သိလား"

မ,က ရွှေသွေးကို ခပ်စိမ်းစိမ်း တစ်ချက်လှမ်းကြည့်ရင်း ...

"ဟင့်အင်း ... ကျွန်မ မသိဘူး၊ သက်သက်မဲ့ လိုက်နှောင့်ယှက်နေတာ"

မ,က အေးစက်စက်ပြောပြီး ခြေလှမ်းထွက်ချိန်မှာ ရွှေသွေး လက်နှစ်ဖက်ကို လူတချို့က လှမ်းချုပ်ဆွဲကိုင်ထားလိုက်ကြပါသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

နံနက်ခင်းမှာ လင်းပွင့်လာသော နေရောင်နှင့်အတူ ဟိုနားကနေပေါ်လာလိုက်၊ ဒီနားကပေါ်လိုက် ဖျတ်ခနဲ လှစ်ခနဲ ချစ်ခြင်းအနား ရောက်ရှိလာတတ်ပြီး ညနေစောင်းလွန်မြောက်လို့ နေဝင်ချိန်အမှောင်ရောက်မှ သူပါပျောက်ကွယ်သွားတတ်တဲ့ "ရွှေသွေး"ဆိုတဲ့ ကောင်လေးကို မ, တကယ်ပင် နားမလည်နိုင်အောင် အံ့အားသင့်မိသည်။ ရှုံးများနေရော့လား။

မိုးလင်းလို့ အိမ်ကထွက်လာသည်နှင့် ဘယ်အရပ်ဒေသကများ သူ ဘွားခနဲ ပေါ်လာမလဲဆိုတာ မငြိမ်သက်တဲ့ရင်နှင့် ကျိုးကန်းတောင်းမျှော် မသိမသာ ဖွေရှာရင်း သူ့ကိုဖျတ်ခနဲ တွေ့ပြီဆိုလျှင် တလိပ်လိပ် ထွက်ပေါ်လာတဲ့ ဒေါသတဖျင်းဖျင်း ဆူပွက်လာတဲ့သွေးတို့နှင့် လူကဂနာမငြိမ်နိုင်တော့ပဲ တစ်ခုတစ်ရာကို ဖိစီးခံစားလာရပြီ။





အဲဒီဖိစီးခံစားရမှုဟာ လူကိုရော စိတ်နှလုံးကိုပါ ငင်ပန်းဆင်းရဲစေလျက်နှင့် အဲဒီ ဖိစီးမှုရောက်မလာသေးလျှင် ဘယ်အချိန်များ ပေါ်လာရောက်လာမလဲဆိုတာ ကိုယ်ကစောင့်မျှော်ရှာဖွေနေရသလို ဖြစ်နေသည်။

လူတစ်ယောက်အပေါ် ချစ်ရခြင်းသည်သာမဟုတ် မုန်းရခြင်းသည်လည်းပဲ နှောင်ဖွဲ့ခြင်းတစ်မျိုးနှင့် လူကိုရစ်ပတ်ထားတာပဲ။ အာရုံတွေကို ခိုးယူခံထားရခြင်း တစ်မျိုးပဲ။ မုန်းရတာက ပိုပြီးပင်ပန်းတယ် မ,ထင်သည်။ တစ်ခါတစ်ရံ သူ့ကို ဘယ်လိုတုံ့ပြန်လိုက်မလဲ၊ ဘယ်လိုနာအောင်ပြောလွှတ်လိုက်မလဲတွေ သတိလက်လွတ် စကားလုံးရွေးချယ် စီကာစဉ်ကာနေမိသည်။ ကိုယ့်ကိုယ်ကိုယ် သတိထားမိတဲ့အခါ လှိုင်းထန်နေတဲ့ နာကျင်မုန်းတီးခြင်းထဲ အပန်းတကြီး ဟောဟဲဆိုက်နေတဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဖွေရှာတွေ့မိလျှင် မ,က မိမိကိုယ်ကို အံ့အားသင့်လို့မဆုံးပေ။

အနှစ်သုံးဆယ်ကျော် အေးတိအေးစက်နေတတ်ခဲ့တဲ့ မ,နှလုံးသားသည် ခုတော့ အမုန်းနှင့် ပူပြင်းလောင်မြိုက်နေလေသည်။

တစ်ခါတစ်ရံ မလှမ်းမကမ်းမှာပဲ ရှိနေကာ တစ်ခါတစ်ရံ အနားရောက်လာပြီး တောင်းပန်တိုးလျှိုးစကားဆိုသည်။ တစ်ခါတစ်ရံ သူ့ကို လျစ်လျူရှုကာ ကျောခိုင်းခပ်သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြေးခြင်းနှင့် ရှောင်ဖယ်ရပြီး တစ်ခါတစ်ရံ လူကြားသူကြား မရှောင် မ,ကပိုးစိုးပက်စက် ပြောဆိုတုံ့ပြန်လိုက်မိတာမျိုးလည်း ရှိဖူးပါရဲ့။

ဘယ်လိုတုံ့ပြန်သည်ဖြစ်စေ မတုံ့ပြန်သည်ဖြစ်စေ သူ့ဘက်က လှုပ်ရှားမှု ကြိုးစားမှုတို့က ရပ်လည်းရပ်တန့်မသွား ပြောင်းလည်း ပြောင်းလဲမသွား။ ပေတေဖွဲ့ခတ်ပြီး ခေါင်းမာ နေရာမှာ မ,နဲ့သူဟာ နင်လား ငါလား။

ဟိုးအရင်ကတည်းက အေးစက်စက် တည်တင်းတင်း နေတတ်ခဲ့ပေမယ့် ဘယ်သူ့အပေါ်မှတော့ မ,ရိုင်းစိုင်းကြမ်းတမ်း စွာ မဆက်ဆံတတ်ခဲ့ပါ။ သို့သော် သူ့အပေါ်ဆိုလျှင် ရိုင်းပျ ကြမ်းရှရဲ့ အမြဲအသင့်ရှိနေကာ အဲသလိုဆက်ဆံလိုက်ရမှလည်း ကျေနပ်သာထိုင်သာ သက်သောင့်သက်သာ ရှိလေသည်။

သူ့ကို မုန်းတီးရခြင်းဟာ မ,ရဲ့ နေ့စဉ်တစ်နေ့တာ ဆောင်ရွက်ဖွယ် တာဝန်များကြားမှာ နာရီအတော်များများ၌ပေါ မဖြစ် ရောနှောနေရာယူထားပါသည်။ မနက်စောစောစီးစီး အိမ်က ထွက်လာပြီး လမ်းတစ်လျှောက်လုံး ရုံးရောက်တဲ့အထိ သင်း မတွေ့လျှင် မုံပြုံးတစ်ချက်နှင့် ကျေနပ်သလို ခံစားချက်ထဲမှာ ကသိကအောက်ဖြစ်မှုတစ်မျိုး ပါဝင်နေလျက် ဒီကောင်လေးအချ ပေး လက်လျှော့သွားတာ မဟုတ်ပါဘူးလို့တော့ စိတ်က သိနေ သည်။





"မ,တဲ့ ... ညှို့သည်လာပါတယ်"

စာရင်းကိုင်အစ်မကြီးနံ့အေး ထိုင်နေရာက မော့ကြည့် လိုက်လျှင် အစ်မကြီးကဦးအောင် ...

"ဘယ်သူတုန်း ရုံးထိ ညှို့သည်လိုက်လာရအောင်"

"မသိဘူး အန်တီ၊ အမျိုးသားတစ်ယောက်ပဲ"

အပျိုကြီးမမရီက မ,ကို ခပ်စွေစွေကြည့်ရင်း ...

"ကဲ ... သွား၊ အလုပ်ကတန်းလန်းနဲ့၊ သေရေးရှင်ရေး မဟုတ်ဘဲ ရုံးလိုက်မတွေ့ဖို့လည်း ညည်းအမျိုးသားကို မှာထားဦး"

မ,က မှုန်တေတေ အောင့်သက်သက်နှင့် ...

"ကျွန်မမှာ အမျိုးသားမရှိပါဘူး၊ ကျွန်မ အလုပ်လျှောက် ကတည်းက မှဆိုးမပါလို့ ကိုယ်ရေးရာဇဝင် ဖြည့်ထားသား ပဲ"

"သိပါဘူး၊ အမျိုးသားညှို့သည် ဆိုလို့ပါ"

"အမျိုးသားညှို့သည်နဲ့ ကျွန်မအမျိုးသားဆိုတာ အဓိပ္ပာယ် တခြားစီပါ"

မ,က မကျေမချမ်းနှင့် ရုံးခန်းထဲက ထွက်လာပါ သည်။ ထင်တဲ့အတိုင်း အပြင်ကညှို့သည်ထိုင်တဲ့ ကျွန်းဆက်တီ များမှာ ထိုင်နေတာ သင်းပဲပေါ့။ ဟိုသတ္တဝါ။ မ,က ဒေါပွပွနှင့် ဆက်တီတွေဆီ လျှောက်လာကာ မတ်တတ်နှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာလုပ်ပြန်ပြီလဲ၊ ရုံးအထိ လိုက်နှောင့်ယှက်နေတာက လွန်လွန်းအားမကြီးဘူးလား၊ ငါ့ကို အမျိုးစုံဒုက္ခရောက်အောင် ခုထိလိုက်လုပ်နေတာလား"

ရွှေသွေးက ထိုင်ရာက ထရပ်လိုက်ရင်း ...

"မ,ကို ဒုက္ခပေးဖို့ မဟုတ်ပါဘူး"

"နေ့စဉ်နဲ့အမျှ ဟိုနားကလိုက် ဒီနားလိုက် မျိုးစုံနှောင့်ယှက်နေတာနဲ့ မပြီးဘူးလား၊ ဒါ အလုပ်ခွင်၊ ပြီးတော့ ငါ့ကလူသစ်၊ ရုံးကို တော်ရုံကိစ္စမရှိဘဲ ဘယ်သူမှ ညှော်သည်လိုက်လာရိုးထုံးစံ မရှိဘူး၊ ရုံးမှာ မျက်နှာပျက်ရအောင် အရှက်ကွဲရအောင် လိုက်လုပ်နေပြန်တာလား၊ ဘာအခွင့်ရှိလို့မင်း ငါ့ရုံးထဲ ဝင်လာရတာလဲ"

"ကျွန်တော် ညနေထိမစောင့်နိုင်လို့ပါ၊ မ, ဒီရုံးမှာ ဒီအလုပ်မှာ သိပ်အဆင်မပြေဘူးလို့ မိပြုံးဆီက သိပါတယ်၊ မ, အလုပ်ပြောင်းနိုင်ဖို့ ကြိုးစားနေတာလည်း ကြားပါတယ်၊ အဲဒါကြောင့် အလုပ်တစ်နေရာ စုံစမ်းလို့ရလို့ ကျွန်တော် လာတာပါ၊ ကျွန်တော် မ,အတွက် စီဗီဖောင်မ် ယူလာတာပါ၊ ဒီဖောင်မ်က နက်ဖြန်နောက်ဆုံး အပြီးတင်ရမှာမို့လို့ပါ၊ မ,ကိုနောက်မှပေးရင် မမီတော့မှာစိုးလို့"

ရွှေသွေးက မရဲ့မျက်နှာတင်းတင်းကို စိုက်ကာကြည့်ရင်း ရင်ထဲပူနွေးလာသည်။ မ, ဘယ်လိုပဲ လုပ်နေနေ ဘာပဲပြောနေနေ မ,ကိုချစ်တဲ့အချစ်က စက္ကန့်တိုင်း ဘာကြောင့်မှန်း နည်းနည်းချင်း တိုးတိုးလာခဲ့ပါလိမ့်။





"ဟို ... ရှိုးရှမ်းကနေတောင် ချက်ချင်းထွက်ပစ်ထားတာကို မင်း ဘာလို့ အပိုအလုပ်တွေ လာလုပ်နေတာလဲ"

မ,အသံက သွားစေ့အံကြိတ်ထားတဲ့ကြားက တိုးတိုးအုပ်အုပ်လေးပဲ တိုးထွက်လာသည်။

"မ, ဒီကုမ္ပဏီက ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် သိလိုက်လို့ပါ၊ Post ရော၊ Pay ရော ကောင်းနေလို့ပါ၊ အဲဒါကြောင့် အမီ ..."

"မလိုဘူး၊ မင်းဆီကတစ်ဆင့် ကြားရတယ်ဆိုတာနဲ့တင် မင်းနဲ့ဆိုင်နေပြီ၊ မင်းနဲ့ပတ်သက်တဲ့အလုပ်ဆို ရွှေတုံးနဲ့ လခပေးလည်း မလုပ်ဘူး၊ ရှင်းတယ် မဟုတ်လား၊ နောက် ရုံးကိုဘယ်တော့မှ ထပ်မလာနဲ့၊ ငါ့ကို ယောကျ်ားညှော်သည်လာလို့ အကဲခတ်တဲ့မျက်လုံးတွေကို ငါ လုံးဝမလိုချင်ဘူး"

ရွှေသွေးက ရင်ထဲနင့်တင့်တင့် ခံစားရရင်း ...

"မ, ကျွန်တော် ဒီ စီဗီကို တကူးတက မရမက သွားယူလာခဲ့တာပါ"

လက်ထဲကစာရွက်ကို ထောင်ပြကာ မျက်ခုံးညို့ညို့နှင့် စိတ်မကောင်းသလို ပြောနေတဲ့ ရွှေသွေးမျက်နှာကိုကြည့်နေရာမှ မ,က ဆတ်ခနဲ စာရွက်တွေကို ဆွဲယူလိုက်ပါသည်။ လက်ထဲပါလာတာနှင့် ချက်ချင်းပဲ တဗြဲဗြဲနှင့် လေးငါးချက်ဆင့်ကာဆင့်ကာ ဆွဲဆုတ်ပစ်လိုက်ပြီး စာရွက်စုတ်တွေကို ရွှေသွေးလက်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ပြန်ထိုးထည့်လိုက်လျှင် ရွှေသွေးက ယောင်ယမ်းပြီး လှမ်းယူလိုက်မိရပါသည်။

"ရပြီလား"

နူးတောက်စိန်ခေါ်တဲ့ မျက်ဝန်းများကို ရွှေသွေးက အကြာကြီးစိုက်ကြည့်နေမိပြီးမှ နှုတ်ခမ်းပွင့်ဟကာ ညီစီသောသွားကလေးတွေ ပေါ်လာအောင်အထိ ကြည်ကြည်လင်လင်ပြုံးလိုက်ပြီး ...

"မ, စိတ်မဝင်စားရင် ရပါတယ်၊ ကိစ္စမရှိပါဘူး"

"မင်း ဘာမှ ပြုံးနေ ရယ်နေစရာလည်း အကြောင်းမရှိဘူး။ ငါ့ဘာလုပ်လုပ် အပြီးမပျက်ပါဘူးဆိုတဲ့ပုံ ဖမ်းထားလို့လည်း တစ်မှတ်မှ မရဘူး၊ မင်းစိတ်ထဲမှာ ငါ့ကိုကူညီရာရောက်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် အထင်တကြီး တွက်နေသမျှတွေက ငါ့ကို နှောင့်ယှက်ရာ စော်ကားရာတွေပဲရောက်တယ်၊ ငါ့မျက်စိရှေ့မှောက်ကို ရောက်ရောက်မလာပါနဲ့၊ ငါ တကယ်စိတ်ဆင်းရဲလွန်းလို့ပါ၊ ရှိကြီးခိုးပါရဲ့"

မ,ရဲ့အသံလေးက တုန်လာကာ စကားအဆုံးသတ်မှာ မျက်ရည်လည်း ရစ်လာလျှင် ရွှေသွေး မျက်နှာက ညှိုးပျက်သွားခဲ့ရပါသည်။

◆ ❦ ◆





"တောက် ... ငါ့တစ်သက်မှာ သားလုပ်တဲ့သူကို အချုပ်ထဲက လိုက်ထုတ်ရတဲ့ မအေဘဝကို ရောက်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ အိပ်မက်တောင် မမက်ခဲ့ဖူးဘူး"

ရင်ဘတ်ကို ထုကာရိုက်ကာ တကယ့်ကို ရင်ထုမနာညာနေတဲ့ မေမေ့နံဘေး ရွှေသွေးက ရွှေ့ထိုင်ရင်း မေမေ့ကိုဖက်ထားကာ ...

"အချုပ်မဟုတ်ပါဘူး မေမေရာ၊ စခန်းမှူးက စခန်းမှာခဏလေး ခေါ်ထိုင်ခိုင်းထားရုံပါ၊ အချုပ်ဆိုတာက ဟိုသံတိုင်နောက်ကအခန်းထဲရောက်မှ အချုပ်ထဲရောက်တယ် ပြောလို့ရတာပါ"

မေမေက ရွှေသွေးလက်ကို ဖယ်ပစ်ရင်း ...

"ဖယ်စမ်း ... ရဲစခန်းထဲ ခေါ်ထိုင်ခိုင်းခံရတာရော ဂုဏ်ရှိသလား၊ ဂုဏ်ယူစရာမို့လား"

"သူတို့ကလည်း တိုင်တဲ့သူက တိုင်ချက်ဖွင့်တော့ ဝတ္တရားအရ ခဏတော့ ထိုင်ခိုင်းရတာပေါ့ မေမေရယ်"

"အဲဒါ ဘယ်လောက်ရှက်ဖို့ ကောင်းထားလဲ၊ တိုင်ချက်ကလည်း မိန်းမတစ်ယောက်ကို ကာလုန္ဒြေပျက်စေမှုတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ရှက်ဖို့ကောင်းလိုက်တာ ရွှေသွေးရယ်၊ ငါ့မျက်နှာကိုအကွင်းလိုက်သာ လှီးထုတ်ပစ်လိုက်ချင်တယ်၊ ဘာအတွက်နဲ့မင်းက ဒီမိန်းမကို နှောင့်ယှက်ရတာလဲ၊ ဘယ်လိုများဖြစ်ရတာလဲ"

"ဖြည်းဖြည်းပြောပါ စိုးရယ်၊ သားက ဒီလိုလူစားမှမဟုတ်တာ၊ အကြောင်းရှိမှာပါ"

"ဒီလိုလူစားမဟုတ်ရင် ဘာဖြစ်လို့ ဒီလိုရဲစခန်းရောက်ရလဲ၊ ကိုအောင် အဲသလို ပြေရာပြေကြောင်း ဝင်မပြောနဲ့ အရမ်းဒေါသထွက်နေတယ်"

ရွှေသွေးက သက်ပြင်းချပြီး ခေါင်းငိုက်စိုက်ချကာ ငြိမ်နေမိပါသည်။ မေမေက ဒီလိုဖြစ်နေပေမယ့် ရွှေသွေးရင်ထဲတော့ နည်းနည်းကလေးမှ နောင်တမရ၊ နောင်မကျဉ်ပါ။ နောင်လျှို့ သူ ဒီလိုပဲလုပ်နေဦးမှာပဲ၊ ဒီလိုဖြစ်ရလို့ စိတ်ပျက်နောက်ဆုတ်ရပ်တန့်သွားလိမ့်မယ်များ မထင်ပါနဲ့ မ,။

"ဟဲ့ ... ပြောလေ မေးနေတာ၊ သူက သွားတိုင်ရော မင်းက အသာတကြည်လေး လက်ပိုက်လိုက်သွားရောလား ကိုယ့်ဟာကိုယ် လှည့်ထွက်ခဲ့ပါလား"

"မဟုတ်ဘူး မေမေ၊ ဖြစ်တာက ရဲစခန်းရှေ့တည့်တည့်မှာမို့ပါ"

"နေပါဦး ... အခုပြောတော့ မင်းက စကားပြောရုံဆိုဘာများ ကာလ္လန္ဒြေပျက်လို့လဲ"





"စကားပြောရုံပဲ အမှန်ပါ၊ ဒါပေမဲ့ သူ့သဘောမကျတော့ သူ့ကို လမ်းပိတ်ထားသလိုဖြစ်တာ သူ့ကာလ္လန္ဒြေပျက်ရတာပေါ့၊ အဲဒါကြောင့်ပါ"

"ဒီမိန်းမက ရုပ်ကြည့်တော့ ပေကတ်ကတ် မာစောင်စောင်နဲ့ ဘယ်ကဟာလဲ အဲဒါ၊ ရွှေသွေးမောင်မောင်က စကားရပ်ပြောတာကို ကာလ္လန္ဒြေပျက်ရပါရချည်ရဲ့ဆိုပြီး ရဲတိုင်ရအောင် သူက ဘာမို့လဲ၊ တိုက်ချက်ရပ်သိမ်းပေးတယ်ဆိုပေမယ့် ချိုးထားတဲ့ရုပ်က ရိုက်ချင်စရာ ကောင်းလိုက်တာ၊ မာရေကျောရေနဲ့၊ ထ,ပြန်တာတောင် တစ်ချက်ကလေး လူကြီးသူမကို နှုတ်ဆက်မသွားဘူး"

"ဩော် ... စိုးရယ်၊ သားက နှောင့်ယှက်ပါတယ်လို့ တိုင်ထားတဲ့ဟာ၊ ပြန်ခါနီး အမေလုပ်တဲ့မင်းကို ခွင့်ပြုပါဦးရှင့် ပြောပါ့မလား၊ ကတ်သီးကတ်သတ်ကွာ၊ စဉ်းစားကြောစမ်းပါ စိုးရာ"

"ကိုအောင် ...၊ ဟောဒီမှာ ရင်တွေနာနေတယ်နော်"

"သား ... ရွှေသွေး၊ အဲဒါ ပန်းဆိုးတန်းရှိုးရွမ်းမှာ စာရင်းကိုင်လုပ်တဲ့ မိန်းကလေးမဟုတ်လား၊ ဟိုတလောက အလုပ်ထွက်တယ် ငွေလျော်သွားတယ်လို့ ကိုမြင့်ဦးကပြောတာ သူ မဟုတ်လား"

"ဟုတ်ကဲ့ ဦးအောင်"

"ဟင် ... ဘုရား ... ဘုရား၊ ဒါဆို ရှင့်ဝန်ထမ်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခု မရှိတော့ပါဘူး"

"ကျွန်မလည်း ဘာမှမသိရပါလား၊ ငွေတောင်လျော့ပြီး အလုပ်ထွက်တယ် ! ၊ ရှိုးရှမ်းကလူတွေက အသစ်တွေ ခန့်တာ ဘယ်နှလကြာသေးလို့လဲ၊ ဘာလဲ၊ မင်းလိုက်နှောင့်ယှက်နေလို့ ဟိုက သည်းမခံနိုင်ဘဲ အလုပ်ထွက်တာလား၊ အဲသလိုလား"

"ရွှေသွေးက နှောင့်ယှက်နေတာတော့ မဟုတ်ပါဘူး မေမေရာ၊ သူက ရွှေသွေးကို မကြည်တာပါ"

"ဘာလို့မကြည်ရတာလဲ၊ အသလွတ် အကြောင်းမဲ့တော့ ဘယ်ဟုတ်ပါ့မလဲ"

ရွှေသွေး ဖြေရခက်လှပါသည်။ အသေးစိတ်တော့ သူ မပြောလိုတော့။

"မေမေ အဲဒီအစ်မကြီးကို ရွှေသွေးက ချစ် ... ချစ်လို့ပါ၊ သူ့ကို ရွှေသွေး လက်ထပ်ဖို့ ရည်ရွယ်ထားတယ်"

"ဘာ ... ဘုရားရေ၊ ဒီလိုမာရေကျောရေ ရင့်ကြောကြောပုံစံ အသက်ကြီးကြီး မိန်းမကိုလေ၊ အဲဒါ ဘယ်ကလဲ၊ တစ်ခါမှ မကြားဖူးပဲ ရုတ်တရက် ဘယ်ကပေါ်လာတဲ့ မိန်းမလဲ၊ မင်း သူ့ကိုအလုပ်ခန့်ဖို့ ဦးအောင်ကို ပြောတုန်းက ပြုံးတို့မိတ်ဆွေလို့ ပြောသံကြားတယ်၊ ငါ ပြုံးကိုမေးကြည့်မယ်"

"မေမေ မမေးပါနဲ့ မေမေရယ်"



"ဟဲ့ ... ဘာဖြစ်လို့ မမေးရမှာလဲ၊ မေးလိုက်ရင် ဘယ်လိုအဖြေတွေ ထွက်လာမှာမို့လို့ 'မမေးခိုင်းတာလဲ ... ဟင်၊ မရဘူး မေးမှဖြစ်မှာပေါ့၊ ဘယ်လိုအမျိုးအနွယ် ဘယ်လိုအခြေအနေမျိုးကပါလဲဆိုတာ မသိလို့ရမလား"

"ရွှေသွေး အကုန်သိပြီးသားပဲဟာ"

"မင်းချည်းပဲသိလို့ ရမလား၊ မင်းပုံစံကြည့်ရတာလည်း အကဲမရဘူး၊ ပြုံးကို မေးမှကိုဖြစ်မယ်၊ အမယ်လေး ... ဘုရား ... ဘုရား ... သူ့ပုံစံ မှုန်တေတေ ဂျစ်ကန်ကန် အသက်ကကြီးကြီးနဲ့ မင်းက ကြိုက်လို့စကားပြောတာကိုတောင် သူက ကာလ္လခြေနှောင့်ယှက်ပါတယ်လို့ ရဲတောင်တိုင်ရတယ်ဆိုတော့ သူက ဘယ်ဘုံကကြိုးပြတ်ကျလာတဲ့ နတ်မျိုးနတ်နွယ်မို့လို့လဲ၊ ဘာမှန်းညာမှန်း သေချာမသိသေးပေမယ့် အခုခဏ ဖျတ်ခနဲ ဆုံလိုက်တွေ့လိုက်ရတာတောင် မေမေ လုံးဝသဘောမကျဘူး ရွှေသွေး"

ရွှေသွေးက သက်ပြင်းကြီး မှုတ်ထုတ်လိုက်ပါသည်။

ပြုံးကိုလည်း နှုတ်ပိတ်မနေချင်ပါ။ သူက မ,ကိုခဏဖြတ်သဘော ရည်ရွယ်တာမှ မဟုတ်တာ။ အသက်ထက်ဆုံး ည်ရွယ်ခဲ့တာမို့ မ,အကြောင်း မေမေ လုံးစေ့ပတ်စေ့သိဖို့လည်း အပ်ပါသည်။ ပြုံးကလည်း မ,ကိုချစ်ခင်သူမို့ အဖြစ်မှန်အတိုင်း မ,ဘက်ကို ဖေးဖေးမမ ပြောမှာပါ။ မေးချင်လည်း မေးသာ းပါစေတော့။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မိဘတွေက ဘယ်သူတွေလဲ"

"နှစ်ယောက်လုံး ဆုံးကုန်ပြီမေမေ"

"ဟင် ... သူက ဘယ်မှာနေသလဲ"

"အဆောင်မှာ"

"မင်းထက် ဘယ်လောက်ကြီးလဲ"

"........."

"ပြောလေ"

"ခြောက်နှစ်လောက်ထင်တယ်"

"ဘုရား ... ဘုရား၊ မင်း ဘယ်ကများ သွားရှာတွေ့သ[illegible] ရွေးသွေးရယ်"

မေမေ့ပုံစံက အတော်ခြေပစ်လက်ပစ် စိတ်ဆင်း[illegible] သွားပုံရပါသည်။ ဒါတောင် ဒီထက်အရေးပါတဲ့ နောက်ကြောင်း[illegible] ရာဇဝင် မေမေ မသိရသေးလို့။

မလွယ်ကူဘူးဆိုတာ သိပါတယ် မ,ရယ်။ အိမ်အ[illegible] ကိုလည်း အင်မတန် ခက်ခက်ခဲခဲ ရင်ဆိုင်ရမှာ ဖြစ်ရတဲ့ကြား[illegible] မ,ရဲ့အသိအမှတ်ပြုမှု မျက်နှာသာပေးမှုကိုတောင် မရသေးတာ[illegible] ဘယ်ဘက်မှာမှ စိတ်ချမ်းသာစရာ မျှော်လင့်ချက်မျိုး မရှိသေး[illegible] ပါ။ ခုချိန်ထိက သူ့ဘက်က စကားပြောဖို့ကြိုးစားတိုင်း မ,အ[illegible] က ပစ်ပစ်ခါခါ ရက်ရက်စက်စက် တုံ့ပြန်သွားတာချည်းပင်[illegible]

ရက်စက်နိုင်တယ် ဆိုတာကို တင်းတင်းမာမာ[illegible] ထားတဲ့ မ,ကိုပဲ တစ်နေ့ထက်တစ်နေ့ ဆိုးဆိုးဝါးဝါးပြင်းပြ[illegible]





သန်ထန် သူ စွဲလမ်းတောင့်တလာတာပါ။ ဒီနေ့အဖို့ကတော့ မ,က ရဲစခန်းကိုတောင် တိုင်ပစ်လိုက်တာ။ နေရာကလည်း ရဲစခန်းရှေ့ ဖြစ်နေခဲ့တာကိုး။ စခန်းထဲဝင်သွားပြီး မ,က သူ့ကို သက်ညှိုးထိုး တိုင်ချက်ဖွင့်နေချိန်မှာ သူက စိတ်ပျက်တဲ့ကြားက မ,ကို ချစ်စနိုးနှင့် ရယ်မောလိုက်မိခဲ့ပါသေးသည်။

ကျွန်တော် ဘယ်တော့မှ ဖွဲမလျှော့ပါဘူး မ,။ ဒီနေ့အဖို့ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ တိုင်ချက်ဖွင့်ထားတဲ့ အမှုကို မ,ကျေအေးရုပ်သိမ်းပေးလိုက်တယ် မဟုတ်လား။ အဲဒါ ကိုပဲ ကျွန်တော်က ဝမ်းသာကြည်နူး စိတ်ကူးယဉ်လှပါပြီ မ,ရယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ဒီအမျိုးသမီးကို မ,က အထဲဝင်ခွင့်ပေးဖို့ မလိုအပ်ဘူးလို့ပဲ ဆုံးဖြတ်လိုက်ပါသည်။ သူက လူကြီးသူမတစ်ယောက်တော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ သူ့သားကို မ,ကမုန်းတယ်လေ။ ရွှံ့ဝမပတ်သက် မစပ်ယှက်ချင်ဘူးဆိုပြီး သူ့အမေကိုတော့ အိမ်ဦးခန်း ခေါ်ထိုင်ခိုင်းပြီး ရိုရိုသေသေ ပျူငှာဧည့်ခံနေဖို့ မလိုအပ်ဘူးလို့ထင်သည်။

ရိုင်းရာကျတာ သိပေမယ့် ရိုင်းသွားပါစေလို့ခံဆန္ဒရှိသည်။ ရိုင်းရိုင်းတုံ့ပြန်မှပဲ သူ့အမေလည်း စိတ်ပျက်စက်ဆုပ်မည်။ ဒါမှလည်း သူ့သားအပေါ် ပိုဖိအားပေးမည်။ ဒါမှလည်း သူ့သား ရွှေသွေး စိတ်ထင်ရာ လှုပ်ရှားဖို့ ခက်ခဲမည်။

ဒါကြောင့်လည်း အဆောင်ရဲ့ဧည့်ခန်းတံခါးပေါက်မှာ ပိတ်ရပ်ပြီး အထဲဝင်ခိုင်းမည့်ဟန် မပေါ်အောင်ကို တမင်တကာ နေလိုက်ပါသည်။



"ဘာကိစ္စရှိလို့ပါလဲ"

သူ့ကိုယ်သူ ရွှေသွေးမောင်မောင်ရဲ့အမေလို့ မိတ်ဆက်ပေးပြီးပါလျက် အပေါက်ဝကဖယ်မပေးဘဲ တံခါးဝမှာတင်ပဲစကားပြောရတော့မည့်ဟန်ပေါ်သော မ,ကြောင့် အမျိုးသမီးကြီးက မျက်နှာပျက်ပါသည်။

"မင်းနဲ့ ပြောစရာရှိလို့ပါ"

"အန်တီနဲ့ ကျွန်မ ပြောစရာအကြောင်းအရာ ဘာမှမရှိဘူးလားလို့ပါ"

"ရွှေသွေးနဲ့ပတ်သက်လို့ ပြောစရာရှိတယ်"

"ကျွန်မက သူနဲ့မှ မပတ်သက်တာ၊ အန်တီလည်း သိပါတယ်၊ သူ့အပေါ်ကျွန်မရပ်တည်မှုကို အန်တီ ကြားပြီးသားပါ"

"ဟုတ်ပါတယ်၊ မင်း ဘယ်လိုရပ်တည်လဲ အန်တီ သိပါတယ်၊ ခုချိန်ထိ မင်းက သားကို ခါးခါးသီးသီး ငြင်းဆန်ရှောင်ဖယ်နေတာ အန်တီ သိထားပါတယ်"

"ခုချိန်ထိ ! ခုချိန်ထိဆိုတာ အန်တီ ဘာကိုဆိုလိုတာလဲရှင်"

"ခုချိန်ထိဆိုတာ နောင်တစ်ချိန် မပါတာပေါ့"

"………"

"သားဘက်က ပြုမိခဲ့တဲ့ အမှားအယွင်းအတွက် ဘာများပေးဆပ်ကျေညီရမလဲဆိုတာလည်း မေးချင်တာပါ၊ ဒါပေမဲ့

www.burmeseclassic.com



လည်း အမှားအယွင်းလို့သာ ပြောနေရပေမယ့် အဖြစ်အပျက်က ထန်းသီးကြွေခိုက် ကျီးနင်းလိုက် ဆိုတာမျိုး တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်သွားရတာသာရှိတာပါ၊ မင်းကို ရွှေသွေးက တွန်းချခဲ့တာလည်း မဟုတ်ဘူး၊ ထားပါလေ အမှတ်မထင် သူက အပြစ်မကင်းသလို ဖြစ်သွားရတဲ့ကိစ္စအတွက် ဘာများပြန်လုပ်ပေးနိုင်တာရှိလဲ၊ အဲဒါလည်း သိချင်ပါတယ်"

"မလိုပါဘူး အန်တီ၊ ဘာမှပြန်လုပ်မပေးနိုင်ပါဘူး၊ လုပ်ပေးနိုင်တယ်လို့ သူ ထင်ပြီးပေးခဲ့တဲ့ အကူအညီတွေလည်း ကျွန်မ လက်မခံပါဘူး၊ အပြစ်ကြွေးကို ဆပ်ခွင့်ရတယ်ဆိုတဲ့ စိတ်သက်သာရာရမှုကို သူ့ကို ကျွန်မ မပေးနိုင်ပါဘူး၊ အဲဒါကြောင့်ပါ၊ ကျွန်မ သဘောကောင်းလို့ အန်တီ့ကိုနေပါစေလို့ ပြောနေတာ မဟုတ်ပါဘူး"

ဒေါ်စိုးစိုးက နှာခေါင်းက လေထွက်ရုံ ခပ်ဖျော့ဖျော့နှင့် စိတ်ရှုပ်သလို တစ်ချက်ရယ်လိုက်ရင်း ...

"ထားပါတော့ ... ဟုတ်ပါပြီ၊ အဓိက,က ရွှေသွေးက မင်းကို စိတ်ဝင်စားနေတယ်၊ အဲဒါ သိထားလား"

မ,က မျက်နှာထားတင်းနှင့်ပင် ...

"ကျွန်မကို သူ စိတ်ဝင်စား မဝင်စား ဆိုတာကို ကျွန်မ စိတ်မဝင်စားဘူး"





"အဲသလို အမြဲပဲ တစ်သက်လုံး စိတ်မဝင်စားစေချင်တာပါ၊ ဒီတော့ အန်တီ ခက်ခက်ခဲခဲ ပြောစရာမလိုဘူးပေါ့၊ ကောင်းပါတယ်၊ အန်တီ့အနေနဲ့လည်း မင်းနဲ့ ရွှေသွေးကို အနီးစပ်မခံနိုင်ဘူးလေ၊ အခြေအနေကလည်း ဘယ်လိုမှ မအပ်စပ်ဘူး၊ မင်းနားလည်ပြီးသား ဖြစ်မှာပါ၊ ဘယ်ဘက်က ယှဉ်တွဲစဉ်းစားစဉ်းစား မလိုက်ဖက် မအပ်စပ်မှုချည်းပဲ ...

ရွှေသွေးက စိတ်ပျော့တယ်၊ သနားတတ်တယ်၊ သူ့မျက်စိရှေ့မှောက်မှာ မိုင်းနုပ်စ်တွေချည်း အမြဲတမ်းဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို သူ ကရုဏာတွေသက်သနားကြင်နာပြီး ပေါက်ဖွားလာတဲ့ စိတ်ဝင်စားမှုဟာ မကြာခင်အချိန်မှာ စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ရဲ့ ကိုယ်ချင်းစာမှုမျှသာပါပဲဆိုတာ သူလည်းသိသွားမှာပါ၊ အဲဒါ အချစ်မဟုတ်ဘူး ဆိုတာလေ ...

မင်းအနေနဲ့လည်း သူ့အပေါ် စိတ်မဝင်စားပါဘူးဆိုတာ ခိုင်မာဖို့ သေချာဖို့ လိုအပ်တယ်၊ မတော်တဆစိတ်ဝင်စားသွားမှာ စိုးလို့ပါ။ အဲဒီအချိန်ကျမှ ရွှေသွေးက သူ့ခံစားချက်မှန် သူသိပြီး နောက်ဆုတ်သွားခဲ့ရင် အပြစ်နောက်တစ်မျိုး တိုးနေမှာစိုးလို့ပါ"

မ,က ခေါင်းကိုမော့၍ တစ်ချက်ပြုံးလိုက်ကာ ...

"အန်တီ့ ပူပင်သောကတွေက လိုတာထက် ပိုနေပါပြီ။ မလိုပါဘူး အန်တီ၊ ကျွန်မကို ဒါတွေ တကူးတက လာ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရတာ အန်တီ့အချိန်တွေ အလကားကုန်နေပါတယ်။ ဘယ်သောအခါမှ စိတ်ဝင်စားလာစရာ အကြောင်းမရှိတဲ့ ကိစ္စတွေပါ၊ ကျွန်မက ယောကျ်ားဆုံးတာ မကြာသေးတဲ့ မုဆိုးမတစ်ယောက် ဆိုတာ အန်တီ သိပြီးဖြစ်မှာပါ။ ယောကျ်ားမရှိတဲ့နောက် တစ်ခုတည်းသောကျန်ရစ်တဲ့ ကျွန်မရဲ့အဆွယ်အပွား သံယောဇဉ်ကလေးကို သူ့ကြောင့်ပျက်စီးစေခဲ့တာ ကျွန်မကလည်း ဒီတစ်သက် မေ့မှာမဟုတ်ဘူး။ ကျေမှာလည်း မဟုတ်ဘူး၊ ခွင့်လည်းမလွှတ်ဘူး၊ အဲဒီအပြင် နောက်တစ်ခု အန်တီကပဲတစ်ဆင့် ပြောလိုက်ချင်ပါသေးတယ်၊ အရင်တစ်ခေါက်က ကျွန်မကို လမ်းလယ်ကောင်မှာ ကာယကြွေ့ပျက်စေမှုကို လူကြီးတွေပါ ရောက်လာလို့ အလုပ်ရှင်ဖြစ်ဖူးတဲ့ အန်ကယ်ပါလာလို့ ကျွန်မ ပထမဆုံးနဲ့ နောက်ဆုံးအဖြစ် တိုင်ချက်ရုပ်သိမ်းပေးလိုက်ပါတယ်_ နောင်တစ်ကြိမ်ဆိုတာ ရှိလာခဲ့ရင် ကျွန်မက ခုလိုကျေအေးရုပ်သိမ်းပေးလိုက်တော့မှာ မဟုတ်ဘူး၊ အဲဒီကျရင် ရက်စက်တဲ့ မောက်မာတဲ့ မိန်းမလို့ မယူဆပါနဲ့၊ ကျွန်မ သူ့ကို အပြစ်တစ်ခုခု ကျခံရတဲ့အထိ ဖွယူလိမ့်မယ်ဆိုတာ ကြိုတင်အသိပေးပါတယ်”

ဒေါ်စိုးစိုးက မျက်နှာပျက်ပျက်နှင့် မသိမသာအံကြိတ်တင်းလိုက်မိပါသည်။ ရင်ထဲတလိပ်လိပ် အခံရခက်လှသော်လည်း ကိုယ့်သားလုပ်နေပုံ ဖြစ်နေပုံက သူ့အထက်စီးကနေလို့ ပြောလို့





ရအောင် ဖြစ်နေတဲ့အတွက် ကိုယ့်ဘက်က ခုခံချေပနိုင်မှုလည်း မရှိ။ အခံရခက်ပေမယ့် ကိုယ် ဘယ်လိုမှ လက်သင့်မခံနိုင်တဲ့ မိန်းကလေးတစ်ယောက်က ရွှေသွေးအပေါ် ဤမျှ ပြတ်ပြတ်သားသားကြီး ဆက်တောက် စိတ်နိုင်မှာတယ် ဆိုတာကိုတော့ ကျေနပ်သည်။

“မင်းစကားတည်ရင် ပြီးတာပါပဲ၊ ကျေနပ်ပါတယ်”

ဒေါ်စိုးစိုးက နှုတ်မဆက်တော့ဘဲ လှည့်ထွက်ခဲ့ပါသည်။ ကားပေါ်တက်ကာ အဲဒီကားထွက်ခွာသွားတဲ့အထိ နှုတ်ခမ်းလေး တွန့်တွန့်နှင့် စိမ်ပြေနပြေ ရပ်ကြည့်နေတဲ့ မ,သည်အဆောင်ခြံဝင်းကျဉ်းလေးထဲက ကားထွက်သွားတာနှင့် ရင်ထဲက စိမ့်ကာနစ်ကာ ဆွေးမြည့်နာကျင်မှုကို ခံစားလာရပါသည်။

မျက်လုံးအိမ်ထဲ မျက်ရည်ပြည့်လျှံတက်လာကာ ဝမ်းနည်းမှုက လူတစ်ကိုယ်လုံးကို ကတုန်ကယင် ဖြစ်လာစေသည်။ ဘယ်အချိန်ထိအောင်များ မျက်နှာမွဲ မြေဇာမြက်ဘဝမျိုးမှာရှိနေဦးမှာပါလိမ့်။ ရွှေသွေးကို စိတ်ဝင်စား ချစ်မြတ်နိုးခြင်းမရှိဘူးဆိုပေမယ့် ရွှေသွေးမိခင်က ခုလို မတူမတန် လာရောက်ပြောသွားတာကိုတော့ ဝမ်းနည်းကြေကွဲကာ အသည်းနှလုံးတွေ ပူလောင်ရပါသည်။

သူ့ရဲ့တုံ့ပြန်ဆက်ဆံမှုကိုလည်း အဆင်တပြေ ဖြစ်ခဲ့ရဲ့လား၊ သိပ်ပြီးတော့များ တင်းမာရိုင်းစိုင်းသွားခဲ့လေသလား အပူတပြင်း ပြန်တွေးမိသည်။ အို ... တင်းမာလေ ရိုင်းစိုင်းလေ ကောင်းလေ မဟုတ်ဘူးလား။ မ,က ကျလုကျခင် မျက်ရည်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမော့မျက်တောင်ပုတ်ခတ်သိမ်းရင်း တံခါးဝမှ လှည့်ဝင်လာခဲ့ချိန်မှာ အမေက လာကန့်ကွက်ယူရလောက်အောင် ဘယ်လိုများ အရူးအမူး ဖြစ်နေမယ်မသိတဲ့ ရွှေသွေးကို ဖျတ်ခနဲမျှတော့ မြင်ယောင်မောလျှမိလေသည်။

✦ ❦ ✦

လတွေချီအောင် အရိပ်တစ်ခုကဲ့သို့ ကပ်ပါနေတတ်သော လူတစ်ယောက် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတော့ ဖြစ်ပေါ်ရတတ်တဲ့ တစ်စုံတစ်ရာ လိုအပ်လစ်ဟာသလို ခံစားချက်ကို လူတိုင်းစေ့ ခံစားဖူးကြပါ့မလားလို့ မ,တွေးမိသည်။

နံနက်တိုင်း အိမ်ကမထွက်ခင်ကတည်းက ရုံးအသွားလမ်းမှာ သူ့ကိုတွေ့ရလိမ့်မည်လို့ မ,ထင်မိသည်။ ရုံးအသွားလမ်း၌ မသိမသာ ဖွေရှာပါလျက် မဆုံတွေ့ရသောအခါ မ,မကြိုက်မှန်း သိသိနှင့် ရုံးကိုပေါက်ချလာမလားလို့ ထင်မိကာ ရောက်လာရင်တော့ ဒီတစ်ခါ အသိပဲလို့ စိတ်ထဲကကျိတ်က ကြုံးဝါးမိပြန်လေသည်။

တစ်နေကုန် ရုံးမှာနေသားမကျလှဘဲ အထက်ကစာရင်းကိုင်နှင့်လည်း မျက်နှာကြောမတည့်၊ အောက်ကစာရေးမတွေကိုလည်း သဘောမတွေ့ဘဲ မပြေမလည် မပျော်မရွှင်နှင့် ရုံးဆင်းသွားခဲ့လျှင် ရုံးအပြန် ဘတ်စ်ကားဂိတ်ဆီလျှောက်တဲ့





သမ်းပေါ်၌ အရင်အခါတွေလို ဘွားခနဲ ပေါ်လာကောင်းရဲ့ထင်မိသည်။ ဘတ်စ်ကားပေါ် လိုက်ပါလာဆဲ၌ ဆင်းရမည့်မှတ်တိုင်၌ မယောင်မလည် သူစောင့်နေမှာပဲ ထင်ပြန်သည်။

အဲဒီအခါအထိမှ မတွေ့ပြန်တော့ အဆောင်ရှိရာ လမ်းသွယ်ထဲ နေဝင်ရီတရောမှာ တိတ်ဆိတ်စွာ လျှောက်ဝင်လာရင်း ဘယ်နေရာကထွက်လာပြီး သူလမ်းပိတ်ရပ်လိုက်မလဲလို့ စိတ်လှုပ်ရှားစွာ တွေးတောရင်ခုန်မျှော်လင့်မိလေသည်။ ဒီတစ်ခါ လမ်းပိတ်ရပ်လို့ကတော့ မင်း တကယ်မလွယ်ဘူးမှတ်ပါ ရွှေသွေးမောင်မောင်။ ဒီတစ်ကြိမ် ရဲလက်အပ်ရင်တော့ ကျေကိုကျေအေးမပေးတော့ဘူးဆိုတာ နားလည်ထားပေတော့။

သို့နှင့် အဆောင်ခြံဝင်းထဲရောက်ဘဲ့အထိ သူ့အရိပ်အယောင်ကို မမြင်ရလေလျှင် အံ့အံ့ဩဩ ဇဝေဇဝါ ဖြစ်ရသည်။

သူဟာ မ,နောက်က မလိုက်တော့ဘဲ အလွယ်တကူ ခြေစုံရပ်နေလိုက်တော့မည့် လူတစ်ယောက်မဟုတ်။ ဒါကို မ,သိပါတယ်။ နံနက်က ညနေထိ တစ်နေရာရာမှာ မ,အနားတစ်ဝိုက် သူ ရှိကိုရှိနေခဲ့မှာပါ။ မ, မျက်စိမှောက်ပြီး ရှာမတွေ့ခဲ့တာပဲဖြစ်မှာ။ သူ ရှိကိုရှိနေခဲ့မှာ ဘယ်နားမှာ ရှိနေခဲ့တာပါလိမ့်။ မ,မတွေ့အောင် ပုန်းလျှိုးနေတာပဲ ဖြစ်မှာပါ။

သို့မဟုတ် အကြောင်းကိစ္စ တစ်ခုခုကြောင့် မအားမလပ်ကာ သူ တစ်နေကုန် ရောက်မလာနိုင်တာကြောင့် ညကြီးမင်းကြီးမှပဲ အမောတကောရောက်လာပြီး အဆောင်ခြံနားတစ်ဝိုက်



www.burmeseclassic.com

www.burmeseclassic.com



ရစ်သီ ရစ်သီ ရှိနေမလား။ ဤသို့တွေးမိလျှင် ဘယ်တုန်းကမှ မဖွင့်တဲ့အခန်းကျဉ်းလေးရဲ့ လမ်းမဘက် ပြတင်းတံခါးကို မ,က ဖျတ်ခနဲ ဖွင့်မိလေသည်။

တစ်နေရာရာမှာ သူ့ကားရပ်ထားပြီလား။ ဘာကား တစ်စီးအရိပ်အယောင်မှ မတွေ့လျှင် ကားကိုလမ်းထိပ်ရပ်ရစ်ပြီး လူချည်းပဲဝင်လာကာ အမှောင်ရိပ်တစ်နေရာရာခိုပြီး ကြည့်နေနိုင်တာပဲလို့ ထင်ပြန်သည်။ သဲသဲကွဲကွဲ မမြင်ရနိုင်တဲ့ အမှောင်ရိပ်မှန်သမျှတို့ကို အာရုံစူးစိုက်မိသည်။

ဤသို့လျှင် နေ့စဉ်လည်ပတ်လာတာ ရက်သတ္တပတ်မျှရှိလျှင် မ,ဇဝေဇဝါ ဖြစ်လာမိလေသည်။ မ,ကမတွေ့တာလား၊ သူက တကယ်ပဲ မချဉ်းကပ်လာတော့တာလား။ သူလို ဂျစ်ကန်ကန် ပေကတ်ကတ် ကောင်ကလေးမျိုးဟာ အမေလုပ်သူက သဘောမတူဘူးလို့ တစ်ခွန်းတည်း တားမြစ်ရုံနှင့် စွဲစွဲလမ်းလမ်း ဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို ယတိ[illegible]

မ,။ သူ တကယ်ပဲ စွဲစွဲလမ်း[illegible] ဖြစ်[illegible]

ညည်းကို ဘယ်သူအာမခံသတုံး။ မ,သည် ဝမ်းနည်း[illegible]လု အားငယ်သလိုလို ဖြစ်မိလေသည်။ သူ့ဘဝမှာ မမြင်ချင်၍ ပုန်းနေရတဲ့လူတစ်ယောက် ရှိနေတာက အထီးမကျန်သလို ခံစားရစေသည်ကို မ, တအံ့တသြ သဘောပေါက်စ ပြုလေသည်။

ဆွေမျိုးထဲက ချစ်ခင်တွယ်တာ အဖော်ပြုစရာမရှိ။ အချစ်ဆုံးသူငယ်ချင်းရယ်လို့ တစ်ယောက်ပဲ ထားဖူးကာ သူမက





အခုအိမ်ထောင်ကျကာ အဝေးမှာ။ အလုပ်ခွင်မှာ အပေါင်းအသင်း မိတ်ဆွေမရှိ။ သွားစရာကို တစ်ယောက်တည်းသွား စားစရာကို တစ်ယောက်တည်းစား။ လုံးဝအထီးကျန်ဆန်လှတဲ့ မ,ရဲ့ဘဝမှာ ချစ်စရာလူရယ်လို့ သေချာရှိမနေသော်လည်း မုန်းစရာလူတစ်ယောက် ရှိနေသေးတာကိုက ကိုယ်ဟာတစ်ယောက်တည်း မဟုတ်ပါလားလို့ ဘဝင်ကျနိုင်တဲ့ ခံစားချက်ကို ရနေစေခဲ့တာပါလား။

သူ့ကိုတွေ့လျှင် သွေးတို့ဆူပွက်သည်။ မုန်းတီးနာကြည်းသည်။ ဒေါသတစိမ့်စိမ့်ထွက်သည်။ ဤခံစားချက်တို့ဟာ မ,ကို လူသားဆန်စေသည်။ ဒီလိုမှမဟုတ်လျှင် မ,မှာက အရာရာ ဗလာနတ္ထိ။ စက်ရုပ်ဆန်လှတဲ့ နေ့စဉ်ဘဝမှာ တစ်ခုသောခံစားချက်ကို ပေးနေတဲ့ ရွေသွေးသည်ပင်လျှင် သူမကို လူသားဆန်စေတာ၂။

မ,သည် ရက်သတ္တတစ်ပတ်လုံးလုံး နံနက်အိပ်[illegible]ထ [illegible]ဖြစ်ဆင်အဆောင်ကထွက် ဘတ်စ်ကားစီးရုံး [illegible]စက်[illegible]ကဲ့သို့ စိတ်မပါ လက်မပါ အလုပ်လုပ်။ နေ့လ[illegible]နီးနားက တစ်ခုခုမှာစား။ အလုပ်ပြန်လုပ်။ ညနေ ဘတ်စ်ကားစီး အဆောင်ကိုပြန်၊ လျှော်စရာရှိတာ လျှော်ဖွပ် မီးပူတိုက်။ အဆောင်ဧည့်ခန်းမှာတွေ့တဲ့ စာစောင်ဂျာနယ် ဘာမဆို တစ်ခုခု ဖြစ်ပြီးရော မအိပ်ခင် ခဏဖတ်။ ဘုရားရှိခိုး အိပ်ရာဝင်။

ဤနည်းနှင်နှင် လည်ရင်းပတ်ရင်း ခုနစ်ရက်ရှစ်ရက် ရှိလျှင် ရူးချင်သလိုလိုဖြစ်၍ လာလေသည်။ စားလို့သောက်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်း မကောင်းတော့။ အိပ်ပျော်နေရာမှပင် တစ်ရေးလန့်လန့် နိုးကာ ကိုယ်ဟာ တစ်ယောက်တည်းမှ တကယ့်ကို တစ်ယောက်တည်းဆိုတာ ကြေကြေကွဲကွဲ အတည်ပြုရင်း ရင်နာနာနှင့် မျက်ရည်တွေတွေကျ မိုးလင်းတတ်ခဲ့ရလေသည်။

အဲဒီနောက် ရုံးပိတ်ရက်တစ်ရက်မှာတော့ ဘယ်လိုမှ တစ်ဦးတည်းမနေနိုင်ကာ တစ်အိမ်တည်းသော သူသွားစရာရှိတဲ့ ပြုံးတို့အိမ်သို့ ဈေးဝယ်ကာ ထွက်လာခဲ့ပါသည်။ မ,ရောက်သွားလျှင် ပြုံးက အပြင်သွားဖို့ ပြင်ဆင်နေသည်။

"ပြုံး ... မ, ဒီနေ့ တစ်ယောက်တည်း ပျင်းလည်းပျင်းတာနဲ့ ဒီမှာတစ်ခုခုလုပ်စားမယ်ဆိုပြီး မြီးရှည်လုပ်ဖို့တွေ အစုံဝယ်လာတယ်၊ ပြုံး သွားစရာရှိလို့လား ဟုတ်လား"

"ဟုတ်ကဲ့ ... ပြုံး အပြင်ခဏသွားစရာရှိလို့ မ,၊ အကြာကြီးတော့ မဟုတ်ပါဘူး ခဏပါပဲ၊ ကိစ္စလေးရှိလို့ပါ။ ဒါပေမဲ့ စားချိန်လောက် ဆယ့်နှစ်နာရီလောက်ဆိုရင်တော့ ပြန်ရောက်ပါပြီ၊ ဝိုင်းမကူနိုင်တော့ပေမယ့် ဝိုင်းတော့စားနိုင်သေးတယ် ... အဟီး"

ပြုံးရဲ့အပြုံးလေးကိုကြည့်ရင်း တစ်မျိုးလေးပဲလို့ မ, ထင်လေသည်။

"သမီး ... အိမ်ကကားနဲ့ သွားမှာလား၊ တစ်ယောက်ယောက် လာခေါ်မှာလား"

"ရွှေအောင် လာခေါ်မယ် မေမေ"





"ရွှေ"ဆိုတဲ့အသံ ကြားစမှာ ဒိတ်ခနဲဖြစ်သွားတဲ့ရင်ဟာ "ရွှေအောင်"လို့ အပြည့်အစုံ ကြားလိုက်တဲ့အခါ ယောင်ချာချာဖြစ်သွားသလိုပင်။ စကားလုံးတစ်လုံးစာ အကွာအဝေးလောက်လေးမှာ မစောင့်နိုင် မအောင့်နိုင် အခုန်မြန်တဲ့ရင်ကြောင့် မက စိတ်အနှောင့်အယှက်ပင် ဖြစ်ရသည်။

ခဏနေတော့ ပြုံးသူငယ်ချင်းလေး (ပြုံးချစ်သူလို့လည်း မ,သိပြီးထားနှင့်သော) ရွှေအောင် ဆိုတဲ့ကောင်ကလေးက ပြုံးကို လာခေါ်သွားပါသည်။ ရေခဲသေတ္တာထဲက ထုတ်ယူကာ ပြုံးယူသွားတဲ့ စပျစ်သီးကြီးတွေကိုကြည့်ရင်း မ,စိတ်ထဲ၌ တစ်မျိုးတစ်မည် ဖြစ်လာသည်။ ဘယ်သူမှ ဘာမှမပြောပါဘဲ အလိုလိုသိသော ဆဋ္ဌမအာရုံက တစ်စုံတစ်ယောက်ကို ဆေးရုံသတင်းသွားမေးမလို့ဟု အလိုလိုထင်သည်။

"အန်တီ ... ဘယ်သူ နေမကောင်းလို့လဲ ဟင် ... ပူနာသတင်းမေးသွားတာထင်လို့"

"သူတို့သူငယ်ချင်းလေးပါပဲ၊ ရွှေသွေး ဆိုတာပါ"

အန်တီက စကားမဆက်တော့၍ မ,ကလည်း ဒီအတိုင်း ခပ်မဆိတ်နေလိုက်ကာ လုပ်စရာရှိတာ ဆက်လုပ်နေလိုက်ပါသည်။ မြီးရှည်ဆိုတာက တိုတိုထွာထွာလေးတွေ အမျိုးအမည်များစွာ လုပ်ရတာမို့ လက်ဝင်သည်။ ခက်ခဲတာလည်း မဟုတ်ဘဲ မ,မှာ စုံစီနဖာလေးတွေ ရှုပ်ယှက်ခတ်နေသည်။ လက်က တရစပ်လုပ်နေရင်း မ,စိတ်တို့က ပျံ့လွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီဘေးကထိုင်ပြောနေတဲ့ အာလာပသလ္လာပစကားတချို့ကိုလည်း မကြားတစ်ချက် ကြားတစ်ချက်။ မ,နားထဲမှာ စကားလုံးတွေ ရောထွေးကာနေသည်။

ဒီကောင်လေးက ဘာဖြစ်လို့ ဆေးရုံတက်ရတာလဲ။ သူ ဘာဖြစ်လို့လဲ။ ဒါဆိုရင် သူ ဆေးရုံတက်နေရလို့ ပေါ်မလာတာပေါ့။

"အန်တီ"

"ဟေ"

မ,စိတ်တို့ ဖျတ်ခနဲလွှတ်ကာ သိချင်စိတ်ကို ကြီးစိုးမရှ။

"သူက ဘာဖြစ်လို့လဲဟင်"

"ဟင် ... ဘယ်သူလဲ သမီး၊ ဘယ်သူ့ကို ပြောတာလဲ"

အန်တီပြောလက်စ စကားက တခြားဖြစ်၍ အန်တီက ရုတ်တရက် မ,ဘယ်သူ့ကိုမေးမှန်း မသိပါ။ ကိုယ့်ရဲ့စိတ်လောကြီးမှုကို ကိုယ် မ,အနေခက် ရှက်ရွံ့ရင်း ...

"သြော် ... ဆောရီးအန်တီ၊ မ,မေးတာက ခုန ပြုံးသူငယ်ချင်းဆိုတာ ဆေးရုံတက်တာ ဘာဖြစ်တာလဲလို့ပါ၊ ရုတ်တရက်အတွေးပေါက်ပြီး ကောက်မေးလိုက်မိလို့ပါ"

"သြော် ... ဒီကောင်လေးက မွေးရာပါ နှလုံးရောဂါရှိတယ် မ,ရေ၊ မွေးကတည်းက နှလုံးအဆို့ရှင် ကျယ်နေတယ်ဆိုလားပဲ၊ မကြာခဏတော့ မောပန်းချူချာနေတတ်တာပဲ၊





အသက်အန္တရာယ်ရှိလောက်အောင်လည်း မဟုတ်ဘူးပေါ့၊ နဂိုတည်းက ခွဲစိတ်ကုသဖို့တော့ သူ့ဆရာဝန်က အကြံပြုထားတယ်၊ အခုက အင်္ဂလန်က နှလုံးခွဲစိတ်တဲ့သမားတော်အဖွဲ့ လာတယ်ဆိုတော့ စာရင်းပေးထားပြီး အခုခွဲလိုက်တာပါ၊ အခြေအနေတော့ ကောင်းပါတယ်တဲ့ မ,ရဲ့"

"သြော်"

မ,က ခပ်တိုးတိုး အသံပြုမိသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ကိုဖြိုးက သူ့ကိုပြုံး၍ကြည့်နေရင်း ...

"မင်း ပြောခဲ့ဖူးတာ မှတ်မိသေးလား ရွှေသွေး"

"ဘာလဲ ... ကိုဖြိုးကလည်း"

"မ,နဲ့ပတ်သက်ပြီး ပြောခဲ့တာလေ"

"........."

ရွှေသွေးက နှုတ်ဆိတ်နေလိုက်ပါသည်။

"မုဆိုးမ မုန်သမျှ လိုက်သနားနေရရင် ပြီးမှာမဟုတ်ဘူး။ သူ့ကုသိုလ်ကံပဲ ဆိုတာလေ၊ ငါ့အနေအထားနဲ့ ဘယ်သူ့မဆို ခေါင်းခေါက်ယူလို့ရတယ် ဆိုတာလေ"

"ကိုဖြိုးက လာရိနေပြန်ပြီဗျာ၊ မှတ်မိပါတယ်၊ ဘာလဲ – ကိုဖြိုး ကြိုက်တဲ့မိန်းမကို လိုက်ကြိုက်မိလို့ မကြည်ဘူး မဟုတ်လား"





"ဟား ဟား ဟော့ကောင်၊ ငါ ဘယ်လောက်ကြိုက်ကြိုက် ငါ့ကိုပြန်မကြိုက်မယ့် မိန်းမတစ်ယောက် မင်းနဲ့မှမပြောနဲ့ ဘယ်သူနဲ့ချစ်သွားသွား ငါနားလည်တတ်ရမှာပေါ့ကွာ၊ ငါ အဲသလို မကျဉ်းမြောင်းပါဘူး၊ အခုဟာက အန်တီစိုး မေမေ့ဆီ လာညည်းညူပြီး ငါ့ကိုလည်း ကူတားမြစ်ပေးဦး လို့ အကူအညီ တောင်းသွားလို့ပါ"

"ကိုဖြိုး ... ကိုဖြိုး မ,ကိုချစ်နေသေးတုန်းလား"

"........."

"ဖြေလေဗျာ"

"ငါ သူ့ကို မေ့ထားပါတယ်၊ ဒီလောက်ပါပဲကွာ၊ မတုံ့ပြန်ဘူးလို့ ရှင်းရှင်းကြီးလည်း သိနားလည်ထားတော့ ဟိုးတစ်ချိန်က ရင်နာခဲ့ အသည်းကွဲသလို ဖြစ်ခဲ့ပေမယ့် ခုနောက်ပိုင်းတော့လည်း ဖြေသိမ့်နိုင်တယ်လေ၊ ငါ့ဟာငါ တခြားထပ်မချစ်နိုင်သေးတာက တစ်ကဏ္ဍပေါ့၊ သူ့ကို တမ်းတမ်းတတ ရူးရူးမူးမူးနဲ့တော့ ပူလောင်ပြင်းပြမနေဘူး၊ သူလည်း ငယ်ပါသေးတယ်၊ တစ်ယောက်ယောက်ထပ်ရွေး ချယ်ချစ်သွားလည်း ငါဘယ်လိုမှ မနေတော့ပါဘူး၊ မျှော် လင့်ထားပြီးသားပါ၊ ငါ့ကို သူက ခင်မင်ပေမယ့် ဘယ်တော့ မှ ပြန်မချစ်နိုင်မှာလည်း သိတာပဲ၊ မေမေကလည်း ကြည်ဖြူ မယ် မထင်ဘူး၊ အခုလည်း မင်းအမေ အန်တီစိုးက သဘောမတူ မကြည်ဖြူနိုင်တာ သဘာဝကျတာပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သဘောတူချင်မလဲ ကိုယ့်ရဲ့တစ်ဦးတည်းသောသား တွေကို အစစအရာရာ ပြည့်စုံတဲ့ စင်းလုံးချောမိန်းကလေး ပျိုတွေနဲ့ပဲ ဖူးစာဆုံစေချင်မှာပဲလေ၊ မ,သနားဖို့ကောင်းတာ က တစ်ပိုင်းသပ်သပ်ပေါ့လေ”

“ကိုဖြိုး ... ကျွန်တော် မ,ကို သိပ်ချစ်နေမိပြီဗျာ”

“သေချာရဲ့လား ရွှေသွေးရာ”

“မေမေ ပြောသလို သနားတာ ကိုယ့်အပြစ်မကင်းမှုကို ကိုယ် Guilty ဖြစ်တာတွေနဲ့ ဒီမိန်းမတစ်ယောက်ကို ပန်း ထမ်း တာဝန်ယူပေးနေချင်တဲ့ ယောကျာ်းစိတ်မျိုးနဲ့ စေတနာ သဒ္ဒါလွှန်နေတာ တစ်ခုတည်း မဟုတ်ပါဘူး ကိုဖြိုးရာ ဘာကြောင့်မှန်းတော့ ပြောမပြတတ်ပေမယ့် အရမ်းစွဲစွဲလမ်း လမ်း ချစ်မိနေပြီ၊ မ,နဲ့ပတ်သက်ဆုံစည်းသမျှ ကြည်နူးစရာ အဖြစ်အပျက်လည်း တစ်ကွက်မှ မရှိခဲ့တော့ ကျွန်တော် သာယာတဲ့စိတ်မျိုးနဲ့ စိတ်ကူးယဉ်တာလည်း မဟုတ်ပါဘူး”

“အေးပါ၊ မင်း ဒီလောက်ပြောရင် ငါယုံကြည်ပါတယ် မင်းပါးစပ်က မိန်းမတစ်ယောက်အကြောင်း ကြားဖူးတာ မှ မဟုတ်ဘဲ၊ ဒါပေမဲ့ မ,ကကော မင်းကိုလက်ခံပါ့မလား ငါ အခုသိရသလောက် မင်းအပေါ် နာကြည်းနေတာဆော အခု ဇာတ်လမ်းအစုံအလင် သိရတော့ မ, မင်းတိုက်ခန်းက ပြောင်းသွားတာမှာ ငါ့ပယောဂလည်း မကင်းဘူး၊ ငါက သူနေတဲ့တိုက်ကိုတွေ့တော့ ဒါ‘......’ကုမ္ပဏီက ဦးအောင်





ဆောက်တဲ့တိုက်၊ ငါနဲ့အမျိုးတော်တယ်ပေါ့နော် ပြောမိ တယ်၊ အဲဒီမှာ မင်းနဲ့ဆက်စပ်မိပြီး သူ ပြောင်းသွားတာပဲ ဖြစ်လိမ့်မယ်”

“ကိုဖြိုး”

“အေး ... ပြော”

“ကျွန်တော် မနဲ့တွေ့ချင်တယ် ကိုဖြိုး၊ မ,ကိုမတွေ့ရတာ နှစ်ပတ်လောက်တောင်ရှိပြီ ကိုဖြိုး၊ ဆေးရုံစတက်ကတည်း ကပဲ”

“ဟေ့ကောင် ... မင်း အခုဆေးရုံကဆင်းတာ သုံးရက်ပဲ ရှိသေးတယ်၊ ငါကလည်း သတင်းလာမေးနေတာ၊ မင်း မ,နဲ့တွေ့ချင်တာ ငါက ဘာလုပ်ရမှာလဲ၊ ငါဘာမှမလုပ် ပေးတတ်ဘူး”

“ကျွန်တော့်ကို ကားမောင်းခွင့် မပေးသေးဘူးလေ၊ ကိုဖြိုး ကားပေါ်တင်ခေါ်သွားပေးပါ၊ ဒီနေ့ ရုံးဖွင့်ရက်ပဲ၊ သူ့ရုံး အနားက သွားစောင့်ကြည့်ချင်တယ်”

“ဟေ့ကောင် ရွှေသွေး၊ ရူးသလို နှမ်းသလို ဆယ်ကျော်သက် အထာတွေလုပ်မနေစမ်းပါနဲ့ကွာ၊ အဓိပ္ပာယ်မရှိတာ၊ ကားက မမောင်းသင့်သေးသလို ဘေးကလည်း လိုက်မစီးသင့်သေး ဘူး၊ အေးအေးနေစမ်းကွာ၊ မင်း ခွဲထားတာက နှလုံးနော် ဟေ့ကောင်၊ ကိုယ့်ဟာကိုယ် နေကောင်းအောင်နေကွာ၊ အပိုတွေ လာပြောမနေနဲ့၊ ငါလည်း ခေါ်သွားမပေးနိုင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ရွှေသွေးက နှုတ်ခမ်းတင်းတင်းစေ့ စောင်ခေါင်းမြီး ခြုံပစ်လိုက်ကာ ငြိမ်သက်တိတ်ဆိတ်သွားပါတော့သည်။ တကယ် ကို လူက ငိုတောင်ငိုချင်လာပြီ။ ဆေးရုံမှာ (၁၁)ရက်။ အိမ်ပြန် ရောက်တာ သုံးရက် စုစုပေါင်း(၁၄)ရက်။ နှစ်ပတ်။ မ,နဲ့မတွေ့ရတာ ဆယ့်လေးရက်တောင်ရှိပြီ။

နေ့စဉ်နေ့တိုင်း တကောက်ကောက် အရိပ်လိုကပ် ပါနေပြီးမှ ရုတ်တရက် အချိန်တွေအကြာကြီး ပျောက်ကွယ်သွား တဲ့ သူ့ကို မ, ဘယ်လိုများ ထင်နေမယ် မသိပါဘူး။

"ဟကောင် ... ဟား ဟား၊ မင်းက ငါ့ကို စိတ်ကောက် နေတာလား၊ ကလေးစိတ် မကုန်သေးဘူးဆိုတဲ့သဘော လား"

ရွှေသွေးက ခေါင်းမြီးခြုံကို ဆတ်ခနဲဖယ်ရင်း —

"သာ ... ကိုဖြိုးကလည်း စိတ်ကောက်ရမယ့် အရွယ်လား ဗျာ၊ ကျွန်တော် မ,ကိုလွမ်းနေလို့ပါ"

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် ကိုဖြိုးက အခန်းတံခါးထ ဖွင့်ပေးလိုက်ပါသည်။ ရှေ့ဆုံးက ရွှေသွေးအမေ ဒေါ်စိုးစိုး နောက် က မနက်စာလင်ပန်းနှင့် အိမ်ကကောင်မလေး၊ နောက်က ပြုံးနှင့် လဲ့လဲ့။

"သားရေ ... ပြုံးတို့ လဲ့လဲ့တို့ လာတယ်"





ရွှေသွေးက မိပြုံးနှင့် လဲ့လဲ့ကို ခုတင်ပေါ်မှာ လှမ်း ပြုံးပြရင်း ...

"ဟိုကောင်တွေရော မပါဘူးလား"

"သူတို့နဲ့ချိန်းနေရင် ကြာလို့လေ၊ လဲ့လဲ့လည်း ဒီနေ့အား တယ်ဆိုတာနဲ့ ငါတို့နှစ်ယောက်ပဲ ချိန်းထွက်လာခဲ့တာ၊ နင် ကျွဲကောသီးစားချင်တယ်ဆိုလို့ ယူလာတယ်၊ ဒီဟာ စားပြီးရင် စားပေါ့"

မေမေက ကြက်သားနှင့်ပြုတ်ထားတဲ့ မြူစွမ်ကို ခုတင်အနီးက စားပွဲပေါ် ပြင်ဆင်နေရင်း ...

"သား စားပွဲလာထိုင်စားမလား၊ အိပ်ရာပေါ်ပဲပန်းကန်ယူ စားမလား"

"ဒီကိုပဲပေးပါ မေမေ"

အပူခံနိုင်အောင် အောက်ခံပန်းကန်ပြားကြီးကြီးနှင့် ခံကာ ထည့်ထားသော မြူစွမ်ပန်းကန်ကို မေမေက ရွှေသွေးထံ လှမ်းပေးပါသည်။

"ငါလည်း ပြန်လိုက်ဦးမယ် ရွှေသွေး"

သူငယ်ချင်းမတွေ ရောက်လာ၍ ကိုဖြိုးက ပြန်ဖို့ ပြင်သည်။

"ကိုဖြိုး လာဦးနော်၊ ကျွန်တော့်ကို လေကောင်းလေသန့် လေး ဘာလေးရှုဖို့ ကားပေါ်တင်ပြီး လေညှင်းခံလိုက်ပို့ဦး"

ရွှေသွေးရဲ့ပြုံးစိစိအပြောကြောင့် ကိုဖြိုးက မေမေ မမြင်အောင် သူ့ကိုမျက်လုံးပြူးပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... မရသေးပါဘူး၊ ရွှေသွေးရေ၊ အိပ်ရာထဲပဲနေ ရဦးမယ်လို့ ဆရာဝန်ကြီးတွေ သေချာမှာလိုက်တယ်လေ လေကောင်းလေသန့် ရှူဖို့ထက် နားနားနေနေ အနားယူဖို့ ပိုလိုအပ်တယ်၊ မင်းအခန်းကလည်း လေကောင်းလေသန့်ရပြီးသား၊ ကိုဖြိုးရေ သူ့ကို အန်တီလုံးဝမထွက်ခိုင်းသေးဘူး သိလား"

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်လည်း သူ့ကိုပြောပြီးသား ငြင်းပြီးသားပါ၊ ကဲ ... ကျွန်တော်ပြန်ဦးမယ်နော် အန်တီ"

"အေး ... သား၊ လာဦးနော်"

"ဟုတ်ကဲ့"

"ပြုံးတို့ အေးအေးဆေးဆေးနေနော်"

"ဟုတ်ကဲ့ အန်တီ"

အားလုံး အခန်းထဲက ပြန်ထွက်သွားချိန်မှာ အခန်းထဲမှာ ပြုံးနှင့်လဲ့လဲ့သာ ကျန်ခဲ့ပါသည်။

"နင် နေရထိုင်ရ သက်သာရဲ့လား"

"သက်သာပါတယ်ဟ၊ ကောင်းနေပါပြီ"

"စားဦးလေ"

ရွှေသွေးက လက်ထဲကပန်းကန်မှ တစ်ဖွန်း နှစ်ဖွန်း ခပ်စားရင်း ...

"မိပြုံး ... နင် မ,နဲ့တွေ့သေးလားဟင်"





"အင်း ... တစ်ခါတော့ တွေ့တယ်"

"ဘာထူးသေးလဲဟင်၊ မ, နေကောင်းရဲ့လား"

"ရွှေသွေးရယ် ... မ,နေကောင်းပါတယ်၊ နင်သာ နေကောင်းအောင်နေစမ်းပါ"

"နေကောင်းပါတယ်ဆိုမှ၊ နင်နဲ့ နောက်ဆုံးတစ်ခေါက်တွေ့တုန်းက မ,ဘာတွေပြောသေးလဲ မိပြုံး"

"ဒီလိုပါပဲ ဟိုပြော ဒီပြောပေါ့"

"နင်ကလည်းဟာ၊ အဲဒီ ဟိုတွေဒီတွေကို နည်းနည်းလေး ပြောစမ်းပါ၊ ဘာစကားပဲဖြစ်ဖြစ်ပါ၊ ငါ နည်းနည်းစိတ်ကူးယဉ်မြင်ယောင်ကြည့်လို့ ရတာပေါ့"

"ထူးခြားတာမှ မရှိတာ"

"ရွှေသွေး"

လဲ့လဲ့က ဖြတ်ခေါ်လိုက်၍ မိပြုံးက လဲ့လဲ့ပေါင်ကို ပုတ်ရင်း ...

"လဲ့လဲ့"

အမူအရာတွေကြောင့် ရွှေသွေးက ခေါင်းမတ်သွားပါသည်။ လဲ့လဲ့ရဲ့ တစ်ခုခုပြောတော့မလို သူ့ကိုခေါ်လိုက်တာကို မိပြုံးက ဝင်ဟန့်လိုက်တာ အသိသာကြီးမို့ပင်။

"မိပြုံး ... ဘာလဲ၊ ပြော ... ငါ့ကိုပြော၊ ပြောစရာ ထူးခြားတာ ရှိကိုရှိမှာ၊ ပြောပါဟာ၊ ငါ မ,ကိုမတွေ့ရတာ ဘယ်လောက်တောင် ကြာပြီလဲ၊ သွားနိုင်သေးတာလည်း မဟုတ်

www.burmeseclassic.com



ဘူး၊ နင်ပြောတဲ့ထဲကပဲ မ,အကြောင်းလေးတွေကြားဖို့ရှိတာ၊ ဘာလဲ လဲ့လဲ့၊ မိပြုံး မပြောလည်း နင်သိရင်ပြောလေ”

“သူနဲ့တွေ့တာ သူပဲ ပြောပစေပါ၊ ပြောတော့ ဘာဖြစ်လဲ မိပြုံးရာ၊ ရွှေသွေးလည်း သိပြီးနေသားပဲဟာ”

“ဘာကိုပြောတာလဲ၊ ငါ ဘာသိတာလဲ လဲ့လဲ့”

“နင့်အမေ နင့်ကိုပြောတယ်ဆို မ,အကြောင်း မိပြုံးဆီမေးမယ်ဆိုတာလေ၊ ကဲပါ ... ပြောလိုက်ပါ မိပြုံးရာ၊ ရွှေသွေး သနားပါတယ်၊ ငါတော့လေ ရွှေသွေးကို ဒီထက်ပြည့်စုံစင်းလုံးချောတဲ့ ကောင်မလေးမျိုးနဲ့ ဖူးစာဆုံစေချင်တာတော့ အမှန်ပဲဆိုပေမယ့် မ,နဲ့ဆိုလည်း သဘောတူတယ်ဟာ၊ ရှင်းရှင်းပဲ၊ ရွှေသွေး ဒီလောက်တောင် ချစ်မြတ်နိုးနေတဲ့ဟာ၊ မုဆိုးမတစ်ယောက်ဖြစ်တယ်၊ ရွှေသွေးထက်ကြီးတယ်၊ မပြည့်စုံဘူးဆိုတာတွေကလည်း တစ်ခုမှ သူကိုယ်တိုင်ကြောင့် ဖြစ်ရတဲ့အပြစ်တွေ မဟုတ်ဘူး၊ ကံကြမ္မာကြောင့်ဖြစ်နေတာတွေချည်းပဲလေ ...

သူလည်း ဘယ်ဖြစ်ချင်မလဲ၊ လူတိုင်းလိုပဲ အတူတူပြည့်စုံချင်မှာပဲပေါ့၊ မုဆိုးမလေးလည်း ဘယ်ဖြစ်ချင်မှာတဲ့လဲ၊ သူ့မှာ ဒီအားနည်းချက်တွေ ရှိနေတာဟာ သနားစရာပဲလို့ပဲ ငါ မြင်တယ်၊ မုန်းစရာ ရွံစရာလည်း မဟုတ်ဘူး၊ အခုနေ မ,က ရွှေသွေးကို ဘယ်လိုမှ လက်ခံဦးမှာမဟုတ်





ပေမယ့် အချစ်စစ်မှာ အသွားအပြန်ဆိုတာ ရှိတယ်လို့ ငါ ယုံတယ်၊ အရမ်းအင်အားပြင်းထန်တဲ့ အချစ်စစ်တစ်ခုကို ဘယ်သူမှ တစ်သက်လုံး ဥပေက္ခာမပြုရက်ပါဘူးဟာ၊ ရွှေသွေး ခံစားချက်တွေကို သူ သေချာသိတဲ့တစ်နေ့ သူလည်း ရွှေသွေးကို သံယောဇဉ်ဖြစ်ကို ဖြစ်လာမှာ သေချာတယ်”

မိပြုံးက လဲ့လဲ့ကို မျက်စောင်းထိုးရင်း ...

“နင်ကလည်းလေ”

“အခုတောင် အဲဒီသံယောဇဉ်က စ,စပြုနေပြီလားလို့တောင် ငါ ထင်နေမိတယ်၊ ငါ အလိုလိုထင်နေတာ”

“ကဲ ... တော်ပါတော့၊ ငါပဲပြောပြပါ့မယ်”

ရွှေသွေးက အရောင်လက်တောက်ပသော မျက်လုံးများနှင့် မိပြုံးထံတစ်လှည့် လဲ့လဲ့ထံတစ်လှည့် ကြည့်နေရှာပါသည်။ မိပြုံးက သက်ပြင်းတစ်ချက်ချရင်း ...

“ငါပြောတယ်လို့ အန်တီ့ကို နင် သွားမပြောနဲ့နော် ရွှေသွေး၊ နင် လုံးဝမသိချင်ယောင်ဆောင်နေနော်”

“အင်းပါ မိပြုံးရာ၊ ပြောပါဟာ”

“အန်တီက မ,ဆီသွားတွေ့ခဲ့တယ်ဟ”

“ဘာ”

“ဟဲ့ ... တိုးတိုးပါဟယ်၊ နင်ကလည်းဟာ၊ တကယ်ပဲ”

“အေးပါ၊ ပြောပါ”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ငါ့ဆီ မ,အကြောင်းတွေ လာမေးတယ်၊ အန်တီမေးတယ်ဆိုတော့ ငါ ဘယ်လိုမှ ဘာမှ ထိမ်ချန်ပြောဖို့ မဖြစ်နိုင်ဘူးလေ ရွှေသွေး၊ နင် နားလည်တယ် မဟုတ်လား၊ ငါ သိသမျှ မ,အကြောင်းတွေ အကုန်ပြောပြလိုက်တယ်၊ မ့,ကို ကံရဏာသက်စရာရှုထောင့်ကနေ ငါ ပြောပါတယ်၊ ငါလည်း သိပ်သနားတာ အမှန်ပဲကိုး"

"အင်းပါ ... နင် အဲလိုပြောမယ်ဆိုတာ ငါ ယုံပြီးသားပါ"

"အချက်အလက်တွေကတော့ အားလုံး အမှန်အတိုင်းပေါ့ ဟာ၊ နင်နဲ့ ပြဿနာဖြစ်ခဲ့ရတာတွေလည်း ငါပြောပြတယ် ဒါပေမဲ့ နင့်ကို မ,လူတွေရှေ့ ပါးရိုက်သွားတာမျိုးတော့ ငါ မပြောပါဘူး"

"အင်းပါ ... ကျေးဇူးတင်တယ်ဟာ"

"ငါကတော့ ဒီလိုပဲ ပြောပြလိုက်တာပေါ့နော်၊ အန်တီ မ, ဆီသွားမယ်လို့လည်း ဘယ်ထင်မလဲ၊ အန်တီက မ,ဆီ သွားတွေ့ခဲ့တယ်ဟ"

"ဘာသွားလုပ်တာလဲ"

"ဘာသွားလုပ်ရမလဲဟာ၊ သဘောမတူတဲ့အကြောင်း ပြောတာမျိုး တားမြစ်စကားပြောတာမျိုးပဲ နေမှာပေါ့"

လွဲလုံ့က ဝင်ဖြေသည်။

"ဟာ ... အဲလိုပြောရအောင် မ,ကိုတားရအောင် မ,က ငါ့ချစ်သူမှ မဟုတ်တာ၊ ကျွတ် ... မေမေကကွာ"





"ရှူး ... ရွှေသွေး၊ နင် အဲလိုဖြစ်နေရင် ငါဆက်မပြောတော့ဘူး"

"ကျွတ် ... အေးဟာ ... မဖြစ်ဘူး ... ပြောဟာ"

"နင်ခွဲစိတ်ပြီး နှစ်ရက်နေလောက်မှာထင်တယ် မ, ငါတို့အိမ်လာတယ်၊ ဒီလိုပဲ လာလည်တာပါ၊ ငါက နင့်ဆီ ဆေးရုံသွားခါနီးဆဲဆဲ၊ ငါသွားစရာရှိတာသွားပြီးမှ ပြန်လာမယ်ဆိုပြီး ထွက်လာတာ၊ ငါသွားနေတုန်း မေမေ့ဆီက နေ နင် ဆေးရုံတက်နေတာ နှလုံးခွဲစိတ်တာတွေ မ,သိသွားတယ်လေ၊ ငါပြန်လာတော့ နင့်သတင်း သူမေးတယ်၊ စကားတွေပြောရင်းကမှ သူ ပြောပြတာ၊ ရွှေသွေးမောင်မောင်ရဲ့အမေ သူ့ကို လာတွေ့သွားတယ်တဲ့"

ရွှေသွေး ရင်ထဲ ဝမ်းနည်းလာရပါသည်။ မ,ကိုသနားလိုက်တာ။ မ, ဘယ်လောက်ပဲ စိတ်မာမာ ဒီလိုလာပြောဟာကို ရင်ဆိုင်နားထောင်ရတဲ့ အပေါ်တော့ ဝမ်းနည်းအားငယ်ရှာမှာပဲ။ မခံချိမခံသာလည်း ဖြစ်မှာဖြစ်သလို စိတ်မကောင်းလည်းဖြစ်မှာ အမှန်ပါပဲ။ ဘယ်တော့မှ ကံမကောင်းတဲ့ ကံခေတဲ့သူ့ဘဝသူလည်း နာကြည်းရှာမှာပဲ။

"ခွင့်မလွှတ်ပါဘူးဆိုတဲ့သူကို နောင်လည်းခွင့်မလွှတ်ပါနဲ့လို့ ထပ်တားမြစ်သွားတယ်တဲ့"

"မ, အရမ်းစိတ်ဆိုးနေပုံရလား"

"မရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား မိပြုံး"

"စိတ်ထိခိုက်နေပုံပဲရတယ်၊ မချိုပြုံးလေးနဲ့ ပြောတာပါ၊ ငါ မ,ကို တော်တော်သနားသွားတယ်ဟာ၊ မ,ကပြောတယ်၊ နှလုံးခွဲစိတ်ထားရတဲ့ လူမမာတစ်ယောက်ကိုလည်း အငြိုးအတေးတွေ အာဃာတတွေ မထားချင်တော့ဘူးတဲ့၊ ဒါပေမဲ့ ခွင့်လွှတ်ဖို့တော့ မဖြစ်ဘူးတဲ့၊ သူက ခွင့်မလွှတ်ချင်တာ အပြင် အခုဆို နှင့်အမေကပါ ခွင့်မလွှတ်ပါနဲ့လို့ တောင်းဆိုသွားတာမို့လို့ ပိုပြီးတောင် ခွင့်လွှတ်ဖို့ မဖြစ်နိုင်တော့ဘူးတဲ့"

"မိပြုံး"

ရွှေသွေးက အမောတကောဖြတ်ကာ ...

"မ,က ... မ,က ခွင့်လွှတ်ချင်နေတဲ့ပုံ ရတာလား၊ ဟုတ်လားဟင်"

"မသိဘူးလေ"

မိပြုံးက ရွှေသွေးကို ဖျတ်ခနဲကြည့်ရင်း ...

"မှတ်မယ် မထင်ပါဘူး၊ နဂိုကတည်းက ခွင့်မလွှတ်ချင်တဲ့စိတ်က ပိုပြီးခိုင်မာသွားတာ ဖြစ်မှာပေါ့၊ နင် ဆေးရုံတက်တာ နှလုံးခွဲတာဆိုတာကလည်း အသက်အန္တရာယ်ထိခိုက်မယ့် စိုးရိမ်ရတဲ့ကိစ္စမှ မဟုတ်တာလေ၊ ဟုတ်တယ်မို့လား"





မိပြုံးစကားကြောင့် စိတ်လှုပ်ရှားလာပုံရတဲ့ ရွှေသွေးက ပြန်လည်ငြိမ်သက် ငိုင်တွေသွားပါသည်။

"စားလေဟာ ရွှေသွေး"

"မစားချင်ဘူးဟာ၊ မြုံစွမ်ကြီးက မကောင်းဘူး"

"ဟဲ့ ... ပြုံး၊ နင်ယူလာတဲ့ ကျွဲကောသီး သွားယူခဲ့ပါလား၊ ခံတွင်းမကောင်းရင် အဲဒါလေး စားပစေနေပါ၊ ဘာပဲစားစား တစ်ခုခုဝင်ရင် ကောင်းတာပေါ့ ... သွား"

"အေး ... ငါယူခဲ့မယ်၊ နင် ဒါဆို ကျွဲကောသီးလေးစားလိုက်"

မိပြုံးက ထိုင်ရာမှထ,ကာ အခန်းထဲက ထွက်သွားပါသည်။ လဲ့လဲ့က မိပြုံး ထွက်သွားတဲ့ တံခါးကို ဖြည်းဖြည်းတွန်းပိတ်လိုက်ရင်း ...

"ရွှေသွေး"

"ဟေ"

"ငါ နင့်ကို ပြောမယ်မပြောဘူးတော့ ဆုံးဖြတ်ချက် ခုထိ မကျသေးဘူး၊ ဒါပေမဲ့ နင့်ကို ပြောမယ်ဆိုရင် မိပြုံးလစ်တာ အခုခဏပဲရှိတာ၊ မိပြုံးက မပြောရဘူး မှာထားတယ်"

"ဘာလဲဟင် လဲ့လဲ့၊ ဘာလဲ ... ဘာလဲပြော၊ မ,နဲ့ပတ်သက်တယ် မဟုတ်လား"

"အေး"

"ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မ,နေတဲ့အဆောင်မှာ ငါတို့နဲ့ အမျိုးမကင်းတော်တဲ့ ကောင်မလေးတစ်ယောက် ရှိတယ်၊ မ,က သူ့အလုပ်က ထွက်လိုက်ပြီ"

"ဟုတ်လား၊ အခု ဘယ်မှာပြောင်းလုပ်နေလဲ"

"ထွက်လိုက်တာ သုံးလေးရက်ပဲ ရှိသေးတာတဲ့၊ တခြား အလုပ်ကို ပြောင်းလိုက်လို့ ဟုတ်မယ်မထင်ဘူး ရွှေသွေး"

"ဘာဖြစ်လို့လဲ"

"မ, အဆောင်ကပါ ထွက်တယ်တဲ့ ရွှေသွေး"

"ဟင် ... ဘယ်တုန်းကလဲ"

"ငါ့ညီမဝမ်းကွဲက ဒီမနက်ပဲ အိမ်လာတာ၊ ဒီမနက်ပဲပြော တာဟ၊ အရင်ကတည်းကတော့ မ, အဲဒီအဆောင်မှာဆို တာ ငါသိထားတော့ စကားစပ်ပြီး သူ့ကိုမေးဖူးပြီးသား လေ၊ မ,ကို ငါသိမှန်း သူ သိထားတာနဲ့ ဒီမနက်လာလည် ရင်း သူပြောပြတာ၊ ခုထိတော့ အဆောင်မှာရှိသေးတယ် ဒါပေမဲ့ ဒီလကုန် ဆက်မနေတော့ဘူး၊ သူ နယ်ပြန်မယ်လို့ အဆောင်ပိုင်ရှင် အန်တီကိုပြောသံ သူ ကြားတယ်၊ လကုန် ရက်က သန်ဘက်ခါပဲလေ"

"ဘယ်နယ်လဲ"

"အဲဒါတော့ ငါမသိဘူး၊ ငါ့ညီမကလည်း မ,နဲ့မခင်ဘူး သူလည်း မသိဘူး"

"နင့်ညီမကို ဖုန်းဆက်ပြီး မေးကြည့်ခိုင်းလို့မရဘူးလား"





"နင်မေးခိုင်းရင် ငါ သူ့ကိုဖုန်းတော့ဆက်မယ်၊ သိရ မသိရကတော့ မပြောနိုင်ဘူးလေ ရွှေသွေး၊ နင် မင်းခန့်တို့ နဲ့တိုင်ပင်ပြီး စုံစမ်းခိုင်းပေါ့ဟာ"

ရွှေသွေးက အသက်ပင်မရှူဘူး ထင်ရအောင် ငြိမ် ကျသွားရပါသည်။ တံခါးပွင့်ကာ ပြန်ဝင်လာသော မိပြုံးကြောင့် သူတို့ ဘာစကားမှ မဆက်ဖြစ်တော့ပါ။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

အဆောင်ခြံဝင်းအတွင်းမှာ ရပ်တန့်ထားတဲ့ တက္ကစီကားနံဘေးမှာ မ,ကိုမြင်လျှင် ရွှေသွေး ဒိတ်ခနဲ ရင်တွေဖြောင်းဆန့်ခုန်သွားပါသည်။ မ,လက်ထဲမှာ လက်ဆွဲအိတ်တစ်လုံးအပြင် ကားနောက်ဘက်ဖုံးဖွင့်၍ တက္ကစီဒရိုင်ဘာ မ,ထည့်ပေးနေသော ခရီးဆောင်သေတ္တာတစ်လုံးကိုပါ မြင်လိုက်ရ၍ပင်။ ရွှေသွေးက ကားကို ချက်ချင်းစက်သတ်ကာ ကားပေါ်က ကမန်းကတန်းဆင်းလိုက်ပါသည်။

အဆောင်ခြံဝင်းထဲ သူ ဘယ်လိုကမူးရှူးထိုးရောက်သွားသလဲပင် မမှတ်မိတော့။

"မ, ..."

ဆတ်ခနဲတုန်ကာ လှည့်ကြည့်လိုက်တဲ့ မ,မျက်နှာက သူ့ကိုမြင်လျှင် လန့်သွားရာမှ အံ့အားတသင့် အဲဒီနောက် ဖော





ဝါ နာနာကျင်ကျင်၊ အရိပ်အယောင်တွေကို သူနာမည်စုံစေအောင်ပင် ဖော်မပြတတ်၊ မခွဲခြားတတ်တော့။ မ,မျက်နှာက ျက်နေတာတော့ အမှန်ပင်။

"မ, ...၊ မ, အခု ဘယ်သွားမလို့လဲ"

သူ့အသံက ဇလောင်ဆန်နေသည်။ ကြည့်စမ်း ... သက်မတင်လေးပဲလေ။

အခုချက်ချင်းသာ မလာဖြစ်လိုက်ရင် မ, ဘယ်ရောက်သွားမှန်းတောင် သူ သိမှာမဟုတ်တော့။

"မ, ..."

မ,က ဖြူဖျော့ပြီး သိသိသာသာ ချောင်ချပိန်လျော့နေတဲ့ ရွှေသွေးရုပ်သွင်ကို စိတ်ပျက်ပျက်နှင့်ပင် စိုက်ကြည့်နေမိသည်။ ဘယ်လိုဖြစ်ပြီး ရောက်လာပါလိမ့်။

"မ, ... ဘယ်သွားမလို့လဲ၊ ပြောပါ မ,၊ မ, ဘယ်မှမသွားပါနဲ့ဗျာ"

မ,က အံလေးကြိတ်လိုက်မိပါသည်။

"ရွှေသွေးမောင်မောင်"

"ဗျာ"

"ငါ ဘယ်သွားသွား၊ မင်း သိဖို့မလိုပါဘူး"

"မ, ..."

"ငါဘဝနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပါတယ်၊ မဆိုင်ပါဘူး မ,ရယ်၊ ဆိုင်တယ် လို့ ကျွန်တော်ပြောတာ မဟုတ်ပါဘူး၊ မေးခွင့်ရှိလို့မေး တာလည်း မဟုတ်ပါဘူး၊ တားခွင့်ရှိလို့ တားတာလည်း မဟုတ်ပါဘူး"

"ဒါဆို ပြန်လိုက်တော့၊ ခရီးသွားမယ့်နေ့မှာ စိတ်အေးအေး ချမ်းချမ်းနဲ့ ဖြောင့်ဖြောင့်သွားပါရစေ"

"မ, ...၊ ခုလိုပြောရင် မ,ကြိုက်မှာမဟုတ်ပေမယ့် ကျွန်တော့် ကြောင့်တော့ အဆင်တပြေဖြစ်နေတဲ့ မ,အခြေအနေတစ်ရပ် ကိုဖျက်ပြီး မ, ခုလိုထွက်သွားဖို့ မလိုပါဘူး မ,ရယ်"

မ,က ခပ်မဲ့မဲ့ပဲ ပြုံးလိုက်မိပါသည်။

"ငါ့ဘဝက အဆင်တပြေဖြစ်နေတဲ့ အခြေအနေတစ်ရပ် မှာ ရှိမနေပါဘူး၊ ရှိနေခဲ့ရင် မင်းကြောင့်တော့ ဒီအခြေ အနေကို ငါ မဖျက်ပါဘူး"

"သိပါတယ် မ, ... ကျွန်တော် သိပါတယ်၊ ကျွန်တော် ဆိုလိုတာက မ,ဒီလောက်တောင် မကြည့်ချင်တဲ့မျက်နှာ ဆိုရင် နောက် မ,မမြင်စေရပါဘူး မ,၊ ကျွန်တော်ကတိ ပေးပါတယ်၊ မ,အတည်တကျ ငြိမ်သက်အဆင်ပြေ ပျော် ရွှင်နေတာပဲ ကျွန်တော် မြင်ချင်တာပါ၊ မ,ကို ... မ,ကို ကျွန်တော် ချစ်မိတာ၊ မ,နောက်ကို လိုက်နေမိတာတွေ လည်း မ,ကိုပျော်ရွှင်လာအောင် ကျွန်တော် ထားပေးချင် လို့ပါ၊ ကျွန်တော့်အချစ်နဲ့ မ,ဘဝတစ်ခုလုံးကို အလှဆင် ပေး ကျွန်တော် ပြန်တည်ဆောက်ပေးချင်ခဲ့တာပါ၊ ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ မ,တကယ်သေချာနေတယ်ဆိုရင် ကျွန်တော်ပဲ ထွက်သွားပေးမှာပါ၊ မ,ထွက်မသွားရပါဘူး မ,၊ မ,တည်ငြိမ်နေပါ၊ လွင့်သွားစရာရှိရင် ကျွန်တော်လွင့် သွားပါ့မယ် မ,ရယ်၊ ကျွန်တော် တကယ်ပြောတာပါ၊ မ, အနားမလာနဲ့ဆိုရင် ကျွန်တော် မ,အနားမလာပဲ မ,မတွေ့ အောင် နေပါ့မယ်"

နီမြန်းနာကျင်သောမျက်နှာမှာ နှာသီးဖျားတွေရဲလာ ပြီး မျက်ဝန်းတွေစိုစွတ်ကာ တုန်တုန်ယင်ယင်ပြောနေတဲ့ ရွှေသွေး ကို မ,သတိလက်လွတ် ငေးမောစိုက်ကြည့်နေမိပါသည်။ မ,လည် ချောင်းဝမှာ တစ်စုံတစ်ရာက ဆို့နင်နာကျင်လာသည်။ လှလည်း လှ မွေးလည်းမွှေး ဆူးလည်းအပြည့်နဲ့ ပွင့်ဖတ်နွမ်းကြေနေတဲ့ နှင်းဆီတစ်ပွင့်ကို ဘာဝင်ရုံကြွေးနဲ့ မင်းလာပြီး တန်ဖိုးထားနေတာ လဲ ရွှေသွေးမောင်မောင်။

မ,က ခြောက်သွေ့သော လည်ချောင်းမှအသံတစ်ခု ထွက်လာအောင်ပင် မနည်းဖျစ်ညှစ်အားထုတ်ယူရကာ တိုးတိတ် ခြောက်ကပ်စွာ ...

"ကဲ ... ဖယ်ပါတော့၊ ငါ နောက်ကျတော့မယ်"

"မ ..."

"မင်းပြန်တော့ ရွှေသွေးမောင်မောင်"

"မ, ...၊ မ, ... ကျွန်တော် တောင်းပန်နေတာပါ မ,ရယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခုလို ငါထွက်သွားတာ မင်းကြောင့်လို့ ဘာကြောင့် များထင်ချင်နေတာလဲ၊ မင်း သွေးနားထင်ရောက်နေတာလား၊ ငါ့ဟာငါ ငါ့ကိစ္စနဲ့ငါ ဘယ်သွားသွား၊ မင်းနဲ့ဘာမှ မဆိုင်ဘူး။ မင်း ငါ့အစီအစဉ်ကို ဖွက်ဖက်စရာမလိုဘူး"

"မ, အခု ဘယ်သွားမှာလဲ"

"မင်းကို ငါ မပြောနိုင်ဘူး၊ ပြောစရာကို အကြောင်းမရှိတာ"

"မ,မပြောရင် ကျွန်တော် သိရတဲ့နေရာအထိ နောက်က လိုက်လာရလိမ့်မယ်"

မ,က ခေါင်းကိုမော့၍ တဟက်ဟက် အသံတမင် ထုတ်ကာ ရယ်မောလိုက်မိပါသည်။

"မင်း အဲဒါ ခြိမ်းခြောက်တာပေါ့"

"........"

"သွားရင် သတ်ပစ်မယ်ဆိုရင်တောင် ကြောက်ရချည်သေးရဲ့၊ ဒီမှာ ရွှေသွေးမောင်မောင် နင့်ဟာနင် လိုက်လိုက် မလိုက်လိုက် နင့်သဘော၊ သိပြီနော် ...၊ ငါ့ဟာငါသွားတာ မသွားတာ ငါ့သဘော၊ ဒါပါပဲ"

"သိပါတယ် မ,၊ ကျွန်တော် လိုက်ရလိမ့်မယ်ဆိုတာ ခြိမ်းခြောက်တာ မဟုတ်ပါဘူး အသိပေးတာပါ"

"ဆိုလိုတာက နှလုံးခွဲစိတ်ကုသထားတဲ့ လူနာတစ်ယောက် အနေနဲ့ ခရီးဝေးကို လိုက်ရလိမ့်မယ်ဆိုရင် ငါက တွေဝေ





ငံ့ညှာပြီး အစီအစဉ်ကို ဖျက်လိုက်မလားဆိုတဲ့ ရည်ရွယ်ချက်ပေါ့ ဟုတ်လား၊ မင်းအမေ ရင်ကျိုးရုံကလွဲပြီး ငါ့အတွက် ဘာမှတုန်လှုပ်စရာ မရှိပါဘူး၊ ငါ လှည့်လည်းကြည့်မှာ မဟုတ်ဘူး၊ မင်းလုပ်ချင်ရာလုပ်"

မ,က ဆတ်ခနဲလှည့်ကာ တက္ကစီနောက်ခန်းထဲ ဝင်ထိုင်လိုက်ပါသည်။ ဒုံးခနဲဆောင့်ပိတ်လိုက်တဲ့တံခါးကို လှမ်းကိုင်ကာ ...

"မ, ..."

"မြန်မြန်မောင်းပါရှင်၊ ကျွန်မ နောက်ကျလိမ့်မယ်"

တက္ကစီဒရိုင်ဘာက ကားကိုစက်နှိုးကာ မောင်းထွက်လိုက်ပါသည်။ ရွှေသွေးက တစ်လှမ်းနှစ်လှမ်း ပြေးလိုက်ရင်း ...

"မ, ... မ, ..."

ကားကဘီးလိမ့်ကာ ထွက်ခွာသွားပြီမို့ ရွှေသွေးက ကမန်းကတန်း အပြေးထွက်ကာ ခြံပြင်က သူ့ရဲ့ကားပေါ်တက်၊ ကားကို ဂငယ်ကွေ့ကာ တက္ကစီနောက်ကို လိုက်ခဲ့ပါသည်။ ခွဲစိတ်ပြီးကတည်းက ပထမအကြိမ် အပြင်ထွက်တာ ကားမောင်းတာဖြစ်ပြီး ရင်ထဲမှာလည်း နာကျင်မှုန်းသိပ်ခံစားရလွန်းလို့ထင်သည်။ သူ့ရင်ဘတ်က အောင့်လာခဲ့ပါသည်။

✦ ❦ ✦



www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့် ... သားရေ၊ ရွှေ ... ရွှေသွေး ရှိလား"

"ဗျာ ... မရှိပါဘူး အန်တီ၊ သူ အိမ်မှာနားနေရတာ မဟုတ်ဘူးလား၊ ညနေတောင် ကျွန်တော်တို့လာမလို့၊ သူ ဘယ်သွားလို့လဲ"

"သူဘယ်သွားမှန်း မသိလို့လေ၊ ပျောက်နေလို့ ကားလည်း မရှိဘူး၊ ကားနဲ့ထွက်သွားတာ သားရဲ့"

"မောင်သော်တို့ရော အန်တီ၊ ရွှေအောင်တို့ဆီရော ဆက်ကြည့်သေးလား"

"ဆက်ပြီးပြီ၊ ဘယ်သူမှ မသိဘူး"

"ဗျာ ... ဒါဖြင့် ဘယ်သွားတာလဲ"

"ဘယ်သွားတာလဲ သိချင်နေတာလေ၊ မပြောမဆိုထွက်သွားရအောင် ဘာကိစ္စမို့လို့လဲ၊ လုပ်ကြပါဦး၊ ဝိုင်းရှာပေးကြပါဦး သားတို့ရယ်"

"သူ့ဖုန်း ဆက်ကြည့်ပြီးပြီလား အန်တီ"

"တောက်လျှောက် ဆက်နေတယ်၊ မကိုင်ဘူး သား"

ဒေါ်စိုးစိုး အသံက ငိုသံပါလာသည်။

"အန်တီ ... ကျွန်တော်တို့ ကူရှာပေးပါ့မယ်၊ စိတ်မပူပါနဲ့ဦး၊ ဒါပဲနော် အန်တီ"

✦ ✦





မ,ပျောက်ကွယ်သွားတယ်ဆိုရင် ကာလအတန်ငယ်ကြာတဲ့အခါ သူလည်းပဲ မေ့မေ့လျော့လျော့ နေသားတကျဖြစ်သွားမှာပါ။ သူလည်းငယ်သေးတာပဲလေ။ သူ့ဘဝမှာရင်ခုန်လှုပ်ခတ်စရာဆိုတာ နောက်ထပ်တစ်ကြိမ် ပေါ်မလာဘဲ မနေပါဘူး။ မ,အဲသလိုပဲ တွေးခဲ့သည်။

အဲဒါကြောင့်လည်း သူ အိပ်ရာထဲက မထွက်နိုင်သေးတဲ့အချိန် မ,ထွက်သွားတာကို ဘယ်လိုမှ မသိလိုက်နိုင်တဲ့အချိန် ဒီရက်တွေအတွင်း ထွက်သွားဖို့ ဆုံးဖြတ်ခဲ့တာပါ။ လုံးဝပျောက်ကွယ်သွားမှလည်းပဲ ဒီဇာတ်လမ်း ပြီးဆုံးမှာ။ မ,ကိုသူတွေ့မြင်နေသရွေ့ မိုက်ရူးရဲ့ အချစ်ရူးစိတ်နှင့် ဒီကောင်လေး နောက်ဆုတ်မှာမဟုတ်ဘူး၊ ခံစားချက်တွေ အနည်ထိုင်နိုင်မှာ မဟုတ်ဘူးလို့ သူ့အတွက် မ,ထည့်တွက်ပေးခဲ့ပါသည်။

အဲဒါဟာ သူ့ရဲ့မွန်ထူနေတဲ့ အချစ်စိတ်တစ်ခုကို မ,ယုံစားလို့။ ယုံကြည်ခဲ့မိလို့ပင်။ မ,အတွက် မ,တစ်စိတ်နဲ့ပဲ သူ့ဘဝ ယောက်ယက်ခတ်နေမှာကို မ,မလိုလားလို့ပါပင်။ မှန်းမှန်းနှင့် မျက်နှာမမြင်ချင်အောင် ခါးသီးမှုတစ်ခုကြောင့်တော့ မ,ခုလိုထွက်သွားဖို့အထိ ဆုံးဖြတ်မိမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းတရားတွေထဲမှာ သူ့အတွက် စေတနာကရုဏာဆိုတာကလေး တစွန်းတစ တိုးဝင်ကပ်တွယ်လာခဲ့လို့သာ မ,ခုလိုထွက်လာဖို့ ဆုံးဖြတ်တာပါ။

အလုပ်ကလည်း အဆင်မပြေ မပျော်ရွှင်တဲ့အတွက် လကုန်ရင် ထွက်ဖို့ကြိုတင်စိတ်ကူးထားတဲ့တူတူ မ,တမင်ပဲထွက်ပစ်ခဲ့သည်။ လွန်ခဲ့တဲ့တစ်လမပြည့်မီက မိတ္ထီလာက ကြီးတော်ဝမ်းကွဲ ရန်ကုန်ရောက်လာခဲ့သည်။ အဲဒီကြီးကြီးက မ,ရဲ့မေမေနှင့်ရော ဘဘနှင့်ရော မောင်နှမဝမ်းကွဲတော်စပ်သည်။ ငယ်ငယ်က မ,ကို ဘဘတို့အိမ် အမေလာထားမသွားခင် တစ်ခါတစ်ရံ အမေဟာ သူ့ဇာတ်ကရာအဖွဲ့နှင့် နယ်စွန်နယ်ဖျား လိုက်သွားချင်တဲ့အခါ မ,ကို ကြီးကြီးအိမ်မှာ ထားသွားတတ်ပါသည်။

မသေခင် ရွှေတိဂုံဘုရားဖူးသွားဦးမယ် ဆိုပြီး ရန်ကုန်တက်လာတဲ့ ကြီးကြီးက ဘဘအိမ်ဝင်ကာ မ,ကိုလည်း သတိတရတွေ့သွားချင်လို့ဆိုပြီး ဖုန်းဆက်ခေါ်ခိုင်းတော့ မ,ရောက်ခဲ့ရပါသည်။ ကြီးကြီးကို သွားတွေ့ခဲ့ပါသည်၊ မ,ရဲ့မငြိမ်မသက်ကမောက်ကမ အတည်မကျ ဘဝလေးကို ကြီးကြီး ရိပ်မိသွားကာ လိုအပ်ရင် သူ့ဆီ အချိန်မရွေး လာရောက်ခိုလှုံနိုင်တဲ့အကြောင်း ပြောသွားခဲ့တာပါ။

ကြီးကြီးရဲ့တစ်ဦးတည်းသောသားကလည်း ကိုရီးယား ရောက်နေသည်။ ဘယ်လိုပုံစံနှင့်မဆို လာရောက်နိုင်ကြောင်း ကမ်းလှမ်းသွားတဲ့ စကားတစ်ခွန်းနှင့် မ,ထွက်လာခဲ့တာ။ ရန်ကုန်





က ခဏတဖြုတ် ခွာချင်တဲ့အခါ အဲဒီကလွဲလို့ မ,မှာ သွားစရာလည်း တခြားမရှိတော့ပါ။ ဒီကိုတောင် ကြီးကြီးလည်းအလည်ရောက်လာပြီး လိုလိုလားလား ကမ်းလှမ်းတာကြောင့်သာ စိတ်ကူးနိုင်တာ။

တိတ်တဆိတ် ပျောက်သွားချင်ပါတယ်ဆိုမှ ထွက်သွားမယ့်နေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် တိတိကျကျ ရွှေသွေးတည့်တည့်ရောက်လာတာကို အံ့အားသင့်မဆုံးတော့။ ခုလိုဆိုတော့ မင်းပဲ နှာကျင်ပင်ပန်းဆင်းရဲခံစားရမှာပေါ့ ရွှေသွေးမောင်မောင်ရယ်။

မ,က တက္ကစီဒရိုင်ဘာရှေ့က နောက်ကြည့်မှန်မှ နောက်ဘက်ကို ခိုးကြည့်ဖို့ ကြိုးစားကြည့်သည်။ မမြင်ရပါ။ လှည့်ကြည့်တာသိရင်လည်း သူ့ကိုစိတ်ပူတာ စိုးရိမ်တာ သံယောဇဉ်မပြတ်တာလို့ ယူဆဦးမှာ ထင်ပါရဲ့။

"ခုနကောင်လေးရဲ့ကား နောက်ကပါလာသလားရှင်"

မ,က ဒရိုင်ဘာကိုပဲ ပွင့်ပွင့်ဖွင့်မေးလိုက်သည်။

"ပါတယ် အစ်မ၊ တောက်လျှောက်ပဲ"

ဟင်း ...။

မ,သက်ပြင်းချမိပါသည်။

"ကျွန်တော်လည်း ဒီထက်မြန်မြန်မောင်းလို့ မရတော့ဘူး အစ်မ"

"ကိစ္စမရှိပါဘူး၊ မှန်မှန်ပဲမောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကားကြီးဂိတ်ကိုပဲ တန်းသွားရမလား"

"တန်းသွားပါ၊ နောက်ကျသွားမှာစိုးလို့"

"ဟုတ်ကဲ့"

မ, စိတ်မကောင်းသလို ခံစားရသည်။ ဘာလို့ရှုးမိုက်ချင်တာပါလိမ့် ရွှေသွေးရယ်။

✦ ❦ ✦

ကားပေါ်တက်ခါနီး စိတ်တင်းတဲ့ကြားက ကရုဏာတစ်ချက်ငဲ့ကွက်ကာ စိတ်မဖြတ်နိုင်ဘဲ မ,လှည့်ကြည့်လိုက်မိသည်။ မလှမ်းမကမ်းမှာ သူ့ကားကိုမှီပြီး ရပ်နေတဲ့ ရွှေသွေးကို မျက်မှောင်ကုတ်၍ ခဏကြည့်နေမိပါသည်။ နလုံးခွဲထားတာ။ ပြုံးဆေးရိုက်ပြန်လာတဲ့နေ့က ပြောတာတော့ ခွဲစိတ်ပြီးရင် တစ်လခွဲ တိတိ မလှုပ်ရှား မပင်ပန်းဘဲ အိပ်ရာထဲပဲ အပြည့်အဝ အနားယူရဦးမည်တဲ့။

ခု ဘယ်နရက်ပဲ ရှိသေးလို့လဲ။ မင်းတော့ ဒုက္ခပဲ။ စိတ်တွေဆင်းရဲလိုက်တာ ရွှေသွေးမောင်မောင်ရယ်။ ငါ့ကို အာရုံနောက်အောင် လုပ်နေပြန်ပြီ။ မ,က ခပ်တင်းတင်းမျက်နှာထားပြုပြင်ကာ ရွှေသွေးရှိရာ လျှောက်လာလိုက်သည်။

အချစ်ဆိုတာဟာလည်း သံယောဇဉ်တစ်ခုဖြစ်သလို—

အမုန်းဆိုတာဟာလည်း သံယောဇဉ်တစ်ခုပါပဲ။





ချစ်လို့ဖြစ်စေ မုန်းလို့ဖြစ်စေ ဘာကြောင့်ပဲဖြစ်စေ ကိုယ့်ရင်ထဲ ကိုယ့်စိတ်အတွေးထဲ ကိုယ့်အာရုံထဲ သူ အမြဲရှိနေတော့တာဟာ ချည်နှောင်ခံရခြင်းတစ်မျိုးပဲပေါ့။ အဲဒီချည်နှောင်မှုကို အတိုင်းအတာ ကာလတစ်ခု ခံယူရပြီးတဲ့အခါ ကိုယ်တိုင်မဖြေလျော့ခင် မရုန်းဖယ်ချင်ဘဲလည်း ချည်နှောင်ခံရမှုထဲမှာ ကျေနပ်ပျော်ပိုက်သွားနိုင်သေးတာ။

အချစ်ဆိုတာနဲ့ အမုန်းဆိုတာကလည်း ဖျတ်ခနဲ အလွယ်တကူ အက်ကြေနိုင်တဲ့ အလွှာပါးပါးကလေးတစ်ခုတည်းပဲ ကြားခံရှိတာလို့ မ,ခံယူတယ်။ အမုန်းရဲ့တဆုံးကို အင်အားပြင်းပြင်း တိုးဝင်သွားမိရင် အဲဒီ မချစ်မမုန်း အလွှာပါးကလေးကို အရှိန်နဲ့တိုးတိုက်မိမှာ အမှန်ပဲ။ အဲဒီအခါ ဟိုတစ်ဖက်က အချစ်ဆိုတဲ့ နယ်မြေသစ်ထဲ ကျူးကျော်ကျွံနစ်သွားမိမှာ မ,အကြောက်ဆုံးပဲ ရွှေသွေးမောင်မောင်ရေ။

"မင်း မပြန်ဘူးလား ရွှေသွေးမောင်မောင်"

"မပြန်ဘူး မ,၊ ကျွန်တော် လိုက်ခဲ့မှာ"

"ခုလို လာမေးလို့ မင်း ရောင့်တက်သွားမယ် ဆိုရင်တော့ မှားမှာပဲ ရွှေသွေးမောင်မောင်၊ လမ်းမှာ မင်းတစ်ခုခုဖြစ်လို့ နောက်ဆက်တွဲပြဿနာတွေ ရှုပ်ထွေးမှာ ငါဦးနှောက်ခြောက်မခံနိုင်ဘူး၊ အခု မေးတာကလည်း နောက်ဆုံးမေးခြင်းနော်၊ နောက်ဆုံးတားခြင်းနဲ့ တားဦးမယ်၊ မင်း ဆက်မလိုက်ဘဲ ဒီနေရာကနေ လှည့်ပြန်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်တော့ဘူး မ,၊ ကျွန်တော် လိုက်ခဲ့ဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ငါ ဘာကားလက်မှတ်ဝယ်လဲ မင်း သိပြီပဲ၊ ငါဘယ်ကို သွားမယ်ဆိုတာ မင်း သိနိုင်ပြီပဲ၊ ဘာအတွက် လိုက်နေဦးမှာလဲ"

"မ, အဲဒီကနေတစ်ဆင့် တခြားတစ်နေရာကို မျက်စိလှည့်ပြီး ထပ်ခရီးဆက်သွားရင်ကော၊ အဲဒါဆို ကျွန်တော် ဘယ်လိုရှာရတော့မလဲ၊ ကျွန်တော် ရှုံးမှာပေါ့"

"အခု မင်းလိုက်တော့ရော ငါက တခြားထပ်ခရီးမဆက်နိုင်ဘူးတဲ့လား"

"အဲဒီရောက်ရင် မ, ကားတစ်ဆင့်ထပ်ပြောင်းပြီး ခရီးစဉ်ပြောင်းမလား၊ အိမ်တစ်အိမ် ဝင်တည်းခိုလား သိရမှာပေါ့၊ အဲဒီနေရာလောက် သိရရင်လည်း ဘာမှမသိတာထက်တော့ တော်သေးတာပေါ့ မ,၊ အခု ကျွန်တော်ဆုံးဖြတ်ချက်ပြင်လိုက်ပြီ မ,၊ ကျွန်တော် မိတ္ထီလာရောက်လည်း မပြန်တော့ဘူး"

"ဘာ"

"မ, မိတ္ထီလာမှာ နေနေသရွေ့ ကျွန်တော်လည်း တစ်နေရာမှာ တည်းခိုပြီးနေမယ်၊ မ, အဲဒီကနေ တခြားကိုထွက်သွားရင် ထပ်လိုက်မယ်၊ မ, ရန်ကုန်ပြန်ရင် ကျွန်တော် ပြန်လာမယ်"





"ရှုံးနေလား ... ရှုံးနေလားဟင် ... နင်"

"ရှုံးနေတာ ကြာပါပြီ မ,ရယ်၊ မ,မသိလို့ပါ"

"ရွှေသွေးမောင်မောင် ... နောက်ဆုံးတစ်ခွန်း ကရုဏာစေတနာ ရှေ့ထားပြီး ငါပြောလိုက်မယ်နော်၊ မင်းခွဲစိတ်ထားတဲ့ အခြေအနေနဲ့ ဒီလောက် ခရီးဝေး ခရီးပြင်း မင်းကားမောင်းလို့ မဖြစ်နိုင်ဘူးဆိုတာ မင်းလည်းအသိပါ၊ ပြန်လိုက်ပါ"

"မပြန်ဘူး မ, ... ပြန်စေချင်ရင် အခု မ,သွားမယ့်လိပ်စာအမှန် ကျွန်တော့်ကိုပေးပါ၊ ကျွန်တော့်ကိုလည်း ဆက်သွယ်မယ်လို့ ကတိပေးပါ၊ ခွင့်လွှတ်တယ်လို့ ပြောခဲ့ပါ"

"ဘာကိစ္စပေးရမှာလဲ၊ ကတိလည်း မပေးနိုင်ဘူး၊ ခွင့်လည်း မလွှတ်ဘူး"

"ဒါဖြင့် ကျွန်တော် လိုက်ခဲ့မယ်"

"တောက် ... နင် ... နင် ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းမာရတာလဲ"

"မ,ကို ကျွန်တော် သိပ်ချစ်မိနေလို့ပါ၊ မ,ကို မခွဲနိုင်ဘူးဆိုတာ အခုအချိန်တစ်လျှောက်လုံးမှာ တစ်စက္ကန့်ထက် တစ်စက္ကန့် ပိုသေချာလာတယ်၊ မ,မရှိဘဲ ကျွန်တော်အသက်မရှင်နိုင်ဘူး၊ ကျွန်တော် အိပ်ရာထဲ ဘယ်လောက်အနာယူနေနေ မ,ပျောက်ကွယ်သွားတယ်ဆိုတာသာသိရင် ခရီးကြမ်းကားမမောင်းဘဲ အသည်းနှလုံးကွဲပြီး သေမှာပဲ၊ မထူး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး မ,ရယ်၊ ကျွန်တော် ဘာလုပ်မယ်ဆိုတာ မ,ဘာလုပ်မယ်အပေါ်ပဲ မူတည်တော့တယ်”

“ရွှေသွေးမောင်မောင်”

“မ, ...”

“မင်း ခုလို ဖွတ်တရွတ်လုပ်ရင် ငါ အရှမ်းမုန်းမယ်ဆိုတာ မင်း မသိဘူးလား”

“မ, အခုရော ကျွန်တော့်ကို ချစ်နေလို့လား”

“.........”

“မ,အမုန်းက ကျွန်တော့်အတွက် ရေလို လေလို ကျွန်တော်နဲ့ ထိတွေ့ယှဉ်ပါးနေတဲ့ ကျွန်တော် အလိုအပ်ဆုံးအရာ တစ်ခု ဖြစ်နေပြီ၊ မုန်းပါ မ, ရပါတယ်၊ မ,ကြိုက်သလောက်မုန်းတော့၊ မ,မုန်းလေ ကျွန်တော်ကချစ်လေ၊ မ,အချစ်ကို မရရင်တောင် မ,ဆီက အမုန်းပဲဖြစ်ဖြစ် တစ်ခုခုကိုတော့ ရယူနေပါရစေ၊ မ,ရဲ့အငွေ့အသက်မရှိဘဲ ကျွန်တော်မရှင်သန်နိုင်တော့လို့ပါ”

မ, မျက်ရည်လည်လာတာကို သူ မမြင်အောင် ချာခနဲ လှည့်ထွက်ခဲ့ပါသည်။





## ၂၀

“နောက်ကားလေးက လမ်းပေးလည်း မကျော်ဘူး၊ ဘာလုပ်နေတာလဲ မသိဘူး”

မ,သည် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ပြောနေတဲ့ စကားအပြန်အလှန်တွေကို ဆက်နားထောင်ရင်း မ,ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ ခုထိပါလာတဲ့ ရွှေသွေးကိုလည်း အသည်းတွေ ယားနေပြီ။ မြို့ပြင်ထွက်လာနေပြီလေ။ တကယ်ပဲ များ မိတ္ထီလာထိ တောက်လျှောက်လိုက်တော့မှာလား ရွှေသွေးရယ်။

“တီ ... တီ၊ တီ တီ တီ”

“ဟော ... ဟွန်းက တီးနေပြန်ပြီ”

“ဟွန်းတီးနေတာ နောက်ကားက မဟုတ်ဘူး၊ ဟိုးနောက်က လိုက်လာတဲ့ နောက်တစ်စင်းဗျ ဆရာသမား”



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်နောက်လိုက်က ကားနောက်ဘက် လျှောက်သွားကာ မှန်ချပ်မှ နောက်ဘက်သို့ လှမ်းမျှော်ကြည့်သည်။

"ဟိုးနောက်ကားက ရှေ့ကားကို မီးပြပြီး ရပ်ခိုင်းနေတယ်"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေဗျာ၊ လူတွေပါ ထွက်အော်နေတာ"

သူတို့စကားတွေကြောင့် ကားပေါ်ကလူတွေ စိတ်ဝင်တစားဖြစ်ကာ လှည့်ကြည့်သူကကြည့် ထ,ကြည့်သူကြည့်၊ စိတ်ဝင်စားလောက်အောင်လည်း ဟိုးနောက်ကားက ဟွန်းတတီတီ ဆက်တိုက်အဆက်မပြတ် တီးနေတော့တာ။

ရွှေသွေးသည် နောက်ကပါလာတဲ့ ရွှေအောင့်ကားကိုကြည့်ရင်း အံ့အားသင့်မိသည်။ မြန်လိုက်တာ လိုက်လာနိုင်တာ မေမေ ရွှေသွေးကို အိမ်မှာမတွေ့တာနှင့် ဖုန်းတွေလိုက်ဆက်ပေလိမ့်မည်ဆိုတာ ခန့်မှန်းနိုင်သည်။ လဲ့လဲ့ကတစ်ဆင့် အဆောင်ကို ဖုန်းဆက်မေးရုံနှင့် အဆောင်ပိုင်ရှင်ဆီကဖြစ်ဖြစ် မ, ကားငှားပြီး ကားဂိတ်ကိုသွားတာအပြင် မိတ္ထီလာကားစီးပြီး မိတ္ထီလာအထိ သွားမှာကိုပါ ကံကောင်းရင် သိနိုင်သည်။ ဘာကိုဘယ်လိုပဲသိသိ ရွှေသွေးကို ပြန်အုပ်မိပြီး ပြန်ခေါ်သွားဖို့ တစ်ရှိန်ထိုး လိုက်လာကြတာ ဖြစ်ပေလိမ့်မည်။

"တီ ... တီ ... တီ တီ တီ"

"ရွှေသွေး ... ဟော့ကောင် ရွှေသွေး"

"ရွှေသွေး ... ကားရပ်လိုက်"





အဆက်မပြတ်မြည်နေသော ဖုန်းကိုလည်း ရွှေသွေး မကိုင်ပါ။ စိတ်တွေသာ ညစ်လာသည်။ သူ ဘာလုပ်ရမလဲ။ ပြန်မလိုက်ချင်ဘူး။ မ,နောက်ကိုပဲ လိုက်ချင်တာ။ မ,ဆီပဲ လိုက်သွားချင်တာ။ ရွှေသွေး ထူပူကာ မျက်ရည်ရစ်လည်ပြီး ခေါင်းတွေပါ ချာချာလည်မူးလာပါသည်။ နောက်ကားထဲက ခေါင်းထွက်ကာ အော်နေကြတဲ့ သူငယ်ချင်းတွေကိုလည်း နောက်မှန်မှတစ်ဆင့် မြင်နေရကာ သူ ရက်စွဲ့ဝမ်းနည်းလာသည်။

သူ့အပြုအမူက အရမ်းမှားနေလား၊ ပရမ်းပတာဆန်နေလား။ အဆင်ခြင်တွေမဲ့ကုန်ပြီလား။ ဦးနှောက်မရှိသလို ဖြစ်နေပြီလား၊ မိုက်ရူးရဲ ဆန်နေပြီလား။

"တူ ... တူ ... တူတူ"

မ,က ခေါ်သံမြည်လာသော သူ့ဖုန်းကို ကမန်းကတန်း အိတ်ထဲက ထုတ်ကိုင်လိုက်ပါသည်။ ခြောက်ကပ်တုန်ယင်သော အသံလေးနှင့် ...

"ဟယ်လို"

"မ, ... ပြုံးပါ၊ ပြုံးပါ မ,"

"ပြုံး"

"မ, ... မ,ကားကို ရပ်ခိုင်းလိုက်ပါ မ,၊ ကားခဏရပ်ပေးပါ။ မ,ကားရပ်လိုက်မှ ရွှေသွေးလည်းရပ်မှာ၊ အဲဒါမှ သူ့ကို ပြန်ခေါ်လို့ရမှာ၊ ရွှေသွေး အခြေအနေက မိတ္ထီလာအထိ ကားမောင်းလိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မ၊ သူ့အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေ ဆိုးသွားလိမ့်မယ်၊ သူ့ကို ဆရာဝန်က အိပ်ရာထဲက တောင် မထွက်ခိုင်းတာပါ”

“.........”

မ,သည် အံကိုဖိကိုက်၍ မျက်ရည်လည်ကာ တရှိုက်ရှိုက် တုန်လာပါသည်။ ရွှေသွေးရယ် ... ဘာဖြစ်လို့ ဒီလောက် ရှူးမိုက်နေရတာလဲ။

“မ, ... မ, ...”

“ပြူး”

“ကားရပ်ခိုင်းပေးပါ မ,၊ ကားရပ်ခိုင်းပေးပါ၊ ခဏပါပဲ မ,”

မ,သည် ချီတုံချတုံ ဆုတ်ဆိုင်းနေသည်။ နောက်ကားမှာ ကျွန်မကို အရူးအမူး လိုက်ချစ်နေတဲ့ ကောင်ကလေးတစ်ယောက် ပါလာလို့ပါ။ သူက နှလုံးခွဲစိတ်ထားတာ ရက်ပိုင်းပဲ ရှိသေးတာပါ။ သူ ဆက်မလိုက်အောင်တားဖို့ ကားခဏလေးရပ်ပေးပါ။ ကားခဏလေးရပ်ပေးပါ။

မ,ရဲ့စကားလုံးတွေက လည်ချောင်းဝမှာ တစ်ဆို့နေသည်။

“မ, ...”

ဖုန်းထဲက ပြူးအသံ၊ နောက်ကားက ဟွန်းသံတွေ၊ အော်ခေါ်သံတွေတော့ မ,တို့ ကားထဲက မကြားလောက်ပေမယ့် ဟိုးနောက်ကားက ခေါင်းတွေထွက်ကာ တားမြစ်နေတာကို အဝေး



ပြေးကားကြီးထဲက လူအတော်များများ စိတ်ဝင်တစားထ,ကာ လှည့်ကာ ကြည့်နေကြပါသည်။ မ,သည် တုန်ယင်သော နှုတ်ခမ်းလေးနှင့် ...

“ကား ... ကားခဏရပ်ပေးပါရှင်”

“.........”

မ,အသံကို ဘယ်သူမှ မကြား။ မ,က အသံမြှင့်ကာ ...

“ကား ခဏရပ်ပေးပါရှင်”

“ဗျာ”

“ကား ... ကားခဏရပ်ပေးပါ၊ ကျွန်မတို့ကားရပ်မှ နောက်ကားကရပ်မှာ”

“ဗျာ ... ဘာဖြစ်လို့လဲ”

မ,က နေရာမှထ၍ ကားနောက်ဘက်ကို ယိုင်နဲ့နဲ့ လျှောက်လာပါသည်။ ဒူးတွေတုန်ကာ ဘာကိုခံစားရမှန်းမသိနာကျင်ဆို့နင့် ခံစားနေရပါသည်။ ခပ်လှမ်းလှမ်းမှာ ရွှေသွေးရဲ့ကား။ ဟိုးနောက်က သူ့သူငယ်ချင်းတွေ ခေါင်းထွက်အော်နေတဲ့ ကားက ရွှေသွေးကားကို မီလုမီခင်။

“ဘာလဲ ... နောက်ကားက ခင်ဗျား အသိလား”

“ဟုတ် ... ဟုတ်ကဲ့”

“ခင်ဗျားနဲ့ ဘာတော်လို့လဲ”

“ကျွန်မရဲ့ ... ကျွန်မရဲ့ ...”

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ။ မင်းက မ,ရဲ့ဘာလဲဟင်။ ဘာမှမတော်ပါဘူး။ ပတ်လည်း မပတ်သက်ပါဘူး။ ဒါပေမဲ့ ကျွန်မ ...။

"ဟ ... ဟ ... ဟိုကားက ကျော်ပြီ"

"ရှေ့မှာ ကားကြီးရှိတယ်"

"မကျော်နဲ့ ... ရှေ့မှာကားကြီး"

မ,တို့ အဝေးပြေးကားထဲမှာ နောက်ကမကြားနိုင်ပေမယ့် လူသားပီပီ မနေနိုင် မထိုင်နိုင် အော်ဟစ်တားမြစ်သတိပေးမိသံတွေ စီစီညံညံထွက်ပေါ်လာပါသည်။ ရွှေသွေးက အသိစိတ်နဲ့လား နေမကောင်းဖြစ်လာလို့ပဲ မသိစိတ်နဲ့လား ဘယ်သူမှ သေချာမဝေခွဲနိုင်အောင် ရုတ်တရက် အဝေးပြေးကားဘေးမှ ဆာစ်ရှိန်ထိုး အရှိန်မြင့် ကပ်ဆွဲကျော်တက် မောင်းထွက်လိုက်ချိန်မှာ မျက်နှာချင်းဆိုင် ဆန့်ကျင်ဘက်လမ်းကလာနေတဲ့ ခရီးသည်တင်ကားကြီး နောက်တစ်စင်းနှင့် ကားချင်းခေါင်းဦးတည်သွားပါသည်။

"အား ... သေပါပြီ"

"ဘုရား ... ဘုရား"

ကားတစ်စီးလုံး ဘုရားတ,သံ ဆူညံသွားကာ မ,သည် မတ်တတ်ရပ်နေရာမှ ဒူးညွတ်ကျသွားရပါသည်။ တစ်ဖက်လိုင်းက ဘတ်စ်ကားကြီး ကွေ့ကောက်ချာလည်ယမ်း ရှောင်ရှားလိုက်တဲ့ ဘရိတ်ဆွဲသံ၊ လူတွေအော်ဟစ်သံ။ မတို့ကားကြီးရဲ့ ဘရိတ်အုပ်သံ လူတွေအော်ဟစ်သံ။ ရွှေသွေးရဲ့ကားက မြွေလိမ်မြွေကောက်ပုံစံနှင့် မ,တို့အဝေးပြေးကားနံဘေးကိုလည်း ပွတ်ဆွဲ၊



တစ်ဖက်ဘတ်စ်ကားကြီးဘေးတစ်ဖက်နှင့်လည်း ပွတ်ဆွဲ။ ကားကြီးနှင့် ခေါင်းချင်းမဆိုင်လိုက်ပေမယ့် ရွှေသွေးရဲ့ကားလေးက အရှိန်မထိန်းနိုင်သလို လမ်းနံဘေးတစ်ဖက်နိမ့်ထဲ ကျော်ကျကာ လမ်းမစပ်က ပိတောက်ပင်အကြီးတစ်ပင်၌ ခေါင်းစိုက်အရှိန်သေသွားပါသည်။

"ဘုရား ... ဘုရား ... သေပါပြီ ... သေပါပြီ"

မ,တို့ကားကြီး ရပ်တန့်သွားချိန်မှာ လူအတော်များများက ကားအောက်ပြေးဆင်းသွားကြပါသည်။

✦ ❦ ✦

နောက်က ရွှေအောင့်ကားရပ်ကာ ကားပေါ်မှ ရွှေသွေးမိခင်နှင့် မိပြုံးတို့အပါအဝင် ပါလာတဲ့သူငယ်ချင်းတစ်စု အပြေးအလွှားဆင်းလာကြရင်း ...

"ရွှေသွေး ... ရွှေသွေး"

"ရွှေသွေး"

သွေးရူးသွေးတန်းအော်လည်း အော်ကြ။ ပြေးလည်း ပြေးကြ။

ရွှေသွေး ကားလေးက တုတ်တုတ်မလှုပ်။ တံခါးလည်း ပွင့်ဟမလာပါ။

✦ ❦ ✦

www.burmeseclassic.com



မ, ကားပေါ်က ဆင်းလိုက်ချိန်မှာ အပြင်မှာ နေက ခြစ်ခြစ်တောက် ပူနေသည်။ ရွှေသွေး ကားထဲက ရွှေသွေးကို အားလုံးဝိုင်းဝန်းပွေ့ထုတ် သယ်ယူနေတဲ့ မြင်ကွင်းက မ,ခြေအစုံကို လမ်းပေါ်ခွေခနဲကျစေသည်။

"ရွှေသွေး"

မ, လူးလဲထ,ကာ ရွှေသွေးကားရှိရာ အနိုင်နိုင်လှမ်းပါသည်။ သွေးတွေ ... ရွှေသွေး ဝတ်ထားတဲ့ စပို့ရှပ်ဖြူဖြူကလေးမှာ နီနီရဲတဲ့သွေးတွေလေ။ မ,လမ်းပေါ် ပုံလဲကျပြန်သည်။

"ရွှေသွေး"

လက်ထောက် လူးလဲထ အတင်းဒရွတ်ဆွဲမတတ် ကြိုးစားလှမ်းရင်း မ,အသည်းနှလုံးများ နာကျင်လွန်းမက နာကျင်ကာ ရင်ကွဲမတတ် အော်ဟစ်ပစ်လိုက်မိပါသည်။

"ရွှေသွေး ..."

"ရွှေသွေး ..."

"ရွှေသွေး ..."

✦ ❦ ✦

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com